
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## နိုင်ငံတော်၏ အစဉ်အမြဲ ... ပါး


နိုင်ငံတော်ဏ်အဓိကတာဝန်သုံးရပ်

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး






### ၁

"ဟဲ့... ချစ်မြတ်နိုးဝေ ခုထိ အိပ်ရာက မထသေးဘူးလား"

ကျေးငှက် သာရကာလေးတွေ၏ တေးသီကျူးသံနှင့်အတူ အေးချမ်းလွန်းလှသော တပေါင်းလ၏ နံနက်ခင်းမြူမှုန် တွေးတွေးနှင့် လေနုအေးကို ကျယ်လောင်သော အသံကြီးတစ်ခုက ဖြတ်ခြေသွားသည်။

"အလို နေဖင်ထိုးနေတာတောင် မထသေးဘူးလားဟဲ့"

ဝွမ်းစောင်ကို နားအထိ ဖုံးအောင်ခြုံပြီး အိမ်နှင့် ကွေးနေသော ချစ်မြတ်နိုးဝေ၏ ကိုယ်က အလွန်နီးကပ်လှသော အသံကြီးကြောင့် တွန့်ခနဲ နိုးသွားသည်။

"အို... ရှုပ်လိုက်တဲ့ ဒေါ်ဒေါ်ကြီးရယ်၊ မိုးမလင်းသေးဘူး။ ဗူညံပူညံ လုပ်တာက စပြီ"

မရေကျူမနပ် နှုတ်ခမ်းစူပြီး စိတ်ထဲက ရန်လိုလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပြည့်ပြည့်ဖောင်းဖောင်းလေးက စိတ်အလိုမကျမှုကြောင့် ပို၍ မှုန်အစ်နေသည်။

"ဟဲ့... ဘယ်လိုဖြစ်နေတာလဲ၊ မျက်နှာက ရှစ်ခေါက်ချိုး"

ဝဖိုင့်သော ခါးတုတ်တုတ်ကြီးပေါ် လက်စုံထောက်ပြီး ဒေါ်ဒေါ်ကြီးဆိုသူ ဒေါ်တင်လှက တူမငယ်ကို ဟိန်းဟောက်လိုက်သည်။

"ဒေါ်ဒေါ်ကြီးကလဲ ခု ဘယ်နှနာရီ ထိုးသေးလို့လဲလို့"

ဌရောင်းနေသော ဆံပင်တွေထဲသို့ လက်ချောင်း ငါးချောင်း ထိုးသွင်းပြီး တဖျှင်းဖျှင်း ကုတ်လိုက်သည်။

"ခြောက်နာရီ ထိုးနေပြီရှင့်၊ နေမြင့်နေပြီ"

ချစ်မြတ်နိုးဝေ၏ ဝင်းမွတ်အိစက်နေသော မျက်နှာလေး ပို၍ ရှုံ့တွသွားသည်။ နှာခေါင်းလေးရှုံ့ မျက်မှောင်လေး ကုပ်ပြီး ညည်းတွားလိုက်သည်။

"ဟင်... ဒေါ်ဒေါ်ကြီးကလဲ ခြောက်နာရီဆိုတာ အစောကြီးရှိသေးတာ"

"ဘာ... ကျူုပ်မှာဖြင့် ထမင်းအိုးကျက်လို့ ဆွမ်းကပ်ပြီးပြီ၊ ဘုရားဝတ်ပြုဝတ္တရားတွေ အားလုံးလုပ်ပြီးလို့ ပရိတ်တွေလဲ အကုန်ရွတ်ပြီးပြီ ရှင့်"

"အဲဒါနဲ့ မြတ်နိုးနဲ့ ဘာဆိုင်လို့လဲ၊ ဒေါ်ဒေါ်ကြီးရဲ့"

"ဟဲ့... ဆိုင်တာပေါ့၊ နင်က ဘာလို့ စောသေးတယ်လို့ ဆင်ခြေပေးနေသေးလဲ"

ချစ်မြတ်နိုးဝေ အကြီးအကျယ် စိတ်ညစ်သွားသည်။ မြည်တွန်





တောက်တီးတတ်သော ကြီးဒေါ်ကြီးကြောင့် ချစ်မြတ်နိုးဝေ မကြာခဏ စိတ်ညစ်ရသည်။

ချစ်မြတ်နိုးဝေလည်း မိန်းမပီသသင့်သလောက် ပီသပါသည်၊ ဒါပေမဲ့ ဒေါ်တင်လှ၏ မဟာစည်းကမ်းကြီးကိုတော့ ပြည့်ဝအောင် မလိုက်နာနိုင်ပါ။ ကြိုးစားပြီး လုပ်ကိုင်သော်လည်း ဒေါ်တင်လှ၏ စိတ်နှင့် တွေ့သည်က ခပ်ရှားရှား။

ဒေါ်တင်လှဆိုသော အပျိုကြီး၏ ကြီးကျယ်ခမ်းနားလှသော စိတ်ဓာတ်ကြီးကို ချစ်မြတ်နိုးဝေ စိတ်ညစ်လှစွာနှင့် လိုက်နာနေရပါသည်။

"ကဲ... ထတော့လေ၊ ဘာ ငေးငိုင်နေတာတုန်း၊ ကျက်သရေ ရှိရှိ ထစမ်း"

"ကဲ... ထပါပြီတဲ့ ဒေါ်ဒေါ်ကြီးရယ်၊ ထပါပြီတဲ့"

စူစူဆောင့်ဆောင့်လေးနှင့် ချစ်မြတ်နိုးဝေက ဂုန်းခနဲ ထရပ်ပြီး အိပ်ရာပေါ်မှ ဆင်းလိုက်သည်။

"တကတည်း မေမေ့ထက် သူတို့ကိုပဲ ကြောက်နေရတယ်"

ရင်ထဲမှ အသံတိတ် အငေါ်တူးတူး ရန်တွေ့သံ။

ချစ်မြတ်နိုးဝေ၏ မိခင် ဒေါ်ခင်မြက အလွန်အေးဆေးစွာ နေတတ်သူပါ။ သမီးငယ်ကို ဆုံးမသွန်သင်သည့်အခါ ဘယ်တော့မှ ဆူဆူဆူ မလုပ်၊ လေပြည်လေအေးနှင့်သာ ဆုံးမသွန်သင်တတ်သည်။

နှလုံးရောဂါသည်ဖြစ်ပြီး စိတ်ထား သိမ်မွေ့လွန်းသော မိခင်ကို ချစ်မြတ်နိုးဝေ လွန်စွာ ချစ်ခင်အားကိုးပါသည်။ မိခင်က သမီး



www.burmeseclassic.com

www.burmeseclassic.com



ကို အရိပ်တကြည့်ကြည့်နှင့် နေသလို၊ သမီးကလည်း မိခင်ကို အရိပ် တကြည့်ကြည့်နှင့်ပါ။

"မေမေနဲ့ ဒေါ်ဒေါ်ကြီး တကယ် ကွာတယ်၊ ဒေါ်ဒေါ်ကြီးတို့များ မိုးလင်းက မိုးချုပ် ဆူဆူပူပူနဲ့၊ ပါးစပ် စက်သေနတ်ပစ်သလို ပြောနေတာ၊ ကြာတော့ နားညည်းလိုက်တာ"

ဒေါ်တင်လှက အောက်ထပ် ဆင်းသွားပြီမို့ ချစ်မြတ်နိုးဝေက ရင်ထဲက မကျေနပ်ချက်ကို အသံလေး မပွင့်တပွင့် အသံတိုးတိုးနှင့် ပြောလိုက်သည်။

"အပျိုကြီးပီပီ ပစိပစပ်ကို များတယ်၊ ဇော်သေးတယ်၊ ဒေါ်ဒေါ်လေးလဲ အပျိုကြီး ဖြစ်ပေမဲ့ သူ့လောက် ဂျီုဂျောင်မနိုင်တာ"

ချစ်မြတ်နိုးဝေ၏ မိခင် ဒေါ်ခင်မြထက် အငယ် ဒေါ်မြင့်သောင်းက ရှိပါသေးသည်။ သူကလည်း အပျိုကြီးပါ။ ဒါပေမဲ့ ဒေါ်တင်လှတို့လို မူမူဆာဆာ မရှိ။ နည်းနည်းအသံတိုးပြီး နည်းနည်း ပစိပစပ် နည်းသည်ပေါ့။

အပျိုကြီးနှစ်ယောက်ကြားတွင် ညှပ်ပြီး ကြီးလာရသော ချစ်မြတ်နိုးဝေ၏ ဘဝမှာလည်း မချောင်လှပါ။ စည်းကမ်းကလနားတွေ များစွာဖြင့် ချစ်မြတ်နိုးဝေ ကြီးပြင်းခဲ့ရပါသည်။

အိပ်ရာမှ သွက်သွက်လေးထ၊ မျက်နှာသစ်၊ သွားတိုက်ပြီး အောက်ထပ်သို့ ချစ်မြတ်နိုးဝေ ဆင်းခဲ့ရလေသည်။

"ကဲ... ကြွပါ မဖုရားလေးရယ်၊ ဒီမှာ ကော်ဖီနဲ့မုန့် အသင့်





ပါပဲ"

အဒေါ်အငယ် ဒေါ်မြင့်သောင်းက ခပ်ရွှဲရွှဲလေး ပြောလိုက်သည်။ ဒေါ်မြင့်သောင်းကို ကြည့်ပြီး ချစ်မြတ်နိုးဝေ မျက်နှာလေး ပို၍ ရှုံ့တွသွားသည်။

"စိတ်ညစ်တဲ့အထဲမှာ ဒါတွေကလဲ အဓိက"

စိတ်ထဲမှာ မကျေမချမ်းနဲ့ ညည်းတွားလိုက်သည်။ အပျိုကြီးများ အသင့်ပြင်ဆင်ထားသော လက်ဖက်ရည်ဝိုင်းမှာ ဝင်ထိုင်လိုက်ပါသည်။ စိတ်တိုတိုနှင့် မစားဘဲနေလျှင် ချစ်မြတ်နိုးဝေက ငတ်တာသာ အဖတ်တင်မယ် ဆိုတာ သိပြီးသား။ အပျိုကြီးတွေ အကြောင်းကို နောကျေအောင် သိပြီးသားမို့ နှုတ်ဆိတ်စွာနှင့် ထောပတ်သုတ်နှင့် ကော်ဖီကို အဝစားလိုက်သည်။

အပျိုကြီးတွေ အကြောင်းကို သိသမှ သိပ်ကို သိပြီးသားပါ။ နှုတ်က ဗျစ်တောက် ဗျစ်တောက် မြည်တွန်တောက်တီးတတ်သော်လည်း သူမအပေါ်မှာ ချစ်ကြသည်ဆိုတာ သိပြီးသားပါ။ သူတို့၏ ဝသီအတိုင်း ပြောနေတာကို ခွင့်လွှတ်စွာ နားလည်ပေးပေမဲ့ တစ်ခါတစ်ခါတော့ နားညည်းတာ၊ စိတ်ရှုပ်တာ အမှန်ပါ။

"စာမေးပွဲပြီးလို့ အိမ်မှာ ကူမလား အောက်မေ့တယ်၊ ဖင်နေထိုးအောင် အိပ်နေတာပဲ"

နောက်ကျောဆီမှ ဒေါ်ဒေါ်ကြီး၏ အသံကြောင့် မျိုချလိုက်သော ပေါင်မုန့်က လည်ချောင်းထဲမှာ တစ်ဆို့သွားသည်။ အရသာရှိရှိ ပေါင်မုန့်က ပါးစပ်ထဲမှာ ချက်ချင်း ဖွဲကဲ့သို့ ဖြစ်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မြတ်နိုးက ကူမှာပေါ့ ဒေါ်ဒေါ်ကြီးရဲ့၊ နေ့တိုင်းလဲ အိမ်အလုပ်တွေ ကူလုပ်ပေးနေတာပဲ"

"စာမေးပွဲဖြေပြီးခါစ ပင်ပန်းထားလို့ ခွင့်လွှတ်ခဲ့တာ သိလား မမြတ်နိုး၊ အခွင့်အရေး ပိုယူမယ် မစဉ်းစားနဲ့၊ မနက်ဖြန်ကစပြီး စောစောထ ကြားလား"

"ဒီလောက်ကျယ်တဲ့ အသံကြီးမကြားဘဲ ရှိပါ့မလား၊ မြတ်နိုးရဲ့ နားတွေတင် မကဘူး၊ ကိုယ်ထဲက ရှိတဲ့ အကြောတွေ ကလီစာတွေ အားလုံးကလဲ ကြားပါသတဲ့ ရှင်"

မသိမသာ နှုတ်ခမ်းလေးရွဲ့ပြီး စိတ်ထဲက ကျိတ်ကျိတ်လေး ပြောလိုက်တာပါ။ ချစ်မြတ်နိုးဝေက မြန်မြန်စားပြီး မီးဖိုထဲတွင် ချက်ပြုတ်နေသော ဒေါ်ဒေါ်လေးကို သွား၍ ကူညီသည်။

* * *





၂

"မေမေ"

အိပ်ရာပေါ်တွင် လှဲနေသော မိခင်ဖြစ်သူအနားတွင် ပူးကပ်စွာ လှဲချပြီး မိခင်၏ သေးလှီလှသော ကိုယ်ကိုဖက်ပြီး နွဲ့နွဲ့လေး ခေါ်လိုက်သည်။

"ဘာလဲ... သမီးရဲ့"

ချစ်မြတ်နိုးဝေ၏ မျက်နှာဖူးဖူးလေးကို ကြည့်ပြီး မိခင်က ပြုံးချိုစွာကြည့်ရင်း ထူးသည်။

"မြတ်နိုးဝေကို မေမေ ချစ်ရဲ့လားဟင်"

သမီးငယ်၏ မျက်နှာကို ဒေါ်ခင်မြက တစိမ့်စိမ့်ကြည့်နေရင်း ပြုံးနေသည်။ ဖြူလွန်းသည်ဟု မဆိုသာသော အသားဝင်းဝင်းလေးနှင့် အပြစ်ကင်းစင်သော မျက်နှာလေးကို ငေးကြည့်နေမိသည်။

ထူထဲမည်းနက်နေသော မျက်ခုံးလေးက တန်းတန်းလေး၊



www.burmeseclassic.com

www.burmeseclassic.com



မည်းနက်ကော့ညွတ်နေသော မျက်တောင်တွေ ခြံရံထားသော မျက်ဝန်းလက်လက်လေး၊ စင်းနေသော နှာတံအောက်မှ နီရွှေးနေသော နှုတ်ခမ်းပုံ လှလှလေး နှစ်လွှာ။ ပြီးတော့ ပိတုန်းရောင် ထနေသော ခက်ခက်ဝေနေသည့် ဆံပင်တွေက အုပ်ဖားဖားနှင့် ခါးလယ်အထိ ပိုးသားတွေလို ပျော့အိ နူးညံ့နေသည်။

သွယ်လျလျ ကိုယ်လုံးလေးက ချစ်မြတ်နိုးဝေ၏ မရင့်သေးသော အသက်ကို ဖော်ပြနေသည်။

ဟုတ်ပါသည်။ ခုမှ ဆယ်တန်းဖြေပြီးသော မြတ်နိုးဝေ၏ အသက်က ဆယ့်ခုနစ်နှစ်ပင် ရှိပါသေးသည်။

နုနယ်ပျိုမျစ်ပြီး ဖူးအုနေအောင် လှလွန်းသော သမီးလေးကို ကြည်နူးလက်ဖြာစွာ ဒေါ်ခင်မြက ကြည့်နေပါသည်။

"ဘာ ဖြိုးနေတာလဲ မေမေရဲ့၊ မြတ်နိုးမေတာ ဖြေလေ"

မိခင်၏ ကိုယ်ကို ညင်သာစွာ လှုပ်ပြီး ချစ်မြတ်နိုးဝေက နွဲ့နွဲ့လေး မေးလိုက်သည်။

"ဘာလဲ သမီးရဲ့"

"ဟာ မေမေကလဲ မြတ်နိုးကို ချစ်သေးလားလို့"

ဒေါ်ခင်မြက ဟက်ဟက်ပက်ပက် ရယ်လိုက်ပါသည်။ ကလေးဆန်လွန်းသော သမီးကို ရယ်ချင်လွန်း၍ပါ။

"သမီးရယ်၊ မေမေချစ်တာ သမီးသိသားနဲ့၊ ကလေးကျနေတာပဲကွယ်"

သမီးငယ်၏ ပိုးသားလို အိထွေးနေသော ဆံနွယ်တွေကို





ပွတ်သပ်ရင်း ချစ်စနိုး ဖြေလိုက်သည်။

"မေမေ့ဘဝမှာလေ၊ ဟောဒီ သမီးလေးကြောင့် အသက်ရှင်နေရတာပါကွယ်၊ မေမေ့ရင်နဲ့ မဆံ့အောင် သမီးလေးကို မေမေ ချစ်တာပါ"

"ဟွန့်၊ ဒေါ်ဒေါ်ကြီးတို့ ဒေါ်ဒေါ်လေးတို့က သမီးကို မချစ်ပါဘူး"

မျက်နှာလေး ရှုပုပ်ပြီး ဆောင့်အောင့်စွာနှင့် ချစ်မြတ်နိုးဝေက ပြောသည်။

"ဟင်... အဲလို မပြောနဲ့သမီး၊ သမီးလေးကို သူတို့ သိပ်ချစ်ကြပါတယ်ကွယ်၊ ဒါပေမဲ့ သူတို့က သမီးလေးကို ကောင်းစေချင်လို့ ဆိုးမသွန်သင်တာ စေတနာကို တလွဲမထင်ပါနဲ့ သမီးရယ်"

"စည်းကမ်းတွေက များလိုက်တာ၊ ခုတစ်ခါ ကျောင်းပိတ်ရက်က ခါတိုင်းထက် မချောင်ဘူး မေမေရဲ့"

"သမီးကို မေမေချစ်သလို၊ သူတို့ ချစ်ကြပါတယ်ကွယ်၊ သမီးလေး ချစ်လွန်းလို့၊ နာမည်မှည့်တာတောင် ကြည့်လေ ချစ်မြတ်နိုးဝေတဲ့"

"ဟင်... အဲ့ဒါ မေမေ ပေးတာဆို"

"အင်း... လေ မေမေကော သူတို့ပါ သဘောတူပြီးပေးခဲ့တာလေ၊ ချစ်ရလွန်း မြတ်နိုးရလွန်းလို့ ပေးခဲ့တာ သမီးရဲ့၊ သမီးငယ်ငယ်ဆိုလေ မေမေ ချီရတယ် မရှိဘူး။ သူတို့နှစ်ယောက်ပဲ တစ်ယောက်တစ်လှည့် ချီနေထိန်းနေတာ၊ သမီးက မေမေ့ထက်တောင် သူတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ပိုခင်ခဲ့ပါသေးတယ်ကွယ်”

ချစ်မြတ်နိုးဝေ၏ မျက်နှာကို ပြုံးချိုသောအကြည့်နှင့်ကြည့်ပြီး လေသံအေးအေးနှင့် ဒေါ်ခင်မြက ပြောနေသည်။ ချစ်မြတ်နိုးဝေ၏ မျက်ဝန်းထဲမှ မကျေနပ်မှု ရောင်ခြည်လေး မှေးမှိန်စ ပြုလာပါသည်။

“သူတို့ခများ သမီးလေးကို ချစ်လွန်းလို့ သမီးလေးရဲ့ တာဝန်ကို ယူခဲ့တာပေါ့၊ အိမ်ထောင်မပြုကြတော့ဘဲ၊ သမီးလေးကို ဝိုင်းချစ်ကြတယ်၊ သူတို့က ကျေးအမေတွေပါကွယ်၊ တာဝန်မဲ့တဲ့လူက မဲ့ခဲ့ပေမဲ့ သူတို့ကတော့ တာဝန်ကို ယူသင့်တာထက် ပိုယူခဲ့ကြတယ်”

ဒေါ်ခင်မြ၏ မျက်ဝန်းတွေက ကြည်အေးနေရာမှ နာကြည်းမှု အငွေ့အသက်တွေ ယှက်သမ်းလာသည်။

“မေမေရယ်၊ သမီးဖေဖေ အခု ဘယ်မှာလဲ ဟင်”

ဒေါ်ခင်မြ၏ မျက်နှာက ရက်တရက် တင်းမာသွားသည်။ ချစ်မြတ်နိုးဝေ၏ မျက်နှာလေးကို စိမ်းစိမ်းကြီး ကြည့်နေသည်။

“တာဝန်မဲ့တဲ့လူအကြောင်း မမေးစမ်းနဲ့ သမီး၊ သူ့အကြောင်း မေမေ ဘာမှမသိဘူး၊ သိလဲ မသိချင်ဘူး”

ချစ်မြတ်နိုးဝေ သိတတ်ခါစအရွယ်ကတည်းက ဖခင်၏ အကြောင်းကို မေးတိုင်း သည်လို ခါးသီးသော အဖြေကိုသာ ရရှိမြဲပါ။ ချစ်မြတ်နိုးဝေသည် သူမ၏ ဖခင်သည် ဦးသင်းကြိုင်ဆိုတာက လွဲ၍ ဘာဆို ဘာမှ မသိခဲ့ပါ။ သေသည် ရှင်သည်လည်း မေးလို့မရ။ မိခင်ဖြစ်သူကို မေးမရ၍ ကြီးဒေါ်တွေကို မေးပြန်တော့လည်း





မိခင်ထက်၊ ခက်ထန်မောက်မာသော စကားကိုသာ ကြားရသည်။ ချစ်မြတ်နိုးဝေ ကြားချင်သော ဖခင်၏ အကြောင်းများ ဘာမှ မသိခဲ့ရပါ။

ကြာတော့ ချစ်မြတ်နိုးဝေ မမေးချင်တော့ပါ။ သူတို့ကလည်း နောက်ထပ် ဦးသင်းကြိုင်အမည်ကို မကြားချင်ဘူးဟု သံမဏိအမိန့်တွေ ချမှတ်ထားသည်။

ဖခင်၏အကြောင်းကို စဉ်းစားမိလေတိုင်း ချစ်မြတ်နိုးဝေ၏ ရင်ထဲမှာ ခိုးလိုးခုလု ဖြစ်ရမြဲပါ။ ချစ်မြတ်နိုးဝေ၏ ပတ်ဝန်းကျင်နှင့် မိတ်ဆွေများကိုတော့ ချစ်မြတ်နိုးဝေ၏ ဖခင် သူမငယ်ငယ်ကတည်းက ဆုံးသွားသည်ဟုသာ သိစေခဲ့သည်။

တစ်ခါ မိခင်နှင့် ကြီးဒေါ်ကြီးတွေ၏ စကားကို တိတ်တဆိတ် နားထောင်မိသော ချစ်မြတ်နိုးဝေသည် သူမ၏ ဖခင်သည် သူမအမေနှင့် ကွဲစဉ်က မသေသေးကြောင်းကို မပီမပြင် ကြားခဲ့ရသည်။ ဒါကြောင့် ချစ်မြတ်နိုးဝေက ဖခင်အကြောင်း သိလိုလှသည်။

ဖခင်၏အကြောင်းကို သိခဲ့သော သူမနှင့် အရင်းအနှီးဆုံးသူ သုံးဦးက တစ်လုံးတစ်ပါဒမှ မေးမရတော့ ချစ်မြတ်နိုးဝေ ဘာကိုမှ မသိခဲ့ရပါ။

အိမ်က အုတ်နံရံကြီးကိုသာ မေးလို့ ပြုလို့ ရချင်ရဦးမည် သူတို့သုံးဦးထံမှ ဖခင်၏ အကြောင်းကို မေး၍မရပါ။

*



www.burmeseclassic.com

www.burmeseclassic.com



အမေနှင့် မကြည်မလင် ဓာတ်လမ်းလေး ဖြစ်ခဲ့ပြီမို့ ချစ်မြတ်နိုးဝေ မီခင်နားတွင်ပင် မနေလိုတော့ပါ၊ ဒါကြောင့် မိခင်၏ အခန်းမှ ထွက်ခဲ့သည်။

အိမ်ပေါ်မှ ဆင်းခဲ့ပြီး တစ်ဖက်ခြံရှိ ငယ်ငယ်ကတည်းက ခင်ခဲ့သော ချစ်မြတ်နိုးဝေထက် ငါးနှစ်ခန့် ကြီးသော လှမော်ထံသို့ ထွက်ခဲ့သည်။

အခန့်သင့်ပင် လှမော့်ကို ခြံထဲတွင် တွေ့ရသည်။ ပန်းပင်တွေ ရေလောင်းနေသော လှမော်ထံသို့ ပြေးသွားသည်။

"ကိုလှ..."

"ဟဲ့... မြတ်နိုးဝေ၊ ဘာလာရှုပ်ပြန်တာလဲ"

"ကြည့်... လှကို မြင်ရင်ရှုပ်ဖို့ပဲ ထင်နေတာပဲ"

"စိတ်တိုနေတယ်နော်၊ မစနဲ့"

"မစပါဘူး၊ ဟိုဟာလေ... နှုတ်ခမ်းက ဝက်ဖင်နဲ့တူလို့ ဟ"

"ကိုလှနော်၊ မြတ်နိုး စိတ်တိုနေတယ်ဆိုမှ၊ ကိုက်ဆွဲပစ်လို့ အသားအကွင်းလိုက် ပါချင်လို့လား"

"ဟော... ပြောရင်းဆိုရင်းက ဝက်ကနေ ခွေးဖြစ်သွားပြီ၊ တော်တယ်ကွာ၊ ရုပ်ပြောင်းရုပ်လွှဲ သိပ် လုပ်တတ်တယ်"

"ကြည့်"

ချစ်မြတ်နိုးဝေ၏ မျက်နှာလေး ရှုပုပ်သွားပြီး လှမော်၏ ကျောပေါ်သို့ လက်သီးတွေ အဆက်မပြတ် ကျလာသည်။ လှမော်က ပထမ ငြိမ်ခံနေသော်လည်း နာလာသဖြင့် ကွေ့ပတ်ရှောင်ပြေးသည်။





"လှကို စိတ်တိုအောင်စပြီး ခုမှ ဘာလို့ ပြေးတာလဲ"

"ခွေးကိုက်တာ နာလို့ပေါ့"

"ကိုလှနော်"

ချစ်မြတ်နိုးဝေက ခြေကို ဆောင့်လိုက်သလို အသံကိုလည်း ဆောင့်ပြီး အော်လိုက်သည်။ လိုက်ဖမ်း၍လည်းမမီ၊ မောလည်းမောမို့ ရပ်နေလိုက်သည်။

စိတ်တိုတိုနှင့် ချစ်မြတ်နိုးဝေ ရပ်မိနေရာမှ အမြစ်တွယ်နေသကဲ့သို့ လုံးဝ မရွေ့လျားဘဲ ခေါင်းကို ယမ်းမိသည်။ ချစ်မြတ်နိုးဝေ၏ ရင်ထဲ ဝမ်းနည်းစိတ်၊ မကျေနပ်စိတ်တွေကို တစ်စု တစ်ပြုံတည်း ခံစားလိုက်ရသည်။

ရုတ်တရက် ချစ်မြတ်နိုးဝေက ချုံးပွဲချ၍ ငိုလိုက်သည်။ သည်တော့မှ လှမော်လည်း ပြုံးပြုံးပျာပျာ ဖြစ်ပြီး ချစ်မြတ်နိုးဝေအနားသို့ ရောက်လာသည်။ အကျိုးအကြောင်းသန်မိသည့်အတွက် စိတ်မကောင်းဖြစ်ရလေသည်။

"မြတ်နိုးလေးရယ်၊ ဆောရီးကွယ်၊ သိပ် စိတ်ဆိုးသွားလားဟင်"

ချစ်မြတ်နိုးဝေ၏ လက်ကလေးကို ဆုပ်ကိုင်ပြီး ကြည်နူးယုယစွာဖြင့် မေးသည်။

"သွား... ခုမှ လာချော့မနေနဲ့"

"လာပါ ညီမလေးရာ၊ ဟို ခုံမှာ ထိုင်ရအောင် နော်"

အနီးရှိ ခုံတန်းဆီသို့ တွဲခေါ်သွားသည်။ ခုံတန်းပေါ် ထိုင်မိသည်



www.burmeseclassic.com

www.burmeseclassic.com



နှင့် လက်တစ်ဖက်က ချစ်မြတ်နိုးဝေ၏ ပခုံးလေးကို ဖက်ပြီး တစ်ဖက်က မျက်ရည်စတွေကို ကြင်နာစွာ သုတ်ပေးသည်။

"မြတ်နိုးလေးက သိပ် စိတ်တိုတတ်တာကိုးကွာ"

"တိုမှာပေါ့၊ အိမ်မှာ မေမေ့ကိုလဲ စိတ်ဆိုးပြီး ထွက်လာတာ"

"ဟော့ကြည့် ဒေါ်ဒေါ်မြနဲ့ စိတ်ကောက်လာတယ်ပေါ့"

"ကောက်တာပေါ့၊ ဘယ်တော့မဆို ဖေဖေ့အကြောင်းမေးတိုင်း စကားကို ပိတ်ပိတ်ပြောတာ၊ မြတ်နိုးမှာ ဘာဆို ဘာမှ ခုအရွယ်ထိ မသိရသေးဘူး"

"ဟူး"

လူမော်က စိတ်မသက်မသာနှင့် သက်ပြင်းနက်နက် ရှိုက်လိုက်သည်။

"မြတ်နိုလေးရယ်၊ သူ့စိတ်မကောင်းလွန်းလို့ မပြောတာနေမှာပေါ့"

"အို... မြတ်နိုးမှာတော့ အဖေ့ကို စိတ်နာဖို့ကလွဲရင်၊ သူတို့ကြောင့် အဖေ့အကြောင်း ဘာမှမသိရဘူး၊ ဒေါ်ဒေါ်ကြီးက အမြဲပြောတယ်၊ မြတ်နိုးအဖေက တာဝန်မဲ့တယ်တဲ့၊ ယောက်ျား မပီသဘူးတဲ့၊ မေမေနဲ့ မြတ်နိုးကို မကြင်နာဘူးတဲ့"

"ဩော်... မြတ်နိုးလေးရယ်"

သိပ် ခံစားနေရသော မြတ်နိုးဝေကို ကြည့်ပြီး လူမော်စိတ်မောရပါသည်။ ချစ်မြတ်နိုးဝေသည် မကြာခဏ သည်ကိစ္စကို သူ့ကို ရင်ဖွင့်လာပြောလေတိုင်း လူမော် စိတ်မော စိတ်နွမ်းရပါသည်။





"သူတို့လဲ စိတ်မချမ်းသာကြလွန်းလို့ မပြောတာ နေမှာပေါ့ကွယ်၊ လူကြီးတွေ ကိစ္စ၊ မြတ်နိုလေးကို မသိစေချင်လို့ နေမှာပေါ့ကွယ်"

"တစ်ခါတစ်ခါ မြတ်နိုး သူတို့ကို သိပ် စိတ်တိုတယ်သိလား"

"ကဲ... စိတ်တိုတာတွေ ဘေးချိတ်၊ ကိုလူ မုန့်ဝယ်ကျွေးမယ်၊ မြတ်နိုး ဘာစားမလဲ"

"ဟင်... တကယ်"

ချစ်မြတ်နိုးဝေ၏ မျက်နှာလေး ချက်ချင်း ကြည်ဆင်းသွားသည်။

"တကယ်ပေါ့"

"ဒါဆို လှည်းတန်းက ရှမ်းခေါက်ဆွဲ စားမယ်"

သူခလမ်းတွင် ခြံချင်းကပ်လျက်နေကြသဖြင့် ကမာရွတ် လှည်းတန်းနှင့် မဝေးကွာလှပါ။ ကားစီးလည်း နှစ်မှတ်တိုင်၊ လမ်းလျှောက်လို့လည်း ရပါသည်။

"ကဲ... ဒါဆို သွား အဝတ်လဲ၊ ကိုလူ လိုက်ကျွေးမယ်"

ကလေးစိတ် မကုန်သေးသော ချစ်မြတ်နိုးဝေကို အစားနှင့် လှည့်ချော့ပြီး သူမ၏ စိတ်သောကတွေကို လူမော်က ပြေပျောက်စေနိုင်ခဲ့သည်။

ချစ်မြတ်နိုးဝေက အိမ်သို့ပြေးပြီး အဝတ်အစား မြန်မြန်လဲခဲ့သည်။ ကမာရွတ် လှည်းတန်းထိပ်သို့ လမ်းလျှောက်ထွက်ခဲ့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



၃

လူမော်၏ မိခင်ဒေါ်စုစုသည် ကလေးများရှိခိုက် တစ်ဖက်ခြံသို့ ကူးခဲ့သည်။ ဒေါ်တင်လှက ဒေါ်စုစုကို မြင်လိုက်သည်နှင့် လှမ်း၍ ဖျူးဖျူးဖြာဖြာ ခေါ်လိုက်သည်။

"စုစုရေ လာဟေ့၊ ဒီမှာ လက်ဖက်ပွဲ အသင့်ပဲ"

ဒေါ်စုစုက ဒေါ်တင်လှထက် အသက်အနည်းငယ် ငယ်သဖြင့် ဒေါ်တင်လှကို မမလှဟု ခေါ်လေ့ရှိသည်။ ဒေါ်စုစုက မျက်နှာပြုံးချိုချိုဖြင့် သူတို့ညီအစ်မ သုံးဦးကို လှမ်းကြည့်လိုက်သည်။

"ညီအစ်မတွေ လက်ဖက်ပွဲ အလယ်ချပြီး ဘာတွေများ တိုင်ပင်နေကြတာလဲ"

"ဘာရယ်မဟုတ်ပါဘူး၊ မြတ်နိုးအကြောင်း ပြောနေတာ၊ မြတ်နိုး ဆယ်တန်းအောင်ရင်၊ တက္ကသိုလ်ပို့ရတော့မယ် မဟုတ်လား"

"ဟုတ်တယ်နော်၊ မြတ်နိုးလေးက သိပ်ချစ်စရာကောင်းနေ





တော့၊ တက္ကသိုလ်ရောက်ရင် ကျွန်မဖြင့် ပူမိသေးတယ်"

ဒေါ်စုစုက သူပြောချင်သော စကားအကွက် ဝင်အောင် အခြေအနေပေါ် နင်းပြီး ပြောလိုက်သည်။ ဒေါ်တင်လှ၏ မျက်နှာက ဒေါ်စုစုထံသို့ ရုတ်ခနဲ လှည့်လာသည်။

"ဟုတ်တယ် စုစုရယ် မမတင်လဲ တူမလေးက ချောလွန်း လှလွန်းလို့ တက္ကသိုလ်ပို့ရမှာတောင် မပို့ရဲဘူး ဖြစ်နေတာ"

ချစ်မြတ်နိုးဝေ၏ မိခင်က သမီး၏ ဆန္ဒကို ဖော်ထုတ်ပေးလိုက်ရသည်။

ချစ်မြတ်နိုးဝေသည် မိမိ၏ သမီးဖြစ်ပါလျက် မိမိသဘောအရ ဘယ်တုန်းကမှ စီမံခွင့် မရခဲ့ပါ။ သည်အိမ်တွင် ဒေါ်တင်လှ၏ ဩဇာတသာ တည်သည်မို့ သူ၏စကားသာ အရာရောက်ပါသည်။

သူတို့ ကျွေးမွေး စောင့်ရှောက်ထား၍သာ သူမနှင့် သမီးလေး လုံခြုံမှုလုံစွာ နေခဲ့ရသည် မဟုတ်ပါလား။

"မမလှလဲ ပို့ချင်ပါတယ် ခင်မြရယ်၊ တော်ကြာ မတော်တရော်တွေ ဖြစ်ကုန်မှာ စိုးတယ်"

"သမီးက လိမ်မာပါတယ် မမလှရယ်"

ဒေါ်စုစုက ညီအစ်မတွေ၏ မျက်နှာကို တစ်လှည့်စီကြည့်ရင်း သူမ၏ အကြံအစည်ကို ဖော်ထုတ်ရန် အစပျိုးလိုက်သည်။

"မမလှတို့ စိတ်မဆိုးဘူးဆိုရင် ကျွန်မ တစ်ခုပြောပါရစေ"

"ဘာလဲ၊ စုစုရဲ့"

"သမီးလေးမြတ်နိုးကို စိတ်ချလက်ချ၊ တက္ကသိုလ် တက်နိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင် မမလှက လုပ်ထားရင် ဖြစ်ပါတယ်"

"ဘာများလဲ စုစုရယ်"

"ဟိုလေ သားနဲ့ မြတ်နိုးလေးကို ကျွန်မ သိပ်နီးစပ်စေချင်တယ် မမလှရယ်"

ဒေါ်တင်လှသာ ဤအိမ်တွင် အခရာမို့ ဒေါ်တင်လှကို ဦးတည်ပြီး သူမ၏ ဆန္ဒကို ဖွင့်ဟလိုက်သည်။

"ဟင်... တကယ်ပဲ စုစုမှာ ဒီလိုဆန္ဒရှိလား"

ဒေါ်တင်လှက မျက်နှာကြီးဝင်းပစွာနှင့် မေးသည်။

"ကျွန်မဆန္ဒက သိပ်ဖြစ်စေချင်တာပေါ့ရှင်၊ မမလှတို့ကို မပြောရဲတာနဲ့၊ ကြာခဲ့တာပါ"

"လှမော်လေးနဲ့ဆို မမလှတို့ ဘာသဘောမတူစရာရှိလဲကွယ်၊ ဘွဲ့လဲရပြီးသား ပြီးတော့ စီးပွားရေးလုပ်ငန်းကလဲ အတော်အသင့် အောင်မြင်နေပြီ၊ ပြီး သူတို့ချင်းကလဲ ရင်းနှီးပြီးသား မဟုတ်လား"

"ဒါဆို မမလှက သဘောတူတယ်ပေါ့"

"တူတာပေါ့ကွယ်၊ လှမော်နဲ့ဆို ဘာငြင်းစရာလိုလဲ"

"ဒါနဲ့ ခင်မြ သဘောကကော"

"အိုကေ... ခင်မြလဲ သဘောတူတာပေါ့၊ မဟုတ်ဘူးလား"

ဒေါ်တင်လှက ညီမငယ် မငြင်းသာအောင် ပြောလိုက်သည်။

"ခင်မြနဲ့ မြင့်သောင်းလဲ မမလှနဲ့ တစ်သဘောတည်းပါကွယ်"

ကဲ... ကျန်တဲ့လူတွေ ဘာပြောနိုင်ကြဦးမှာလဲ၊ ဒေါ်တင်လှက ပိတ်ပြီး ပြောလိုက်သည်မို့ ခေါင်းညိတ်ရုံသာပေါ့။





"ဟုတ်ပါတယ် စုစုရယ်၊ မြလဲ သားလှမော်နဲ့ဆို သဘောတူပြီးသားပါ"

"ဒါဆို ကလေးတွေကို အသိပေးထားကြရင် ကောင်းမယ်"

"ဟုတ်ပြီ စုစုသားအတွက် စုစုကပြော၊ မြတ်နိုးတာဝန်ကိုတော့ မမလှပဲ ယူလိုက်ပြီ"

ဒေါ်ခင်လှလည်း မငြင်းသာသည့်ကိစ္စမို့ သဘောတူ ကြည်ဖြူလိုက်ရသည့်အပြင် သမီးအတွက်လည်း စိတ်အေးသလို ရှိခဲ့ရပါသည်။ ချစ်သမီးလေး ယောကျ်ားအယူသွားမှာကို သူလည်း ကျိတ်၍ စိုးရိမ်ခဲ့နေသည်ပဲ။ မိမိလို ဘဝပျက်မှာ စိုးရိမ်လှသည်။

အနေအောင်လှသော သမီးလေး၏ ဘဝကို အညွန့်တလူလူသာ ဖြစ်စေချင်သည်။ အညွန့်မကျိုးစေချင်သည်က ဒေါ်ခင်မြ၏ အဓိကဆန္ဒပါ။ လက်ဖက် တမြည်းမြည်းနှင့် စကားဝိုင်းက စိုပြည်၍ အရှိန်ကောင်းခဲ့သည်။

အချိန်အတော်ကြာနေပြီးမှ ဒေါ်စုစု ထပြန်သွားသည်။

"ခင်မြ ညည်းသမီးကို နားဝင်အောင် ပြောထားနော်၊ ငါလဲ ပြောထားမယ် သိလား"

"ဟုတ်ကဲ့ မမလှ"

"ညည်းလို မတော်မတရော်ဖြစ်မှာ ငါ စိုးရိမ်တယ် ခင်မြ၊ ညည်းလို ဘဝမျိုးမရောက်အောင် ထိန်းကျောင်းပေးရမယ် သိလား၊ တာဝန်အရှိဆုံးက ညည်းမှာ သိလား"

"ဟုတ်ကဲ့ပါ မမလှရယ်၊ ကျွန်မသမီးလေး နားလည်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးမသွန်သင်ထားပါတယ်”

ဟုတ်ပါသည်။ ဒေါ်ခင်မြသည် သမီးငယ်ကို ယောက်ျားတွေအကြောင်း မကောင်းကြောင်းချည်းသာ၊ ယောက်ျားတွေကို မယုံစားထိုက်သော စကားများကိုသာ သမီးငယ်၏ ခေါင်းထဲသို့ ရိုက်သွင်းခဲ့သည်ပဲ။

ဒါကြောင့် ချစ်မြတ်နိုးဝေသည် ဘယ်ယောက်ျားလေးကိုမှ စိတ်မဝင်စားခဲ့ပါ။ သူငယ်ချင်း ပေါင်းသာ ပေါင်းခဲ့သည်။ ကျောင်းတွင် လှလွန်းသော ချစ်မြတ်နိုးဝေထံသို့ ချဉ်းကပ်သူများ ရှိခဲ့သော်လည်း ချစ်မြတ်နိုးဝေက လုံးဝ စိတ်မဝင်စားခဲ့ပါ။

ယောက်ျားဆိုတာ မစားကောင်းသော အသီးလို၊ ချစ်မြတ်နိုးဝေအတွက် အဆိပ်အတောက်ဟု ဒေါ်ခင်မြက ခံယူစေခဲ့ပါသည်။

*

ညစာ ထမင်းစားသောက်ပြီး ရှေ့ခန်းတွင် လူစုံညီစွာထိုင်ပြီး စကားပြောကြသည်က ချစ်မြတ်နိုးဝေတို့၏ အိမ်တွင် ထုံးစံတစ်ခုပါ။

ဒီနေ့ ဧည့်ခန်းထဲတွင် စုစည်းမိခိုက်၊ စကားဝိုင်းတွင် အဓိက ခေါင်းစဉ်က ချစ်မြတ်နိုးဝေ၏ကိစ္စ၊ ဒေါ်တင်လှက အစချီပြီး ချစ်မြတ်နိုးဝေကို ပြောလေသည်။

“မြတ်နိုးကို ဒေါ်ဒေါ်ကြီး ပြောစရာရှိတယ်”

ချစ်မြတ်နိုးဝေက ဒေါ်တင်လှကို မျက်လုံး ဝိုင်းဝိုင်းလေးနှင့် မော့ကြည့်လိုက်သည်။

“ပြောပါ ဒေါ်ဒေါ်ကြီး”





“သမီးက မကြာခင် တက္ကသိုလ်တက်ရတော့မှာနော်”

“ကျောင်းဖွင့်ဖို့က တော်တော် လိုပါသေးတယ် ဒေါ်ဒေါ်ကြီး”

“အေး... ဒါပေမဲ့ ကျောင်းဖွင့်ရင် တက်မှာ မဟုတ်လား”

“တက်မှာပေါ့ ဒေါ်ဒေါ်ကြီးရဲ့”

“ဒါကြောင့်မို့ ဒေါ်ဒေါ်ကြီးတို့အားလုံး သမီးကို စိတ်ချရဖို့ စီစဉ်ထားတယ်”

“ဘာကို စိတ်ချရအောင်လဲဟင်”

မျက်မှောင်လေးကုတ်ပြီး နားမလည်စွာနှင့် ဒေါ်တင်လှကို ကြည့်လိုက်သည်။

“သမီးရဲ့ အိမ်ထောင်ဖက် အရွေးမမှားရအောင် ဒေါ်ဒေါ်ကြီးတို့ ကြိုစီစဉ်ထားတယ်”

“ဟင်... ဒါတွေ မြတ်နိုးဝေ ဘာမှ နားမလည်ပါဘူး”

မျက်စိသူငယ်လေးနှင့် သူတို့သုံးဦးကို ချစ်မြတ်နိုးဝေက ကြောင်စီစီနှင့် ကြည့်နေသည်။

“သမီး ပညာစုံတဲ့ အချိန်မှာ လူမော်လေးနဲ့ ပေးစားဖို့ ဒေါ်ဒေါ်ကြီးတို့ရော စုစုပါ သဘောတူထားပြီးပြီ”

“ရှင်”

ချစ်မြတ်နိုးဝေ၏ မျက်လုံးပြူးပြူးလေး ဝိုင်းဝိုင်းလည်သွားသည်။

ချစ်မြတ်နိုးဝေ မယုံနိုင်ပါ။ ဘယ်နည်းနှင့်မှ သည့်စကားကို ချစ်မြတ်နိုးဝေ မယုံကြည်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလှနဲ့ မြတ်နိုးကို ပေးစားမှာ ဟုတ်လား"

အံ့သြလွန်းသော မျက်နှာလေးနှင့် ချစ်မြတ်နိုးဝေက မေးလိုက်သည်။ ချစ်မြတ်နိုးဝေ နားကြားလွဲနေမိသလားဟု မိမိကိုယ်ကိုပင် ထင်မိသည်။

"ဟုတ်တယ် မြတ်နိုးဝေ"

"ဟာ... ခက်ရပဲ"

ချစ်မြတ်နိုးဝေ နားကြားမမှားပါဘူး။ သဲသဲကွဲကွဲ ထပ်ကြားရတော့ ချစ်မြတ်နိုးဝေ ရင်ထဲတွင် ဖော်မပြနိုင်အောင် တုန်ခိုက်လှိုက်မောရပါသည်။ တစ်ချက်လွှတ် အမိန့်ကိုသာ ထုတ်တတ်သော ဒေါ်တင်လှကို ဘယ်လို အန်တုရမှန်း မသိတော့ပါ။

"မဖြစ်နိုင်ပါဘူး ဒေါ်ဒေါ်ကြီးရယ်၊ ကိုလှကို ယူလို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ"

မျက်ထောင့်နီကြီးနှင့် ဒေါ်တင်လှက သူမကို မကျေမနပ်ကြီး ကြည့်ပြီး ဒေါသတကြီး ပြန်မေးသည်။

"ကိုလှနဲ့ မြတ်နိုးဝေက မောင်နှမလို ချစ်နေတာပဲ"

"မောင်နှမမှ မဟုတ်ဘဲ မောင်နှမလို ချစ်နေလို့ ပြီးမှာလား"

မဝံ့မရဲနှင့် ဆင်ခြေကို ဒေါ်တင်လှ၏ တင်းမာနေသော လေသံက ဖြတ်လိုက်သည်။

"ဒေါ်ဒေါ်ကြီးရယ် မြတ်နိုးဝေကို စိတ်ညစ်အောင် မလုပ်ပါနဲ့နော်"





"တော် မြတ်နိုးဝေ၊ လူကြီးတွေက ကောင်းစေချင်လို့ စီမံတာ ညည်း ဘာမှ အတွန့်မတက်နဲ့၊ ဘာမှ ထပ်မကြားချင်ဘူး"

ချစ်မြတ်နိုးဝေအား ဟိန်းဟောက်လိုပြီး ပါးစပ်ကို ပိတ်ခိုင်းလိုက်တော့ ချစ်မြတ်နိုးဝေ ဘာမှ ထပ်မပြောသာတော့ပါ။ အမေဖြစ်သူနှင့် အဒေါ်ငယ်ကိုလည်း စစ်ကူတောင်း၍ အပိုသာဖြစ်မှာမို့ ဘာမှ ပြောလိုစိတ် မရှိတော့ပါ။

စိတ်ညစ်ညစ်နှင့် အပေါ်ထပ် သူမ၏ အခန်းသို့ ပြန်တက်ခဲ့သည်။ ဒေါ်ဒေါ်ကြီး ကျွေးမွေးစား၊ ပေးတာယူ၊ ခွာဝနှင့် နေကြရသော အိမ်၏ လူသာအားလုံး ဒေါ်ဒေါ်ကြီးကို ဘယ်သူမှ လွန်ဆန်ဝံ့သူ မရှိပါ။

မြတ်နိုးဝေ စိတ်ညစ်၍ လဲသာ သေလိုက်ချင်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



၄

ချစ်မြတ်နိုးဝေ ဈေးသို့ ထွက်ခဲ့သည်။ ခါတိုင်း ဈေးဝယ်နေကျ ဒေါ်ဒေါ်လေး ဒေါ်မြင့်သောင်း နေမကောင်း၍ ဈေးသွားလှည့်ကို ချစ်မြတ်နိုးဝေ ယူလိုက်ရပါသည်။

ဒေါ်ဒေါ်ကြီးက လှည်းတန်းဈေးတွင် ကုန်ခြောက်ရောင်းသူမို့ ဆိုင်ထွက်ရေး ပြင်ဆင်နေလေပြီ။ သူ့အတွက် ထမင်းချိုင့်ကို အသင့်ပြင်ပေးပြီး ဈေးသို့ ချစ်မြတ်နိုးဝေ ထွက်ခဲ့ရသည်။

ဟင်းရံဝယ်တာ စိတ်မပါ၊ ချစ်မြတ်နိုးဝေ၏ စိတ်အစဉ်က မကြာခဏ လှမော်နှင့် သူမက်စွကိုသာ တွေးနေမိသည်။

"ချစ်မြတ်နိုးဝေ"

အနီးကပ် ခေါ်လိုက်သောအသံကြောင့် စိတ်လက်မပါစွာ ဈေးဝယ်နေရာမှ အသံရှင်ဆီကို ဖျတ်ခနဲ ကြည့်လိုက်သည်။

"ဟင်"





ချစ်မြတ်နိုးဝေ၏ မျက်လုံးလေးတွေ ပြူးဝိုင်းသွားသည်။ သူမ တွေ့လိုက်သည်ကား အသားဖြူဖြူ ပိန်းပိန်သွယ်သွယ်၊ ချောမောသော်လည်း ဝတ်စားဆင်ယင်မှု ကိုးရိုးကားရားနိုင်သော လူငယ်တစ်ယောက်။

"ကိုယ့်ကို တွေ့လို့ သိပ်အံ့သြသွားသလား"

ဆံပင်တွေကို ဂျယ်တွေ ရွှဲအောင်လိမ်းပြီး ထောင်ထားသော ဆံချောင်းမျှင်များနှင့် စပ်ဖြီးဖြီးမျက်နှာ၊ နောက်စီဘက်မှာ ခပ်ပြောင်ပြောင်ပါးပါး ဆံပင်ကို ရိတ်ထားပြီး၊ ရှေ့ဘက်မှာ ရှည်ရှည်ထားသော ပုံစံက ချစ်မြတ်နိုးဝေ၏ မျက်စိထဲ ကန့်လန့်ဖြစ်နေသည်။

သားရေဂျာကင်၊ ဂျင်းဘောင်းဘီနှင့် အပျံစား ဝေါကင်းရှူးကို ဝတ်ထားသော သူတစ်ယောက်။

"ကိုယ် မနေ့က ရန်ကုန်ကို ခဏပြန်လာတာ၊ ချစ်မြတ်နိုးဝေကို တွေ့ချင်လွန်းလို့ အိမ်ရှေ့ လာချောင်းတာကွာ၊ မတွေ့ရဘူး၊ ခုဈေးဘက် ထွက်သွားတာမြင်လို့ လိုက်ခဲ့တာ"

"ရှင့်ကို မြတ်နိုးဝေ လုံးဝမတွေ့ချင်ပါဘူး သူရ"

မျက်နှာထားတင်းတင်းလေးနှင့် သူရဆိုသူကို ချစ်မြတ်နိုးဝေက ဘုကြည့်ကြည့်ပြီး ပြောလိုက်သည်။

"ဟာကွာ ချစ်မြတ်နိုးဝေကလဲ ရက်စက်လိုက်တာကွာ"

ချစ်မြတ်နိုးဝေ၏ မျက်စောင်းက ဒက်ခနဲ သူရထံသို့ ပြေးမှန်လိုက်သည်။ သူရကတော့ အပြုံးမပျက် ချစ်မြတ်နိုးဝေကို စိုက်ကြည့်နေသည်။

ဈေးသည်ကို ကျသင့်ငွေ ရှင်းပြီး ချစ်မြတ်နိုးဝေက ဆိုင်ရှေ့မှ



www.burmeseclassic.com

www.burmeseclassic.com



ဘောက်ဆတ်ဆတ် ခြေလှမ်းဖြင့် ထွက်ခဲ့သည်။ သူ၏နောက်မှ ထက်ကြပ်မကွာ သူရက ကပ်လိုက်လာသည်။

"ရှင်... ဘယ်လိုလူစားလဲ သူရ"

"ချစ်မြတ်ဝေကို ချစ်တဲ့ လူစားလေ"

စပ်ဖြဲဖြဲဟန်နှင့် သူရက ဖြေလိုက်သည်။ ချစ်မြတ်နိုးဝေ၏ မျက်နှက ရှုပုပ်သွားသည်။

"ရှင်နော်၊ အူကြောင်ကြောင် လုပ်မနေနဲ့ မြတ်နိုးဝေကို လိုက်မနှောင့်ယှက်ပါနဲ့"

"နှောင့်ယှက်တာမှ မဟုတ်တာကွာ၊ မြတနိုးဝေကို လွမ်းလွန်းလို့ လာတွေ့တာပါ၊ ကိုယ့်ရဲ့ အချစ်ကို လက်မခံသေးဘူးလားကွာ"

"ဟွန်း... ဘယ်တော့မှ လက်ခံဘူးလို့ အပြတ်ပြောခဲ့ပြီးသား ပဲ"

ချစ်မြတ်နိုးဝေက နှုတ်ခမ်းလေးကို မဲ့ပြီး၊ လေသံဆတ်ဆတ်နှင့် ဖြေလိုက်သည်။

"မြတ်နိုးဝေရယ်၊ မင်း တို့အပေါ်မှာ သိပ်စိမ်းကားလွန်းတယ်"

"ရှင့်လို လူရှုပ် လူပွေကို ဒီတစ်သက်မပြောနဲ့ ဆယ်သက်တောင် စိတ်ကူးထဲ မထည့်ဘူးမှတ်ပါ"

"ဟာကွာ"

သူရက မျက်နှာကြီးရှုံ့မဲ့ပြီး ညည်းတွားလိုက်သည်။ ပြီးတော့ ချစ်မြတ်နိုးဝေအား အသနားခံသော မျက်ဝန်းတွေနှင့် ကြည့်နေသည်။ သုတ်ခြေတင်နေသော ချစ်မြတ်နိုးဝေဘေးမှ ကပ်လိုက်ရင်း ချစ်မြတ်နိုး





ဝေ၏ မျက်နှာလေးကို မလွှတ်တမ်း ကြည့်နေသည်။

"အား... "

ချစ်မြတ်နိုးဝေအား ငေးကြည့်ကောင်းသည့်ဒဏ်ကို သူရ ခံစားလိုက်ရပါသည်။ လမ်းပေါ်မှ အုတ်ခဲကို ခလုတ်တိုက်ပြီး မှောက်လဲလုမတတ် ဖြစ်သွားသည်။

"ကောင်းတယ်၊ လဲ့ရုံမက သေရင်သာ ကောင်းသေး"

စိတ်ထဲမှ ကျိတ်ပြီး ချစ်မြတ်နိုးဝေက မေတ္တာပို့လိုက်သည်။

"ကဲ... လိုက်မလာနဲ့နော်၊ အိမ်နားရောက်ပြီ၊ ဒေါ်ဒေါ်လေး တွေ့သွားရင် ရှင် မလွယ်ဘူးသာ မှတ်"

မျက်နှာထိ မျက်နှာထားနှင့် ချစ်မြတ်နိုးဝေက ပြောရင်း သူ့အပါးမှ သုတ်သုတ်လေး ထွက်သွားသည်။ သူကလည်း ဆက်လိုက်ရန် မဝံ့မရဲသဖြင့် လမ်းခုလတ်မှာ ကျန်ရစ်ခဲ့လေသည်။

ချစ်မြတ်နိုးဝေက မကြည်လင်သော မျက်နှာလေးနှင့် အိမ်ထဲ ဝင်ခဲ့သည်။ မီးဖိုဆောင်ထဲမှာ ဈေးခြင်းကိုချပြီး၊ အိပ်ခန်းသို့ဝင်၍ အဝတ်အစားများ လဲလိုက်သည်။

အဝတ်အစား လဲရင်းမှ ဇွဲကြီးလှသော သူရ၏ အကြောင်းကို တွေးမိသည်။ သူရသည် သူမတို့၏ ကျောင်းမှ ဆယ်တန်းနှစ်ခါကျပြီး အပြင်ဖြေကျောင်းသား ဖြစ်ခဲ့လေသည်။

ဒါပေမဲ့ ချစ်မြတ်နိုးဝေတို့ ကျောင်းသို့ မကြာခဏ ရောက်လာတတ်သည်။ ချစ်မြတ်နိုးဝေအား ကျောင်းသွားကျောင်းပြန် စာလိုက်ဆေး စကားပြောနှင့် အကြီးအကျယ် နှောင့်ယှက်ခဲ့သူပါ။



www.burmeseclassic.com

www.burmeseclassic.com



ကြော့နေ ကော့နေအောင် ဝတ်စားတတ်ပြီး လူပေါ်ကြော့ လူရှုပ်လူရွှေကို ချစ်မြတ်နိုးဝေ လုံးဝ စိတ်မဝင်စားခဲ့ပါ။ ပေးသောစာတွေလည်း တစ်ခါမှ မယူခဲ့။ သူ့ကိုလည်း လုံးဝအရေးမလုပ်ခဲ့ပါ။ သူကတော့ ဇွဲကြီးကြီးနှင့် ချစ်မြတ်နိုးဝေကို ပိုးပန်းခဲ့သည်။

သူရက သဲကြီးမဲကြီး လိုက်ခဲ့သော်လည်း ချစ်မြတ်နိုးဝေက မတုန်လှုပ်ခဲ့ပါ။ သူ့ကို ရှိလေသည်တောင်မထင်၊ ဂရုမစိုက် အလေးလည်း မထားခဲ့ပါ။

ချစ်မြတ်နိုးဝေ ဆယ်တန်းနှစ်ဝက်လောက်တွင် သူရကို လုံးဝ မတွေ့တော့ပါ။ သည်တော့မှ ချစ်မြတ်နိုးဝေ ဘဝက ကျောင်းသွား ကျောင်းပြန် လွတ်လပ်ရတော့သည်။

ဘာကြောင့်မှန်းမသိ၊ မေတ္တာတစ်စက်မှထားလို့မရ၊ မျက်စိဆံပင်မွေး စူးလှသော သူရကို မုန်းနေမိသည်။ မုန်းသော သူက မတွေ့ရ မမြင်ရတော့ ချစ်မြတ်နိုးဝေ စိတ်အေးချမ်းရပါလေသည်။

သည်လို အနှောင့်အယှက် ကင်းကင်းနေရပြီး ခုလို ရုတ်တရက် တွေ့ရတော့ ချစ်မြတ်နိုးဝေ စိတ်အကြီးအကျယ် ညစ်သွားရသည်၊ ဘယ်ချောင်ကမှန်းမသိ ထွက်ပေါ်လာသော ဖြိုဟ်ဆိုးကို ဘယ်လို ပထုတ်ရမှန်း မသိတော့ပါ။

"ဒုက္ခပါပဲ၊ ဒီသူရဆိုတဲ့ နောသေ မသေနိုင်ဘူး"

ပျစ်ပျစ်နှစ်နှစ်ကြီး မေတ္တာပို့လိုက်မိသည်။ အစကတည်းက မိမိအပူနှင့် မိမိ စိတ်ညစ်နေရသည့်ကြားထဲ သည်ငနဲသားက တစ်မှောင့်မို့ လဲသာ သေလိုက်ချင်ပါတော့သည်။





မီးဖိုထဲ အဝင်နောက်ကျလျှင် ဆူခံရမည် စိုးသဖြင့် ချစ်မြတ်နိုးဝေက သွက်သွက်လေး အဝတ်စားလဲပြီး မီးဖိုဆောင်သို့ ဝင်လိုက်ရပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၅

ဒေါ်တင်လှက ညနေဈေးအပြန် လိမ္မော်သီးများ ဝယ်လာသည်။ အလုံးကြီးကြီး သန့်သန့်ကြီးတွေ ဆယ်လုံးသီးသန့် ဒေါ်စုစုအတွက် ဝယ်လာသည်။

"မြတ်နိုးဝေ ဒီလိမ္မော်သီးတွေ စုစုကို သွားပေးလိုက်စမ်း"

ချစ်မြတ်နိုးဝေကို ခေါ်ပြီး ကျွတ်ကျွတ်အိတ်နှင့် ထည့်ထားသော လိမ္မော်သီးများကို လှမ်းပေးလိုက်သည်။ ချစ်မြတ်နိုးဝေက လှမ်းမယူပါ။ မကြည်လင်သော မျက်နှာလေးနှင့် ဒေါ်တင်လှကို ကြည့်လိုက်သည်။

"မြတ်နိုးဝေ သွားမပေးချင်ဘူး"

"ဟဲ့... ဘာပြုလို့တုန်း"

ချစ်မြတ်နိုးဝေအား မျက်လုံးပြူးကြီးနှင့် ကြည့်လိုက်သလို၊ အသံစူးစူးကြီးနှင့် မေးသည်။





"မသွားချင်လို့ပါ ဒေါ်ဒေါ်ကြီး"

"ခါတိုင်း ချောင်းပေါက်အောင် သွားနေပြီးတော့ ငါ တီးထည့်လိုက်ရ"

ဝေါက်ငမ်းပြီး ပြောလိုက်သဖြင့် ချစ်မြတ်နိုးဝေက ဆက်လက် မငြင်းသာတော့ပါ။

ဒေါ်တင်လှလက်ထဲမှ လိမ္မော်သီးအိတ်ကို ဆတ်ခနဲဆွဲယူပြီး ခြေဆောင့်ထွက်ခဲ့သည်။

"ခါတိုင်းက သွားတာပေါ့၊ ခု ဒေါ်ဒေါ်ကြီးတို့ လုပ်တဲ့ကိစ္စက ဘယ်လောက်ရှက်စရာကောင်းလဲ၊ ကိုလူ့ မျက်နှာကို ဘယ်လိုကြည့်ရမှန်းတောင် မသိဘူး"

အသံတိတ် မကျေမနပ်ရွတ်ဆိုပြီး ထွက်ခဲ့သည်။ တစ်ဖက်ခြံသို့ လေးဖင့်သော ခြေလှမ်းတွေဖြင့် လှမ်းခဲ့သည်။ ယခင်က ဥဒဟို ပြေးလွှား၍ တံခါးမရှိ ဓားမရှိ ဝင်ခဲ့သော အိမ်ဝကို ယခုဝင်ရမှာ ဝံ့မရဲ ဖြစ်နေသည်။

အိမ်ထဲတွင် ချောက်ချားကြောက်စရာကောင်းသော အဖြစ်တစ်ခုကို တွေ့ရတော့မလို ချစ်မြတ်နိုးဝေ၏ ရင်ထဲမှာ စိုးရိမ်ထိတ်လန့်နေသည်။

ဒါပေမဲ့ ဒေါ်တင်လှ၏ ပြင်းထန်သော အာဏာကို မဖီဆန်သာသဖြင့် ရဲဆေးတင်ပြီး ဝင်လိုက်ပါသည်။ ဧည့်ခန်းထဲတွင် သတင်းစာထိုင်ဖတ်နေသော လူမော်ကို တွေ့ရသည်။

လှမ်းနေသော ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားသည်။ လူမော်



www.burmeseclassic.com

www.burmeseclassic.com



ကို လှမ်းမကြည့်ရဲလောက်အောင် ဖြစ်နေပါသည်။ ချစ်မြတ်နိုးဝေ၏ ရင်ထဲမှာ ရှက်စိတ်တွေ မွန်ထူနေသည်။

"မြတ်နိုးဝေ လာလေ"

လှမော်ကလည်း သူ့ကို ပထမ ရှိန်နေသည်။ နောက်မှ လေသံမှန်မှန်နှင့် လှမ်းခေါ်လိုက်သည်။

"ကြီးကြီးစုကော"

"အပြင်သွားတယ် ဘာလုပ်မလို့လဲ"

လှမော်က သူမကို စေ့စေ့ကြည့်ပြီး မေးသည်။ ချစ်မြတ်နိုးဝေက အသံတိမ်လေးနှင့် မျက်လွှာချပြီး ပြန်ဖြေသည်။

"ဒေါ်ဒေါ်ကြီးက လိမ္မော်သီး ပေးခိုင်းလို့ပါ"

"လာထိုင်ပါဦး မြတ်နိုးဝေရယ်"

မဝံ့မရဲလေး ရပ်နေသော ချစ်မြတ်နိုးဝေကို လှမော်က ညင်သာစွာ လှမ်းခေါ်လိုက်သည်။ ချစ်မြတ်ဝေက ရင်ခုန်ခြင်းများစွာ စိုးရိမ်စိတ်များစွာနှင့် သူ့အနားရှိ ခုံတွင် ဝင်ထိုင်လိုက်သည်။

"မြတ်နိုးဝေ ဒီနေ့ ဘယ်လိုဖြစ်နေတာလဲ"

ချစ်မြတ်နိုးဝေ ဘယ်လိုဖြေရမလဲ၊ လူကြီးချင်း စီစဉ်ထားသော ကိစ္စကို သူလည်း သိပြီး ရှိလိမ့်မည်ဟု တွက်မိသည်။ သိသိကြီးနှင့် မေးရက်သော လှမော်ကို ဒေါကန်မိသည်။

"မြတ်နိုးဝေ ကိုလှ့ကို ကြည့်စမ်း"

ချစ်မြတ်နိုးဝေက မကြည့်ပါ။ သူ ကြည့်ခိုင်းမှ မျက်နှာကို ပို၍ ငုံ့ချလိုက်သည်။





"ဘာလဲ မေမေတို့ စီစဉ်ထားတဲ့ကိစ္စ သိလို့ ရှက်နေတာလား"

ချစ်မြတ်နိုးဝေ၏ ရင်ထဲမှ မကျေနပ်ချက်က စကားအဖြစ် ဖွင့်ထွက်လာသည်။

"ရှက်တာ မဟုတ်ဘူး စိတ်တိုနေတာ"

လှမော်က သူမ၏ မျက်နှာကို စေ့စေ့ကြည့်နေသည်။ ညိမရင်းလေးတမျှ ချစ်ရပါသော ဖူးဖူးငယ်ငယ် လှသွေးကြွယ်သူလေးကို လှမော် သနားနေမိသည်။

"မေမေတို့ စီမံတာကို မြတ်နိုးဝေ မကြိုက်ဘူး မဟုတ်လား"

"ကိုလှကကော"

ချစ်မြတ်နိုးဝေက လှမော့်၏ အမေးကို မဖြေသေးဘဲ ပြန်၍ မေးခွန်း ထုတ်လိုက်သည်။

"ကိုလှက မြတ်နိုးဝေလေးကို ညီမလေးလိုပဲ ချစ်တာပါကွာ"

ချစ်မြတ်နိုးဝေ၏ ရင်ထဲမှာ ဝမ်းနည်းအားငယ်စိတ်တွေ ကြီးစိုးလာသည်။ မျက်ရည်တွေ မျက်လုံးထဲမှာ ပြည့်အိုင်လာပြီး ဝါးပြင်ပေါ်သို့ ပိုးပိုးပေါက်ပေါက် ကျလာသည်။

"ဟာ မြတ်နိုးဝေလေး ငိုနေပြီလားကွယ်"

ချစ်မြတ်နိုးဝေ၏ မျက်နှာလေးကို ကြင်နာစွာ ဆွဲ၍ မော့လိုက်သည်။

"မြတ်နိုးဝေကကော ကိုလှအပေါ် ဘယ်လိုသဘောထားလဲဟင်၊ အမှန်အတိုင်း ဖြေနော်"

"မြတ်နိုးဝေလေ ကိုလှ့ကို အစ်ကိုကြီးတစ်ယောက်လိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ချစ်တာပေါ့”

ငိုတစ်ဝက်၊ ရှိုက်တစ်ဝက်နှင့် မြတ်နိုးဝေက ထစ်ထစ်အအလေး ဖြေသည်။

“အေးကွာ တို့နှစ်ယောက်ရဲ့ အဖြူရောင် အချစ်ကို ဘာလို့လူကြီးတွေက အရောင်ဆိုးချင်ကြတာလဲ နားမလည်ဘူးကွာ၊ ကိုလူကလဲ မြတ်နိုးဝေလေးကို မော်င်နမ အချစ်ထက်မပိုပါဘူးကွာ၊ ခက်တော့နေပြီ”

“ဘယ်လိုလုပ်ကြမလဲဟင်”

လူမော်၏ စိတ်ကို သိရတော့မှ ချစ်မြတ်နိုးဝေက လူမော်၏ မျက်နှာကို စေ့စေ့ကြည့်ရဲတော့သည်။

“မေမေက ဖွတ်ပဲ၊ ကိုလူ ငြင်းပါသေးတယ် သူတို့က တစ်ယူသန်ဝဲကွာ”

“ဟုတ်တယ် မြတ်နိုးဝေလဲ ဒေါ်ဒေါ်ကြီးကို ငြင်းပါသေးတယ်၊ မရဘူး ကိုလူရယ် စိတ်ညစ်လို့ သေချင်ဘာပဲ”

ရှုံ့မဲ့နေသော ချစ်မြတ်ဝေ၏ မျက်နှာလှလှလေးကို ကြည့်ပြီး လူမော် သနားကရုဏာစိတ်တွေ ယိုဖိတ်မိလိုက်ပါသည်။

“မြတ်နိုးဝေလေးရယ် သေတော့ မသေလိုက်ပါနဲ့ကွာ စိတ်လဲ သိပ်မညစ်နေနဲ့နော် ကိုလူ ကြံပါဦးမယ်”

“ကိုလူက ဘယ်လိုကြံမှာလဲလို့”

“သူတို့က ချက်ချင်း ပေးစားမှာမှ မဟုတ်တာ၊ မြတ်နိုးဝေလေးဘွဲ့ရမှလေ အချိန်တွေ ရှိပါသေးတယ်”





“မြတ်နိုးဝေတော့လေ သိပ် စိတ်ညစ်တာပဲ သိတယ်”

“ကိုလူလဲ စိတ်ညစ်တာပဲ၊ ခု စီးပွားရေးလုပ်ငန်းကလဲ ငွေမှင်းနည်းတော့ သိပ် အလုပ်မဖြစ်ဘူး၊ ဒီကြားထဲ မေမေက တစ်မျောင့်”

လူမောင်က ဆံပင်ထဲသို့ လက်ငါးချောင်း ထိုးသွင်းပြီး ဆံပင်တွေကို ဆွဲဖွလိုက်သည်။

“မြတ်နိုးဝေတို့ ဘာလုပ်မယ်ဆိုတာ စဉ်းစားစမ်းပါဦး ကိုလူရဲ့”

“အဲ... တစ်ခု ငါတို့ သတိထားရမှာက အခြေအနေမပျက်နေဖို့ပဲ၊ သူတို့ စီမံတာကို နာခံသလိုနဲ့ ရေလိုက်ငါးလိုက်နေ သိလား နောက်တော့လဲ မီးစင်ကြည့်ကကြတာပေါ့ကွာ”

“ဟုတ်တယ်၊ မြတ်နိုးဝေလဲ သူတို့ ဘယ်လောက်ပေးစားစား မယူရေးချ မယူထဲကပဲ”

“ကိုလူကလဲ မြတ်နိုးဝေအတိုင်းပါကွာ”

သည်တော့မှ ချစ်မြတ်နိုးဝေ၏ မျက်နှာလေးလ ပြုံးပြုံးရယ်ရယ်ဖြစ်လာသည်။

“မြတ်နိုးဝေ စိတ်ထဲမှာ နည်းနည်း ပျော်သွားပြီ ကိုလူ”

“အေးပါကွာ စိတ်ချမ်းသာသလိုနေ၊ အားလုံးအဆင်ပြေအောင် ငါတို့ ကြည့်နေကြတာပေါ့ကွာ”

သည်လို တစ်ယောက်နှင့်တစ်ယောက် နားလည်မှုရတော့လည်း ဆက်ဆံရေးက ပြေပြစ်ချောမွေ့သွားသည်။ ယခင်ကလိုပင် တစ်ဦးအိုတစ်ဦး ဖက်လှဲတကင်းပင် ဆက်ဆံမိကြတော့သည်။

ချစ်မြတ်နိုးဝေက လူမော်နှင့် စကားတွေ ဝအောင်ပြောပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



သူမ၏အိမ်သို့ ပြန်ခဲ့သည်။ ဒေါ်တင်လှက ဆီး၍ မေးသည်။

"ကြာလှချည်လား မြတ်နိုးဝေ"

စူးစမ်းသော အကြည့်များနှင့် မျက်တောင်မခတ်ကြည့်နေသော ဒေါ်တင်လှ၏ အကြည့်ကို ရဲရဲဝံ့ဝံ့ပင် ချစ်မြတ်နိုးဝေက ရင်ဆိုင်လိုက်သည်။ ဟန်မပျက် ယခင်ပုံစံအတိုင်း ချစ်မြတ်နိုးဝေ၏ အမူအရာကို တွေ့ရတော့ ဒေါ်တင်လှ သိပ်ကျေနပ်သွားသည်။

သူတို့ လူကြီးတွေ စီမံသောကိစ္စကို လူငယ်တွေ ကျေကျေနပ်နပ် ရှိသည်မို့ ငါတို့လုပ်တာ မှန်လိုက်လေခြင်းဟု ပီတိတွေ ဖြာနေပါတော့သည်။

* * *





၆

"မြတ်နိုးဝေရေ"

ချစ်မြတ်နိုးဝေအား ခေါ်လိုက်သံနှင့်အတူ လှမော်သည် အိမ်ထဲသို့ ရောက်လာသည်၊ ချစ်မြတ်နိုးဝေက ရေချိုးခန်းဝင်နေ၍ သူ၏ ခေါ်သံကို မကြားမိပေ။

ဒေါ်မြင့်သောင်းက လှမော်၏ ခေါ်သံကြောင့် အခန်းအပြင်သို့ ထွက်လာသည်။

"မောင်လှမော်ရေ မြတ်နိုးဝေ ရေချိုးနေတယ်"

"ဩော်...ဟုတ်လား ဒေါ်ဒေါ်လေး သူ့ကို ပြောပေးပါနော်၊ ရေချိုးပြီးရင် အပြင်သွားဖို့ ကောင်းကောင်း ဝတ်စားခဲ့ပါလို့"

"အေး... အေး ပြောလိုက်မယ်"

ဒေါ်မြင့်သောင်းက ကျေကျေနပ်နပ်ကြီးပင် ပြုံးလိုက်သည်။ လှမော်နှင့် သဘောတူပြီးမှ ယခုလို သွားတာလာတာကို သူတို့ ကျေကျေနပ်နပ် ခွင့်လွှတ်ပြီးသားပါ။



www.burmeseclassic.com

www.burmeseclassic.com



လူငယ်နှစ်ဦး အဆင်ပြေနေသည် ထင်ပြီး လူကြီးတွေ ဝမ်းသာ ကျေနပ်နေကြသည်။ ဒေါ်မြင့်သောင်းက အပေါ်ထပ်သို့ သွက်သွက် တက်ခဲ့သည်။ ရေချိုးခန်းတံခါးကို သွားခေါက်လိုက်သည်။

"ဘယ်သူလဲ"

အထဲမှ ချစ်မြတ်နိုးဝေ အသံစူးစူးလေးနှင့် ပြန်မေးလိုက်သည်။

"ရေ မြန်မြန်ချိုး၊ မောင်လူမော်က အပြင်သွားမလို့တဲ့၊ ဝတ်စားပြီး လာခဲ့ပါတဲ့"

"ဟုတ်ကဲ့ ဒေါ်ဒေါ်လေး"

ချစ်မြတ်နိုးဝေက သွက်သွက်လေး ဖြေလိုက်သည်။ ရပ်သွားသော ရေသံများကို တစ်ဖန် ဒေါ်မြင့်သောင်း ပြန်ကြားရသည်။ ချစ်မြတ်နိုးဝေ ရေဆက်ချိုးနေလေပြီ။ ဒေါ်မြင့်သောင်းက ရေချိုးခန်းဝမှ အောက်ထပ်သို့ ပြန်ဆင်းခဲ့လေသည်။

ချစ်မြတ်နိုးဝေက ရေချိုးပြီး အလှအပတွေ မွမ်းမံပြင်ဆင်လိုက်သည်။ ဘီဘဲ(လ်)လုံချည် စတော်ဘယ်ရီရောင်၊ ဇာအင်္ကျီ စတော်ဘယ်ရီရောင်နှင့် ဖြူဝင်းသော အသားအရေက လိုက်ဖက်လှသည်။ ဖြောင့်စင်း မည်းနက်သော ဆံနွယ်များကို သည်တိုင်းပင် ဖားလျားချထားသည်။ မျက်နှာပေါ်တွင် မိတ်ကပ်တွေ၊ ရှဲဒိုးတွေ၊ နှုတ်ခမ်းနီတွေဖြင့် ပြေပြေလေး ပြင်ထား၍ ကြွေရုပ်လေး တစ်ရုပ်လို လှလွန်းနေသည်။

ပြင်ဆင်ပြီး မှန်ထဲမှ အလှကို ဘယ်ပြန် ညာပြန် လှည့်၍ ကြည့်မိသည်။ ပုံရိပ်တွင် ထင်ဟပ်လာသော မိမိ၏ ကိုယ်နေဟန်က





လွန်စွာ ချောမွေ့လှလွန်းနေသည်ကို ကျေနပ်စွာ တွေ့ရသည်။

ပိုက်ဆံအိတ်လေး ကောက်ကိုင်ပြီး အခန်းထဲမှ ထွက်ခဲ့သည်။ မီခင်ဖြစ်သူထံ သွား၍ နှုတ်ဆက်လိုက်သည်။

"မေမေ သမီး ကိုလူနဲ့ အပြင်သွားမလို့နော်"

စက်စက်ယိုအောင် လှလွန်းသော သမီးချောလေးကို ကြည့်ပြီး ဒေါ်ခင်မြ ကျေနပ်ဝမ်းသာနေသည်။ လူမော်နှင့် ပြေလည်သည်ဟု ထင်ပြီး ပို၍ ဝမ်းသာရပါသည်။

"အေး... သမီး သွား... သွား ဒါပေမဲ့ ညဉ့်မနက်စေနဲ့နော်"

"ဟုတ်ကဲ့ပါ မေမေ"

မိခင်၏ ပါးပြင်ကို တစ်ချက် မွှေးကြူခဲ့ပြီး အခန်းထဲမှ ထွက်ခဲ့သည်။ ဒေါ်မြင့်သောင်းကိုပါ နှုတ်ဆက်ပြီး တစ်ဖက်ခြံသို့ ကူးခဲ့သည်။

ဒေါ်တင်လှကတော့ ဈေးမှ ပြန်မလာသေးပါ။

ဒေါ်စုစုနှင့် ခြံဝတွင် တိုးလေသည်။ ဒေါ်စုစုက သူမကို ဝိတိစွာသော အပြုံးတွေနှင့် ပြုံးပြီး...

"ကြီးကြီးစု သမီးလေးက ချောလိုက်တာကွယ်"

ဒေါ်စုစုက ချီးမွမ်းခန်းဖွင့်လေသည်။ ချစ်မြတ်နိုးဝေက မလုံမလဲနှင့် ရှက်ဝဲဝဲလေး ပြုံးလိုက်လေသည်။

"ကြီးကြီးစု ဘယ်သွားမလို့လဲ"

"ဒီနားတင်ပါကွယ်၊ အိမ်မှာ သားကြီး စောင့်နေတယ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စုစုအပါးမှ သွက်သွက်လေး ချစ်မြတ်နိုးဝေ ထွက်ခဲ့သည်။ အသင့်စောင့်ကြိုနေသော လူမော်ကို တွေ့ရသည်။

"ကိုလူရေ မြတ်နိုးဝေလေ လူကြီးတွေအဖြစ် သည်းနေတဲ့ ပုံကြည့်ပြီး သိပ်ရယ်ချင်တာပဲ သိလား"

ပြုံးလဲ့လဲ့ မျက်နှာလေးနှင့် ချစ်မြတ်နိုးဝေက ပြောလိုက်သည်။ ဖူးနှစ်နေအောင် လှလွန်းသော နုနုငယ်ငယ်မိန်းကလေးကို လူမော် အငေးသား ကြည့်နေမိသည်။

သည်မိန်းကလေးအပေါ် ဖြူစင်သော မေတ္တာတွေနှင့် သူ ချစ်နေပါသည်။ လှလွန်းသူလေးကို မထိရက် မကိုင်ရက်အောင် ဖူးဖူးမှုတ်ခဲ့သည်မို့ ဘဝကြင်ဖော်အဖြစ် လုံးဝတွေးဆလို့ မရပါ။

"ချစ်မြတ်နိုးဝေလေးက တကယ့် ကောင်းကောင်းမွန်မွန်နဲ့ ရွှေပေါ်မြတင်နေရမယ့် မိန်းကလေး ငါ့လိုကောင်နဲ့ လုံးဝမထိုက်တန်ဘူး၊ ငါ့ညီမလေးကို ထိုက်ထိုက်တန်တန် လူမျိုးနဲ့မှ ပေးစားနိုင်မယ်"

ချစ်မြတ်နိုးဝေအတွက် သန့်စင်သော မေတ္တာတွေဖြင့် မြင့်မြင့်မားမားကြီး မျှော်မှန်းနေမိသည်။

"ဘာငေးနေတာလဲ ကိုလူရဲ့"

စူးရဲသော သူ၏အကြည့်ကြောင့် မလုံမလဲနှင့် ချစ်မြတ်နိုးဝေက မေးလိုက်သည်။

"အဟင်း... ကောင်မလေးကြောင့် မကြာခင် ကိုလူယောက်ဖ အကောင်းစားလေးရတော့မယ်လို့ တွက်မိလို့"

"ဟင်... သွား"





ရှက်မျက်နှာ ရဲရဲလေးနှင့် ချစ်မြတ်နိုးဝေက သူ၏ ရင်ဘတ်ကို လက်ဖြင့် တွန်းလိုက်သည်။

"ကဲ... လာသွားစို့"

"ဒါနဲ့ နေပါဦး၊ ကိုလူက ဘာလို့ ဒီနေ့ ထူးထူးခြားခြား မြတ်နိုးဝေကို ဝတ်စားပြီး အပြင်ခေါ်တာလဲ"

"မြတ်နိုးဝေရယ်၊ နင် ဒီလောက်တောင် ငါ့အပေါ်မှာ စိတ်ဝင်စားမှု ခေါင်းပါးနေပြီလား"

ပြုံးလဲ့လဲ့နှင့် မော့ကြည့်နေသော မျက်နှာလေးကို ငုံ့ကြည့်ပြီး ရယ်မပြုံးနှင့် လူမော် မေးလိုက်သည်။ ပါးစပ်လေး ပွင့်ဟဟနှင့် မျက်ခုံးလေးတွန့်ပြီး ချစ်မြတ်နိုးဝေက တွေးလိုက်သည်။

"ကဲ... ကျောင်းအမ သိပ်တွေးမနေနဲ့၊ ဒီနေ့ ကျွန်တော်မွေးနေ့ သခင်မလေးကို ကျွေးမွေးပြုစုဖို့ အပြင်ခေါ်သွားမလို့ ခင်ဗျ"

လူမော်က စိတ်တိုတိုနှင့် ရွဲ့တဲ့တဲ့ ပြောလိုက်မှ ချစ်မြတ်နိုးဝေ [illegible]စွာ စိတ်မကောင်း ဖြစ်ရပါသည်။

"ဟယ်... ဆောရီးနော် ကိုလူ မြတ်နိုးဝေကို စိတ်မဆိုးပါနဲ့၊ တကယ် မြတ်နိုးဝေ မေ့သွားတယ် သိလား"

"မေ့မှာပေါ့ အခုယ်သူ့ကို စိတ်ကူးနေမှန်းမသိတာ"

"ဟာ... ဘယ်သူ့ကို စိတ်ကူးရမှာလဲ"

"မသိဘူး။ ခါတိုင်းဆို ငါ့မွေးနေ့ကို ငါ့ထက် နင်က ပိုသတိရနေတာ မဟုတ်လား"

"ဟုတ်ပါတယ် ကိုလူရယ်၊ မြတ်နိုးဝေကိုက မေ့လျော့လွန်း



www.burmeseclassic.com

www.burmeseclassic.com



တာပါ"

ယခင် မွေးနေ့တုန်းကဆိုလျှင် မြတ်နိုးဝေက နံနက်မိုးလင်းသည်နှင့် တစ်ဖက်ခြံသို့ ကူးလာပြီး လူမော့်အတွက် လက်ဆောင်လေး တစ်ခု အမှတ်တရ ပေးစမြဲ၊ လူမော်က သူ့မွေးနေ့ကို မေ့နေလျှင်ပင် ချစ်မြတ်နိုးဝေက ဘယ်တော့မှ မမေ့ခဲ့ပါ။

သည်လို တစ်ဦးနှင့်တစ်ဦး ချစ်ခင်ခဲ့ကြသည်မှာ နှစ်ပေါင်း မနည်းခဲ့ပြီ။ ခုမှာတော့ ချစ်မြတ်နိုးဝေ စိတ်ထဲ ရှုပ်ထွေးနောက်ကျိနေသဖြင့် လူမော်၏ မွေးနေ့ကို မေ့ခဲ့လေပြီ။

ချစ်မြတ်နိုးဝေ တကယ်ပဲ စိတ်မကောင်းဖြစ်ရပါသည်။ သူမ၏ မွေးနေ့ကိုတော့ ဘယ်တုန်းကမှ မမေ့ခဲ့သော လူမော်အပေါ် မလုံမလဲ အပြစ်မကင်းသော စိတ်လေး ဖြစ်ခဲ့ရလေသည်။

"ကိုလူ့ရဲ့ မွေးနေ့လက်ဆောင်ကို အကြွေးမှတ်ထားလိုက်နော်၊ မနက်ဖြန်မှ ပေးမယ်လေ"

စပ်ဖြီးဖြီး မျက်နှာလေးနှင့် မော့ကြည့်ပြီး ပြောလိုက်သည့် ချစ်မြတ်နိုးဝေ၏ ဟန်အမူအရာလေးက လွန်စွာ ချစ်စရာကောင်းနေသည်။ လူမော်က ပါးမို့မို့လေးကို နာအောင်ပင် မချင့်မရဲနှင့် ညှစ်လိုက်သည်။

"အား... နာတယ်ကွ"

မျက်နှာလုံး ရှုံ့မဲ့ပြီး ချစ်မြတ်နိုးဝေက ပြောလိုက်သည်။ ဒါပေမဲ့ နှုတ်ခမ်းဖူးဖူးလေးပေါ်ဝယ် အပြုံးတွေက တွဲလွဲခို ခိုနေသည်။

"ညီမလေးကို ဒီနေ့ ရတနာဥယျာဉ်မှာ ကျွေးမှာ သိလား"





"ဟာ ပိုက်ဆံတွေ တအားကုန်မှာပေါ့"

"ကုန်ပါစေ ကျွေးချင်နေတာ ကြာပြီ၊ ဟိုနေ့က အရောင်းအဝယ်တစ်ခု ဖြစ်တယ်၊ အဲဒါ မြတ်နိုးဝေကို ကျွေးဖို့ ချန်ထားတာ"

"ဒါကြောင့် မြတ်နိုးဝေကလေး ဟော့ဒီ လူကြီးကို သိပ်ချစ်တာပေါ့"

"ဟွန်း... အညာမလေး စားရလို့ ချစ်တာမဟုတ်လား"

"မစားရလဲ ချစ်တာပါနော်။ ကိုလူ့နဲ့ မြတ်နိုးဝေက မောင်နှမရင်းတွေတွေပဲဟာ"

"အေး... ဟုတ်တယ်၊ အဲဒါ မှန်တယ်"

နှစ်ဦးသား ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။

"ကဲ... သွားစို့

"မြတ်နိုးဝေက လေးဘီးအငှားကားနဲ့ သွားမှာနော်"

"အမယ်လေး မယ်မင်းကြီးမရယ်။ ဒီကလဲ အငှားကားနဲ့ ခေါ်မှာပါ၊ ဘတ်(စ်)ကား မစီးခိုင်းပါဘူးဗျာ၊ ဒါလောက်လှနေတာ သူများတွေ ထိမှာ တို့မှာကို စိုးရိမ်တယ်ခင်ဗျ"

"အဟင်း... ဟင်း"

ချစ်မြတ်နိုးဝေက သူ၏ လက်မောင်းကို ဖက်တွယ်ပြီး မျက်နှာလေးမော့ပြီး နှစ်နှစ်ခြိုက်ခြိုက် ရယ်လိုက်ပါတော့သည်။ ခြံရှေ့ကို ဖြတ်လာသော လေးဘီး အငှားကားတစ်စီးကို လူမော်က လှမ်းတားပြီး ငှားလိုက်သည်။

*



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံဘုရား တောင်ဘက်မုခ်ရှိ ရတနာဥယျာဉ် စားသောက်ဆိုင်များရှိရာ ခြံထဲသို့ ဝင်ခဲ့သည်။ ပတ္တမြားဆောင်သို့ လှမော်က ဦးဆောင်၍ ဝင်လိုက်သည်။

စားပွဲထိုးလေးကို စားသောက်ဖွယ်ရာများ မှာလိုက်သည်။

"ကဲ... ဒီနေ့ မြတ်နိုးဝေ အဝသာ စားပေတော့ သိလား"

"စိတ်ချ နေ့လယ်ကတည်းက ဘာမှမစားခဲ့ရသေးဘူး"

ပြောင်စပ်စပ် မျက်နှာလေးနှင့် ချစ်မြတ်နိုးဝေက ပြန်ပြောလိုက်သည်။ အငွေ့တထောင်းထောင်းထနေသော စားသောက်ဖွယ်ရာများ စားပွဲပေါ်သို့ ရောက်လာပြီမို့ စားသောက်ခြင်း ကိစ္စကို စလိုက်ကြသည်။

စားသောက်နေစဉ်တွင် တစ်ဖက်စားပွဲသို့ ယောက်ျားပျိုနှစ်ဦး ရောက်လာသည်။ ထိုနှစ်ဦးက ချစ်မြတ်နိုးဝေနှင့် မျက်နှာချင်းဆိုင်လို ဖြစ်နေသည်။ လှမော်က သူတို့ကို ကျောခိုင်းအနေအထားမို့ သတိမပြုမိပါ။

ယောက်ျားပျိုနှစ်ဦးအနက် ရည်မွန်သားနားသော သူတစ်ယောက်ကို ချစ်မြတ်နိုးဝေက သတိထားမိသည်။ ထိုသားနားမွန်ရည်သော သူထံမှ အကြည့်စူးစူးကို မကြာခဏ ချစ်မြတ်နိုးဝေ ရရှိလိုက်သည်။

မြိန်ရှက်စွာ စားနေရာမှ သူ့အကြည့်ကြောင့် ရှိုးတိုးရှန့်တန့်ပင် ဖြစ်နေမိသည်။ သူ၏ အကြည့်ကြောင့် ချစ်မြတ်နိုးဝေ၏ ရင်ထဲမှာ ခံစားချက် တစ်ခု ဖြစ်ထွန်းလာသည်။ သည်ခံစားချက်ကို ချစ်





မြတ်နိုးဝေ အမည်မတပ်တတ်ပါ။

"စားလေ မြတ်နိုးဝေ"

"စားပါတယ် ကိုလှရဲ့"

ထိုသူက လှမော်ထံသို့ မကြာခဏ အကြည့်စူးစူးနှင့် ကြည့်နေသည်ကို မြင်ရသည်။ အမှတ်မထင် လှမော်က နောက်ပြန်လှည့်ကြည့်ရင်း ထိုသူနှင့် အကြည့်ချင်း ဆုံမိသည်။

အတန်ကြာအောင် တစ်ဦးကိုတစ်ဦး စိုက်ကြည့်ရင်း အံ့ဩဝမ်းသာလွန်းသော မျက်နှာများနှင့် ပြိုင်တူခေါ်လိုက်မိပါသည်။

"လှမော်"

"ဟိတ် . . ရဲဝံ့"

တစ်ဦးကိုတစ်ဦး ခေါ်လိုက်သံက ကျယ်လောင်လွန်းလှသဖြင့် ချစ်မြတ်နိုးဝေပင် အထိတ်တလန့် ဖြစ်သွားသည်။ ချစ်မြတ်နိုးဝေကို မကြာခဏ စူးစိုက်ကြည့်နေသော သူက ရဲဝံ့ဆိုပါကလား။ ချစ်မြတ်နိုးဝေက မျက်မှောင်လေး ကြုတ်ပြီး တွေးလိုက်သည်။

ရဲဝံ့ဆိုသော ခပ်ချောချော သားသားနားနား လူက ချစ်မြတ်နိုးဝေတို့၏ စားပွဲသို့ ကူးလာသည်။ လှမော်၏ ဘေးထိုင်ခုံတွင် ဝင်ထိုင်ပြီး လှမောင်၏ ပခုံးကို ဆုပ်ကိုင်လိုက်သည်။

"ဟေ့ကောင်ကြီး မင်း ဘာတွေလုပ်နေသလဲ"

လှမော်က သူ့ကို ပြုံးရယ်စွာနှင့် ကြည့်ပြီး...

"အရောင်းအဝယ် နည်းနည်းပါးပါးပါကွာ"

"ဟုတ်လား မင်းနဲ့ မတွေ့တာတောင် ကြာပြီကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ကျောင်းပြီးကတည်းကပဲ.ဒါနဲ့ မင်းကော ဘာလုပ်နေလဲ"

"ငါ့ အဘိုးရဲ့ လက်ငုတ်လက်ရင်းဖြစ်တဲ့ စက်လှေ့လုပ်ငန်းလေ၊ အဲဒါ ထားဝယ်မှာ မဟုတ်လား။ ဒါကြောင့် ကျောင်းပြီးကတည်းက ထားဝယ်မှာပဲ အခြေစိုက်နေတာပေါ့"

လှမော်နှင့် စကားပြောနေရာမှ ရဲဝံ့၏အကြည့်များက မကြာခဏ ချစ်မြတ်နိုးဝေထံသို့ ထိကပ်လာသည်။ ချစ်မြတ်နိုးဝေကလည်း လှမော်၏ သူငယ်ချင်းကို မသိမသာ အကဲခတ်နေမိသည်။

မဖြူ မညိုသော အသားဝင်းဝင်းကို ရဲဝံ့က ပိုင်ဆိုင်ထားသည်။ ဆံဖင်ံ ထူထူသန်သန်တွေက လှိုင်းတွန့်ပုံစံဖြစ်ပြီး နဖူးပြေပြေပေါ် တချို့တစ်ဝက် လဲပြိုနေသည်က ရဲဝံ့၏ ချောမွေ့မှုကို တစ်မျိုး စွက်နေသည်။

ဖြောင့်စင်းသော နှာတံ၊ မျက်ခုံးထူထူ၊ မျက်ဝန်းနက်နက်၊ ပိပြားတိကျသော နှုတ်ခမ်းစသည်တို့နှင့် ဖွဲ့စည်းထားသော ရဲဝံ့သည် လှချောစာရင်း ဝင်နေပါသည်။

အရပ်မြင့်မြင့် ပခုံးကျယ်ကျယ် ရင်အုပ်ကားကား ချပ်ရပ်သော ဝမ်းဗိုက်တို့ဖြင့် ဖွဲ့စည်းထားသော ကိုယ်ကာယအလှက ယောက်ျားပီသမှုကို ဖော်ကျူးနေသည်။

မီးခိုးရောင် ဂျာကင်အောက်မှ အဲရီးစပို့ရှပ်ဖြူဖြူ ပြီးတော့ အကောင်စား ကော်ကြူပိုင်းဘောင်းဘီ၊ ဝေါ့ကင်းရှူးနှင့် ရဲဝံ့၏ တန်ဆာဆင်ထားသော တန်ဖိုးက ထောင်သောင်းချီနေသည်။ ဘယ်လက်





ခလယ် ဝတ်ထားသော စိန်တစ်လုံး လက်စွပ်က ဆီးကင်းခန့်ပမာ ကျက်စိကျိန်းစရာပါ။

ရွှေရောင်ရိုးလက်(စ်) နာရီနှင့် ရဲဝံ့သည် ကြေးရတတ်အစ်ဦးဖြစ်ကြောင်း ပေါ်လွင်နေပါသည်။

ရဲဝံ့ထံမှ စူးရှသော အကြည့်လို လှမော် သတိထားမိသည်။ ရဲဝံ့တစ်ယောက် ချစ်မြတ်နိုးဝေကို စိတ်ဝင်တစား ရှိနေသည်မို့ မိတ်ဆက်ပေးလိုက်ရသည်။

"ရဲဝံ့ ဒါ ငါ့ညီမလေးလို ခင်ရတဲ့ ချစ်မြတ်နိုးဝေလေ"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်တော်က ရဲဝံ့ပါ"

ရဲဝံ့က သွားစွယ်ဖြူဖြူတွေပေါ်အောင် ပြုံးပြီး ချစ်မြတ်နိုးဝေကို မိတ်ဆက်လိုက်သည်။

"ဒါနဲ့ မင်း ရန်ကုန်မှာ ကြာမှာလား ရဲဝံ့"

"အင်း... တစ်လလောက်တော့ နေဖြစ်မယ် ထင်တယ်"

"ဒါဆို အိမ်လာဦးကွာ"

"ကောင်းပြီ လာခဲ့မယ်၊ ဟိုမှာ မိတ်ဆွေတစ်ယောက်တည်း ဖြစ်နေလို့ သွားမယ်ကွာ၊ ချစ်မြတ်နိုးဝေ ကျွန်တော်ကို ခွင့်ပြုပါဦး"

ရဲဝံ့က လှမော်ကို ပြောရင်း ချစ်မြတ်နိုးဝေကိုပါ အပြုံးနှင့် နှုတ်ဆက်ခွင့်ပန်လိုက်သည်။

"ဟုတ်ကဲ့"

တစ်ဖက်စားပွဲသို့ မခွဲခွာသွားခင် ရဲဝံ့က ချစ်မြတ်နိုးဝေကို



www.burmeseclassic.com

www.burmeseclassic.com



လှစ်ခနဲ တစ်ချက်စိုက်ကြည့်ပြီး ထွက်သွားသည်။ လှမော်နှင့် ချစ်မြတ်နိုးဝေလည်း စားသောက်ပြီး တစ်ဖက်စားပွဲတွင် စကားကောင်းနေသော ရဲဝံ့ကို နှုတ်ဆက်ပြီး ထွက်ခဲ့ကြသည်။

* * *





၇

နောက်တစ်နေ့ညနေတွင် လှမော်ထံသို့ ရဲဝံ့က ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။ လှမော် အံ့ဩရပါသည်။ သူနှင့် ရဲဝံ့သည် သူငယ်ချင်းဖြစ်ခဲ့သော်လည်း ယခင်က ရင်းရင်းနှီးနှီး သိပ်နေခဲ့ခြင်းမှ မဟုတ်ပါ။

"ဟာ... ရဲဝံ့ လာ ထိုင်ကွာ"

လှမော်က ရဲဝံ့ကို ဖော်ဖော်ရွေရွေကြီးပင် ဖိတ်ခေါ်လိုက်သည်။

"ငါလာလည်လို့ သိပ်အံ့ဩနေသလား လှမော်"

"အေးကွ မင်းက အရင်က ဒီလိုမှ လာဖူးတာမဟုတ်တာဘဲ"

ရဲဝံ့က နှစ်ခြိုက်စွာ ပြုံးလိုက်သည်။ မိမိအကြံနှင့် မိမိမို့ ရဲဝံ့ ပြုံးလိုက်ခြင်းပါ။ ရဲဝံ့သည် အစီပွာယ်မဲ့ ဘယ်အလုပ်ကိုမှ လုပ်လေ့ရှိခဲ့ခြင်း မရှိခဲ့ပါ။ ယခုလည်း လှမော်ထံသို့ လာခဲ့ခြင်းမှာ သူ့တွင် ခိုင်လုံသော အကြောင်းရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"လှမော်... မင်း ဘာတွေလုပ်နေလဲ၊ မင်းရဲ့ လုပ်ငန်းကိုသိချင်တယ်"

လှမော်က ရဲဝှံ့ကို ဘာမှပြန်မဖြေသေးဘဲ မှင်သေသေကြီး ဖြန်ကြည့်နေသည်။

"ဘာလဲ ငါ့ကို စပ်စုတယ်ထင်ပြီး စိတ်တိုသွားပြီလား"

'လူ့အရိပ်အကဲ နားကျအောင် သိနိုင်စွမ်းရှိသော ရဲဝှံ့ကို လှမော် အံ့ဩရပြန်သည်။

"ငါ့ လုပ်ငန်းက မင်းရဲ့ အလုပ်တွေနဲ့စာရင် အသေးအဖွဲ့ပါကွာ"

"ဟာကွာ မင်းကလဲ"

"ဟုတ်ပါတယ် ရဲဝှံ့၊ တို့လုပ်နေတာ အသေးအဖွဲ့ အရောင်းအဝယ်လေးတွေပါကွာ"

ကံမရှိ ဉာဏ်ရှိတိုင်းမွဲ ဆိုသော စကားကို လှမော်မှာ အကြီးကြီးလည်း ရှိပါသည်။ လုပ်ရည်ကိုင်ရည်လည်း ရှိပါသည်။ ဒါပေမဲ့ ကြီးပွားသင့်သလောက် မကြီးပွားရခြင်းရဲ့ အဓိက လှမော်တွင် ငွေရင်း ငွေနှီးဟာ လုံလောက်စွာ မရှိခြင်းပါဘဲ။

"လာကွာ ခြံထဲမှာသွားပြီး အေးအေးဆေးဆေး စကားပြောကြရအောင်"

လှမော်က အိမ်ရှေ့ခြံထဲသို့ ရဲဝှံ့ကို ခေါ်ခဲ့သည်။ ခြံဝန်းထဲရှိ ထိုင်ခုံပေါ်တွင် ထိုင်လိုက်ကြသည်။ ရဲဝှံ့က တစ်နေ့က တွေ့ခဲ့သော မိန်းမလှလေးအကြောင်းကို မေးရန် စဉ်းစားနေသည်။ ထိုစဉ်





လှမော်၏ ခြံထဲသို့ ချစ်မြတ်နိုးဝေ ဝင်လာသည်။ လှမော်က စမြင်၍ လှမ်းခေါ်လိုက်သည်။

"မြတ်နိုးဝေးရေ ငါတို့ ဒီမှာဟေ့"

စက္ကူပြန်းရုံကြီး ကာနေသဖြင့် ချစ်မြတ်နိုးဝေ မမြင်မှာစိုး၍ လှမော်က လှမ်းခေါ်လိုက်သည်။ မြတ်နိုးဝေက စက္ကူပြန်းရုံနောက်သို့ ဝင်ခဲ့သည်။

"ဟင်"

မြတ်နိုးဝေက ရဲဝှံ့ကို မြင်တော့ မျက်လုံးလေး ဝိုင်းသွားသည်။ ရဲဝှံ့က သူမ၏ နုဖပ်ချောမွတ်နေသော မျက်နှာလှလှလေးကို စိုက်ခနဲ ကြည့်လိုက်သည်။

"မေမေ့ဆီ လာတာလား မြတ်နိုးဝေ"

လှမော်က အပြုံးမျက်နှာနှင့် မေးသည်။ ချစ်မြတ်နိုးဝေက သူ၏ မျက်နှာကို မော့ကြည့်ပြီး။

"ဟင့်အင်း... မြတ်နိုးဝေ ကိုလှနဲ့ တွေ့ချင်လို့ လာတာ"

"ဘာလုပ်မလို့လဲ"

"မြတ်နိုးဝေ မနက်ဖြန် ဗိုလ်ချုပ်ဈေး သွားချင်တယ်။ အဲဒါ ဒေါ်ဒေါ်ကြီးက ကိုလှနဲ့ သွားဆိုလို့"

"ဟာ မနက်ဖြန် ငါမအားဘူးဟ"

လှမော်၏အဖြေကြောင့် ချစ်မြတ်နိုးဝေ၏ မျက်နှာလေး စူပုပ်သွားသည်။

"မြတ်နိုးဝေ သွားချင်လို့ပါဆို"



www.burmeseclassic.com

www.burmeseclassic.com



"မအားဘူးကွာ နောက်နေ့မှသွား"

သူတို့နှစ်ဦးကိုကြည့်ပြီး ရဲဝံ့၏ ရင်ထဲမှာ တစ်မျိုးဖြစ်လာသည်။ သူတို့နှစ်ဦး၏ ဆက်ဆံရေးကို သံသယဖြစ်လာသည်။ ရိုးရိုးမှ ဟုတ် ရဲ့လားဟု ပူပန်မိသည်။

"ချင်မြတ်နိုးဝေက ဘယ်မှာနေတာလဲ"

ရဲဝံ့က ချစ်မြတ်နိုးဝေကို ပြုံးစစ မျက်နှာပေးနှင့် မေးလိုက်သည်။

"ဟိုဘက်ခြံမှာပါ"

မြတ်နိုးဝေက ရဲဝံ့၏ မျက်နှာကို တစ်ချက် မော့ကြည့်ပြီး မျက်လွှာပြန်ချလိုက်သည်။

"မနက်ဖြန်ကို မြတ်နိုးဝေက သွားချင်တာ သိလား၊ ဒေါ်ဒေါ်ကြီးက ကိုလှလိုက်ပို့မှ သွားရမယ်တဲ့"

"ဒုက္ခပါပဲကွာ"

"ကိုလှ့ထက် မြတ်နိုးဝေက ဒုက္ခရောက်နေတာ သိလား"

"ဟင်း... ခက်လိုက်တာကွာ"

လှမော်က စိတ်ရှုပ်ရှုပ်နှင့် ခေါင်းကို ကုတ်လိုက်ပြီး ညည်းတွားလိုက်သည်။

"မင်း မသိလို့ ရဲဝံ့ရ ငါနဲ့မြတ်နိုးဝေမှာလဲ မဟာဒုက္ခကြီးကွ"

"ဟ... ဘာတွေ ဒုက္ခရောက်နေတာလဲ"

ရဲဝံ့က သိချင်နေသည်နှင့် အခွင့်အရေးကြုံတုန်း သူတို့နှစ်ယောက်အကြောင်းကို သိရအောင်မေးသည်။





"လူကြီးတွေပေါ့ကွာ သိပ်ခက်တယ်၊ ငါနဲ့မြတ်နိုးဝေကို ကျောင်းပြီးရင် လက်ထပ်ပေးဖို့ စီမံထားကြတယ်ကွ"

ရဲဝံ့၏ မျက်ခုံးတစ်ဖက်က ပင့်တက်သွားသည်။ သူ၏ ရင်ထဲမှာ လှိုက်ခနဲ တုန်သွားသည်။

"ဒါများ ဘာခက်လို့လဲကွာ"

"ခက်တာပေါ့ ငါနဲ့မြတ်နိုးဝေက မောင်နှမတွေလိုပဲ ခင်ကြတာ၊ နောက်ပြီး ငါမှာ လုံးဝအိမ်ထောင်ပြုချင်တဲ့ စိတ် မရှိဘူး"

လှမော်က စိတ်ရှုပ်ရှုပ်နှင့် စိတ်ထဲရှိသမျှကို ပြောလိုက်သည်။

"အေး မင်းတို့လိုပဲ ငါ့မှာလဲဒုက္ခ၊ ခု ရန်ကုန်လာတာ ဘိုးဘိုးခေါ်လို့ ဘိုးဘိုးက အိမ်ထောင်ပြုစေချင်တယ်၊ ငါကလဲ မပြုချင်ဘူး၊ ဘိုးဘိုးက အကျပ်ကိုင်နေပြီ။ မေမေကလဲ သူသဘောတူတဲ့ သူ့သူငယ်ချင်းသမီးနဲ့ ငါ့ကို ပေးစားချင်နေတယ်၊ ငါ့မှာလဲ ကျဉ်းထဲ ကျပ်ထဲ ဖြစ်နေပြီ"

ရဲဝံ့ မျက်နှာကို ဖျတ်ခနဲ တစ်ချက်ကြည့်လိုက်သည့် ချစ်မြတ်နိုးဝေ၏ ရင်ထဲမှာ သူ၏မျက်နှာကို ကြည့်လိုက်တိုင်း ခံစားချက်တစ်မျိုးကို ခံစားမိရပြီပါ။

"အင်း... တစ်ယောက်တစ်မျိုး ဒုက္ခပါပဲလား၊ လူကြီးတွေက ခက်လိုက်တာကွာ"

လှမော်က ညည်းညည်းညူညူ ပြောသည်။ ရဲဝံ့၏ ဦးနှောက်ထဲမှာတော့ ကျားကွက်ထိုးသလို အကြံဉာဏ်တွေ ထုတ်နေသည်။

"လှမော် ငါ မင်းကို မေးမယ်၊ မှန်မှန်ဖြေမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွ"

"မင်းမှာ အရင်းအနှီးလိုတယ်လို့ မင်း ပြောခဲ့တယ်နော်"

"အေးလေ"

"မင်းတစ်ယောက်ယောက်ဆီက မင်းလိုချင်တဲ့ အရင်းအနှီးကို အခုရရင် ဝမ်းသာမလား၊ လက်ကော ခံမလား"

"ဟာ… ကူညီမယ့်သူရှိရင် ယူမှာပေါ့"

"တကယ်နော်"

သူ့ကိုကြည့်နေသော ရဲဝံ့၏ အကြည့်စူးစူးကို လှမော်က နားမလည်နိုင်ပါ။

"တကယ်ပေါ့ကွာ"

"အဲဒီ အရင်းအနှီးကို ငါ ထုတ်ပေးမယ်ဆိုရင်ကော"

"ဘာ… "

လှမော်က အံ့သြသော မျက်နှာကြီးနှင့် ရဲဝံ့ကို ကြည့်လိုက်သည်။

"အေး… မင်းကို ငါ အရင်းအနှီး မင်းလိုချင်သလောက် ထုတ်ပေးမယ့်အပြင် နယ်တစ်နေရာမှာ မင်းလုပ်ရမယ့် လုပ်ငန်းအကွက် တစ်ကွက်ကိုပါ ငါ ရှာပေးမယ်ကွာ"

"ဟာ… မင်းစိတ် မှန်တယ်နော် ရဲဝံ့"

မယုံရဲရဲစိတ်နှင့် လှမော်က မေးသည်။

"သိပ် စိတ်မှန်တာပေါ့ကွ၊ ကဲ…မင်း ဘယ်လို သဘောရလဲ"

"ရဲဝံ့ရာ မင်းသာ ကူညီမယ်ဆိုရင် ငါ့လောက် ပျော်တဲ့သူ





ရှိမလားကွ"

"ဒါဆိုရင် မင်းဘက်ကလဲ ငါ့ကို ပြန်ကူညီရမယ် ဘယ်လို လဲ… "

"စိန်လိုက်လေ"

သူတို့နှစ်ဦးကို ကြောင်စီစီ မျက်နှာလေးနှင့် ချစ်မြတ်နိုးဝေက ကြည့်နေသည်။ နောက်ပြီး လာရင်းကိစ္စအတွက် အဖြေသိရပြီမို့ စိတ်တိုတိုနှင့် ပြန်ဖို့ စိတ်ကူးလိုက်သည်။

"မြတ်နိုးဝေ ပြန်မယ် ကိုလှ"

"နေပါဦး ချစ်မြတ်နိုးဝေ ကျွန်တော်တို့ တိုင်ပင်စရာလေးတွေ ရှိပါသေးတယ်"

"ဟင်… မြတ်နိုးဝေမှာ ဘာမှမရှိဘူး"

ချစ်မြတ်နိုးဝေက မျက်လုံးဝိုင်းလေးနှင့် ငြင်းလိုက်သည်။ ရဲဝံ့က သူမကို လက်ကာပြီး တားထားလိုက်သည်။

"ကျွန်တော် ရှင်းပြပါ့မယ်၊ ကဲ… ဒီလိုလုပ်ပါလား၊ လွတ်လွတ် လပ်လပ် စကားပြောလို့ရအောင် ကျွန်တော်တို့သုံးယောက် တစ်နေရာ ကို သွားကြစို့လား"

"ဘာတွေလဲ ရဲဝံ့ရာ၊ မင်းကို ငါ လိုက်လို့ မမီတော့ဘူး"

"နောက်တော့ ရေလည်မှာပါ၊ ကဲ… ချစ်မြတ်နိုးဝေရော လိုက်မယ် မဟုတ်လား"

"ဟင့်အင်း"

"လှမော်ရာ မင်းချာတိတ်ကို ကြည့်ပြောပါဦး။ လိုက်ခဲ့ကြပါ



www.burmeseclassic.com

www.burmeseclassic.com



တွား ဒါမှ မင်းကိစ္စကိုလဲ ပြေလည်အောင် ပြောနိုင်တာပေါ့"

"ကဲ... မြတ်နိုးဝေရေ လိုက်ခဲ့ပါကွာ"

"ဘယ်သွားမှာလဲ"

"ချစ်မြတ်နိုးဝေ အဝတ်အစား သွားလဲရင် သွားလဲလေ၊ ကန်တော်ကြီးဟိုတယ် သွားမှာ"

"ကဲ... မြတ်နိုးဝေ သွား အဝတ်မြန်မြန်လဲခဲ့၊ ဒေါ်ဒေါ်ကြီး တို့ကို ကိုလူနဲ့ အပြင်သွားမှာလို့ပဲ ပြောခဲ့နော်"

"ဟုတ်"

ချစ်မြတ်နိုးဝေက လှစ်ခနဲ သူတို့အပါးမှ ပြေးထွက်ခဲ့သည်။ လူမော်၏ စကားကို အမြဲနားထောင်သော ချစ်မြတ်နိုးဝေ ယခု လူမော်က လိုက်ခဲ့ဆိုလျှင် လိုက်ရန် အသင့်ပါပဲ။

ချစ်မြတ်နိုးဝေက သွက်သွက်လေး ပြင်ဆင်ပြီး ပြန်လာခဲ့သည်။ ရဲဝံ့၏ ပါကျဲရိုးကားဖြူဖြူဖြင့် ကန်တော်ကြီးဟိုတယ်သို့ ထွက်ခဲ့သည်။

* * *





၈

လူရှင်းသည့် နေရာတွင် နေရာယူလိုက်သည်။ ကန်ရေပြင်မှ ဖြတ်ခတ်လာသော လေနုအေးလေးက ချစ်မြတ်နိုးဝေ၏ ဆံစလေး များကို ကလူကျီစယ်၍ သွားလေသည်။ စားသောက်ဖွယ်ရာများ စားပွဲပေါ်သို့ အစီအရီ ရောက်လာနေပြီ။

"ကဲ... စားကြပါကွာ၊ စားရင်းနဲ့ အေးအေးဆေးဆေး စကား ပြောကြတာပေါ့"

ရဲဝံ့က ပြောရင်း ဘူက စ၍ စားသည်။ ချစ်မြတ်နိုးဝေ စိတ် ထဲမှာ သူ ဘာတွေ ပြောမလဲဟု စိတ်ဝင်စားနေသည်။

"လူမော် မင်း ငါ့အမေကို မြင်ဖူးတယ်နော်"

"တစ်ခါ နှစ်ခါလောက် မြင်ဖူးတယ်လေ"

"ငါ့အမေက အသက်နဲ့ မလိုက်အောင် အရွယ်တင်တယ်။ ပြီးတော့ သိပ်ခေတ်ဆန်တယ် ဆိုတာ မင်းသိတယ်နော်"

"သိပါတယ်"

ရဲဝံ့ကို နားမလည်စွာနှင့် လူမော်ရော ချစ်မြတ်နိုးဝေပါ ကြည့် သည်။

"ဒါတင်မကသေးဘူး လူမော်၊ ငါ့အမေက သိပ်အသုံးအဖြုန်း ကြီးတယ်၊ ခုထိ အသုံးမလျှော့သေးဘူး၊ ဖေဖေ သူ့ကို ထားခဲ့တာတွေ ပြီလေ၊ ခု ငါက သူ့ကို အသုံးစရိတ် ထုတ်ပေးနေရတယ်"

စိတ်မသက်သာစွာနှင့် ရဲဝံ့က သက်ပြင်းနက်နက် ရှိုက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ချောမွေ့တည်ကြည်သော သူ၏ မျက်နှာကို ချစ်မြတ်နိုးဝေ
က အငေးသား ကြည့်နေမိ၏။

"အခု မေမေက ထွင်ပြန်ပြီကော၊ သူ့ရဲ့ သူငယ်ချင်းသမီးနဲ့
ငါ့ကို ပေးစားမလို့တဲ့၊ အဲဒီ လွင့်လွင့်က မေမေ့လို ပုံစံမျိုးကွ"

ရဲဝံ့က စားလက်စ ဇွန်းကို လက်မှ ပြန်ချလိုက်ပြန်သည်။

"ကိုယ့်အမေကို အပြစ်ပြောတော့တော့ မဟုတ်ဘူးကွာ၊
မေမေ့ပုံစံကို ငါမကြိုက်ဘူး၊ သုံးဖို့ ဖြုန်းဖို့လောက်ပဲ သူသိတာ။
သားသမီးအရေး၊ ရှေ့ရေးအတွက် ဘာမှမပူဘူး၊ ဒါကြောင့် သူနဲ့
အသွင်တူတဲ့ လွင့်လွင့်ကို ငါလုံးဝ မယူနိုင်ဘူး"

"မင်း အရွယ်ရောက်နေတဲ့ လူတစ်ယောက်ပဲကွာ၊ မင်းမလို
ချင် မယူနဲ့ပေါ့"

လူမော်က သူ၏ အဖြစ်ကို မေ့ပြီး ရဲဝံ့ကို အားပေးအားမြှောက်
ပြောလိုက်သည်။ မိမိသည်လည်း လူလားမြောက်ပေမဲ့ မိမိကျတော့
ယခု မိခင်ကို မလွှန်ဆန်ဝံ့တာကို မေ့သွားသည်။

"ဟာ... မေမေတစ်ယောက်တည်းဆို ငါ ဘယ်မှုမလဲ၊
ခုဟာက ဘိုးဘိုးကပါ တစ်မျှော်င့်လေ၊ ခု ဘိုးဘိုးခေါ်လို့ ငါ
ရန်ကုန် ပြန်လာတာ"

"မင်း အဘိုးက ဘာလို့ ခေါ်တာလဲ"

"ပြောမယ်လေ၊ ဘိုးဘိုးက ငါ့ကို ရန်ကုန်ခေါ်ပြီး မိန်းမပေးစား
ဖို့ လုပ်တာကွ။ ငါ့ဘာသာ ငါ ရှာချင်ယူတဲ့ ရှာလို့ မတွေ့ဘူးဆိုရင်
သူ ပေးစားမယ်တဲ့"





ရဲဝံ့က မအီမလည် မျက်နှာကြီးနှင့် လူမော်ကို လှမ်းကြည့်
လိုက်သည်။

"ဘိုးဘိုးက ဒီလိုစကားလဲစရော၊ သခွပ်ပင်က မီးတကျီ
ကျီလို မေမေက စခန်းထတာပေါ့၊ သူသဘောတူတဲ့ လွင့်လွင့်နဲ့
ယူရမယ်ဆိုပြီး ဂျီတိုက်နေတော့တာပဲ"

"အေး အဲဒီကိစ္စ မင်းစောစောက ပြောလို့ နည်းနည်း သိပြီး
သားလေ"

"ပြောမယ် လူမော် မင်းစိတ်လောမကြီးနဲ့၊ ငါ အခုလို အစ
ချီပြီး ပြောနေတာ ငါ့မှာ သိပ်ခိုင်လုံတဲ့ အကြံရှိလို့"

"ကဲ... ဆိုစမ်းပါဦး"

"မင်းနဲ့ ချစ်မြတ်နိုးဝေကလည်း လူကြီးတွေ သဘောတူထားလို့
စိတ်ညစ်နေတယ် မဟုတ်လား"

"အေးလေ၊ မင်းကို ပြောပြီးသားပဲ၊ ငါတို့နှစ်ယောက်က
မောင်နှမရင်းတွေလို ချစ်တာကွ"

"အင်း... ငါတို့သုံးဦးလုံး ပြေလည်မယ့် နည်းလမ်းကို
ငါတွေ့ထားတယ်၊ မင်းတို့ လိုက်နာနိုင်မလားတော့ မသိဘူး"

ရဲဝံ့က စူးစမ်းသော အကြည့်နှင့် သူတို့နှစ်ဦးကို ကြည့်နေသည်။
သူ တို့ကလည်း ရဲဝံ့ကို စိတ်ဝင်တစား စိုက်ကြည့်နေကြသည်။

"ဘာတွေလဲ ရဲဝံ့ မင်းကို ငါ လိုက်လို့ မမီဘူး"

ရဲဝံ့က နှုတ်ခမ်းစေ့၍ ပြုံးလိုက်သည်။ အပြုံးလှဲ့လှဲ့ မျက်ဝန်းများ
နှင့် ချစ်မြတ်နိုးဝေကို တစ်ချက် စိုက်ခနဲ ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်မြတ်နိုးဝေနဲ့ မင်း လက်မထပ်ချင်တာ တကယ်ပဲလား လူမော်"

လူမော်၏ မျက်နှာက ရှုံးမဲ့သွားလေးသည်။

"မင်းကလဲ ဒီစကား ငါ အထပ်ထပ် ပြောပြီးသား"

"ဩော် မင်း စိတ်ပြောင်းသွားမှာ စိုးလို့ မေးတာ"

"ဘယ်တော့မှ မပြောင်းဘူး"

"ချစ်မြတ်နိုးဝေကတော့ရော လူမော်ကို ယူမယ် စိတ်ကူးထားသလား"

ချစ်မြတ်နိုးဝေထံသို့ သူ၏ အကြည့်ကို ပို့လိုက်သည်။ မျက်လုံး ဝိုင်းဝိုင်းလေးနှင့် သူ့ကို ပြုံးကြောင်ကြောင်လေး ကြည့်နေတာ တွေ့ရသည်။

"ဟင့်အင်း... မြတ်နိုးဝေက ကိုလူ့ကို အစ်ကိုကြီးတစ်ယောက်လိုပဲ ချစ်နေတာဟာ"

"ကောင်းပြီ၊ ဒါဆို မင်းတို့နှစ်ယောက် ခွဲရမှာကို စိုးရိမ်စရာ မလိုဘူးပေါ့"

"ဘယ်လို ခွဲရမှာလဲ ရဲဝ့ံရ"

"ပြောမယ်လေကွာ၊ ငါရော မင်းရော ချစ်မြတ်နိုးဝေပါ သုံးဦးလုံး ပြေလည်မယ့် ကိစ္စကို ငါ ပြောမယ်"

"ပြောကွာ"

"ငါနဲ့ ချစ်မြတ်နိုးဝေ စေ့စပ်လိုက်မယ်ကွာ"

"ဘာ"





"ဟင်"

ရဲဝ့ံကို အံ့အားသင့်စွာ လူမော်နှင့် ချစ်မြတ်နိုးဝေက ကြည့်နေသည်။ ချစ်မြတ်နိုးဝေ၏ ပါးစပ်လေးက ဝိုင်းဝိုင်းလေး ဟနေသည်။

"ရဲဝ့ံ မင်းရူးနေလား၊ မဖြစ်နိုင်တဲ့ ကိစ္စကြီး"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ၊ ဒီမှာ မင်းတို့နှစ်ယောက်လုံး သေသေချာချာ နားထောင်သိလား"

"အင်း... ဆိုစမ်းပါဦး"

"ငါနဲ့ ချစ်မြတ်နိုးဝေ စေ့စပ်လိုက်ရင် မင်းနဲ့ချစ်မြတ်နိုးဝေ ယူစရာမလိုတော့ဘူးပေါ့"

ချစ်မြတ်နိုးဝေ၏ မျက်နှာလေးက အံ့သြနေသော သွင်ပြင်မှ ဒေါသဖြစ်သော သွင်ပြင်သို့ ရုတ်ခြည်းပြောင်းသွားသည်။

"ဘာရှင့် ကျွန်မက ရှင့်ကို လက်ထပ်ရမယ်လို့ ဆိုလိုက်တာလား"

ဒေါသရောင်တွေဖြင့် တောက်ပြောင်နေသော မျက်ဝန်းတွေနှင့် မိန်းမလှလေးကို ရဲဝ့ံက အစွမ်းကုန် ပြုံးပြလိုက်သည်။

"နေဦး ချစ်မြတ်နိုးဝေ ဒေါသတွေ ခဏလောက် သိမ်းထားပါဦး ကိုယ် ဆက်ပြောမယ်"

"မြတ်နိုးဝေရယ် သူ ဘာပြောမလဲ နားထောင်ကြည့်ပါဦး"

လူမော်က လေပြည်လေးနှင့် ချစ်မြတ်နိုးဝေကို ချော့လိုက်သည်။

"ချစ်မြတ်နိုးဝေနဲ့ ငါနဲ့ စေ့စပ်ပြီးရင် ငါ့ဘက်က ကိစ္စရှင်း



www.burmeseclassic.com

www.burmeseclassic.com



သွားမယ်၊ ပြီးတော့ မင်းတို့နှစ်ယောက်လဲ ကိစ္စရှင်းမှာပဲ"

"ဟာ... ဘယ်လိုရှင်းမှာလဲ၊ မြတ်နိုးဝေတို့ လူကြီးတွေက ငါနဲ့ သဘောတူထားရာက မင်းနဲ့ ပြောင်းပြီး တူပါ့မလားကွ၊ မဖြစ်နိုင်တာ"

"အေး... အဲ့ဒီအချက်လဲ စဉ်းစားပြီးသား၊ မင်းကို ငါ့ရဲ့ လုပ်ငန်းတွေရှိတဲ့ လားရှိုးကို ပို့ပေးမယ်၊ ဟိုမှာ မင်းကိုယ်ပိုင်လုပ်ငန်း လုပ်နိုင်အောင် ငွေရင်း ငွေနှီးပေးမယ်၊ မင်း လားရှိုးကိုသွားပေါ့၊ မင်းတို့လူကြီးတွေ အမြင်မှာ မင်းဟာ ချစ်မြတ်နိုးဝေကို မလိုချင်လို့ မင်းစိတ်ကြိုက်ယူပြီး ထွက်သွားတဲ့ သဘောပေါ့၊ ဒါဆို မင်းတို့ နှစ်ယောက်ကိစ္စလဲ ရှင်းပြီပေါ့"

"ရှင်းတာ ဟုတ်ပါပြီ၊ မြတ်နိုးဝေတို့ လူကြီးတွေက မင်းကို လက်ခံမလား"

"အေး... သူတို့ထက် ငါ့အဘိုးက အရေးကြီးတယ်၊ ဘိုးဘိုး ဆီကို ချစ်မြတ်နိုးဝေကို ခေါ်သွားဖို့က ငါ့တာဝန်ထား၊ ပြီးတော့ ချစ်မြတ်နိုးဝေရဲ့ အဒေါ်တွေ ငါ့ကို လက်ခံလာအောင် လုပ်ရမှာလဲ ငါ့ တာဝန်ထား"

"သြော်... ရှင့် အစီအစဉ်နဲ့ ရှင်က ဟုတ်နိုင်ပေမဲ့ ကျွန်မက မဟုတ်နိုင်သေးဘူးရှင့်"

ချစ်မြတ်နိုးဝေက အသံလေး စာစာနှင့် ရဲဝံ့ကို ခပ်စွာစွာလေး ပြောလိုက်သည်။

"ချစ်မြတ်နိုးဝေအတွက် ဘာမဟုတ်တာလဲ"





"ရှင်နဲ့ စေ့စပ်ပြီးနောက် ကျွန်မက ရှင့်ကို ယူရမယ်ဆိုတဲ့ အဖြစ် သဘော ကျွန်မအတွက် အဆင်ပြေတဲ့ ကိစ္စကြီးလား"

ချစ်မြတ်နိုးဝေ၏ ဒေါသမျက်နှာလေးကို ကြည့်ပြီး ရဲဝံ့က အားပါးတရ ရယ်လိုက်သည်။

"ဘာရယ်တာလဲ ရှင် ရူးနေလား"

"မရူးပါဘူးကွာ၊ မင်းကိုကြည့်ပြီး ရယ်ချင်လို့"

ရဲဝံ့က ရယ်သံကြီးနှင့် မပီမသ ပြောသည်။

"မင်းနဲ့ ငါ စေ့စပ်မှာ ဟန်ဆောင်စေ့စပ်မှာပါကွာ"

"အဲဒီဟန်ဆောင်ကြီးနဲ့ ကျွန်မက ဘယ်လောက် ကြာကြာ နေရမှာလဲ"

"တစ်နှစ်လောက်ပါပဲကွာ၊ မကြာပါဘူး၊ အဲဒီနောက်ပိုင်းမှာ တော့ စိတ်သဘောချင်း မတိုက်ဆိုင်လို့ဆိုပြီး ကွဲလိုက်ကြတာပေါ့"

"ဟွန့်... အပြောက လွယ်လိုက်တာ"

ချစ်မြတ်နိုးဝေက မျက်နှာလေးမဲ့ပြီး ပြောလိုက်သည်။

"လူမော် စဉ်းစားစမ်းကွာ၊ ဒီကိစ္စဖြစ်နိုင်လားလို့"

လူမော်က သူ၏မေးကို လက်ဖြင့် ပွတ်ရင်း လေးလေးနက်နက် တွေးနေသည်။

"မြတ်နိုးဝေ သဘောတူရင် ဖြစ်နိုင်မယ့် ကိစ္စလို့ ထင်တယ်"

"ဟာ... ကိုလူကလဲ စိတ်ကူးမယဉ်စမ်းပါနဲ့"

ချစ်မြတ်နိုးဝေက မျက်မှောင်လေး ကြုတ်ပြီး လူမော်ကို အသံဆတ်ဆတ်နှင့် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်မြတ်နိုးဝေရယ်၊ ဒါ မဖြစ်နိုင်တဲ့ ကိစ္စ မဟုတ်ပါဘူး"

ရဲဝံ့က ချစ်မြတ်နိုးဝေ၏ မျက်နှာလေးကို စေ့စေ့ကြည့်ပြီး ပြောလိုက်သည်။ ချစ်မြတ်နိုးဝေ၏ မျက်နှာကတော့ မှုန်တေနေသည်။ ရဲဝံ့ကို မကျေနပ်သော အကြည့်များနှင့် ကြည့်နေသည်။

"ချစ်မြတ်နိုးဝေရယ်၊ ခု လုပ်တဲ့ကိစ္စက စီးပွားရေးဆန်ဆန် လုပ်တဲ့ လုပ်ငန်းပါ"

"ဘာပြောတယ်ရှင့်"

ချစ်မြတ်နိုးဝေက နားမလည်စွာနှင့် အသံဆတ်ဆတ်လေးဖြင့် မေးလိုက်သည်။

"နားမလည်ဘူး ထင်ပါရဲ့၊ ခုလို ကျွန်တော်စီစဉ်ထားတဲ့ ကိစ္စကို လက်ခံမယ်ဆိုရင် လူမော့်အတွက် တကယ့်ကို စီးပွားရေး လမ်းမကြီးက ပွင့်သွားမှာပါ"

"အို... ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ တို့ကလဲ သူတို့ကို အကျိုးပြုနိုင်မှာ သူ့ကိုကူညီ နိုင်မှာပေါ့"

တွေဝေသော မျက်နှာလေးနှင့် ချစ်မြတ်နိုးဝေ လူမော်ထံသို့ အကြည့်က ဈေ့ခနဲ ရောက်သွားသည်။ လူမော်ကလည်း သူမကို ရှုးစိုက်ကြည့်နေသည်။

"ချစ်မြတ်နိုးဝေ မင်းတကယ် လူမော့်ကို ချစ်ရင် လူမော် ကောင်းစားဖို့ မင်း မကူညီချင်ဘူးလား"

ချစ်မြတ်နိုးဝေ၏ စိတ်ထဲမှာ အတွေးတွေဖြင့် ရှုပ်ထွေးနောက်





ကျိုနေသည်။ တကယ်စဉ်းစားမိတော့ မိမိအစ်ကိုရင်းတမျှ ချစ်ရပါသော လူမော် ကောင်းစားတာကို မြင်ချင်ပါသည်။ အောင်မြင်တာကို ကြည့် ချင်ပါသည်။

ဤသို့ အောင်မြင်ကောင်းစားရေးက မိမိအပေါ်မှာ မူတည် နေသည်ဟု ရဲဝံ့က ပြောနေချေပြီ။ သည်လူနှင့် မပတ်သက်ချင်၍ လူမော်၏ ကောင်းစားရေး အခွင့်အရေးကို ပုတ်ချခါချပစ်ရက်မလား လျစ်လျူရှုရက်မလား။

ချစ်မြတ်နိုးဝေ ဝေခွဲမရအောင် ခေါင်းထဲမှာ နောက်ကျိုနေပါ သည်။ ဒွိဟတွေးတွေက သူမကို လွှန်ဆွဲနေပါသည်။ အတန်ကြာ အောင် တွေးပြီးမှ ချစ်မြတ်နိုးဝေက လူမော့်ကို မော့ကြည့်လိုက်သည်။

သူမ၏ အဖြေကို စိတ်ဆန္ဒစောစွာ စောင့်ကြိုနေသော လူမော်ကို တွေ့ရသည်။

"ကိုလူ"

ဖြည်းလေးတိုးညင်းသာ လေသံနှင့် ချစ်မြတ်နိုးဝေက ခေါ်လိုက် သည်။ သူမ၏ အမူအရာကို မမှိတ်မသုန် ရဲဝံ့က ကြည့်နေသည်ကို သတိမထားနိုင်ပါ။

"ဘာလဲ မြတ်နိုးဝေ"

"ညီမလေး စိတ်ချမ်းသာသလိုသာ ဆုံးဖြတ်ပါကွာ"

လူမော်က အလွန်အားပျော့သော လေသံနှင့် ပြောသည်။ သူ၏ မျက်နှာ လွန်စွာ မှိုင်းနေတာ တွေ့ရတော့ ချစ်မြတ်နိုးဝေ၏ ရင်ထဲ နင့်အောင် ခံစားလိုက်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်မြတ်နိုးဝေရယ် မင်းကြောင့် လူမော်ရဲ့ ဘဝဆင့်တွေ မြင့်ပါစေလားကွယ်"

ချစ်မြတ်နိုးဝေ ထပ်မံတွေ တောမပြန်သည်။ ချစ်ရလွန်းတဲ့ လူမော်အတွက် သူမ ကူညီချင်ပါသည်။ သန့်စင်သော ငါးရာနှစ် ဆယ်ရှစ်သွယ်သော မေတ္တာစေတနာဖြင့် လူမော်ကြီးပွားချမ်းသာတာကို မြင်ချင်ပါသည်။

တကယ် လူမော် ကောင်းစားမယ်ဆိုလျှင် သူမ ဘာပဲလုပ်ရ လုပ်ရ လုပ်ပေးနိုင်ရမည်ပေါ့၊ ဒါမှလည်း သူ့ကို ချစ်ရာရောက်ပေ မည်ပေါ့။ လူမော်အတွက် စွန့်စားရဲရပါမည်။

နောက်ပြီး ရဲဝံ့နှင့်က အမည်ခံ စေ့စပ်ရုံပဲ။ ပြီးတော့ တစ်နှစ် နေပြီးရင် အတိအလည်းကွဲပြီး ပိုလ်နေမြဲ ကျားနေမြဲ နေရုံပေါ့။

အင်း ချစ်မြတ်နိုးဝေ ဘဝမှာတော့ စေ့စပ်ပြီး ပျက်ရလို့ အမည်းစက်လေးတစ်ခု ထင်ပေမည်ပေါ့။

ဒါပေမဲ့ သည်အမည်းစက်က လူမော်ကောင်းစားရေးအတွက် သူမနှင့် လူမော် မပေါင်းဖက်ရရေးအတွက်။ ထင်သည့် အမည်းစက်မို့ ချစ်မြတ်နိုးဝေ ကျေကျေနပ်နပ် အထင်ခံထိုက်ပါသည်။

"အားလုံးက ကိုယ်လိုချင်သလိုချည်းပဲ ဘယ်ဖြစ်မလဲ၊ အကောင်းနဲ့ အဆိုးဆိုတာ ဒွန်တွဲနေတာပဲလေ"

ချစ်မြတ်နိုးဝေက ဖြေသိမ့်တွေးလေးဖြင့် သူမကိုယ် သူမ အားပေးနှစ်သိမ့်လိုက်သည်။

"မြတ်နိုးဝေ သူပြောတာကို လက်ခံလိုက်မယ်နော် ကိုလူ"





ဆုံးဖြတ်ချက်နှင့်အတူ မျက်နှာလေးမော့ပြီး ရဲရဲဝံ့ဝံ့ပင် ချစ်မြတ်နိုးဝေက ပြောလိုက်သည်။ ရုတ်တရက် လူမော်၏ မျက်နှာ က ဝင်းသွားသည်။ ပြီးတော့ တဖြည်းဖြည်း ညှိုးကျသွားသည်။

"မြတ်နိုးဝေရယ် မင်း ငါ့အတွက် သိပ်နစ်နာနေမယ်ကွာ"

ချစ်မြတ်နိုးဝေက တဖျတ်ဖျတ်တောက်ပြောင်နေသော မျက်ဝန်း နှင့် လူမော်ကို ကြည့်လိုက်သည်။

"မြတ်နိုးဝေတို့ နှစ်ဦးတို့အတွက် အကောင်းဆုံး ဖြစ်မယ့် သမ်းကို ရွေးလိုက်တာပါ ကိုလူ"

"ဒီမှာ လူမော်၊ ချစ်မြတ်နိုးဝေ ခုလို ငါ့အစီအစဉ်ကို လက်ခံ လိုက်လို့ သူ မနစ်နာစေရပါဘူး၊ ငါ့ရဲ့ ပြဿနာကြီးလဲ ပြေလည်ရမှာမို့ ချစ်မြတ်နိုးဝေကိုလဲ ထိုက်သင့်သလောက် ချီးမြှင့်ရမှာပေါ့"

"ဘာပြောတယ်"

အသံစူးစူးလေးက ချစ်မြတ်နိုးဝေထံမှ ဆောင့်ခနဲ ထွက်လာ သည်။ မီးဝင်းဝင်းတောက်မတတ် ဒေါသမျက်ဝန်းတွေနှင့် ရဲဝံ့ကို ကြည့်လိုက်ပါသည်။

"ရှင် ဘာကို ဆိုလိုတာလဲ ကိုရဲဝံ့"

ရဲဝံ့၏ မျက်နှာကို တည့်တည့်ကြည့်ပြီး လေသံမာမာနှင့် မေးပစ်လိုက်သည်။ ရဲဝံ့က ကြောင်စီစီမျက်နှာနှင့် သူမကို ကြည့် နေပြီးမှ . . .

"ကျွန်တော်က ချစ်မြတ်နိုးဝေအတွက် နစ်နာကြေးလို့ပါ ထည့်ပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"စော်ကားလှချည်လား ကိုရဲဝံ့"

စားပွဲကို လက်သီးလေးနှင့် ဝုန်းခနဲ ထုရင်း ချစ်မြတ်နိုးဝေက ဒေါက်ခနဲ ရပ်မိလျက်သား ဖြစ်သွားသည်။

ရဲဝံ့ အကြီးအကျယ် မျက်နှာ ပျက်သွားရပါသည်။ လူမော်လည်း ပထမကြောင်နေရာမှ ဆိုးလာသော အခြေအနေကို ဝင်ထိန်းလိုက်ရသည်။

"ထိုင်ပါဦး မြတ်နိုးဝေရယ်၊ ဘေးလူတွေ ကြည့်ကုန်ပြီ"

ချော့မော့၍ လက်လေးကို ဆွဲကိုင် ထိုင်ခိုင်းမှ ချစ်မြတ်နိုးဝေက ထိုင်လိုက်သည်။

"ဒီမှာ ကိုရဲဝံ့ ရှင်က ကျွန်မကို ဘယ်လိုလူစားမျိုးထင်လို့လဲ၊ ချစ်မြတ်နိုးဝေတို့က မချမ်းသာပေမဲ့ ငွေမက်တဲ့ အစားမျိုး ထင်နေလား"

ချစ်မြတ်နိုးဝေ၏ စကားကြောင့် လူမော်ရော ရဲဝံ့ပါ မျက်နှာတွေ ပျက်ကုန်ကြသည်။ ဒေါသကြောင့် နီမြန်းနေသော သူမ၏ မျက်နှာကိုသာ အကြောင်သား ငေးကြည့်နေမိသည်။

"အခု ကျွန်မက ရှင့်ရဲ့ အစီအစဉ်ကို လက်ခံတာ စေတနာ အရင်းခံနဲ့ဆိုတာ မှတ်ထားလိုက်စမ်းပါ၊ ကျွန်မရဲ့ ကိုလူ ကြီးပွားချမ်းသာရေးအတွက် ကျွန်မ အနစ်နာခံလိုက်တယ်ဆိုတာ ရှင် သိထားလိုက်စမ်းပါ"

ချစ်မြတ်နိုးဝေ၏ ဒေါသမျက်နှာလေးကို ကြည့်ပြီး ရဲဝံ့ စိတ်မကောင်းဖြစ်ရပါပြီ။





"ချစ်မြတ်နိုးဝေရယ် မင်းတို့ကို စော်ကားတာ မဟုတ်ပါဘူးကွာ၊ မင်းကို တို့ဆန္ဒတွေကို လိုက်လျောစေချင်လွန်းပြီး ဆန္ဒတွေ သွားတာပါကွာ၊ တို့စကားမှာ အမှားပါရင် ခွင့်လွှတ်နော်"

သွားဖြူတန်းလေးတွေ ပေါ်အောင်ပင် ရဲဝံ့က နှစ်လိုဖွယ်ရာ အပြုံးနှင့် ချစ်မြတ်နိုးဝေကို ပြောလိုက်သည်။

"လူမော်အပေါ်မှာ ထားတဲ့ ချစ်မြတ်နိုးဝေရဲ့ မေတ္တာစေတနာ ကို တို့ လေးစားပါတယ်"

သည်တော့မှ တင်းမာသော မျက်နှာလှလှလေး တစ်ပတ်လျော့သွားလေသည်။ အသက်အရွယ် နုနယ်သော်လည်း မာန်ရှိသော မိန်းမလှလေးကို ရဲဝံ့ လေးစားမိသည်မှာ အမှန်ပါ။

စကားဝိုင်းက ပြန်လည် တိတ်ဆိတ်သွားသည်။ ရဲဝံ့က ချစ်မြတ်နိုးဝေ ကျေနပ်မည့် စကားလုံးတွေကို စိတ်ထဲသို့ ရွေးချယ် သီကုံးနေသည်။

"ခု ချစ်မြတ်နိုးဝေ တို့ရဲ့ အစီအစဉ်ကို လက်ခံလိုက်ပြီပေါ့နော်"

"ခုလို လက်ခံမယ်ဟာကို လာဘ်ပေးလာဘ်ယူ ဘာမှ မလုပ်ဘူးဆိုရင် အဲဒီအစီအစဉ်ကို လက်ခံတယ်"

ရဲဝံ့၏ မျက်နှာမှာ ရုတ်တရက် အပြုံးတွေ အလုအယက်ဝင်လာသည်။ ဝမ်းသာလွန်းသော မျက်နှာကြီးနှင့် ကြည့်နေသည်။ လူမော်လည်း ထို့အတူပါပဲ။

"ဟာ... ဝမ်းသာလိုက်တာကွာ၊ ချစ်မြတ်နိုးဝေ မကြိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



တို့ ဘာမှ မလုပ်ဘူးလို့ ကတိပေးပါတယ်၊ နောက်ပြီး တို့ရဲ့ အခက်အခဲနဲ့ လှမော်ရဲ့ အခက်အခဲကို ဖြေရှင်းပေးလို့ ကျေးဇူးအနန္တပါပဲလို့ ပြောပါရစေ"

"ဒါဆို ပြန်ကြပါစို့၊ သိပ်ကြာရင် ဒေါ်ဒေါ်ကြီးက ဆူလိမ့်မယ်"

ချစ်မြတ်နိုးဝေက သူမ၏ ငွေရောင်နာရီလေးကို ငုံ့ကြည့်ပြီး ခပ်လောလော ပြောလိုက်သည်။

"ဟုတ်ပါရဲ့ အချိန်တော်တော်တောင် ကုန်သွားပြီ"

ရဲဝံ့ကပါ စားပွဲမှ ထရပ်လိုက်သည်။ ကန်တော်ကြီးဟိုတယ်မှ ထွက်ခဲ့သည်။ ကားပေါ်ရောက်တော့ ရဲဝံ့က နောက်လုပ်ရမည့် အစီအစဉ်များကို ပြောလေသည်။

"လှမော် မနက်ဖြန်ညနေ မင်းအိမ် ငါ လာခဲ့မယ်၊ ချစ်မြတ်နိုးဝေလဲ စောင့်နေပါနော်"

"ငါ ဘာလုပ်ရမလဲ ရဲဝံ့"

"မနက်ဖြန် ငါ လာတော့ အားလုံး စီစဉ်ခဲ့မယ်၊ လှမော် ဘာမှ မပူနဲ့ သိလား"

ရဲဝံ့က သူ၏ ပါကျဲရိုးကား အဖြူကြီးကို လှမော်တို့က ခြံဝတွင် ရပ်ပေးလိုက်သည်။ လှမော်နှင့် ချစ်မြတ်နိုးဝေက ကားပေါ်မှ ဆင်းပြီး သူ့ကို နှုတ်ဆက်သည်။

"ချစ်မြတ်နိုးဝေကို တို့ သိပ် ကျေးဇူးတင်တယ်"

ရဲဝံ့က ချစ်မြတ်နိုးဝေ၏ မျက်နှာလေးကို တစ်ချက် စူးစူး





စိုက်စိုက်ကြည့်ပြီး လှိုက်လှိုက်လှဲလှဲပြောပြီး ကားကို မောင်းထွက်ခဲ့သည်။

ရင်ထဲမှာ အမည်မဖော်နိုင်သော ခံစားမှုကြီးတစ်ခုကို ခံစားရင်း ချစ်မြတ်နိုးဝေက ငေးငေးလေး ကျန်ရစ်ခဲ့လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၉

အိမ်ပြန်ရောက်တော့လည်း ချစ်မြတ်နိုးဝေ အနားမယူနိုင်သေးပါ။ မေးမြန်းစစ်ဆေးနေသော ဒေါ်ဒေါ်ကြီးအမေးများကို ဖြေနေရပါသည်။

"မြတ်နိုးဝေ ညည်းတို့သွားတာ ကြာလှချည်လား"

ဒေါ်တင်လှက ချစ်မြတ်နိုးဝေ ယခုလို လူမော်နှင့် သွားလာတာ နှစ်သက်ပေမဲ့ ညအချိန်ကြာကြာ ထွက်တာတော့ သိပ်သဘောမတွေ့လှပေ။ အပျိုကြီးပီပီ၊ ရှေးလူကြီးပီပီ ဒေါ်တင်လှတို့က ဣန္ဒြေသိက္ခာနှင့်နေမှ ကြိုက်သည့် အမျိုးအစားပါ။

"ဟုတ်တယ် ဒေါ်ဒေါ်ကြီး လမ်းမှာ ကိုလူရဲ့ သူငယ်ချင်းနဲ့ တွေ့နေလို့ပါ"

"အေး... နောက်တစ်ခါ အခုလို နောက်မကျစေနဲ့"

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်ကြီး"





မျက်နှာထား တည်တည်ကြီးနှင့် ကြည့်နေသော ဒေါ်တင်လှကို မျက်နှာသေလေးနှင့် ချစ်မြတ်နိုးဝေက ပြန်ဖြေလိုက်သည်။ သဘောကောင်းသော်လည်း စည်းကမ်းကြီးပြီး နှုတ်မချိုသော ဒေါ်ဒေါ်ကြီး၏ သဘောကို သိပြီးသားမို့ တော်ရုံတန်ရုံနှင့် ချစ်မြတ်နိုးဝေ စိတ်မဆိုးတတ်တော့ပါ။

ဆူပူကြိမ်းမောင်းနေပြန်လျှင်လည်း တစ်ဖက်နားကသွင်းပြီး ကျန်တစ်ဖက်နားက ပြန်ထုတ်ပစ်လိုက်သည်။ စိတ်ထဲမှာ တနုံ့နုံ့ဆွေးမြည့်မနေပါ။

ချစ်မြတ်နိုးဝေက စူးရှလှသော ဒေါ်တင်လှ၏ အကြည့်အောက်မှ လျင်မြန်စွာပဲ ထွက်ခဲ့ပါသည်။ မိခင်ဖြစ်သူထံ သွက်သွက်ခြေလှမ်းတွေဖြင့် လှမ်းခဲ့ပါသည်။

အမြဲ ကြည့်လိုက်တိုင်း တွေဝေငေးငိုင်နေသော မိခင်အနားသို့ ချဉ်းကပ်ခဲ့သည်။

"မေမေ နေကောင်းရဲ့လား"

မိခင်၏ ကြုံလှီလှသော ပခုံးကို ပွေ့ဖက်ပြီး ကြင်နာစွာနှင့် ချစ်မြတ်နိုးဝေက မေးသည်။ သည်တော့မှ ဒေါ်ခင်မြက ချစ်မြတ်နိုးဝေကို သတိပြုမိသည်။

"ကောင်းပါတယ် သမီးရဲ့"

"မေမေ ဘာတွေ တွေးနေတာလဲ"

မိခင်၏ မေးလေးကို ခပ်ဖွဖွကိုင်ပြီး မေးလိုက်သည်။ တောင်းပန်မှုဆွဲ ဆိတ်သုဉ်းနေသော မျက်ဝန်းတွေဖြင့် ဒေါ်ခင်မြက သူမကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။

"သမီးလေးရယ် မေမေ ဘာမှမတွေးပါဘူး"

"ဒါဆို နေမကောင်းလို့လား မေမေ"

"ကောင်းပါတယ် သမီးရဲ့"

ဒေါ်ခင်မြက အပြုံးလဲ့လဲ့ ချစ်မြတ်နိုးဝေ၏ လက်ကလေးကို ဆုပ်ကိုင်ပြီး ဖြေပါသည်။

"သမီးလေး အခုမှ ပြန်လာတာလား"

"ဟုတ်"

"မိုးချုပ်လိုက်တာကွယ်"

"အို မေမေကလဲ ကိုလူနဲ့ သွားတဲ့ဟာပဲလို့"

မျက်နှာလေးစူစူနှင့် ချစ်မြတ်နိုးဝေက အလိုမကျဟန်ဖြင့် ဖြေသည်။ သမီးငယ်ကို ကြည့်ရင်း ဒေါ်မြင့်သောင်း၏ အကြည့်က ပိုမှိုင်းသွားသည်။

"သမီးလေး"

"ရှင်... မေမေ"

"သမီးနဲ့ လူလေး လှမော်တို့ မေတ္တာမျှနေကြပြီလားကွယ်"

သူမ၏ အဖြေကို ငံ့လင့်နေသော ဒေါ်မြင့်သောင်းကို ချစ်မြတ်နိုးဝေက ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

"မေမေ ဘာလို့ မေးတာလဲ"

"သမီးလေးအတွက် စိုးရိမ်လို့ပေါ့"

ချစ်မြတ်နိုးဝေ၏ ရင်ထဲမှာ လှိုက်ခနဲ ကြည်နူးသွားသည်။





"မေမေက ဘာလို့ စိုးရိမ်တာလဲဟင်"

အမောကကောနှင့် သိချင်တာကို လျှာခလုတ်တိုက်မတတ် မေးလိုက်သည်။

"ဪ... မေမေ့သမီးလေး လူကြီးတွေ စိတ်ကြိုက်လိုက်လုပ်ရလို့ သိပ်များ စိတ်ဆင်းရဲနေပြီလားလို့ စိုးရိမ်လို့ပေါ့ကွယ်"

"မေမေရယ်..."

ချစ်မြတ်နိုးဝေက မိခင်၏ ရင်ခွင်ထဲ ဖွေ့ခနဲ ဝင်လိုက်သည်။ မိခင်၏ခါးကို တင်းတင်းလေးဖက်ထားမိသည်။ ရင်ခွင်ပေါ် မှောက်ထားသော မျက်နှာလှလှလေး၏ မျက်ဝန်းထဲမှာတော့ မျက်ရည်ကြည်တွေ ဝေနေပါသည်။

သူမ၏ ချစ်တတ်၊ နားလည်တတ်လွန်းသော မိခင်ကို ချစ်မြတ်နိုးဝေက အသက်မက ချစ်လှပါသည်။ ဒေါ်တင်လှတို့နှင့် မကျေမချမ်း အကြိတ်အဖုလေးတွေ ဖြစ်တတ်သည့်အချိန်မှာလည်း သည်မိခင်သာ လျှင် သူမ၏ ဒေါသမောဟ မီးတွေကို ငြိမ်းသတ်ပေးနိုင်ခဲ့သည်။

ပြေရာပြေကြောင်းတွေနှင့် ဒေါသတွေ မာန်တွေ ပြေအောင် လေပြည်လေးဖြင့် သည် အမေက ချွေးသိပ်ခဲ့ပေါင်း များခဲ့လေသည်။ ချစ်မြတ်နိုးဝေ၏ ရှေ့မှာ မားမားမတ်မတ်နှင့် အမြဲရပ်ပေးခဲ့သော မေမေ့ကို ချစ်မြတ်နိုးဝေ ကျေးဇူး သိပ်တင်ခဲ့ပါတယ်။

"သမီးလေး မှန်မှန်ပြောစမ်းကွယ်၊ လှမော့်ကို သမီး တကယ် လက်ထပ်ချင်ရဲ့လား"

မိခင်၏ မျက်နှာကို မျက်ရည်စွန်းသော မျက်ဝန်းတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်လိုက်သည်။

"သမီး အမှန်အတိုင်း ဖြေမယ်နော်"

"ဖြေပါကွယ် သမီးလေးရဲ့ ရင်ထဲက ခံစားမှုကို အမှန်အတိုင်း မေမေ သိချင်တယ်"

"သမီး ကိုလူ့ကို မယူချင်ဘူး မေမေ၊ သူ့ကို အစ်ကို တစ်ယောက်လိုပဲ ချစ်တာပါ၊ တကယ်လို့လေ ကိုလူ့ကို သမီးမယူဖြစ်ရင် မေမေ စိတ်ဆိုးမလား"

"ဟင်း..."

ဒေါ်မြင့်သောင်းက ရှည်လျားသော သက်ပြင်းကြီးကို ချလိုက်သည်။

"ဖြေလေ မေမေ"

"သမီးလေး စိတ်ကြိုက်လုပ်ရလို့ မေမေ စိတ်မဆိုးရက်ပါဘူး ကွယ်၊ ဒါပေမဲ့ သမီးရဲ့ ကြီးဒေါ်ကြီးက ရှိသေးတယ်လေ၊ သူကတော့ စိတ်ဆိုးမှာပဲ"

"အင်း... ဒေါ်ဒေါ်ကြီးနဲ့ကတော့ ခက်မှာ သေချာတယ်"

"သမီးလေးကို ခုချက်ချင်း ပေးစားမှာမှ မဟုတ်တာကွယ်၊ ကြီးဒေါ်ကြီးကိုလဲ ကလန်ကဆန် မလုပ်နဲ့၊ ရေလိုက်ငါးလိုက်ပေါ့ ဟုတ်လား၊ ကြာတော့လဲ သမီးလေး စိတ်ပြောင်းပြီး လူမော်လေးကို ချစ်ရင် ချစ်လာမှာပေါ့"

သဘောထားကြီးမြတ်သော မိခင်၏ မျက်နှာကို မော်မကြည့်ရဲ လောက်အောင် ဖြစ်ရပါသည်။ မိခင်အား လိမ်လည်ရမည့် ကိစ္စကို





စီစဉ်ပြီးသားမို့ ကိုယ့်စိတ်ကိုယ်မလုံ သူက ချစ်မြတ်နိုးဝေပါ။

ချစ်မြတ်နိုးဝေတို့ လုပ်ကြမည့် အလုပ်က လူကြီးတွေကို လိမ်လည် လှည့်ဖြားရမည့် အလုပ်။ တစ်သက်နှင့်တစ်ကိုယ် မလိမ်ဖူး ခဲ့သော ချစ်မြတ်နိုးဝေ သည်တစ်ခါ မိမိ၏ ဘဝအတွက် လူမော်၏ ဘဝကောင်းစားရေးအတွက် လိမ်လည်ဖို့ စိတ်ကူးလိုက်ပါပြီ။

"မေမေရယ် မြတ်နိုးဝေကို ခွင့်လွှတ်ပါ"

မိခင်၏ ရင်ခွင်မှာ ပို၍ တိုးခွေ့လိုက်ပြီး တီးတိုးတောင်းပန် လိုက်သည်။

"မေမေက သမီးကို အမြဲခွင့်လွှတ်ပြီးသားပါကွယ်"

မိခင်ကြီးက ဘာမှမသိဘဲနှင့် ခွင့်လွှတ်စကားကိုတောင် ဆိုနေလေပြီ။ ချစ်မြတ်နိုးဝေက ရှောပစ်ပြီး အပြစ်နှစ်ခုကိုပေါင်း တောင်းပန်လိုက်သည်ကို မသိရှာပါ။

ချစ်မြတ်နိုးဝေ၏ ရင်ထဲ နှင့်အောင် မိခင်ကြီးကို သနားလိုက် မိပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

ချင်မြတ်နိုးဝေက မအိပ်နိုင်လောက်အောင် စိတ်တွေလှုပ်ရှားနေသည်။ ရဲဝံ့၏ အကြံအစည်ကို လက်မခံဘဲ ဖျက်လိုက်ရမည်လော။ ဒါမှမဟုတ် လူမော်နှင့် လူကြီးများ စီမံထားသလို ပိုလ်နေမြဲ ကျားနေမြဲ နေလိုက်ရမည်လားဟု ဒွိဟတွေများ ဖြစ်နေသည်။

"အို… ပေးပြီးသားကတိကို ငါမဖျက်ချင်ပါဘူး၊ ပြီးတော့ ကိုလူ ကောင်းစားရေးအတွက် ဒါလောက်လေးမှ ငါလုပ်ပေးနိုင်ရက်သားနဲ့ မလုပ်ပေးမိရင် စိတ်ကောင်းမှာ မဟုတ်တော့ဘူး"

မတင်မကျ အတွေးများကို ခေါင်းခါပြီး ဖယ်ထုတ်ပစ်လိုက်သည်။ ချစ်မြတ်နိုးဝေ ယတိပြတ် ဆုံးဖြတ်လိုက်ပါတော့သည်။ လူမော်အတွက် သူမ စွန့်စားပါတော့မည်။ သတ္တိရှိပါတော့မည်ဟု။

*

နောက်တစ်နေ့နံနက် ဝေလီဝေလင်းချိန်မှာ ချစ်မြတ်နိုးဝေ





အိပ်ရာမှ နိုးလေသည်။ စောစောထသော အကျင့်ကို လုပ်ထားရ၍ ချစ်မြတ်နိုးဝေ အကျင့်သား ရနေပါပြီ။

သွားတိုက် မျက်နှာသစ်ပြီး ဒေါ်မြသောင်းက သူမထက် အလျင်နိုးနှင့်နေပြီ။

"မြတ်နိုးဝေ သမီးကို ဒေါ်ဒေါ်ကြီးက သူဈေးမသွားခင် အခန်းထဲ လာခဲ့ဦးတဲ့"

ဒေါ်မြသောင်းက ဒေါ်တင်လှကို စိတ်မြန်လက်မြန်မဟုတ် စိတ်အေးအေးထားတတ်သလို အလုပ်ကိုလည်း တအိအိနှင့် လုပ်တတ်သူပါ။

အလုပ် သေသပ်သလောက် တုံ့နှေးသည်။ သွက်လက်ချက်ချာမှု မရှိ။

စိတ်မြန်သော ချစ်မြတ်နိုးဝေက သူ့လက်မှ ဖျော်လက်စ ကော်ဖီကရားကိုယူ၍ ဖျော်လိုက်သည်။

"ဒေါ်ဒေါ်လေး ထိုင်နေ ချစ်မြတ်နိုးဝေပဲ အားလုံးပြီးအောင် လုပ်လိုက်မယ်"

"ရပါတယ်အေ ဝါလဲ နေကောင်းနေတာ အကလား မနေတတ်ဘူး"

မီးဖိုပေါ်မှ တဖျစ်ဖျစ် မြည်နေသော ထမင်းကြော်အိုးကို ဒေါ်မြင့်သောင်းက မွှေနေလေသည်။ နံနက်စာကိစ္စများကို စီစဉ်ပြီးသော ချစ်မြတ်နိုးဝေက ဒေါ်တင်လှထံသို့ ထွက်ခဲ့သည်။

ဈေးသွားရန် ဖြီးလိမ်းနေသော ဒေါ်တင်လှကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်မြတ်နိုးဝေ သူ၏ ခါးပေါ်မှ ချွတ်ချလိုက်သော လုံချည်ကိုယူပြီး ထဘီတန်းပေါ်တွင် လှမ်းလိုက်သည်။

"ဒေါ်ဒေါ်ကြီး ဘာပြောမလို့လဲဟင်"

"ဪ... မြတ်နိုးဝေကို အပ်ချုပ်သင်တန်းကျောင်း တက်ခိုင်းမလို့၊ ကျောင်းပိတ်တုန်း ပညာတစ်ခု တိုးတာပေါ့"

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်ကြီး"

ချစ်မြတ်နိုးဝေ အပ်ချုပ်မသင်ချင်ပါဘူး၊ ဒါပေမဲ့ ဒေါ်ဒေါ်ကြီးကို ကြောက်ရသူမို့ ဒေါ်ဒေါ်ကြီး၏ သဘောသည် သူမနှင့် တသဘောတည်း ဖြစ်ရမှာမို့ ခေါင်းညိတ်လိုက်ရပါသည်။

"ဘယ်မှာ တက်ရမှာလဲဟင်"

"မြို့ထဲမှာ ငါ့အသိက အပ်ပေးမလို့တဲ့၊ အဲဒါ မနက်ဖြန်မနက် ငါနဲ့ ဈေးလိုက်ခဲ့ သိလား"

"ဟုတ်ကဲ့"

"အေး... သွားတော့၊ ဒေါ်ဒေါ်ကြီးအတွက် ထမင်းချိုင့် အသင့်ဖြစ်ပြီလား"

"အဆင်သင့်ပါပဲ၊ ခြင်းထဲမှာ အားလုံးထည့်ထားပြီးပါပြီ"

"အေး... အေး"

ဒေါ်တင်လှ အခန်းမှ ချစ်မြတ်နိုးဝေ ထွက်ခဲ့သည်။ ယောကျ်ားလေးတစ်ယောက်လို သူ့တို့၏ စားဝတ်နေရေး ပြည့်စုံရေးအတွက် ရှာဖွေကျွေးနေသော ဒေါ်တင်လှကို ချစ်မြတ်နိုးဝေ ကျေးဇူးတင်ပါသည်။ သူ၏ စေတနာကိုလည်း အသိအမှတ်ပြုပါသည်။ ဒါပေမဲ့





နှုတ်မချိုသာမှုကြောင့် တစ်ခါတစ်ခါ ချစ်မြတ်နိုးဝေ သေချင်လောက်အောင် စိတ်ညစ်ပြီး မျက်ရည်ကျသည်မှာလည်း အခါခါပါ။ ဖြစ်တုန်းဆောင့်ငိုလိုက်၊ ရယ်လိုက်နှင့် ဒေါ်ဒေါ်ကြီးကို မကျေမချမ်း ဖြစ်မိသော်သည်း သွေးအေးသွားသည့်အခါ ဒေါ်တင်လှ၏ ကျေးဇူးများကိုသိပြီး စိတ်ပြေခဲ့သည်။ ခွင့်လွှတ်ခဲ့ရပါသည်။

အိမ်တွင် တစ်နေ့လုံး အိမ်မှုကိစ္စများကို လုပ်ရင်း အချိန်ကို တုန်စေလိုက်သည်။

ညနေ ရေမိုးချိုးပြီး တစ်ဖက်ခြံသို့ ကူးခဲ့သည်။ ရဲဝံ့နှင့် တွေ့ရမည့် အရေးအတွက် စိတ်စောနေမိသည်။ ခြံထဲတွင် အသင့်စောင့်နေသော လှမော်ကို တွေ့ရသည်။

"မြတ်နိုးဝေရေ ဒီခြံထဲမှာပဲ ထိုင်ကြရအောင်"

လှမော် ထိုင်နေရာဆီသို့ ချစ်မြတ်နိုးဝေ လှမ်းလျှောက်လာခဲ့သည်။

"မြတ်နိုးဝေ ညက ဆုံးဖြတ်ချက်အတွက် နောင်တရနေပြီလား ဟင်"

"ဘယ်သူပြောတုန်း"

ညိုးငယ်သော မျက်နှာနှင့် လှမော်က ကြည့်ပြီး မေးသည်။ ချစ်မြတ်နိုးဝေထံမှ အသံစူးစူးက သွက်သွက်ကြီး ထွက်သွားသည်။ လှမော်ကို မကျေနပ်သော မျက်ဝန်းတွေနှင့် ကြည့်လိုက်သည်။

"ငါ့အတွက် ဒီလို အနစ်နာခံပေးတာ ငါက အငြိမ့်သားနဲ့ အခွင့်အရေးကို ယူတာ မတရားဘူးလို့ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အားလုံးစီစဉ်ဆုံးဖြတ်ပြီးမှ ကိုလူ ဘယ်လို ဖြစ်နေတာလဲ"

"ဘယ်လိုမှ မဖြစ်ဘူး၊ နင့်ကို အားနာလို့ သနားလို့"

"အားလဲ မနာနဲ့၊ သနားလဲ မသနားနဲ့ အားလုံး အဆင်ပြေဖို့ လုပ်ကြတဲ့ ကိစ္စပဲ၊ ဒီတော့ ကိုရဲဝံ့ရဲ့ အစီစဉ်ကိုသာ လိုက်နာဖို့ပဲ ရှိတော့တယ်"

"ငါ စီးပွားဖြစ်ရင် နင့်ကို မမေ့ပါဘူးဟာ"

"အပိုတွေ ပြောမနေနဲ့"

မျက်စောင်းလေး ဝေ့ပြီး ချစ်မြတ်နိုးဝေက ပြောလိုက်သည်။

"ချစ်မြတ်နိုးဝေက ညီမလေးပဲဟာ။ တို့မှာ ကြည့်ရှုရမယ့် တာဝန်ရှိတယ်"

"တော်ပါ ကိုလူ ယူမယ့် မိန်းမအတွက် ထဘီဖိုး စုလိုက်ဦး"

"မိန်းမများ ဘာလုပ်ဖို့လဲ မယူသေးဘူး စိတ်ချ"

"ဟွန့် ကြည့်ရသေးတာပေါ့လေ"

နှုတ်ခမ်းလေး တွန့်ပြီး မျက်နှာလေးလမဲ့ပြီး ချစ်မြတ်နိုးဝေက ပြောလိုက်သည်။

"မယုံရင် လောင်းကြေး စားကြေးလေ"

"ရှုံးမယ့်ကိစ္စကြီးကို လောင်းမနေနဲ့ ကုန်လိမ့်မယ် သိလား"

"အမယ် ငါက မယူဘဲ နင်ကသာ အရင်ယူမှာ သိလား"

"ကိုလူနော် မြတ်နိုးဝေကို မတရားမပြောနဲ့ သိလား၊ ချစ်မြတ်နိုးဝေက ယောကျ်ားတွေကို မုန်းနေတာ"

မျက်နှာလေး စူပုပ်ပုပ်နှင့် ချစ်မြတ်နိုးဝေက ပြောလိုက်သည်။





"တော်ကြာ မုန်းထားတဲ့ ယောကျ်ားတွေထဲက သိပ်ချစ်စရာကောင်းတဲ့ ယောကျ်ားတစ်ယောက် တွေ့သွားမှာ မြင်ယောင်သေး"

"ကြည့်ပါလားလို့"

ဒေါသဖြစ်ဖြစ်နှင့် ခြေဆောင့်ပြီး ချစ်မြတ်နိုးဝေ အော်လိုက်သည်။

"ဟော ရဲဝံ့ လာနေပြီ"

သူတို့၏ ခြံဝင်းထဲသို့ ရဲဝံ့၏ကား ဝင်လာသည်ကို တွေ့လိုက်ပြီး လူမော်က ပြောသည်။ ရဲဝံ့ကားကို ဘေးကပ်ရပ်ပြီး ကားပေါ်မှ ဆင်းလာခဲ့သည်။

"ချစ်မြတ်နိုးဝေလဲ ရောက်နေပြီကိုး"

"ဟုတ်ကဲ့"

ချစ်မြတ်နိုးဝေထံသို့ အကြည့်စူးစူးတစ်ခုပို့ပြီး အပြုံးလဲ့လဲ့ဖြင့် ပြောသည်။ ချစ်မြတ်နိုးဝေက တစ်ချက်သာ သူ့ကို လှမ်းကြည့်ပြီး မျက်နှာ လွှဲလိုက်သည်။

"ချစ်မြတ်နိုးဝေ စိတ်မပြောင်းသွားပါဘူးနော်"

ထပ်ဆင့်၍ ရဲဝံ့က မေးလိုက်ပြန်သည်။ သည်လူ၏ ပြုံးပြုံးချိုချို မျက်နှာထားကို မြင်ရတိုင်း ချစ်မြတ်နိုးဝေ၏ ရင်ထဲမှာ ဖြောင်းဆန်သလို ခံစားရမြဲပါ။

"မပြောင်းပါဘူး ကိုရဲဝံ့"

"ဒါဆို ဟန်ကျပြီ၊ လူမော် မင်း မနက်ဖြန်ပဲ လားရှိုးကို ထွက်ဖို့ ပြင်တော့"



www.burmeseclassic.com

www.burmeseclassic.com



"မြန်လှချည်လားကွ"

လှမော်က အံ့ဩသော မျက်နှာနှင့် ရဲဝံ့ကို ကြည့်သည်။

"ဘာလဲ မင်းက မသွားချင်သေးဘူးလား"

"သွားချင်ပါတယ်ကွာ၊ ဒါပေမဲ့ မနက်ဖြန်ဆို ချက်ချင်းကြီးပဲ"

"ဒါဆို သန်ဘက်ခါဆိုရင်ကော"

"အဲဒါဆို အချိန်ရတယ်၊ ပြင်ဆင်ချိန် လုံလောက်ပါပြီ"

"ဒီမှာ မင်းအတွက် လောလောဆယ်ဆယ် သုံးဖို့ရယ်၊ မင်းအမေအတွက် ပေးခဲ့ဖို့ရယ် ပိုက်ဆံ၊ မင်းအတွက် လေယာဉ်လက်မှတ် ငါ လုပ်ပေးမယ်၊ ဟိုရောက်ရင် မင်း အဆင်ပြေဖို့ အစစအရာရာ စီစဉ်ပြီးသား ဘာမှ မပူနဲ့"

ရဲဝံ့က သွက်သွက်ကြီး သူကြိုတင် ပြင်ဆင်ထားသော စီမံကိန်းကို ဖော်ထုတ်နေလေပြီ။

"ငါ့မေမေ့ကို ဘယ်လိုပြောခဲ့ရမှာလဲ စဉ်းစားနေတာ"

ရဲဝံ့က လှမော်ကို စိတ်ပျက်လက်ပျက်ကြီး ကြည့်လိုက်သည်။

"မင်းနှယ်ကွာ ဒီအထိ ငါက စီစဉ်ပေးနေရဦးမှာလား"

"မင်းတော့ ခက်ပြီ၊ မင်းအမေကို မင်းပြောချင်သလိုပြော၊ ဒါပေမဲ့ ချစ်မြတ်နိုးဝေရဲ့အဒေါ်တွေ သိထားဖို့က မင်းမိန်းမတစ်ယောက် ခိုးပြေးသွားပြီ ဆိုတာပဲ။ ဒါမှ မင်းနဲ့ ချစ်မြတ်နိုးဝေ ဓာတ်လမ်းက ပြတ်မှာ၊ ပြီးတော့ ငါ့ရဲ့ စီမံကိန်းလဲ အောင်မြင်မှာ"

ရဲဝံ့က အိတ်ထဲမှ ငါးသုံးလုံး စီးကရက်ကို ရွှေရောင်ဘူးထဲမှ ထုတ်လိုက်သည်။ ဓာတ်ငွေ့မီးခြစ်ကို ဖြောက်ခနဲ ခြစ်လိုက်သည်။





ပြာရောင် မီးတောက်လေး ဟုန်းခနဲ တောက်လာသည်။ ဆေးလိပ်မှာ မီးစွဲရဲလေး စွဲသွားသည်။

ချစ်မြတ်နိုးဝေ၏ ရင်ထဲ လှိုက်ခနဲ ဖြစ်သွားရသည်။ စွန့်စား ဆိုင်ညာရမည့် ကိစ္စအတွက် ရင်ထဲမှာ ပူသွားသည်။ တဖြည်းဖြည်း ရင်ထဲမှာ ရှိန်းရှိန်းဖြအောင် ပူလောင်လာသည်။

"ငါ လုပ်မိတာ မှားပြီလား မသိဘူး၊ ခုချိန်မှ နောက်ပြန်ဆုတ် ရင် အချိန်မီသေးတယ်"

တွန့်ဆုတ်ဆုတ်အတွေးဖြင့် မျက်နှာလေး ညိုးသွားသည်။ သူမ၏ အရိပ်အကဲလို ကြည့်နေသော လှမော်နှင့် ရဲဝံ့မှာ စိုးရိမ်စိတ် အား စွန်းထင်းလာသည်။

"မြတ်နိုးဝေလေး မျက်နှာ ညိုးလိုက်တာကွယ်၊ ဘာ(…)"

လှမော်က ပို၍ ရင်းနှီးသူမို့ ဖွင့်မေးလိုက်သည်။ ရဲဝံ့ကမူ မီးတာရက်မီးခိုးများကြားမှ မေးစင်းထားသော မျက်ဝန်းစူးစူးဖြင့် သူမကို လေ့လာနေသည်။

"မြတ်နိုးဝေ ရှေ့ရေးကို တွေးပြီး ကြောက်မိသလို ဖြစ်မိတယ် ဆိုလှရယ်"

လှမော်ထံသို့ပါ အပူက ကူးစက်ပြီး လှမော့် မျက်နှာ ညှိုး လာလေပြီ။

"ချစ်မြတ်နိုးဝေ ဘာကို စိုးရိမ်နေတာလဲ ဟင်"

ရဲဝံ့က ညင်သာစွာ ဝင်မေးသည်။ ချစ်မြတ်နိုးဝေထံမှ ချကြည့် လေး ဖျတ်ခနဲ သူ့ထံသို့ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို... ဟို ကိုရဲဝံ့နဲ့ ဆွေးစပ်ရမယ့် ကိစ္စကိုပါ ဘယ်လိုလုပ်ရမယ်ဆိုတာ မစဉ်းစားတတ်လို့ပါ"

နုနယ်ပျိုမျစ်၍ ကလေးသာသာ ရှိသေးသော မိန်းမလှလေးကို ရဲဝံ့ ကရုဏာသက်စွာ ကြည့်လိုက်ပါသည်။

"သူခများ ပူမယ်ဆို ပူစရာပါပဲ၊ စိတ်လေးနုနု၊ ကိုယ်နုနုနဲ့ ဘဝ အတွေ့အကြုံ မရှိသေးတော့ ကြောက်ရှာမှာပဲလေ"

စာစာနာနာလေး ချစ်မြတ်နိုးဝေအတွက် တွေးပေးလိုက်သည်။

"အဲဒီအတွက် ဘာမှမပူနဲ့ တို့ တာဝန်ထားပါ ချစ်မြတ်နိုးဝေ။ လောလောဆယ်ဆယ် လူမော် သွားပါစေဦး နောက်တော့မှ တို့ အစီအစဉ် အစကို အကောင်အထည် ဖော်ရလိမ့်မယ်"

သည်တော့မှ ချစ်မြတ်နိုးဝေ၏ မျက်နှာလေး နည်းနည်း ပွင့်လာတော့သည်။

"ဒါပေမဲ့ တို့နဲ့ ချစ်မြတ်နိုးဝေကတော့ အဆက်အသွယ် ရှိနေရလိမ့်မယ်၊ အဲဒီတော့ ဘယ်လိုစီစဉ်မလဲ၊ ချစ်မြတ်နိုးဝေ စဉ်းစား"

"မြတ်နိုးဝေက အိမ်ကထွက်ဖို့ သိပ်လွယ်တာ မဟုတ်ဘူး"

"ချစ်မြတ်နိုးဝေ လူမော်ကို တို့ ပြေလည်အောင် လုပ်ပေးဖို့တော့ ကတိမဖျက်ရဘူးနော်"

မဝံ့မရဲဖြစ်နေသော ချစ်မြတ်နိုးဝေ နောက်ဆုတ်သွားမှာ စိုးရိမ်သဖြင့် ရဲဝံ့က ကြိုတင်သတိပေးလိုက်သည်။ ချစ်မြတ်နိုးဝေ၏ နှုတ်ခမ်းလေး တင်းတင်းစေ့သွားသည်။





"စိတ်ချပါ ကိုရဲဝံ့၊ ကတိပေးပြီးသား ကိစ္စတစ်ခုကို ပြီးပြည့်စုံအောင် လုပ်တတ်တာ ကျွန်မရဲ့ မာနပါ"

မျက်နှာလေးကို မော့ပြီး လေသံပြတ်ပြတ်နှင့် ပြောလိုက်သည်။ သည်တော့မှ ရဲဝံ့ရင်ထဲက သံသယ အဖုအကြိတ်လေး ပြေရပါတော့သည်။ ချစ်မြတ်နိုးဝေကြောင့် ဆုံးရှုံးရမည့်ငွေများကို နှမြောတသ၍မဟုတ်၊ သူ၏ နှလုံးသား၏ အတွင်းဆုံးအပိုင်းမှာ သူလေးနှင့် ဝေးကွာ၊ မတွေ့ဆုံရမှာကို ကြီးမားစွာ စိုးရိမ်နေပါသောကြောင့် ဖြစ်သည်။

"ဒါနဲ့ မင်းနဲ့ တို့ ဘယ်လို တွေ့ကြမှာလဲ"

"အင်း... မနက်ဖြန်ကစပြီး မြတ်နိုးဝေ အပ်ချုပ်သင်တန်း တက်ရမယ်"

ချစ်မြတ်နိုးဝေက စဉ်းစားရင်းမှ ပြောလိုက်သည်။

"ဟုတ်လား ဒါဆို အိမ်ကထွက်ဖို့ လမ်းစရှိနေပြီပေါ့"

"ဟုတ်ပါတယ် အဲဒီအချိန်မှာ ကိုရဲဝံ့တွေ့ချင်ရင် တွေ့လို့ရပါတယ်"

"ဒါနဲ့ အဲဒီသင်တန်းက ဘယ်မှာလဲ"

စိတ်စောလွန်း၍ လောလောကြီး မေးလိုက်သည်။

"မသိသေးဘူး"

"ဟာကွာ"

ရဲဝံ့ စိတ်ပျက်စွာနှင့် ညည်းလိုက်သည်။

"ဒီလိုလုပ်လေ ကိုရဲဝံ့ရဲ့ ဖုန်းနံပါတ် ပေးထား၊ မနက်ဖြန်



www.burmeseclassic.com

www.burmeseclassic.com



အပ်ချုပ်သင်တန်း ဘယ်မှာလဲဆိုတာ ကျွန်မ ဖုန်းဆက်လိုက်မယ်"

"ကောင်းပါပြီ"

ရဲဝံ့က ကျေကျေနပ်နပ် သဘောတူလိုက်သည်။ ရဲဝံ့က ထိုင်နေရာမှ ထရပ်လိုက်သည်။

"လှမော် ငါပြန်မယ်၊ မင်း အစစအရာရာ အဆင်ပြေမှာပါကွာ၊ စိတ်မပူပါနဲ့၊ ချစ်မြတ်နိုးဝေလဲ စိတ်အေးအေးနေပါ၊ အခုလုပ်တာ အလုပ်သဘောနဲ့ပါ၊ ချစ်မြတ်နိုးဝေဘဝကို ဘာမှ အစွန်းအထင်း မဖြစ်စေရပါဘူး"

အပြုံးချိုချိုနှင့် ရဲဝံ့က ချစ်မြတ်နိုးဝေ စိတ်ရဲအောင် ကတိတွေ ထပ်ပေးနေပြန်သည်။

"ဒါဆို တို့ သွားပြီ"

လှမော်နှင့် ချစ်မြတ်နိုးဝေကို နှုတ်ဆက်ပြီး ရဲဝံ့ ထွက်သွားသည်။ သူ့ကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့သူ နှစ်ဦးက လှမော်နှင့် ချစ်မြတ်နိုးဝေ။

"သူကတော့ စိတ်အေးအေးပဲနော်၊ မြတ်နိုးဝေမှာသာ လူကြီးတွေကို လိမ်ရမှာမို့ ရင်တွေခုန်နေတာပဲ"

ချစ်မြတ်နိုးဝေက လက်ဖြူဖြူ သွယ်သွယ်လေးများဖြင့် ဖြည့်တင်းမို့မောက်နေသော ရင်ပေါ် သာသာလေးဖိပြီး ပြောလိုက်သည်။

"ကိုလှလဲ ချစ်မြတ်နိုးဝေလိုပါပဲကွာ၊ ဒေါ်ဒေါ်ကြီးတို့ကို လိမ်ညာရမှာ လိပ်ပြာမသန့်ဘူး"

"ကဲ... မြတ်နိုးဝေ ပြန်မယ်၊ ကြာနေရင် ကြီးကြီးတင် ဆူမှာ"





"အေး... သွားတော့ကွာ"

ချစ်မြတ်နိုးဝေ တစ်ဖက်ခြံသို့ ကူးခဲ့လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



၁၁

ချစ်မြတ်နိုးဝေ ပြန်သွားပြီးနောက် ခြံထဲတွင် စိတ်လေးစွာနှင့် ကျန်ရစ်ခဲ့သူက လှမော်။ မိခင်ကြီးကို ဘယ်လိုစည်းရုံးရမှန်း မသိအောင် ဖြစ်နေသည်။ ဒေါ်တင်လှတို့ကို မလွှဲသာလို့သာ ညာရလိမ်ရမှာဖြစ်ပေမဲ့ သူ၏ မိခင်ကိုတော့ မညာချင် မလိမ်ချင်ပါ။

"အဖြစ်မှန်ကိုပြောရင် မေမေ လက်ခံမှာ မဟုတ်ဘူး ခက်တာပဲ"

လက်ဆယ်ချောင်းဖြင့် ခေါင်းကို တဗျင်းဗျင်းမြည်အောင် ကုတ်လိုက်သည်။

"အို... ရှုပ်တယ်၊ မေမေ့ကို ငါ အမှန်အတိုင်း ဖွင့်ပြောမယ်၊ မေမေ လက်ခံအောင်လဲ ငါရအောင်ပြောမယ်"

ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ပြီး လှမော်က အိမ်ထဲသို့ ဝင်ခဲ့သည်။ ညစာအတွက် ထမင်းဝိုင်းကို ပြင်ဆင်နေသော မိခင်ကို တွေ့ရသည်။





"သား ခြံထဲမှာ ဘာလုပ်နေတာလဲ၊ ကြာလိုက်တာ"

ဒေါ်စုစုက လှမ်းပြီး သူ့ကို မေးသည်။ လှမော်က မိခင်၏ ချက်နှာကို ညှိုးငယ်နေသော မျက်ဝန်းတွေဖြင့် ကြည့်နေသည်။

"ခြံထဲမှာ မြတ်နိုးဝေနဲ့ စကားပြောနေတာပါ"

"ဩော်... သမီးလေးကို ထမင်းစားဖို့ မခေါ်ခဲ့ဘူးလား"

"ဟင့်အင်း"

လှမော်က သက်ပြင်း ငွေ့ငွေ့ချပြီး ဖြေလိုက်သည်။

"ကဲ... ထမင်းစားစို့လား သားရယ်"

လှမော်က ရင်ထဲတွင် ပွတ်သိပ်နေသော ပြောချင်သည့်စကားများကို မျိုသိပ်ထားလိုက်ပြန်သည်။ ထမင်းစားပြီးမှ အေးအေးဆေးဆေး ဒေါ်စုစု နားဝင်အောင် ပြောတော့မည်ဟု စိတ်ကူးလိုက်သည်။

ထမင်းကို စိတ်မပါဘဲနှင့် မစားချင်ဘဲနှင့် လှမော်က အောင့်အည်း စားလိုက်ရပါသည်။ မိခင်က မှုပျက်နေသော သား၏ အရိပ်အကဲကို မကြာခဏ လှမ်းကြည့်နေပေမဲ့ ဘာမှ ထုတ်ဖော်မမေးပါ။

ထမင်းစားသောက်ပြီး အေးအေးလူလူ ထိုင်မိသည့် အချိန်မှာတော့ လှမော်က သူ၏ စကားကို အစပျိုးရန် တာစူလိုက်သည်။

"မေမေ"

"ဘာလဲ သား"

မျက်စိမျက်နှာ ပျက်နေသော သားကို ကြည့်ပြီး ဒေါ်စုစု ရင်ထဲမှာ ရတ်တရက် စိုးရိမ်သွားသည်။ သားပြောလာမည့် စကားတွေကို စိတ်ဝင်စားစွာ ငံ့လင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေရယ် သားလေ စီးပွားရေး ကြီးကြီးမားမားတစ်ခုလုပ်ပြီး သိပ် ကြီးပွားချင်တယ် မေမေ"

သား၏ စကားကြောင့် ဒေါ်စုစု ပြုံးမိသွားသည်။

"အမယ်လေး သားရယ် ဒါ လူတိုင်းဖြစ်ချင်တဲ့ ဆန္ဒပဲ"

"သူများနဲ့ မတူဘူး မေမေ၊ သားက ပိုဖြစ်ချင်တာပါ။ မေမေကော သား ကြီးပွားချမ်းသာမှာ မလိုချင်ဘူးလား"

"ဘယ်လိုပြောလိုက်တာလဲ သားရယ်၊ မေမေက အမြင်ချင်ဆုံးပေါ့"

"ဒါဆို သားရဲ့ တိုးတက်ကြီးပွားမယ့် ကိစ္စမှန်သမျှကို မေမေ သဘောတူမယ်ပေါ့"

"အင်းပေါ့ သားရဲ့"

မိခင်၏ အဖြေကြောင့် လှမော် တအားတက်ရပါသည်။ ဒါပေမဲ့ သူနှင့်ရဲ ဝံ့စီစဉ်ခဲ့သော အစီအစဉ်ကိုတော့ ဖွင့်မပြောရဲပါ။

"နေစမ်းပါဦး သားရဲ့၊ ဒီနေ့ သားကို ကြည့်ရတာ တစ်မျိုးထူးခြားနေတယ်"

"မေမေ ထင်လို့ပါဗျာ"

လှမော်က ပျာပျာသလဲ လျှောချလိုက်ရပါသည်။ တကယ့်အဖြစ်မှန်ကိုသာ သိပါလျှင် ဘယ်နည်းနှင့်မှ သဘောတူမည်မဟုတ်၊ လူကြီးချင်း မျက်နှာပျက်ရမည့် အလုပ်ကို ရှေ့ထွက်ပါစေ လုပ်မည့်သူမဟုတ်မှန်း လှမော် သိပါသည်။

"မေမေ့ကို တစ်ခု ပြောမလို့"





"ဘာလဲ သား"

"ဩော်... တစ်ရက်နှစ်ရက် နေရင် သားခရီးထွက်ရမယ်၊ အဲဒါ မေမေ့ကိုတစ်ယောက်တည်း ထားခဲ့ရမှာ စိတ်မချလို့ မေမေ့ဘူမ မညီုကို ခေါ်ထားပါလား ဟင်"

"သားက ဘယ်လောက်ကြာမှာမို့လို့လဲ"

"မပြောတတ်ဘူး မေမေ၊ ဒါကြောင့် မနက်ဖြန် မညီုကို ဘွန်တော် သွားခေါ်လိုက်မယ်"

"သား သဘောပဲလေ"

ထိုနေ့ည လှမော် ကောင်းစွာ အိပ်ပျော်နိုင်သည်။ မိခင်ကြီးအတွက် နောက်ဆံမတင်းရအောင် စီစဉ်နိုင်ခဲ့သည်မို့ စိတ်အေးချမ်းမှုလေး ရလိုက်ပါသည်။

*

ချစ်မြတ်နိုးဝေက နောက်တစ်နေ့ နံနက် ဒေါ်တင်လှနှင့်အတူ ဈေးသို့ လိုက်ခဲ့ရသည်။ ဒေါ်တင်လှက ဈေးရောက်တော့ သူမ၏ မိတ်ဆွေဖြင့် ချစ်မြတ်နိုးဝေကို ထည့်လိုက်သည်။ ဒေါ်တင်လှ၏ မိတ်ဆွေ အဒေါ်ကြီးနှင့်အတူ မြို့ထဲ ကုန်သည်လမ်းသို့ ထွက်ခဲ့ရသည်။

ထိုအမျိုးသမီးကြီးက ချစ်မြတ်နိုးဝေကို သူမနှင့် ရင်းနှီးသော အပ်ချုပ်သင်တန်းတွင် အပ်ပေးခဲ့ပြီး ပြန်သွားသည်။ ချစ်မြတ်နိုးဝေက သင်တန်းကျောင်းတွင် ကျန်ရစ်ခဲ့သည်။ သူမကဲ့သို့ သင်တန်းသူလေးနှစ်ယောက်နှင့် ချက်ချင်းလိုပင် ရင်းနှီးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်နေ့က ကျောင်းအပ်ရုံမို့ အနည်းအကျဉ်း လေ့လာပြီး နှစ်နာရီလောက် နေပြီးမှ ချစ်မြတ်နိုးဝေ ပြန်ခဲ့သည်။ အပြန်လမ်းတွင် ရဲဝံ့ထံသို့ ဖုန်းဆက်ရန် သတိရပြီး လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ဝင်၍ ဖုန်းဆက်လိုက်သည်။

အသင့်ပင် ရဲဝံ့နှင့် တွေ့ဆုံလိုက်ရသည်။ အပ်ချုပ်သင်တန်း၏ လိပ်စာ အပြည့်အစုံကိုပေးပြီး တက်ရမည့်အချိန်ကိုပါ တစ်ပါတည်း ပြောလိုက်သည်။

ရဲဝံ့က မကြာခင် သူ လာရောက်ဆက်သွယ်မည့် အကြောင်းကို ပြောပြီး ဖုန်းချလိုက်သည်။ ချစ်မြတ်နိုးဝေက လိုင်းကားစီးပြီး ကမာရွတ် သုခလမ်းရှိ အိမ်သို့ ပြန်ခဲ့သည်။

*

အိမ်ပြန်ရောက်တော့ ရေမိုးချိုး ထမင်းစားသောက်ပြီး တစ်ဖက်ခြံသို့ ကူးခဲ့သည်။ ဒေါ်စုစုနှင့် တန်း၍ တိုးလေသည်။

"ကြီးကြီးစု ကိုလှူကော"

"သူ့အခန်းထဲမှာလေ"

"မြတ်နိုးဝေ သူနဲ့ သွားတွေ့လိုက်ဦးမယ်နော်"

"အေး ကောင်းပြီ ကလေး"

ချစ်မြတ်နိုးဝေက လှူမော်၏ အခန်းသို့ ရဲရဲတင်းတင်းပဲ ဝင်ခဲ့သည်။ သည်လိုပါပဲ၊ ငယ်ငယ်ကတည်းက ချစ်မြတ်နိုးဝေ လှူမော်၏ အခန်းသို့ ဝင်ချင်ဝင် ထွက်ချင် ထွက်ခဲ့လေသည်။

"ဟော့... ကိုလှူကြီး"





စာရေးစားပွဲပေါ် တကုန်းကုန်းနှင့် ငုံ့ပြီး စာရေးနေသော လှူမော်ကို တွေ့ရသည်။ လှူမော်က သူမဝင်လာသည်ကိုပင် မသိအောင် စိတ်အာရုံက ရေးနေသော စာထဲတွင် နစ်မြုပ်နေသည်။ ချစ်မြတ်နိုးဝေက ပခုံးကိုပုတ်၍ ခေါ်လိုက်တော့ လှူမော်၏ ကိုယ်ကြီးက ဆတ်ခနဲ တုန်သွားသည်။

"ကိုလှူ ဘာတွေ ရေးနေတာလဲ ဟင်"

"ရှုတ်... တိုးတိုး"

လှူမော်က နှုတ်ခမ်းပေါ် လက်ညှိုးကို ကန့်လန့်ဖြတ်တင်လိုက်ပြီး ပြောလိုက်သည်။

"မေမေ့ဆီ စာရေးခဲ့တာဟ"——

ချစ်မြတ်နိုးဝေ၏ မျက်နှာလေး ချက်ချင်း မှိုင်းသွားသည်။ လှူမော် မနက်ဖြန် သည်က ထွက်သွားရတော့မည် ဆိုတာကို အမှတ်ရလိုက်မိသည်။

"ကိုလှူက တကယ်သွားတော့မှာပေါ့နော်"

မျက်ရည်ဝဲဝဲ အသံတိမ်တိမ်လေးနှင့် ချစ်မြတ်နိုးဝေက ပြောလိုက်သည်။ အပြစ်ကင်းစင်ပြီး ဝင်းစက်နေအောင် လှလွန်းသော မျက်နှာလေးကို မှင်တက်မိစွာ လှူမော် ငေးကြည့်မိလျက်သား ဖြစ်သွား သည်။

"စီစဉ်ပြီးသားအတိုင်း လုပ်ရမှာပေါ့ကွာ"

"အင်းလေ ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ တကယ်ခွဲသွားတော့မယ်ဆိုတော့ မြတ်နိုးဝေရင်ထဲမှာ တစ်မျိုးပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျချင်သော မျက်ရည်များကို မျက်လုံးအိမ်အတွင်းသို့ ချစ်မြတ်နိုးဝေက ပုတ်ခတ်သွင်းလိုက်သည်။ အသံကို ထိန်းပြီး ကြိုးစား၍ စကားကို ဆက်လိုက်သည်။

"ငါလဲ ဘယ်ခွဲချင်ပါမလဲဟာ၊ ဒါပေမဲ့ ရှေ့ကောင်းစားရေးအတွက် ခုလို မလုပ်လို့မှ မဖြစ်တာဘဲ"

"အင်းလေ ဟုတ်ပါပြီ"

"ဒါနဲ့ နင် ဘာလာလုပ်တာလဲ"

"မြတ်နိုးဝေ အပ်ချုပ်သင်တန်းကျောင်း အပ်ပြီးပြီ၊ မနက်ဖြန်ကစပြီး သွားရမယ်၊ ကိုရဲဝံ့ကိုလဲ ဖုန်းဆက်ပြီးပြီ"

"နောက်ပိုင်း သူဆက်သွယ်လိမ့်မယ် မြတ်နိုးဝေ။ နင့်ကို ရဲဝံ့နဲ့ ပတ်သက်ပြီး ငါ ပြောစရာရှိသေးတယ်"

ချစ်မြတ်နိုးဝေ၏ မျက်နှာလေးကို စိုက်ကြည့်ရင်း ဖြည်းဖြည်းချင်း ပြောလိုက်သည်။ မသိမသာလည်သော မျက်ဝန်းဝိုင်းဝိုင်းလေးနှင့် ချစ်မြတ်နိုးဝေက သူ့ကို မော့လိုက်သည်။

"ဘာများလဲ ကိုလှုရယ်"

"ရဲဝံ့ဟာ ကျောင်းတုန်းကတည်းက လူအေးတစ်ယောက်ပါ မိန်းမတွေနဲ့ ပတ်သက်ရင် ကင်းရှင်းတယ်၊ ကတိတည်တဲ့ လူစား နင့်ကို ငါ စိတ်ချလက်ချ ရဲဝံ့နဲ့ အပ်ခဲ့တာ မြတ်နိုးဝေ။ ဒို့ပြင် နင့်ကို ငါ စိတ်ချလက်ချ ... ဆိုရင်လေ ငါ ဘယ်လောက်ပဲ ချမ်းသာမယ်ဆိုပါစေ နင့်ကို စိတ်မှာ မဟုတ်ဘူး"

"မြတ်နိုးဝေအတွက် စိတ်ချနေပါ ကိုလှု"





ချစ်မြတ်နိုးဝေက လှုမော် နောက်ဆံမတင်းစေရန် စိတ်ချလက်ချ ရှိနေစေဖို့ ပြောလိုက်သည်။

"ကြီးကြီးစုကို ဘာတွေ ရေးခဲ့တာလဲ"

"ငါ မေမွှေကို ခရီးသွားမယ်လို့သာ ပြောခဲ့တာ၊ နင်နဲ့ ငါ့ ကိစ္စပြတ်ရအောင် ဒီစာရေးခဲ့တယ်၊ မေမေတော့ တစ်ချက် ဒေါသဖြစ်မှာပဲ"

"အင်း... လူကြီးတွေကို ညာရတာ မြတ်နိုးဝေ စိတ်မလုံဘူး"

"မြတ်နိုးဝေရေ ငယ်မိသဲတိုင် တက်နိုင်ဖျားရောက်တဲ့ လုပ်မိဘဲ အလုပ် ဆုံးခန်းတိုင်အောင် လုပ်ရမှာပဲ"

လှုမော်က ဆုံးဖြတ်ပြီးသည့်ကိစ္စကို နောင်တရပုံမပေါ်ပေ။ သည်တော့ ချစ်မြတ်နိုးဝေ ရင်ထဲမှာ တင်းကျပ်မှုက နည်းနည်းပေါ့ပါးသွားရပါတော့သည်။

"ကဲ... ကိုလှု မြတ်နိုးဝေ ပြန်မယ်နော်၊ ကိုလှု့ကို တစ်ခါတည်း နှုတ်ဆက်ခဲ့ပြီနော်"

"အေး ငါ့ညီမလေး စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိပါစေလို့ ဆုတောင်းခဲ့တယ်"

ချစ်မြတ်နိုးဝေက လှုမော်၏ အခန်းထဲမှ ပြေးထွက်ခဲ့သည်။ ပြေးခဲ့သော မျက်နှာလေးဝယ် မျက်ရည်လေးများ ဝေ့သီနေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



၁၂

နောက်တစ်နေ့နံနက်သို့ ရောက်ခဲ့ပါပြီ။ မီးဖိုထဲတွင် ချစ်မြတ်နိုးဝေက ဒေါ်မြင့်သောင်းနှင့်အတူ ချက်ပြုတ်နေစဉ် ဧည့်ခန်းမှ ဆူဆူညံညံ အသံများကို ကြားရလေတော့သည်။

"ဟဲ့... အိမ်ရှေ့မှာ ဘာဖြစ်နေလဲ မသိဘူး၊ စုစုအသံလဲ ကြားတယ်"

ဒေါ်မြင့်သောင်းက ပြောရင်း မီးဖိုခန်းမှ အပြေးတစ်ပိုင်းနှင့် ထွက်သည်။ ချစ်မြတ်နိုးဝေလည်း သူမ၏နောက်မှ ကပ်ပြီး မဝံ့မရဲနှင့် လိုက်ထွက်ခဲ့သည်။

ဧည့်ခန်းထဲမှ မြင်ကွင်းကိုကြည့်ပြီး ချစ်မြတ်နိုးဝေက မလုံမလဲ ဖြစ်ရပါသည်။ ဒေါ်စုစု၏ လက်ထဲတွင် ဖြန့်ထားသော စာတစ်စောင်ကို ကိုင်ထားပြီး ငိုကြီးချက်မနှင့် ပြောသည်။ ဒေါ်တင်လှ၏ မျက်နှာကလည်း ပြိုတော့မည့်မိုးလို မည်းမှောင်နေလေသည်။





"ဘာဖြစ်တာလဲ စုစုရယ်"

ဒေါ်မြင့်သောင်းက ဒေါ်စုစုနားသို့ ကပ်သွားပြီး ညင်သာစွာနှင့် မေးလိုက်သည်။

"အမယ်လေး မမြင့်သောင်းရယ် သားမိုက်လုံးကြီးတဲ့အကြောင်း စုစုဖြင့် လဲတောင်သေချင်တယ် သိလား"

အငိုတစ်ဝက်ဖြင့် ဒေါ်စုစုက ပြောသည်။

"လှူမော်က ဘာလုပ်နေလို့လဲ"

"ဒီမှာသာ ဖတ်ကြည့်ပါတော့ မမြင့်သောင်းရယ်"

ဒေါ်မြင့်သောင်းက ဒေါ်စုစုလက်မှ စာရွက်ကို လှမ်းယူ၍ ဖတ်လိုက်သည်။ ချစ်မြတ်နိုးဝေက သူမနောက်နားကပ်ပြီး စာကို ဝင်ဖတ်နေသည်။

**မေမေ**

သား ရှိသေချစ်မြတ်နိုးစွာနဲ့ မေမေ့ကို စာရေးခဲ့ပါတယ်၊ သားကို ခွင့်လွှတ်နိုင်ပါစေလို့ သား ဆုတောင်းခဲ့ပါတယ် မေမေ၊ မေမေတို့ သဘောတူထားတဲ့ ချစ်မြတ်နိုးဝေလေးကို မယူနိုင်တာကို ခွင့်လွှတ်ပါ မေမေ။ သား ချစ်မြတ်နိုးဝေလေးကို ညီမရင်းလေးကိုပဲ ချစ်တာပါ။ သားမှာ ချစ်သူရှိပြီးသားပါ။ မှ သားချစ်သူနဲ့ နယ်တစ်နေရာကို ထွက်သွားပါပြီ မေမေ။ သားတို့ ချစ်ခြင်းကို ခွဲဖို့ မကြိုးစားပါနဲ့လို့ တောင်းပန်ပါရစေ။

သား နယ်မှာ ကြီးပွားချမ်းသာအောင် လုပ်ပါ့မယ်၊ ခုလောလောဆယ် မေမေသုံးဖို့ ငွေတစ်သောင်းငါးထောင်



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ပါတယ်၊ သားအဆင်ပြေတာနဲ့ ငွေ ထပ်ပို့ပေးပါမယ်။

မေမေ စိတ်ပြေတဲ့နေ့မှာ သားနဲ့မေမေ့ ချွေးမ မေမေ့ကို လာတွေ့ပါမယ်။

မေမေ ခွင့်လွှတ်နိုင်ပါစေ

လှမော်

လှမော်၏စာကို အတူတကွ ဖတ်နေသော သူနှစ်ဦးမှာ ခံစားချက်က တစ်မျိုးစီပါ။ ဒေါ်သောင်းမြင့် မတော်လိုက်ရသော တူလေးကို နှမြောတသပြီး တူမငယ်အတွက် ဝမ်းနည်းမဆုံး ဖြစ်နေသည်။

ချစ်မြတ်နိုးဝေ၏ ရင်ထဲမတော့ လှမော်၏ စာကိုဖတ်ပြီး ရယ်ချင်စိတ်ကို မနည်းထိန်းနေရသည်။ ပြီးတော့ အနှောင်အဖွဲ့တစ်ခုမှ လွတ်မြောက်ရလေပြီမို့ စိတ်ထဲမှာ ပေါ့ပါးသွားသည်။

လူကြီးတွေ ခံစားနေရတာကို ကြည့်လိုက်ပြန်တော့လည်း စိတ်မကောင်း ဖြစ်မိသည်။ ဒါပေမဲ့ ခုလိုဖြစ်ရတာ ရင်ကွဲပက်လက် ခံစားရမည့်ကိစ္စမဟုတ်ဟု ချစ်မြတ်နိုးဝေ သဘောထားလိုက်သည်။

"ကိုလှ သေသွားတာမှ မဟုတ်တာ။ ဒါလောက် ငိုနေစရာလဲ မလိုပါဘူးလေ"

စိတ်ထဲက ပေါ့ပေါ့လေး တွေးပစ်လိုက်သည်။

"ကျွန်မ မျက်နှာကိုသာ မားနဲ့လှီးပစ်ချင်တော့တာပဲ မမတင်ရယ်"

ဒေါ်တင်လှကို တောင်းပန်သော မျက်ဝန်းတွေနှင့် ကြည့်ပြီး ပြောလိုက်သည်။ ဒေါ်တင်လှလည်း စိတ်မသက်သာသော မျက်နှာကြီး





နှင့် ဒေါ်စုစုကို ကြည့်လိုက်သည်။

"ဘယ်တတ်နိုင်မလဲ စုစုရယ်၊ လူကြီးတွေက ကောင်းစေချင်လို့ စီမံတာ ကလေးတွေ မလိုက်နာတော့ ဘယ်လိုလုပ်မလဲ စိတ်ကိုဖြေရမှာပေါ့"

"ကျွန်မဖြင့် သမီးလေး မြတ်နိုးဝေကို သနားလိုက်တာ၊ ပြောဆိုပြီးမှ ကျွန်မသားက ဖျက်တာ၊ အားနာလို့ ဘာပြောရမှန်း မသိပါဘူးရှင်"

ဒေါ်စုစု၏ စကားကြောင့် ချစ်မြတ်နိုးဝေက ကျိတ်ပြီး ရင်ထဲက ရယ်လိုက်မိပါသည်။

"စိတ်မကောင်းစရာပေါ့ စုစုရယ်၊ ဒါပေမဲ့ ပြင်လို့ရတဲ့ ကိစ္စမှ မဟုတ်တာ၊ စိတ်ကို လျှော့လိုက်ပါတော့"

ဒေါ်စုစုက အားတုံ့အားနာ မအီမလည် မျက်နှာကြီးနှင့် ချစ်မြတ်နိုးဝေတို့၏ မျက်နှာတွေကိုကြည့်ပြီး ပြောသည်။ အားလုံး လူကြီးတွေ တူညီသော အတိုင်းအတာနှင့် စိတ်မကောင်းဖြစ်နေသည်။

ချစ်မြတ်နိုးဝေမှာတော့ လူကြီးတွေအတွက် စိတ်မကောင်းခြင်းက တစ်ပိုင်း၊ မိမိ၏ လွတ်လပ်မှုအတွက်ရော လှမော်၏ အောင်မြင်မှုအတွက်ပါ ဝမ်းသာသည်က တစ်ကဏ္ဍ ဖြစ်နေသည်။

လူကြီးတွေက အပြန်အလှန် တစ်ဦးကိုတစ်ဦး နှစ်သိမ့်နေသော စကားများကို နှုတ်ဆိတ်စွာ ချစ်မြတ်နိုးဝေ နားထောင်နေပါသည်။ ဖြေဆည်၍ မရအောင် ဖြစ်နေသော ဒေါ်စုစုကို ချစ်မြတ်နိုးဝေ



www.burmeseclassic.com

www.burmeseclassic.com



သနားကရုဏာ သက်စွာ စကားဆက်ပြန်သည်။

"ကဲ ... သူ့ဘက်က စဖျက်တာပဲ သမီးရယ်။ ရှက်စရာ မလိုပါဘူး၊ နောက်ပြီး ဒီကိစ္စက ဒေါ်ဒေါ်ကြီးတို့ နှစ်အိမ်ကလွဲလို့ တခြား ဘယ်သူမှ သိတာမဟုတ်ဘဲ"

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်ကြီး"

ဒေါ်တင်လှက ကြောင်းလမ်းထားသည့်ကိစ္စ ပျက်ရခြင်းအတွက် ချစ်မြတ်နိုးဝေ စိတ်ထိခိုက်နေသည် ထင်ပြီး ချွေးသိပ်နေသည်။ သူ့အထင်နှင့် သူမ၏ ခံစားချက်က ဘာမှမဆိုင်သည်မို့ ချစ်မြတ်နိုးဝေ ရယ်များတောင် ရယ်ချင်လိုက်ပါသည်။

"မြတ်နိုးဝေ သွားတော့မယ် ဒေါ်ဒေါ်ကြီး"

"အေး... လုပ်စရာရှိတာ ဆက်လုပ်၊ ပိုလ်နေမြဲ ကျားနေမြဲပေါ့ သမီးရယ် စိတ်အားမငယ်နဲ့"

ဒေါ်တင်လှရှေ့မှ လှစ်ခနဲ ချစ်မြတ်နိုးဝေ ထွက်ခဲ့သည်။ သူမတို့၏ တကယ့်အဖြစ်အပျက်ကို မသိရှာကြသော လူကြီးတွေကို သနားလည်း သနား၊ ရယ်လည်း ရယ်ချင်နေပါသည်။

* * *





## ၁၃

ညနေ ချစ်မြတ်နိုးဝေက သင်တန်းကျောင်းမှ ဆင်းခဲ့သည်။ ကျောင်းရှေ့နှင့် တော်တော်လှမ်းမှာ ရပ်ထားသော ကားတစ်စီးကို သတိပြုမိသည်။

"ဟင်... ကိုရဲဝံ့လား မသိဘူး"

ချက်ချင်းပဲ သူမ၏ အကြည့်က ကားနံပါတ်ဆီသို့ ပြေးသွားသည်။ ရဲဝံ့၏ ကားနံပါတ်ကို အလွတ် ကျက်ထားသည်မို့ ရဲဝံ့၏ကားဆိုတာ သိလိုက်သည်။ ယာဉ်မောင်းနေရာတွင် ရဲဝံ့က ရှိမနေပါ။

ကားဆီသို့ ဦးတည်လျှောက်ရင်း ကား၏ အနီးနားတစ်ဝိုက်သို့ မျက်လုံးလေး ဝေ့ကစားလိုက်သည်။

ဟော... တွေ့ပါပြီ။ ကားနှင့် မလှမ်းမကမ်းမှာ မိမိလာရာလမ်းကို စောင့်မျှော်နေသော ရဲဝံ့။ စီးကရက်ကို ဖွာရင်း ချစ်မြတ်နိုးဝေကို တွေ့တော့ လှမ်း၍ ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်သိမ့်ရန်ပင် မေ့နေပါသည်။

တစ်ဦးကိုတစ်ဦး အလုအယက်ပြောနေကြသော လူကြီးတွေ အပါးမှ အသာလေးလျှိုပြီး ချစ်မြတ်နိုးဝေ မီးဖိုဆောင်သို့ ထွက်ခဲ့သည်။

ကြည့်… ဘယ်လောက်တောင် ဆိုးတဲ့ ချစ်မြတ်နိုးဝေလဲလို့။ မီးဖိုဆောင်သို့ ရောက်သည်နှင့် အောင့်အည်းခဲ့သမျှကို အတိုးချပြီး ကျိတ်၍ ရယ်လိုက်သည်။

"ကိုလူကြီး သနားပါတယ်၊ လေယာဉ်ပေါ်မှာ ဘယ်လောက်တောင် ခေါင်းကျိန်းနေပြီလဲ မသိဘူး၊ လူကြီးတွေကတော့ သူ့ကို ကောင်းကောင်းကြီး မေတ္တာပို့နေကြပြီ"

တွေးရင်းနှင့် လျှာလေးတစ်လစ် ဇက်လေးပုသွားလေသည်။ ချက်ပြုတ်သည့်ကိစ္စကို မြန်မြန် စီစဉ်လိုက်ရသည်။

စိတ်မကောင်းကြီးစွာ ဖြစ်နေတဲ့ ဒေါ်သောင်းမြင့်ခမျှာ မီးဖိုဆောင်ထဲ ပြန်ဝင်ဖို့ပင် သတိမရပေ။ ချစ်မြတ်နိုးဝေက ချက်ပြုတ်ပြီး ညှော်ခန်းသို့ ထွက်သွားသည့်တိုင်အောင် သူတို့၏ စကားဝိုင်းက မပြီးသေးပါ။

ချစ်မြတ်နိုးဝေက အပ်ချုပ်သင်တန်းကျောင်းသို့ သွားရန် ပြင်ဆင်ဖို့ သူမ၏ အခန်းသို့ တက်ခဲ့သည်။ ရေချိုးခန်းသို့ဝင်ပြီး မြန်မြန်လေး ပြင်ဆင်လိုက်သည်။

လူကြီးတွေ၏ သောကကို စာနာဖို့ပင် မေ့လျော့သွားသည်။ ခါတိုင်းလိုပင် သူမ၏ ကိုယ်ကို ကြော့ကြော့မော့မော့လေး





ပြင်ဆင်လိုက်သည်။

ချစ်မြတ်နိုးဝေ အပေါ်ထပ်မှ ပြန်ဆင်းလာတော့ ဒေါ်စုစုပင် ပြန်သွားလေပြီ။ ညှော်ခန်းထဲတွင် ငူငေါင်စွာထိုင်နေသော ဒေါ်တင်လှနှင့် ဒေါ်မြင့်သောင်းကို တွေ့ရသည်။

"ဟင်… ဝတ်လို့ စားလို့၊ ဘယ်လဲမြတ်နိုးဝေ"

ဒေါ်ဒေါ်ကြီးက သူမ၏ ကြော့ရှင်းနေသော ကိုယ်ကို ဓွဲခနဲ ကြည့်လိုက်ပြီး မျက်နှာထား တည်တည်ကြီးနှင့် မေးလိုက်သည်။

"မြတ်နိုးဝေ အပ်ချုပ်သင်တန်း သွားမလို့ပါ"

မျက်နှာသေလေးနှင့် ချစ်မြတ်နိုးဝေက ပြောလိုက်သည်။ ဒေါ်တင်လှ၏ စူးစမ်းသောအကြည့်များက ပြင်းပြင်းထန်ထန် ချစ်မြတ်နိုးဝေ ကိုယ်ပေါ်သို့ ကျရောက်နေသည်။

ညှိုးငယ်နေသော ချစ်မြတ်နိုးဝေ၏ မျက်နှာကို ကြည့်ပြီး ဒေါ်တင်လှက တူမငယ်အပေါ် သနားစိတ်နည်းနည်း ယိုဖိတ်လာသည်။

"လူမော်အတွက် သမီး စိတ်ထိခိုက်နေသလားကွယ်"

လုံးဝ မမျှော်မှန်းထားသော ကြင်နာယုယသံကို ဒေါ်တင်လှထံမှ ချစ်မြတ်နိုးဝေက ရရှိလိုက်ပါသည်။ ချစ်မြတ်နိုးဝေကလည်း တမင် မျက်နှာငယ်လေးဖြင့် ဟန်ဆောင်နေခြင်း မဟုတ်ပါ။ လူမော်အကြောင်းကို စဉ်းစားမိပြီး တကယ် စိတ်ထဲက လွမ်းသလို ဝမ်းလည်းနည်းသွားလို့ပါ။

ချစ်မြတ်နိုးဝေက မျက်လွှာလေးကိုချလိုက်သည်။ ဒေါ်တင်လှက



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးစလုံး မျက်နှာချင်းဆိုင် ရွေ့လျားလာသည်မို့ စင်္ကြန် အနည်းငယ်အတွင်းမှ ဆုံမိကြသည်။

"စောင့်နေတာ ကြာပြီလား ကိုရဲဝံ့"

အပြုံးငွေ့ သက်သက်လေးသာပါသော မျက်နှာလေးနှင့် ချစ်မြတ်နိုးဝေက မေးလိုက်သည်။ ရဲဝံ့က သူမကို စူးရှတောက်ပြောင်သော မျက်ဝန်းများနှင့် ကြည့်နေသည်ကို တွေ့ရသည်။

"မကြာသေးပါဘူး၊ ချစ်မြတ်နိုးဝေ"

မျက်နှာချင်းဆိုင် ရပ်မိကြပြီ။ ချစ်မြတ်နိုးဝေက သူ၏ မျက်နှာကို ရဲရဲမကြည့်ရဲတော့သဖြင့် ခေါင်းငုံ့လိုက်သည်။

"ကိုလူကြီး မနက်က အိမ်က ထွက်သွားပြီ"

စကားမရှိ စကားရှာပြီး ချစ်မြတ်နိုးဝေက ပြောလိုက်သည်။

"အေးလေ တို့ သိတယ်၊ သူ့အဆင်ပြေမှာပါ"

"အိမ်မှာတော့ ကြီးကြီးစုရော ဒေါ်ဒေါ်ကြီးပါ ပွက်လောရိုက်ပြီး ကျန်ရစ်ခဲ့ကြတယ်"

"ခဏတော့ လူကြီးတွေ စိတ်ဆိုးကြမှာပေါ့၊ ဒါနဲ့ ချစ်မြတ်နိုးဝေကို ဘာပြောကြသေးလဲ"

"စုံလို့ပေါ့"

"လာလေ ပြန်လိုက်ပို့ပေးမယ်"

"ရပါတယ်၊ ကျွန်မဘာသာ ပြန်မယ်"

"လာပါ ချစ်မြတ်နိုးဝေရယ် သွားရင်း လာရင်းနဲ့ ကားပေါ်မှာ စကားပြောလို့ ရတာပေါ့"





ဖွင့်လာပေးသော တံခါးမှ ချစ်မြတ်နိုးဝေ ထိုင်လိုက်ရပါသည်။ ရဲဝံ့က တံခါးကို ပိတ်ပေးသည်။ ပြီးတော့ တစ်ဖက်တံခါးမှ ကားထဲသို့ ဝင်ထိုင်သည်။ ကားသော့ကို လှည့်၍ စက်နှိုးသည်။

"ချစ်မြတ်နိုးဝေ တစ်ခုခု စားပါဦးလား"

"ဟင့်အင်း အိမ်ပြန်နောက်ကျလို့ မဖြစ်လို့ပါ"

ချစ်မြတ်နိုးဝေထံသို့ အကြည့်စူးစူးနှင့် တစ်ချက်စောင်းငဲ့ကြည့်ပြီး ကားကို မောင်းထွက်ခဲ့သည်။

"လူမော်က တို့အကြံပေးသလို မိန်းမတစ်ယောက်နဲ့ ခိုးပြေးသွားပြီဆိုတာကော ပြောခဲ့သေးလား"

"ကြီးကြီးစုကို သူစာရေးထားခဲ့ပါတယ်၊ ဒါကြောင့် ကြီးကြီးစုက သူ့ကို သိပ်စိတ်ဆိုးပြီး မြတ်နိုးဝေကို အားနာသနားနေတာ"

သရော်တော်တော် အပြုံးတစ်ခု ချစ်မြတ်နိုးဝေထံသို့ သူက ပို့လွှတ်လိုက်သည်။

"ချစ်မြတ်နိုးဝေကကော မှင်သေသေနဲ့ နေရဲ့လား"

"အင်းပေါ့ မနည်းကြီး ဟန်ဆောင်နေရတယ်၊ ဒါကြောင့်လေ မြတ်နိုးဝေ သူတို့ရှေ့မှ ကြာကြာမနေဘူး ရှောင်နေလိုက်တယ်"

သွက်သွက်လေး ချစ်မြတ်နိုးဝေက ပြောလိုက်သည်။

"ချစ်မြတ်နိုးဝေရယ် မင်းကို တို့လေ နာမည်တစ်လုံးလျှော့ခေါ်ချင်တယ် ဖြစ်မလား"

"ကိုရဲဝံ့က ဘယ်လိုခေါ်ချင်လို့လဲ"

အပြစ်ကင်းစင်သော မျက်လုံးဝိုင်းဝိုင်းလေးနှင့် ချစ်မြတ်နိုးဝေက



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်ရင်း မေးသည်။

"ချစ်မြတ်နိုးလို့လေ"

"ဟင်… "

ဝိုင်းနေသော မျက်လုံးဝိုင်းဝိုင်းလေးအပြင် ပါးစပ်လေးပါ ဝိုင်းသွားသည်။

"မြတ်နိုးဝေလို့ အားလုံးက ခေါ်ကြတယ်၊ ကိုရဲဝံ့ခေါ်သလို မခေါ်ကြလို့ မြတ်နိုးဝေရဲ့ နားထဲမှာ တစ်မျိုးပဲ "

"တို့က ချစ်မြတ်နိုးလို့ ခေါ်တာကိုကော မကြိုက်ဘူးလား"

"မြတ်နိုးဝေရဲ့ နာမည်က ချစ်မြတ်နိုးဝေပဲ၊ ကိုရဲဝံ့ ကြိုက်သလို ခေါ်နိုင်ပါတယ်၊ ချစ်မြတ်နိုးလို့ပဲ ခေါ်ခေါ် မြတ်နိုးဝေလို့ပဲ ခေါ်ခေါ် နာမည်ရင်းက တစ်လုံးလျှော့တာပဲ၊ ရပါတယ်"

ရွှန်းလဲ့သော အကြည့်စူးစူးတစ်ခု ချစ်မြတ်နိုးဝေထံသို့ ဝေ့ခနဲ ဝဲသွားသည်။ ရဲဝံ့၏ ရင်ထဲမှာ ပြောချင်သည့် စကားတွေ မြွတ်သိပ်နေသည်။ ဒါပေမဲ့ သည်စကားများပြောရန် ရဲဝံ့ မဝံ့မရဲ ဖြစ်နေပါသည်။ ရင်ထဲမှာ ဆန္ဒအားလုံးကို မျိုသိပ်လိုက်ရပါတော့သည်။

"ချစ်မြတ်နိုးရဲ့ အိမ်ကို တို့ လာဖို့က သိပ်စောနေသေးပေမဲ့ တို့ ဘက်မှာတော့ ချစ်မြတ်နိုးနဲ့ တို့ တွေ့ဖို့က သိပ်ကို လိုအပ်နေပြီ"

"ရှင်… "

ရဲဝံ့၏ စကားကြောင့် ချစ်မြတ်နိုးဝေ၏ ရင်ထဲမှာ လှိုက်ခနဲ ခုန်မြည်သွားသည်။

"တို့လဲ ဘိုးဘိုးကို သိပ် အချိန်ဆွဲလို့ မဖြစ်တော့ဘူး"





ရင်ထဲတွင် စိုးရိမ်ပူပန်မိသော်လည်း ပေးမိသည့် ကတိအတွက် လာမယ့် ဘေးပြဿနာတွေ့ရမှာမို့ ချစ်မြတ်နိုးဝေက ရဲဆေး တင်းလိုက်ပါသည်။

"မြတ်နိုးဝေ ဘာလုပ်ပေးရမလဲ၊ ပြောပါ ကိုရဲဝံ့"

ပြတ်သားနေသည့် မျက်နှာထား တည်တည်လေးနှင့် ချစ်မြတ်နိုးဝေက ပြောလိုက်သည်။

"ချစ်မြတ်နိုး တို့နဲ့အတူ ဘိုးဘိုးကို လိုက်တွေ့ပေးပါ"

"ဘယ်တော့လဲဟင်"

"မနက်ဖြန်မှပါ၊ ညနေ ကျောင်းဆင်းချိန်ပေါ့"

"ဟင် ညနေ ကျောင်းဆင်းပြီးမှ ဟုတ်လား"

"ဟုတ်တယ်"

"မဖြစ်ဘူး ထင်တယ်၊ အိမ်ပြန်နောက်ကျလို့ မဖြစ်ဘူး၊ ဒီလို လုပ်ပါလား ကိုရဲဝံ့"

"ပြောပါ ချစ်မြတ်နိုး"

"မြတ်နိုးဝေ ကျောင်းက အကြောင်းတစ်ခုပြပြီး စောဆင်းခဲ့မယ်၊ ညနေ သုံးနာရီလောက်ဆို ဖြစ်မလား"

"ဖြစ်ပါတယ်၊ ချစ်မြတ်နိုး အဆင်ပြေသလို လုပ်ပါ"

ရဲဝံ့က ချစ်မြတ်နိုးလို့ ခေါ်လိုက်တိုင်း ချစ်မြတ်နိုးဝေ၏ ရင်ထဲမှာ လှိုက်၍ လှိုက်၍ ခုန်မိပါသည်။ သူ၏ ခေါ်ပုံခေါ်နည်းက သူများနှင့် မတူသလို ခေါ်သော အသံကလည်း တစ်မျိုးပါ။

နာမည်တစ်လုံးချင်း၏ အဓိပ္ပာယ်ကို လေးလေးနက်နက်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်နေသလိုပါ။ အမည်တစ်လုံးနှင့် တစ်လုံးကြားမှာ ခေါ်သံက ဆက်မနေ၊ မသိမသာ ပြတ်တောက်နေသလိုပင်။ သည်လို ဆွဲဆွဲငင် ငင် ခေါ်လိုက်လေတိုင်း တဖျပ်ဖျပ် ခုန်သွားရသည်က ချစ်မြတ်နိုးဝေ၏ နှလုံးသားနုနုလေး။

"နောက်ပြီး ဘိုးဘိုးတို့ရှေ့မှာလေ၊ ဟန်ဆောင်တာ ပိပိပြင်ပြင် ဟန်ဆောင်နော်၊ ဘိုးဘိုးက သိပ်အကင်းပါးတယ်"

"ဟုတ်ကဲ့ပါ"

"ချစ်မြတ်နိုးရယ် တစ်ခုခု ဝင်စားကြရအောင်ပါ ဗိုက်ဆာနေမှာပေါ့"

"မြတ်နိုးဝေ၊ ဘာမှ မစားချင်ပါဘူး"

"သူများတွေ အမြင်မှာ သမီးရည်းစားဖြစ်နေတဲ့ နှစ်ယောက်၊ ဒါလောက် မစိမ်းကားသင့်ပါဘူး"

ရဲဝံ့က ရင်ထဲမှ တင်းခနဲဖြစ်ပြီး ပြောချလိုက်သည်။

"အခုအချိန်မှာ မြတ်နိုးဝေတို့ သိပ်ခြေလှမ်းမကျဲသင့်သေးပါဘူး ကိုရဲဝံ့၊ မတော်လို့ ဒေါ်ဒေါ်ကြီးတို့ သိသွားရင် ဒုက္ခများကုန်လိမ့်မယ်"

"သူတို့ သိမှ တို့နှစ်ယောက်အတွက် ပိုအဆင်ပြေမှာပေါ့"

"အို... မြတ်နိုးဝေက သူတို့ကို ဘယ်လို အသိပေးရမှာလဲ၊ ကြောက်တယ်သိလား"

"ဖြည်းဖြည်း တို့ စီစဉ်မယ်၊ချစ်မြတ်နိုးသာ စိတ်အေးအေးထားပါ၊ တို့အားလုံး ကျေနပ်အောင် လုပ်တတ်ပါတယ်"





ရဲဝံ့က သူ့ကိုယ်သူ ယုံကြည်စိတ်ချစွာနှင့် အာမခံလိုက်သည်။

"ချစ်မြတ်နိုး တစ်ခါမှ ရည်းစား မထားဖူးဘူး မဟုတ်လား"

"ရှင်..."

ရုတ်ရက် ကောက်မေးလိုက်သော အမှတ်မထင် မေးခွန်းကြောင့် ချစ်မြတ်နိုးဝေက အံ့သြ ထိတ်ပျာသွားသည်။

"ချစ်မြတ်နိုးက ငယ်ငယ်လေး ရှိသေးတာ၊ ဘယ်ရည်းစား ထားတတ်ဦးမလဲနော်"

တစ်ဖက်မှ အဖြေက ပေါ်ထွက်မလာတော့ သူ့အမေးကို သူပဲ ပြန်ပိတ်လိုက်တော့သည်။

"ချစ်မြတ်နိုးကိုတော့ စိတ်ဝင်စားတဲ့ လူတွေ ရှိမှာပဲနော်"

"ဒီမှာ ကိုရဲဝံ့၊ မြတ်နိုးဝေက ဘယ်ယောက်ျားကိုမှ စိတ်မဝင်စားခဲ့ဘူး၊ မြတ်နိုးဝေကို ချစ်ခွင့်ပန်တဲ့လူဆို သာမှန်းသေး၊ ယောက်ျားတွေကို အထင်မကြီးတဲ့စိတ်က မြတ်နိုးဝေရင်မှာ အမြစ်တွယ်နေခဲ့တယ် သိလား"

နုးညံ့သိမ်မွေ့သော မျက်နှာလေးနှင့် မလိုက်ဖက်အောင် ဖူးအာနေသော နှုတ်ခမ်းလေးနှင့် မလိုက်အောင် ချစ်မြတ်နိုးဝေထံမှ နင့်သီးသော စကားများကို ရဲဝံ့ မယုံနိုင်အောင် ကြားလိုက်ရပါသည်။

"ဗျာ... ချစ်မြတ်နိုးက ယောက်ျားတွေကို မုန်းတယ် ဟုတ်လား"

"ဟုတ်တယ်၊ လူမှန်းသိတတ်တဲ့ အရွယ်ကတည်းက ယောက်ျားတွေကို မုန်းဖို့၊ နာကြည်းဖို့ပဲ မြတ်နိုးဝေ နားလည်ခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထားလေး တင်းနေသလို၊ လေသံကလည်း မာဆတ်ဆတ်ပါ။ ရဲဝံ့က ချစ်မြတ်နိုးစေ၏ စကားကြောင့် ပို၍ ချစ်မြတ်နိုးဝေကို စိတ်ဝင်စားသွားသည်။ သည်လောက် နူးညံ့ချောမွေ့ အိညက်နေသော မျက်နှာရှင်လေး၏ နှလုံးသားထဲမှာ အဘယ်ကဲ့သော ကြမ်းတမ်း နာကြည်းတဲ့ အဖြစ်များ ရှိနေသနည်းဟု... ။

"တို့ရော ချစ်မြတ်နိုးမုန်းတဲ့ စာရင်းထဲမှာ ပါလား"

"ရှင်လဲ ယောကျ်ားထဲက ယောကျ်ားတစ်ယောက်ပဲ ပါမှာပေါ့"

"ဟာကွာ"

စိတ်ပျက်လက်ပျက်ကြီး ရဲဝံ့ ညည်းတွားလိုက်သည်။ မျက်နှာတည်တည်လေးနှင့် ချစ်မြတ်နိုးဝေက သူ့ကို လှည့်ကြည့်သည်။

"ဒါပေမဲ့ ကိုရဲဝံ့ စိတ်မပူပါနဲ့၊ စခဲ့တဲ့ လုပ်ငန်းကို ကတိအတိုင်း မြတ်နိုးဝေ ဆက်လုပ်ပေးမယ် စိတ်ချပါ"

ပင့်သက်နက်နက်တစ်ခုကို ခိုး၍ ရှိုက်လိုက်သည်။ တော်ပါသေးရဲ့ဟု ရင်ထဲမှာ ကျိတ်ညည်းတွားလိုက်သည်။ ရဲဝံ့ကို ရင်ဆိုင်လိုက်သော သူမ၏ အကြည့်ထဲမှာ ရဲဝံ့ပြတ်သားသော စိတ်ဓာတ်ကို တွေ့လိုက်ရပါသည်။

လူမင်ငယ်ငြားသော်လည်း စိတ်ဓာတ်မနုနယ်၊ မသိမ်ငယ်မှန်း ရဲဝံ့ ပြက်ပြက်ထင်ထင် တွေ့လိုက်ရပါသည်။

"မြတ်နိုးဝေကို လှည်းတန်းမှာပဲ ရပ်ပေးပါ"

"သုခလမ်းထိပ်ထိ ပို့ပေးမယ်လေ"

"လှည်းတန်းမရောက်ခင်မှာပဲ ရပ်ပေးပါ၊ ဒေါ်ဒေါ်ကြီးတို့





မြင်တွေ့သွားရင် မဖြစ်လို့ပါ"

"ကောင်းပါပြီ ချစ်မြတ်နိုး"

ချစ်မြတ်နိုးဝေကို စောဒကတက်၍ မရမှန်းသိသည်မို့ ရဲဝံ့က လိုင်းပေါက်မှတ်တိုင်နားမှာ ကားကို ရပ်ပေးသည်။

"မနက်ဖြန် တို့ လာခဲ့မယ်နော်"

"ဟုတ်ကဲ့"

ချစ်စရာမျက်နှာလေးကို တစ်ချက်စူးစူးကြည့်ပြီး ရဲဝံ့က ကားကို သူမအပါးမှ မောင်းထွက်ခဲ့သည်။ ချစ်မြတ်နိုးဝေကို ခွဲခွာထားခဲ့ရ၍ ရင်ထဲမှာ ဟာတာတာကြီးပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

ချစ်မြတ်နိုးဝေ အိမ်ပြန်ရောက်တော့ ညှော်ခန်းမှာ ဈေးလည်း မထွက်နိုင်၊ သနပ်ခါးလည်း မလိမ်းနိုင်လောက်အောင် စိတ်ဓာတ်တွေ ရေရေလည်လည် ကျနေသော ဒေါ်တင်လှကို တွေ့ရသည်။

အဖြစ်သည်းနေလွန်းသော ကြီးဒေါ်ကြီးကို ချစ်မြတ်နိုးဝေက သနားပင် သနားလိုက်မိပါသေးသည်။

"ဒေါ်ဒေါ်ကြီး နေကောင်းအောင် နေပါ၊ မြတ်နိုးဝေအတွက် ဘာမှ စိတ်ဒုက္ခ ရောက်မနေပါနဲ့"

"ငါ့တူမလေးကို သနားလွန်းလို့ပါကွယ်၊ ဒေါ်ဒေါ်ကြီးတို့ လုပ်လိုက်တာ သမီးအတွက် စိတ်ဒုက္ခရောက်စရာ ရှက်စရာ ဖြစ်နေပြီ"

ရှေးဆန်သော လူကြီးများမို့ လူကြီးချင်းသာ ပြောဆိုထားပြီးသားကိစ္စ ပျက်ရသည်ကို တစ်ရပ်လုံး၊ တစ်ရွာလုံး တစ်ပြည်လုံးက





ကဲ့ရဲ့မတတ် ဒေါ်တင်လှ ခံစားနေရသည်။

"ဘယ်သူမှ သိတာမှ မဟုတ်တာ၊ ရှက်စရာ မဟုတ်ပါဘူး ဒေါ်ဒေါ်ကြီးရယ်"

ကြီးဒေါ်ကို ဖြေသိမ့်ရင်း ချစ်မြတ်နိုးဝေ၏ အတွေးတွေက ဖျတ်ခနဲ လွင့်စဉ်သွားသည်။ သူမနှင့် ရဲဝံ့ လုပ်ထားတဲ့ကိစ္စက တကယ် စေ့စပ်ကြောင်းလမ်းမည့်ကိစ္စကြီး တစ်နှစ်နေလျှင် ကွဲတော့ ယခုအဖြစ်ထက် ပိုပြီး လူသိများကြဦးမည်။ ထိုသို့ဖြစ်က ဒေါ်တင်လှ ရှက်လွန်း၍ အသည်းကွဲပြီးများ သေလေမလား။ စိုးရိမ်စိတ်နှင့် ချစ်မြတ်နိုးဝေ တွေးမိပါသည်။

"အို… မတတ်နိုင်ပါဘူး၊ စကားလွန်ပြီးတဲ့ကိစ္စ ပြီးပြတ်အောင်တော့ ဆက်လုပ်ရမှာပဲ"

ရဲဆေးတင်ပြီး ဖြစ်လာမည့် ပြဿနာကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရန် ချစ်မြတ်နိုးဝေ ဆုံးဖြတ်လိုက်ပါတော့သည်။

"ဒေါ်ဒေါ်ကြီး ဘာမှ စိတ်ဆင်းရဲမနေနဲ့၊ မြတ်နိုးဝေလဲ သူ့ကို အစ်ကိုတစ်ယောက်လိုပဲခင်ခဲ့တာပါ။ ဒီထက် မပိုပါဘူး"

ဒေါ်တင်လှ ဖြေသိမ့်နိုင်ရန် စကားတစ်ခွန်းဖြင့် သက်သာစေလိုက်သည်။ ထိုစဉ် ဒေါ်စုစု ရောက်လာပြီမို့ စကားက ပြတ်သွားသည်။

"လာ… စုစု"

ဒေါ်တင်လှဟု လှမ်းခေါ်လိုက်သည်။ ငိုထားသော မျက်နှာအစ်အစ်ကြီးဖြင့် အလွန် မသာမယာကြီးနှင့် ဒေါ်စုစုက ကုလားထိုင်တွင်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ပါသည်။

"မမတင်ရယ် ကျွန်မဖြင့် ခုထိ သားလေး လုပ်သွားတာကို မယုံနိုင်သေးဘူးရှင်"

"ဟော… စလာပြီ၊ သေသာ သေလိုက်ချင်တော့တယ်"

ချစ်မြတ်နိုးဝေက မအီမလည် စိတ်ပျက်ပျက်နှင့် ရင်ထဲက ညည်းတွားနေပါသည်။

ဒေါ်တင်လှနှင့် ဒေါ်စုစုက အလွမ်းသည်လို့ မဆုံးသေးပါ။ ချစ်မြတ်နိုးဝေ သူတို့ကို ကြည့်ပြီး စိတ်အကြီးအကျယ် ညစ်လာသည်။ နားမချမ်းသာလွန်း၍ သူတို့အပါးမှ ထ၍ထွက်ခဲ့ပါ သည်။

တစ်နေ့လုံး အပ်ချုပ်သင်တန်းကျောင်းမှာ ပင်ပန်း၍ ငြီးစီစီ ဖြစ်ရသည့် စိတ် ယခုမှ ကောက်ယူ၍ မရလောက်အောင် ပုံကျသွား လေသည်။

ရေမိုးချိုး၊ ထမင်းစားသောက်ပြီး မိခင်ဖြစ်သူ၏ အခန်းသို့ ကူးခဲ့သည်။ အိပ်ရာပေါ်တွင် တရားစာအုပ် တစ်အုပ်ဖတ်ရင်း လဲလျောင်းနေသော မိခင်ကို တွေ့ရသည်။

"မေမေ နေကောင်းရဲ့လား ဟင်"

မိခင်၏ နဖူးကို ညင်သာစွာ လက်ဝါးဖြင့် အုပ်မိုးကိုင်ပြီး ကြင်နာစွာ မေးလိုက်သည်။ ဒေါ်ခင်မြက ချစ်ရည်တွေ ပြည့်သိပ်နေသော မျက်ဝန်းတို့ဖြင့် သမီးငယ်၏ မျက်နှာကို မြတ်နိုးစွာ ကြည့် နေသည်။

"မေမေ နေကောင်းပါတယ် သမီး စိတ်ကတော့ သမီးအတွက်





မကောင်းပါဘူးကွယ်"

ချစ်မြတ်နိုးဝေက အစွမ်းကုန် မိခင်ကို ပြုံးပြသည်။

"သမီးက ဘာဖြစ်နေလို့လဲ မေမေရဲ့"

"အော်… လူမော်ကြောင့် ငါ့သမီးလေး ရှက်နေမှာ အားငယ် နေမှာ စိုးလို့ပါကွယ်"

"ကိုလူ့အတွက် သမီး ဘယ်လိုမှ မခံစားရပါဘူး မေမေ"

"သမီး စိတ်ထိခိုက်သွားတယ် မဟုတ်လား"

ချစ်မြတ်နိုးဝေက အသံလေးထွက်အောင်ပင် ရယ်လိုက်ပါ သေးသည်။

"မေမေရယ် မြတ်နိုးဝေ ဘယ်လိုမှ မခံစားရပါဘူး၊ နောက်ပြီး မေမေ့ဗိုလ် မြတ်နိုးဝေလေ ပွင့်ပွင့်လင်းလင်း ပြောရဦးမယ်"

ချစ်မြတ်နိုးဝေက မိခင်၏ ပါးမှ ပူးပူးကပ်ကပ်လေး ဝင်ထိုင် လိုက်သည်။

"ကိုလူကို မြတ်နိုးဝေ လက်မှ မထပ်ချင်တာ ခုလို ဖြစ်သွား တော့ ဟန်ကျသွားတာပေါ့ မေမေရယ်"

"ဟင်… လူမော်အတွက် သမီး ဘယ်လိုမှ မခံစားရဘူး ဟုတ်လား"

တအံ့တသြနှင့် ဒေါ်ခင်မြက သမီးငယ်ကို ကြည့်ပြီး မေးသည်။

"သမီး ဘယ်လိုမှ မခံစားရပါဘူး မေမေရယ်၊ ကိုလူ့စိတ် ချမ်းသာရင် သမီးပျော်ပါတယ် မေမေ"

သမီးငယ်၏ မျက်နှာကို စူးစမ်းရှာဖွေသော အကြည့်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မြ ကြည့်သည်။

"မမမေရဲ့ ယောကျ်ားမုန်းတဲ့ကျမ်းကို ခဏခဏ နားထောင်ရလို့လေ သမီး ဘယ်ယောကျ်ားကိုမှလဲ ချစ်ဖို့၊ အိမ်ထောင်ပြုဖို့ စိတ်မကူးပါဘူး၊ ကိုလူကိုလဲ အစ်ကိုရင်း တစ်ယောက်လိုပဲ ချစ်ခဲ့တာပါ"

"ဒါပေမဲ့ကွယ် မေမေ ထင်ပါတယ်၊ လူမော်ဟာ သမီးဖေဖေလို လူစားမျိုး မဟုတ်ဘူးလို့"

"ကဲပါ မေမေရယ် ပြီးပြီးသားတွေ ပြီးပါစေတော့၊ ကိုလူ့အကြောင်းကို မေ့လိုက်ကြပါစို့နော်"

ဒေါ်ခင်မြက လုပ်ယူသော အပြုံးနှင့် သမီးကို ပြုံးသည်။

"သမီးဘဝမှာ မေမေရှိရင် ပြည့်စုံနေပြီ၊ ဒါကြောင့် မေမေ့သာ ကျန်းမာအောင် နေပါနော်"

"ဩော်... သမီးလေးရယ်"

ရင်ခွင်ထဲသို့ တိုးဝင်လာသော သမီးငယ်၏ ဦးခေါင်းကိုပွေ့ဖက်ပွတ်သပ်လိုက်သည်။ ရင်ထဲမှာ ဒေါ်ခင်မြ တနုံ့နုံ့ ခံစားနေရပါသည်။

"ဩော်... သမီးလေး ကံဆိုးတယ်၊ ဖခင်ရဲ့ မေတ္တာကို ဘယ်လိုမှန်း သမီးလေး မသိခဲ့ရှာဘူး၊ ငါသာ အဖေ ငါသာ အမေ သူ့အတွက် ဖြစ်ခဲ့ရတယ်၊ အင်း ရက်စက်နိုင်တဲ့ သူကြီးရယ်"

ခံပြင်း နာကြည်းစိတ်ကြောင့် ဒေါ်ခင်မြ၏ အရောင်တွေမှေးမှိန်နေသော မျက်ဝန်းထဲမှာ မျက်ရည်ကြည်တွေ ပြည့်အိုင်လာပါတော့သည်။

*





ချစ်မြတ်နိုးဝေ အတွေးတွေ ပင်လယ်ဝေနေသည်။ အိပ်စက်နိုင်ခြင်းမရှိမ်းအောင် သူမ စိတ်တွေက ပူပင်သောကတွေနှင့် ပြည့်နှက်နေသည်။

မနက်ဖြန်။

သည်မနက်ကို ရောက်မှာ ချစ်မြတ်နိုးဝေ ကြောက်နေပါသည်။ မနက်ဖြန် ရဲဝံ့နှင့်အတူ သူ၏ အဘိုးဖြစ်သူနှင့် သွားရောက်တွေ့ဆုံရမည့် အရေးကို တွေးပြီး ကြောက်ဒူးတုန်နေပါသည်။

အိမ်က လူကြီးတွေ မသိဘဲ စွန့်စွန့်စားစား လုပ်ရမည့် ကိစ္စအတွက် ရင်လေးနေသည်။ သူမ ရဲဝံ့ကို ကတိတွေပေးခဲ့တာ မှားများ မှားနေလေပြီလားဟု သံသယ စိုးရိမ်စိတ်တွေ ဖိစီးနေပါသည်။

လူကြီးတွေ ကွယ်ရာမှာ ရဲဝံ့နှင့် မကြာခဏ သွားလို့ကောသင့်တော်ပါမည်လော။ လူမော်က ရဲဝံ့၏ သိက္ခာသမာဓိကို ယံပါလို့ အာမခံခဲ့သော်လည်း ရဲဝံ့၏ စိတ်ဓာတ်ကို မိမိမသိရသေးတော့ စိုးရိမ်ပူပန်မိတာ အမှန်ပါ။

ချမ်းသာကြွယ်ဝ ချောမောလွန်သော ရဲဝံ့ကို မိမိ ယုံစားထိုက်ပါမည်လော။

"အို... ဥပမိရုပ်ရည် သန့်ပြန့်လွန်းတဲ့ ကိုရဲဝံ့ဟာ ယုံကြည်ထိုက်တဲ့သူ တစ်ယောက် ဖြစ်မှာပါ"

ဝင်လာသော သံသစိတ်များကို ခေါင်းလေးခါပြီး မောင်းထုတ်ပစ်သည်။ နောက်ပြီး အိပ်ပျော်အောင် ကြိုးစားလိုက်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



*

နောက်တစ်နေ့ သင်တန်းကျောင်းမှ ချစ်မြတ်နိုးဝေက စော၍ ဆင်းခဲ့သည်။ ကျောင်းနှင့် မလှမ်းမကမ်းတွင် အသင့်စောင့်ကြို နေသော ရဲဝံ့ကို တွေ့ရသည်။

ကော်ကျူရှိုင်း ဘောင်းဘီညို၊ နိုင်ငံခြားဖြစ် ရှပ်အညိုနှင့် ရဲဝံ့၏ ရုပ်ရည်က သားနားလွန်းသည်။ ရွှေကိုင်းရောင် မျက်မှန် အကောင်းစားနှင့် ပုံစံက သိပ်ကို မိနေသည်။ ပါကျဲရှိုးကား အပျံစား လူကလည်း ကောကြော့သားနားနေသော သူ၏ ရုပ်သွင်ကို တစ်ချက် ငေးကြည့်လိုက်ရုံနှင့် ချစ်မြတ်နိုးဝေ၏ ရင်ထဲ ဖြောင်းဆန်အောင် ခုန်သွားသည်။

ဘာကြောင့် ရင်ခုန်ရမှန်း မသိပေမဲ့၊ ချစ်မြတ်နိုးဝေ၏ ခြေလှမ်းတွေက ဆတ်ခနဲ တန့်သွားသည်။ နောက်မှ ဟန်မပျက် ဆက်၍ လှမ်းခဲ့သည်။

ကားဘော်ဒီအား ဟန်ပါပါ မှီပြီး စီးကရက်ကို အရသာခံကာ ဖွာရှိုက်နေသော ရဲဝံ့ သူ့ထံသို့ တရွေ့ရွေ့ လွင့်လာသော ချစ်ရာ ရုပ်သွင်လေးကို နေကာမျက်မှန်အောက်မှ အားမနာတမ်း ကြည့်နေပါသည်။

အပြစ်ကင်းစင်အောင် လှလွန်းရက် သူလေးကြောင့် သူ၏ ရင်တွေက တဒိတ်ဒိတ် ခုန်ပေါ်သည်။ ကျောင်းနေတုန်းကရော လုပ်ငန်းခွင်ဝင်တော့ရော ရဲဝံ့ လှပချောမွေ့သော မိန်းကလေးတွေနှင့် တွေ့ဆုံ ရင်းနှီးခဲ့ပါသည်။





ဒါပေမဲ့ တစ်ခါမှ သည်လို ရင်မခုန်ခဲ့ဖူးပါ။

သည်ကလေးသာသာ မိန်းမလှလေးကြောင့် ရဲဝံ့ ရင်တွေ ဘာလို့ အထိန်းအကွပ်မဲ့ ခုန်နေရပြန်တာလဲ။ ရဲဝံ့က သူ့ကိုယ်သူ မေးခွန်းထုတ်နေမိသည်။ မီးခိုးငွေ့များ ထုံမွှမ်းနေသည့် မျက်နှာလှလှ မြင်ကွင်းကို မမှိတ်မသုန် ကြည့်နေသည်။

"ကိုရဲဝံ့"

ချစ်မြတ်နိုးဝေက သူ၏ ရှေ့မှာ တည့်တည့်ရပ်ပြီး ခေါ်လိုက်သည်။

"လိုက်မယ် မဟုတ်လား ချစ်မြတ်နိုး"

"အင်းလေ"

"ဒါဆို သွားစို့နော်"

ကားပေါ် ထိုင်မိသည်နှင့် ရဲဝံ့က ကားစက်ကို နှိုးလိုက်သည်။ ချစ်မြတ်နိုးဝေဖက်သို့ တစ်ချက်စောင်းငဲ့ကြည့်ပြီး ပြောသည်။

"ချစ်မြတ်နိုးကို အခု ဘိုးဘိုးဆီ ခေါ်သွားမှာ သိလား"

"သိတယ်လေ မနေ့ကပဲ၊ ကိုရဲဝံ့ပြောတယ် မဟုတ်လား"

"သူ့ရှေ့ကျရင် ချစ်မြတ်နိုး ဟန်မပျက်နဲ့နော်၊ သဏ္ဍာန်လုပ် သရုပ်ပါအောင် တို့နှစ်ယောက် ချစ်သူတွေလို နေကြရမယ်နော် ဟုတ်လား"

ရဲဝံ့၏ နှုတ်ဖျားမှ ချစ်သူတွေလို ဆိုသော စကားကြောင့် ချစ်မြတ်နိုးဝေ၏ ရင်ထဲလှိုက်ခနဲ ဖိုသွားရပါသည်။

"ချစ်မြတ်နိုးနဲ့ တို့ ဆက်ဆံရေး သူ့ရှေ့မှာ သတိထားနိုင်မှ



www.burmeseclassic.com

www.burmeseclassic.com



တော်ကာကျမယ်၊ ဘိုးဘိုးက သိပ် အကင်းပါးတာ သိလား"

"တုတ်ကဲ့ပါ"

စိုးရိမ်လွန်ကဲစွာနှင့် ရဲဝံ့က ချစ်မြတ်နိုးဝေကို မှာနေသည်။ ယခုအချိန်မှာ သူသည် ဘိုးဘိုး၏ သံသယကို လုံးဝ မလိုလားပါ။ ဘိုးဘိုး ဖြစ်စေချင်သလို သူအစွမ်းကုန် ကြိုးစားရမည်သာ။

ကားမောင်းမြန်သော်လည်း ကျွမ်းကျင်နိုင်နင်းစွာ မောင်းနေသော ရဲဝံ့၏ မျက်နှာကို ချစ်မြတ်နိုးဝေ မကြာခဏ လှည့်၍ ကြည့်မိသည်။

ရဲဝံ့လို ရုပ်ရည်ရော၊ ပညာရော၊ ပစ္စည်းဥစ္စာရော၊ ကုံလုံကြွယ်ဝသူသည် အဘယ်ကြောင့် ချစ်သူ မရှာခဲ့သနည်း။ အဘယ်ကြောင့် အငှားချစ်သူနှင့် အဘိုးဖြစ်သူအား လှည့်စားရက်လေသနည်း။

ကြိုက်တဲ့ ရည်းစား ခေါင်းခေါက်ယူနိုင်လျက်သားနှင့် ရဲဝံ့က ကြံကြံဖန်ဖန်တွေလုပ်ပြီး စိတ်ကူးယဉ်နေသည်။

စသည့်အတွေးများကို ချစ်မြတ်နိုးဝေက မျက်မှောင်လေးကြုတ်ပြီး တွေးနေသည်။

"ချစ်မြတ်နိုးတို့ စိတ်ချနေမယ်နော်"

ကားမောင်းနေရာမှ ဖွေ့ခနဲ သူ၏အကြည့်က ချစ်မြတ်နိုးဆီသို့ ရောက်လာသည်။

"စိတ်ချနေပါ ကိုရဲဝံ့"

"ဩော်... နောက်ပြီး တစ်ခု မှာစရာရှိသေးတယ်"

"ပြောပါ"





"ဟိုလေ နတို့ကို ဘိုးဘိုးရှေ့မှာ ဘယ်လိုခေါ်မှာလဲ"

မျက်နှာတည်တည်လေးထံမှ အကြည့်က ဖွဲ့ခနဲ သူ့ထံ ကျလာသည်။

"ရှင့် နာမည်က ရဲဝံ့မို့ ကိုရဲဝံ့လို့ပဲ ခေါ်မှာပေါ့"

"ဟာ အဲလိုဆို အောက်တာပေါ့ကွာ၊ ခုခေတ် စုံတွဲတွေက အဲလို ခပ်အောက်အောက်ကြီးတွေ မခေါ်ကြတော့ဘူးကွ"

မျက်နှာကြီး ရှုံ့မဲ့ပြီး ရဲဝံ့က ပြောလိုက်သည်။ ချစ်မြတ်နိုးဝေ၏ မျက်နှာလေး ပို၍ တည်သွားသည်။

"အို... ကျွန်မတို့က တကယ် စုံတွဲမှ မဟုတ်တာ အဲလောက် ခေါ်ရင် တော်ရောပေါ့"

"မဟုတ်သေးပါဘူးကွာ၊ အဲလိုကြီး ခေါ်ရင် ဘိုးဘိုးက ကြိုက်မှာ မဟုတ်ဘူး"

စကားကြောရှည်လှသော ရဲဝံ့ကို ချစ်မြတ်နိုးဝေက မျက်စောင်းလေးတစ်ခု ပစ်လွှတ်လိုက်သည်။ ပြီးမှ စိတ်တိုတိုနှင့်...

"ကဲ... ဒါဆိုပြော၊ ဘယ်လို ခေါ်ရမလဲ"

"အဲ ကိုကိုလို့ ခေါ်ပေါ့၊ ခုခေတ်စားနေတဲ့ အခေါ်အဝေါ်လေ"

ချစ်မြတ်နိုးဝေက နှုတ်ခမ်းလေး တွန့်ပြီး မဲ့သည်။

"တော်တော် အရစ်ရှည်တဲ့ လူ"

စိတ်ထဲက တိုတိုနှင့် ပြောပစ်သည်။

"ဘာလဲ ချစ်မြတ်နိုးက မခေါ်ချင်ဘူးလား၊ သဘာဝကျကျလှလှ ရှိပါအောင်ပါဆိုကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... စိတ်ချ ခေါ်မယ်၊ နောက်ပြီး ဘာစည်းကမ်းချက်တွေ ရှိသေးလဲ၊ ရှိသေးရင် ပြောထားဦးလေ"

စိတ်တိုတိုနှင့် ခပ်ရွဲ့ရွဲ့လေး မေးသည်။

"ဘာမှ မရှိတော့ပါဘူး"

သူတို့နှစ်ဦးကြားမှာ စကားသံတွေ ပြန်လည်တိတ်ဆိတ်သွားသည်။ ရဲဝံ့က ကားကို သွက်သွက် မောင်းနေသည်။ အင်းလျားလမ်းထဲသို့ ကားက ချိုးဝင်လိုက်သည်။ ပြီးတော့ ကျယ်ဝန်းသော ခြံတစ်ခုထဲသို့ ကွေ့လိုက်သည်။

"ကဲ... ရောက်ပါပြီ ခင်ဗျာ"

နှစ်ထပ်တိုက်ကြီး၏ ဆင်ဝင်အောက်မှာ တိခဲ ရပ်လိုက်ပါသည်။

* * *





၁၅။

ကားတံ့ခနဲ ရပ်သွားပေမဲ့ ချစ်မြတ်နိုးဝေ၏ ရင်ထဲတွင်တော့ တဒိန်းဒိန်း ခုန်မြည်နေသည်။ ရဲဝံ့ အဘိုးဖြစ်သူ ဦးသာမြတ်နှင့် တွေ့ဆုံရမှာ ကြောက်ဒူးတွေ တုန်နေတော့သည်။

မျက်နှာလေး ငယ်ငယ်နှင့် ချွေးတွေ ပြန်နေသော မြတ်နိုးဝေကို ရဲဝံ့က တစ်ချက် စောင်းငဲ့ကြည့်ပြီး...

"လာ... ချစ်မြတ်နိုး ဘိုးဘိုး စောင့်နေတယ်"

ချစ်မြတ်နိုးဝေဘက်မှ တံခါးပေါက်ကို ဆင်း၍ ဖွင့်ပေးသည်။ ချစ်မြတ်နိုးဝေက တုံ့တုံ့ဆိုင်းဆိုင်းလေး ကားပေါ်မှာ ဆင်းလိုက်သည်။ သွတ်ချင်နေသော ဒူးတွေ အားယူပြီး လျှောက်ခဲ့သည်။

ရဲဝံ့နှင့် တူယှဉ်တွဲပြီး အိမ်ထဲသို့ လှမ်းဝင်ခဲ့သည်။ ကြီးကျယ်ခမ်းနားသော ဧည့်ခန်းဆောင်ကြီးထဲသို့ ဝင်လာခဲ့သည်။ ဧည့်ခန်း၏ ဆင်ပြင်မှုက အဆင့်အတန်းမြင့်ပြီး အနောက်တိုင်း ဆန်ဆန် ပြင်



www.burmeseclassic.com

www.burmeseclassic.com



ထားသည်ကို တွေ့ရသည်။

ကြမ်းပြင်မှာ ပိတောက်သားဖြင့် ပါကေးကွက်များ ခင်းထားသည်။ နီ၍ ပေါလစ်တင်ထားမှုကြောင့် ဖိတ်ဖိတ်တောက်နေသည်။

အဖြူရောင် ဆိုဖာကြီးများက ထိုင်ရမှာပင် မဝံ့မရဲပါ။ ဖွေးဖြူအိစက်နေ၍ ထိုင်လိုက်ရင် ညစ်ပေသွားမှာကိုပင် စိုးရိမ်နေရသည်။ နံရံတွင် အပွင့်လေးများ ဖော်ထားသော နံရံကပ် ကော်ဖော ကလည်း ဖွေးဆွတ်နေသည်။ အနီးကပ်ကြည့်မှ အပွင့်လေးများ ဖောင်းကြွနေသည်ကို တွေ့ရသည်။

မျက်နှာကြက်မှ တွဲလောင်းကျနေသော ပန်းမီးဆွဲမှ ် ချောင်းဖန်လုံးလေးတွေက စိန်ပွင့် စိန်လုံးတွေပမာ ဖိတ်ဖိတ် လက် ါသည်။

အလှပစ္စည်းများတင်ရာ စင်ပေါ်တွင်လည်း နိုင်ငံခြားဖြစ် ပစ္စည်းဆန်းဆန်းပြားပြား လှလှတွေက မျက်စိပသာဒ ကြည့်၍ လွန်စွာ တင့်တယ်နေသည်။ သည်လှပသော ပစ္စည်းဘွေ၏ အပေါ်ဆုံးအဆင့်မှာ လက်ရာမြောက်လှသော မြန်မာ့ပန်းပုလက်ရာအချို့ကို တွေ့ရသည်။

အစကတည်းက ကြောက်လန့်နေသော ချစ်မြတ်နိုးဝေသည် အိမ်ကြီး၏ ခမ်းနားကြီးကျယ်မှု၊ ပြီးတော့ လေအေးစက်၏ အရှိန်ကြောင့် ဖြေဖျားလက်ဖျားတွေပါမက အသည်းထဲပါ အေးစိမ့်သွားရပါတော့သည်။

မထိုင်သေးဘဲ မျက်နှာငယ်ငယ်လေးနှင့် ရပ်နေသော ချစ်မြတ်နိုးဝေကို ရဲဝံ့က မမှိတ်မသုန် ကြည့်နေမိသည်။





"ချစ်မြတ်နိုးဝေ ထိုင်လေ"

"ဟင်... အင်... ဟုတ်ကဲ့"

ချစ်မြတ်နိုးဝေ ထစ်ထစ်ငေါ့ငေါ့လေး ပြန်ဖြေလိုက်သည်။

"ထိုင်နေဦးနော်၊ တို့ဘိုးဘိုးကို သွားခေါ်လိုက်ဦးမယ်"

"ဟုတ်ကဲ့"

ရဲဝံ့က သူမ၏အပေါ်းမှ ရုတ်ခနဲ လှည့်ထွက်ခဲ့သည်။ ဆိုဖာဖြူဖြူဖွေးဖွေး၊ အိညက်ညက်ပေါ်တွင် မရဲတရဲနှင့် ချစ်မြတ်နိုးဝေ ထိုင်လိုက်သည်။

တစ်ဆက်တည်းမှာပဲ ရဲဝံ့၏ အဘိုးဦးသာမြတ်ကို အဖြူနှစ်သက်သူ တစ်ယောက်ဟု ဝေဖန်လိုက်သည်။

မျက်လုံး ပြူးဝိုင်းဝိုင်းလေးဖြင့် ဧည့်ခန်းထဲသို့ ငေ့ဝဲပြီး ကြည့်နေသော ချစ်မြတ်နိုးဝေသည် အခန်းတစ်ခန်းတွင်းမှ ထွက်လာသောကြသော ဦးသာမြတ်နှင့် ရဲဝံ့ကို သတိမပြုမိပါ။

သူမထံသို့ လှမ်းလာရင်း လေ့လာသော မျက်ဝန်းတွေနှင့် ကြည့်နေသော ဦးသာမြတ်၏ အကြည့်များကို သတိမပြုမိပါ။

ရဲဝံ့၏ ခေါ်သံကြားမှ အသံလာရာသို့ ဆတ်ခနဲလှည့်ကြည့်မိသည်။ ဦးသာမြတ်နှင့် ရဲဝံ့ကို မိမိအပေါ်းမှ မြင့်မိုးစွာ ရပ်နေသည်ကို တွေ့ရသည်။

"ဟင်... ငါထင်ထားသလို ဦးသာမြတ်က အဘိုးကြီးကြီးမှ မဟုတ်တာ"

ရင်ထဲမှ ကောက်ချက် ချလိုက်သည်။ ဟုတ်ပါသည်။ ချစ်မြတ်



www.burmeseclassic.com

www.burmeseclassic.com



နိုးဝေ စိတ်ထဲက ထင်ခဲ့သလို ဦးသာမြတ်သည် တုန်တုန်ချည့်ချည့် အဘိုးကြီးမဟုတ်ပါ။ ရဲဝံ့လို ဖြူဖြူ ထောင်ထောင်မောင်းမောင်းနှင့် တောင့်တောင့်တင်းတင်းကြီးပါ။

နားသယ်စပ်၊ နားထင်စပ်တွေတွင် ဆံပင်တွေက ဖြူနေသော်လည်း ကျန်နေရာရှိ ဆံပင်တွေကတော့ မည်းဆဲ၊ နက်ဆဲပါ။ ဖြူဖြူ သန့်သန့်ကြီးနှင့် ဥပဓိရုပ်ရည်တွေ လွန်စွာ ရည်မွန်၍ လူကုံထံဆိုတာ ဖော်ပြစရာပင် မလိုပါ။

ရုပ်အဖြူ လက်ရှည်ပေါ်မှာ နက်ပြာရောင် ဗွီလည်ပင်း ခေါင်းစွပ် လက်ပြတ်ဆွယ်တာကို ဝတ်ထားသည်။ ပလေကပ်လုံချည် အပြာနှင့် သိပ်ထည်ထည်ဝါဝါကြီး မဝတ်ထားသော်လည်း လွန်စွာ ခမ်းနားနေပါသည်။ ဦးသာမြတ်၏ မျက်လုံးတွေက စူးရှတောက်ပြောင်စွာနှင့် ကြည့်နေသည်။

"ဘိုးဘိုး ဒါ... သားပြောတဲ့ ချစ်မြတ်နိုးဝေပါ"

"ချစ်မြတ်နိုး ဒါ... ဘိုးဘိုး ဦးသာမြတ်ပါ"

ချစ်မြတ်နိုးဝေက မျက်လုံးလေး တစ်ချက် ဦးသာမြတ်ကို ဝင့်ကြည့်ပြီး မျက်လွှာကို ချလိုက်သည်။

"ဟုတ်ကဲ့ပါ ဘိုးဘိုး"

ရဲဝံ့ ခေါ်သလိုပင် ဦးသာမြတ်ကို ဘိုးဘိုးဟု ခေါ်လိုက်သည်။

"ထိုင် သမီး"

ဦးသာမြတ်အား မတ်တတ်လေးရပ်ပြီး နှုတ်ဆက်သော ချစ်မြတ်နိုးဝေကို ဦးသာမြတ်က ထိုင်ခိုင်းသည်။ သူလည်း အနီး၌





ဆိုဖာပေါ်တွင် ဝင်ထိုင်လိုက်သည်။

"ချစ်မြပေါ်နိုးကို ကိုကို့ ဘိုးဘိုးက သိပ်တွေ့ချင်နေတာကွ"

ရဲဝံ့ နှုတ်မှ သွက်သွက်ကြီး ထွက်လာသော စကားကြောင့် ချစ်မြတ်နိုးဝေ၏ နားထဲ ရှိန်းခနဲ ဖြစ်သွားသည်။ သူ့ကိုယ်သူ ကိုကိုဟု တင်စားလိုက်သော အသံက သိပ်ကို အသက်ပါလွန်းလှပါသည်။

"ဟုတ်တယ် သမီးရယ်၊ ဘိုးဘိုးက သားကို အိမ်ထောင်ရက်သားကျတာ မြင်ချင်လှပြီ၊ နောက်ပြီး ဘိုးဘိုးမသေခင် မြစ်လဲ ချီသွားချင်သေးတယ်လေ"

ပန်းဆီရောင် ဆေးမင်တွေ ပက်ဖျန်းလိုက်သလို ချစ်မြတ်နိုးဝေ၏ မျက်နှာလေး ရဲခနဲဖြစ်သွားရပါသည်။ ဦးသာမြတ်က အဆင့်တွေ ကျော်ပြီးတောင် တွေးနေပြီကော။ မိမိတို့မှသာ...။ ချစ်မြတ်နိုးဝေ ဆက်မတွေးရဲတော့ပါ။

ရည်မွန်သားနားသော စိတ်စေတနာကောင်းရှိပုံရသော ဦးသာမြတ်ကို လိမ်လည်လှည့်ဖြားရမှာ မဝံ့မရဲသလို ဖြစ်လာသည်။ ဦးသာမြတ်ကိုလည်း ရဲရဲပင် မကြည့်ရဲတော့ဘဲ မျက်လွှာချလိုက်သည်။

ရဲဝံ့က သူမနှင့် ကပ်လျက်ရှိသော ဆိုဖာတွင် ဝင်ထိုင်လိုက်သည်။ ရဲဝံ့၏ မျက်နှာကိုလည်း ချစ်မြတ်နိုးဝေက စေ့စေ့မကြည့်ရဲပါ။

"နေပါဦး ဘိုးဘိုးရဲ့၊ သားပြောပါရစေဦး"

ချစ်မြတ်နိုးဝေ နေရထိုင်ရ ကျဉ်းကျပ်နေပြီဆိုတာ သိ၍ ရဲဝံ့က အဘိုးဖြစ်သူကို တားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ သားရဲ့"

"သားနဲ့ချစ်မြတ်နိုးက လောလောဆယ်ဆယ် လက်မထပ်နိုင်သေးပါဘူး"

"ဟင်... ဘာပြုလို့လဲ"

ဦးသာမြတ်၏ မျက်ခုံးထူထူကြီး နှစ်ဖက်ဝင့်တက်သွားသည်။

"ဟို... ချစ်မြတ်နိုးက တစ်နှစ်လောက်နေပြီးမှ လက်ထပ်မယ်လို့ ပြောပါတယ်"

"ဘာလို့လဲသမီးရဲ့"

ဦးသာမြတ်က ချိုရွှင်နေသော မျက်နှာနှင့် ကြည့်ပြီး မေးသည်။

"ဟို... မြတ်နိုးဝေလေ... ဟို... "

ချစ်မြတ်နိုးဝေက ပြုံးပြုံးကြောင်ကြောင်နှင့် စကားထစ်နေသည်။ ဘယ်လိုပြန်ဖြေရမှန်းမသိအောင် စိတ်ရှုပ်သွားသည်။

"ချစ်မြတ်နိုး ကလဲကွာ၊ ကိုကို့ကို ဆင်ခြေပေးထားသလို ဘိုးဘိုးကို ပြောလိုက်လေ"

"ဟုတ်ကဲ့"

ဟုတ်ကဲ့ဟုသာ ပြောလိုက်ပေမဲ့ ချစ်မြတ်နိုးဝေ ဘာကို ဖြေရမှန်းမသိ။ သည်အခြေအနေကို ရဲဝံ့က ဝင်ထိန်းလရတော့မှာမို့...

"ချစ်မြတ်နိုးဝေက ခုမှ ဆယ်တန်းဖြေပြီးတာ ဘိုးဘိုးရဲ့ သူက တက္ကသိုလ် ပထမနှစ်တက်ပြီးမှ လက်ထပ်မယ်လို့ ပြောထားပါတယ်၊ ဟုတ်တယ်နော် အချစ်"

ရဲဝံ့က နာမ်စားတစ်ခုထပ်တိုးလိုက်ပြန်သဖြင့် ချစ်မြတ်နိုးဝေ





ရင်ထဲမှာ လှိုက်ခနဲ ဖိုသွားရပြန်သည်။

"ကျောင်းက လက်ထပ်ပြီးလဲ တက်လို့ရတာပဲ"

"မဟုတ်ဘူး ဘိုးဘိုးရဲ့၊ သူက ပထမတစ်နှစ်တော့ လွတ်လွတ်လပ်လပ် တက်ချင်သေးလို့ပါတဲ့၊ ပြီးတော့ ငယ်လဲ ငယ်သေးတယ်လို့ ပြောတယ်"

ချစ်မြတ်နိုးဝေက အပိုတွေ အကွန့်တွေနှင့် ပြောနေသော ရဲဝံ့ကို ရင်ထဲက ပစ်ခတ်ပြီး မျက်စောင်းထိုးလိုက်သည်။

"အင်း... ဟုတ်တော့ ဟုတ်ပါတယ်လေ၊ ဘိုးဘိုးမြေးက တကယ့်ကို ပုခက်က ကျွတ်တဲ့ ကလေးကိုမှ ရွေးလိုက်တာကိုး"

နုနယ် ဝင်းသန့်ပျိုမျစ်သော ချစ်မြတ်နိုးဝေ၏ မျက်နှာလေးကို ကြည့်ပြီး ဦးသာမြတ်က ပြောလိုက်သည်။ ရှက်လွန်း၍ ချစ်မြတ်နိုးဝေ၏ မျက်နှာလေးပါမက နားရွက်လေးများပင် ရဲရဲတွတ်နေပါတော့သည်။

ဒါနဲ့ နေပါဦး၊ သမီးမှာ မိဘတွေ ရှိတယ်နော်"

"အဖေ မရှိတော့ပါဘူး၊ အမေရယ် အဒေါ်အပျိုကြီးနှစ်ယောက်ပဲ ရှိပါတယ်"

"ဪ... ဟုတ်လား၊ ဒါဆို သားနဲ့သမီးတို့ လက်မထပ်သေးရင်လဲ စေ့စပ်တော့ထားချင်တယ်"

"ရှင်"

ချစ်မြတ်နိုးဝေ၏ မျက်ခုံးလေးနှစ်ဖက် ပင့်တက်သွားသလို မျက်ဝန်းလေး ဝိုင်းသွားသည်။ ရဲဝံ့ကို အကူအညီတောင်းသောအကြည့်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ကြည့်လိုက်သည်။

"ဘိုးဘိုးရယ် ဖြည်းဖြည်းစီစဉ်ကြတာပေါ့၊ ချစ်မြတ်နိုးက သူ့အိမ်ကို လောလောဆယ်ဆယ် မပြောဝံ့သေးလို့ပါ"

"ဒါဆို ဘိုးဘိုး သွားကြောင်းလမ်း လိုက်မယ်၊ ဘိုးဘိုး ပြောတတ်ပါတယ် သားရယ်"

"ခဏလောက် သည်းခံပါဦး ဘိုးဘိုး၊ ဖြည်းဖြည်းပေါ့နော်၊ မဟုတ်ဘူးလား အချစ်"

ရှိန်းခနဲ မျက်နှာက ပူသွားရပြန်သည်။ ဦးသာမြတ်ရှေ့မှာ အပိုတွေ လုပ်လွန်းနေသော ရဲဝံ့ကြောင့် ရှက်ပြီးရင်း ရှက်ရပြန်သည်။

"ကဲ... ဘိုးဘိုး ချစ်မြတ်နိုးဝေကိုလဲ တွေ့ပြီးပြီမို့လား၊ ဘိုးဘိုး ကျေနပ်သွားပြီ မဟုတ်လား"

"သိပ် ကျေနပ်တာပေါ့၊ သားက တကယ့်ချောချောလှလှလေးကိုမှ ရွေးခဲ့တာကိုး၊ နောက်ပြီး သမီးမျက်နှာလေးက အေးကြည်နေတော့ မြင်မြင်ချင်း မြေးမလေးကို ဘိုးဘိုး ချစ်သွားပြီ"

အဖြူးလဲ့လဲ့ကို တမင်လုပ်ယူပြီး ချစ်မြတ်နိုးဝေက မျက်လွှာလေး ချထားလိုက်သည်။

"ဘိုးဘိုး သား ချစ်မြတ်နိုးကို ပြန်ပို့လိုက်တော့မယ်နော်"

"နေပါဦးလားကွယ်"

"သား သွားစရာတစ်ခုလဲ ရှိသေးလို့ပါ"

"အေး ဒါဆို သွားကြလေ"

ချစ်မြတ်နိုးဝေက ပေါ့ပါးစွာ ထရပ်လိုက်သည်။ တစ်ဆက်တည်းမှာပင် ဦးသာမြတ်ကို နှုတ်ဆက်လိုက်ပါသည်။

"ဘိုးဘိုး မြတ်နိုးဝေ ပြန်ပါဦးမယ်"

"အေးကွယ် နောက်ကို ဘိုးဘိုးဆီ လာခဲ့ဦးနော်"

"ဟုတ်ကဲ့ပါ"

ချစ်မြတ်နိုးဝေက သွက်လက်စွာ ဦးသာမြတ်၏ ရှေ့မှောက်မှ ထွက်ခဲ့သည်။ ရဲဝံ့ကလည်း ကားပေါ်ရောက်သည်နှင့် စက်ကို ချက်ချင်း နှိုးလိုက်သည်။ သူတို့နှစ်ဦးကို ဦးသာမြတ်က အိမ်တံခါးဝ၌ ပြုံးချိုသော မျက်နှာနှင့် ရပ်ကြည့်ကျန်ရစ်ခဲ့သည်။

ဦးသာမြတ်၏ ရှေ့မှ ထွက်ခဲ့ပြီးမှ ချစ်မြတ်နိုးဝေ ဟင်းခနဲ သက်ပြင်းချလိုက်သည်။

"သိပ်စိတ်မောသွားသလား ချစ်မြတ်နိုး"

ချစ်မြတ်နိုးဝေက မျက်စောင်းလေး တစ်ချက် ရဲဝံ့ထံ ပစ်လွှတ်လိုက်သည်။

"မောသွားတာပေါ့၊ နောက်ပြီး ရှင်က သိပ်ပြီး အပိုတွေ ပြောလွန်းတော့ စိတ်လဲတိုတယ်"

"တို့က ဘာ အပိုတွေ ပြောလို့လဲကွာ"

"မလိုအပ်တဲ့ အသုံးအနှုန်းတွေကို သုံးလို့ပေါ့"

"ဩော်... အဟင်း ဒါလား၊ ယုတ္တိရှိအောင်လို့ပါကွယ်"

ရယ်သွမ်းသွေးရင်း ရဲဝံ့က လေသံချိုချိုအေးအေးနှင့် ပြောလိုက်သည်။

"ချစ်မြတ်နိုးကို ခု ပြန်ပို့ပေးမယ်နော်"





www.burmeseclassic.com

www.burmeseclassic.com



"မပို့လို့ကော ရမလား၊ ခုပဲ အချိန်က လင့်နေပြီ"

"ဟုတ်ပါပြီဗျာ၊ တို့ကားကို မြန်မြန်မောင်းလိုက်ပါမယ်"

ချစ်မြတ်နိုးဝေက စံရိပ်ငြိမ်မှာပင် ကားကို ရပ်နိုင်းပြီး ဆင်းခဲ့သည်။ ရဲဝံ့က သူမကို နှုတ်ဆက်ပြီး ထွက်ခွာသွားလေသည်။

* * *





၁၆

ချစ်မြတ်နိုးဝေက ခါတိုင်းထက် အိမ်ပြန် နည်းနည်းနောက်ကျသွားသည်။ ဒါပေမဲ့ တော်ပါသေးသည်။ ဒေါ်တင်လှက ဈေးက ပြန်မလာသေး၍ အစစ်ဆေး အမေးအမြန်းမှ လွတ်ခဲ့ရသည်။

မိခင်ကြီးက သူမ၏ ပြန်အလာကို စောင့်ကြိုနေပုံရသည်။ အိမ်တံခါးမမှ လမ်းမဘက်သို့ လှမ်းကြည့်နေသည်ကို တွေ့ရသည်။ ချစ်မြတ်နိုးဝေက မိခင်ထံသို့ သွက်သွက်လေး လှမ်းခဲ့သည်။

"မေမေ သမီးကို စောင့်နေတာလား"

မိခင်ကို ပြုံးချိုသော မျက်နှာလေးဖြင့် မေးလိုက်သည်။

"ဟုတ်တယ်၊ သမီး ဒီနေ့ နည်းနည်းနောက်ကျတယ်နော်"

ချစ်မြတ်နိုးဝေ၏ မျက်နှာလေး ရုတ်တရက် ပျက်သွားသည်။ ပြီးမှ အမူအရာကို ပြန်ထိန်းပြီး…

"ဟုတ်ကဲ့ မေမေ၊ ကားမရတာနဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ် လမ်းခရီး သွားရတာလဲ မလွယ်လှပါလား"

ဒေါ်ခင်မြက ခေါင်းတညိတ်ညိတ်နှင့် ညည်းလိုက်သည်။ သူမ၏ စကားကို အကြွင်းမဲ့ ယုံကြည်ရှာသော မိခင်ကို ချစ်မြတ်နိုးဝေ သနားမိပါသည်။ ဒါပေမဲ့လေ မလိမ်ချင်ဘဲ လိမ်နေတာမို့ ချစ်မြတ်နိုးဝေ စိတ်မကောင်းဖြစ်ရုံအပြင် ဘာမှ မတတ်နိုင်တော့ပါ။

"ကဲ... သမီးလေး ပင်ပန်းလာတယ်၊ ရေချိုးပြီး မေမေတို့ ထမင်းစားကြမယ်နော်"

"ဟုတ်ကဲ့ မေမေ"

မိခင်၏ ရှေ့တွင် အပြစ်ရှိသူပီပီ ကြာကြာမနေဝံ့၍ ချစ်မြတ်နိုးဝေ လှစ်ခနဲနေအောင် ပြေးထွက်ခဲ့လေသည်။ အခန်းထဲရောက်မှ တစ်အောင့်တနားနေပြီး ရေချိုးခန်းသို့ ဝင်ခဲ့လေသည်။

ထမင်းစားသောက်ပြီး မီးဖိုဆောင်ထဲတွင် တစ်ယောက်တည်း အိုးခွက်များကို ဆေးနေစဉ် ဒေါ်တင်လှနှင့် ဒေါ်မြင့်သောင်းတို့ ထမင်းစားခန်းမှ တိုးတိုးပြောနေသော စကားကို ကြားရသည်။

ချစ်မြတ်နိုးဝေက နားလေးနစ်ဖက်ကို အစွမ်းကုန်ကားပြီး နားစွင့်လိုက်သည်။ ဒေါ်တင်လှ၏ ရယ်မောစရာစကားများကို ချစ်မြတ်နိုးဝေ ကြားနေရပါသည်။

"ငါ စိတ်ညစ်လိုက်တာ မြင့်သောင်းရယ်၊ ဈေးရောင်းမကောင်းဘူး ဟယ်၊ ဒီကြားထဲ ခင်မြဆေးဖိုးက တစ်ဖက်၊ သူ့ရဲ့ နှလုံးဆေးတွေက ဈေးကြီးက ကြီးသနဲ့"

"တိုးတိုးပြောပါ မမကြီးရယ်၊ တော်ကြာ ကြားသွားလို့ စိတ်





မကောင်း ဖြစ်နေပါ့မယ်"

"အေး ကြားသွားလဲ မတတ်နိုင်တော့ဘူး၊ ငါ့မှာလဲ ရှာရတာ ဒက်ဖတ်မောနေပြီ"

ဒေါ်တင်လှက စိတ်ညစ်ညစ်နှင့် ဖွင့်ပြောလိုက်သည်။ ပြီးမှ စိတ်မကောင်းဖြစ်မိသည်။ သူမသည် သည်မိသားစုကို မငြိုမငြင် ရှာဖွေကျွေးခဲ့သည်မှာ နှစ်ပေါင်းပင်မနည်းတော့ပြီ။ ဒါပေမဲ့ ယခုလို မပြေလည်သည့်အခါတွင် စိတ်သက်သာလို သက်သာငြား ညည်းညူခဲ့ခြင်းသာပါ။

ဒါပေမဲ့ ဒေါ်တင်လှ၏ စကားများကို ကြားလိုက်ရသော ချစ်မြတ်နိုးဝေ၏ ရင်ထဲ နင့်သွားရပါသည်။

ယောကျ်ားရင့်မကြီး တစ်ယောက်လို ကျုံးရုန်းရှာဖွေနေရသော ကြီးဒေါ်ကြီးအတွက်ကို လည်းကောင်း၊ ရောဂါဝေဒနာ ခံနေရရှာသော မိခင်အတွက်ကိုပါ လည်းကောင်း ရင်ထဲမှာ နင့်နင့်နဲနဲကြီး ခံစားလိုက်ရပါသည်။

အများအမြင်မှာ နေနိုင်စားနိုင်သော မိသားစုအဖြစ် ဟန်မပျက် နေနိုင်သော်လည်း တစ်ခါတစ်ရံ အကျပ်အတည်း တွေ့ခဲ့ရပါသည်။

သည်အခါတိုင်း ချစ်မြတ်နိုးဝေ၏ ရင်ထဲ အားငယ်စိတ်တွေ ဖိစီးလာသလို ရုန်းကန်နေရသော ကြီးဒေါ်ကြီးကို ကူညီချင်သော စိတ်တွေ ဖွားဖွား ပေါ်ပေါက်တတ်ပါသည်။

ဒါပေမဲ့ သူမက ငယ်သေး၍ ဘာမှ လုပ်ကိုင်ခွင့်ကို ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြီးက မပေးခဲ့ပါ။ ပညာကိုသာ မကြောင့်မကြ သင်စေခဲ့သည်။ ယခု အပ်ချုပ်သင်တန်းတက်ရ၍ ဝင်ငွေရရှိရန် လမ်းစဖော်ပေးသည်မို့ ချစ်မြတ်နိုးဝေ ဝမ်းသာခဲ့သည်မှာ အမှန်ပါ။

"ဒေါ်ဒေါ်ကြီးကို ငါ ဘယ်လိုကူညီရမလဲ၊ နောက်ပြီး မေမေ့အတွက် ဆေးကုဖို့ ငွေ ဘယ်လို ရှာရမလဲ"

ဦးနှောက်တွေ ပေါက်ကွဲလုမတတ် ချစ်မြတ်နိုးဝေ တွေးလိုက်ပါသည်။

"ကိုရဲဝံ့က ငါ့ကို အလုပ်သဘောနဲ့ ဈေးစပ်ခပေးမယ့် ပိုက်ဆံကို ယူလိုက်ရမလား"

တိုက်လက်စအိုးကို ဆက်မတိုက်နိုင်သေးဘဲ တွေးနေသည်။

"အို... မဖြစ်ပါဘူး၊ ဒီလို သူ့ဆီက ပိုက်ဆံယူရမှာ ရှက်စရာကြီး မလိုချင်ပါဘူး၊ သိက္ခာကျတယ်၊ ကိုယ်လူ့ကို ကူညီနေပြီပဲ၊ ငါ့လုပ်ခက ရပြီပဲ ကျေပြီပေါ့"

ရင်ထဲက မာနဆူးညှောင့်လေးကြောင့် ဖြစ်ပေါ်လာသော ဆန္ဒကို ချိုးနှိမ်လိုက်သည်။

"ငါ အင်္ကျီမြန်မြန်ချုပ်တတ်အောင် သင်မယ်၊ ပြီးတော့ အပ်ထည်တွေချုပ်ပြီး မေမေ့ဆေးဖိုး ရှာမယ်"

ထိုသို့ ပြတ်ပြတ်သားသား ဆုံးဖြတ်ချက် ချပြီးသည်နှင့် တစ်ဆက်တည်း လျှစ်လျူရှုပစ်ခဲ့လေသော ဖခင်ကို သတိရပြီး နာကြည်း တမ်းတမိသည်။

"ငါ့အဖေက သိပ်ရက်စက်တဲ့ လူကြီးပါလား"





စိတ်နာစိတ်တွေ ဖခင်ပေါ် ပို၍ ယိုဖိတ်မိလိုက်ပါသည်။ မီးဖိုထဲ ကိစ္စတွေ ပြီးတော့ မိခင်ဆီသို့ တက်ခဲ့သည်။ ခုတင်ပေါ်တွင် နွမ်းခွေစွာ လှဲနေသော မိခင်ကို တွေ့ရသည်။

မိခင်အတွက် ရင်ထဲ နင့်အောင် ခံစားရပြန်သည်။ မိခင်၏ ရင်ခွင်သို့ ပြေး၍ သာသာလေး မျက်နှာကို မှေးမှောက်လိုက်သည်။

"မေမေ သိပ်နေမကောင်း ဖြစ်နေလားဟင်"

မေးစင်းထားသော မျက်ဝန်းကို ဒေါ်ခင်မြက ပင့်တင်လိုက်သည်။

"မေမေ နေကောင်းပါတယ် သမီးရယ်"

"မေမေ နေကောင်းအောင် မြတ်နိုးဝေ ဘာလုပ်ပေးရမလဲဟင်"

ဆို့နစ်နေသော လေသံတိမ်တိမ်နှင့် ဝမ်းနည်းပက်လက် ချစ်မြတ်နိုးဝေက မေးသည်။

"မေမေ နေကောင်းပါတယ်ကွယ်၊ သမီးလေး ဘာမှ လုပ်ပေးစရာ မလိုပါဘူး"

မိခင်ကို သနားလွန်း၍ ရင်ထဲမှ ကျိတ်၍ ငိုလိုက်သော်လည်း မျက်ဝန်းမှာတော့ မျက်ရည်စလေး စို့ရုံသာပါ။

"မအိပ်ခင် ကော်ဖီလေး သောက်လိုက်ဦးနော်၊ သမီး ဖျော်ပေးမယ်"

"နည်းနည်းပဲ ဖျော်နော် သမီး"

မိခင်အနား ဆက်နေလျှင် ပေါက်ကွဲစွာ ငိုမိမှာစိုး၍ အကြောင်းရှာပြီး မိခင်အပါးမှ ထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ည အိပ်ရာထဲမှာ ခါင်းအုံးတစ်လုံးလုံး ရွဲနစ်အောင် ချစ်မြတ်နိုးဝေ ငိုကြွေးနေမိပါသည်။

* * *





## ၁၇

နောက်တစ်နေ့ နံနက် စိတ်လက် မကြည်သာစွာနှင့် ချစ်မြတ်နိုးဝေ သင်တန်းကျောင်းသို့ ထွက်ခဲ့သည်။ လုံးဝမမျှော်လင့်ထားသော ရဲဝံ့ကို ကျောင်းနှင့် မလှမ်းမကမ်းတွင် တွေ့လိုက်သည်။

"ချစ်မြတ်နိုးရေ ဘိုးဘိုးက ညနေ အိမ်လာပါဦးတဲ့"

"ဟင်. . . ဒုက္ခပဲ ဒီလိုနေ့တိုင်းသွားနေရင် အိမ်က အပြန်နောက်ကျလို့ သိတော့မယ်"

"နောက်မကျစေရပါဘူးကွာ၊ စောစော ပြန်ပို့ပေးမယ်နော်"

"ဒါဆိုပြီးရော"

"တို့ ညနေ လာစောင့်နေမယ်နော်"

"ကောင်းပါပြီ"

တိုတိုတုတ်တုတ် စကားခွန်းတုံ့ပြန်ပြီး ကျောင်းဆီသို့ ဦးတည်လိုက်သည်။ ညှိုးလျှလွန်းသော မိန်းကလေး၏ မျက်နှာကြောင့် ရဲဝံ့



www.burmeseclassic.com

www.burmeseclassic.com



၏ ရင်မှာပါ သောကရိပ်လေးတွေ လွှမ်းသွားသည်။

"ချစ်မြတ်နိုးလေး ကြည့်ရတာ စိတ်ညစ်နေတဲ့ ပုံပဲ၊ ဒီလောက်လှပနုနယ်တဲ့ မျက်နှာလေးမှာ ညှိုးရိပ်တွေ သမ်းနေတာ မကြည့်ရက်ပါဘူး"

အပ်ချုပ်သင်တန်း အိမ်တွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်အထိ ချစ်မြတ်နိုးဝေ၏ နောက်ကျောပြင်၏ အလှကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

မြင်ကွင်းမှချစ်မြတ်နိုးဝေ ပျောက်သွားမှ လက်ထဲက စီးကရက်ကို လွှင့်ပစ်ခဲ့ပြီး ကားပေါ်သို့ တက်ခဲ့သည်။

"မိန်းမလှလေးရယ် မင်းမှာ ဘယ်လို ပူပင်သောကတွေနဲ့ ရင်ဆိုင်နေရလို့လဲကွယ်"

ရင်ထဲမှ မချင့်မရဲကြီး မေးမိပါသည်။ မြင်မြင်ချင်းကတည်းက စွဲလမ်းခဲ့ရသော သည့်မိန်းကလေးကို ရဲဝံ့ စိတ်ချမ်းသာစေချင်ပါသည်။ မျက်နှာလှလှလေး ကြည်လင်အေးမြပြီး သောကမြူမှုန်တွေ ကင်းရှင်းနေတာကိုသာ တွေ့ချင် မြင်ချင်ပါသည်။

ချစ်မြတ်နိုးဝေ၏ နုနယ်သန့်စင်နေသော မျက်နှာနှင့် အပြစ်ကင်းစင်လှသော ဘဝလေးကို သူ ချစ်ခင်မြတ်နိုး ခုံမင်နေပါပြီ။ ချစ်မြတ်နိုးဝေ၏ အလှအပတွေ သူ၏ အသည်းစိုင် တစ်ခုလုံးကို ရစ်ပတ် ချုပ်နှောင်လိုက်ပါပြီ။

ချစ်မြတ်နိုးဝေထက် လှတာတွေ၊ ချောတာတွေ၊ ချမ်းသာတာတွေကို တွေ့ဖူး၊ ကြုံဖူး၊ ဆုံဖူးပေမဲ့ သည် မရင့်ကျက်သေးသော မိန်းမ





လှလေးကျမှ သူ၏ အချစ်တွေက ပုံကျခဲ့ပါသည်။

ခုလို ချစ်မြတ်နိုးဝေနှင့် သူသည် ဟန်ဆောင်နေတာ မဟုတ်ဘဲနှင့် တကယ် ချစ်ကြိုက်နေတာ ဆိုလျှင်ဘယ်လောက်များ ကောင်းလိုက်မလဲဟု ရဲဝံ့ မချိပြုံးလေးနှင့်အတူ တွေးမိပါသည်။

*

ချစ်မြတ်နိုးဝေသည် အပ်ချုပ်သင်တန်း၌ အင်္ကျီပုံစံညှပ်နည်း၊ ကော်ကပ်နည်း၊ ချုပ်နည်းတို့ကို သင်နေသော်လည်း စိတ်မဝင်စားနိုင်ပါ။ သူမ၏ စိတ်တွေ လေးလံထိုင်းမှိုင်းနေသည်။ အိမ်မှ မပြေလည်သော စီးပွားရေးကိစ္စများကို ဘယ်ပုံဘယ်နည်း ဖြေရှင်းပေးရမှန်း မသိပါ။

ပြီးတော့ ရဲဝံ့နှင့် ဇာတ်ပြုမိသည့် ကိစ္စက တဖြည်းဖြည်း ပို၍ လေးနက် ရှုပ်ထွေးလာနေပြီမို့ စိတ်ကျဉ်းကျပ်နေပါသည်။

တစ်နှစ်ဆိုသော အတိုင်းအတာ၏ အစဦးသာ ရှိသေးသည်မို့ ဇာတ်လမ်းက ပြီးဆုံးဖို့ အဝေးကြီး လိုပါသေးသည်။ ခုကတည်းက သည်ဇာတ်လမ်းကို ကမိတာ မှားလေပြီဟု စိတ်ထင်ခဲ့မိသော ချစ်မြတ်နိုးဝေက ကျန်ခရီးကို ဆက်ဖို့ စိတ်လေးနေမိပါသည်။

"ဟင်… စိတ်ညစ်လိုက်တာနော်"

သက်ပြင်းနက်နက် ရှိုက်ရင်း စိတ်ထဲမှ ခြိုးသံပါအောင် ညည်းလိုက်ပါသည်။ အချိန်ဟူသော တရွေ့ရွေ့ ကုန်သွားသည်။ ချစ်မြတ်နိုးဝေ၏ ခေါင်းထဲသို့ ဘာသင်ခန်းစာမှ မဝင်ပါ။

ရဲဝံ့နှင့် ချိန်းထားသည့် အချိန်သို့ ရောက်လုပြီမို့ ချစ်မြတ်နိုးဝေ



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းအိမ်မှ ထွက်ခဲ့သည်။ အရန်သင့်ပင် ရဲဝံ့ စောင့်နေသည်ကို တွေ့ရသည်။

မျက်လွှာလေးချပြီး ဖြည်းလေးစွာ လျှောက်လာနေသော ချစ်မြတ်နိုးဝေကို ကားတွင်းမှ ရဲဝံ့က မမှိတ်မသုန် ကြည့်နေသည်။ ကျောလယ်လောက်ရှိ မည်းနက်ခက်ဝေနေသော ဆံနွယ်များ လေအဝှေ့မှာ ဝေ့သွားလိုက်ပုံက ပိုးမျှင် ပိုးသားလေးတွေကိုပင်။

သွယ်လျလျ ကိုယ်လုံးလေးနှင့် လှမ်းလိုက်တိုင်း ဖြောင့်စင်းစွာ ပေါ်လာသော ဆင်နှာမောင်းအသွင် ပေါင်တံတွေက တင်းခနဲ တင်းခနဲ ပေါ်လာပုံ၊ ရှိုက်ဖိုကြီးငယ်အသွယ်သွယ်တို့နှင့် ကျစ်လျစ်စွာ လှပုံတို့ကို ရင်ထဲ လှိုက်ခုန်စွာနှင့် ကြည့်နေမိပါသည်။

သည်အလှအပတွေ ဖွဲ့စည်း ရစ်နှောင်ထားသော မျက်နှာရှင် လေးမှာတော့ တည်ငြိမ်လွန်းနေသည်။ သူမ၏ မျက်နှာပေါ်တွင် အပြုံးဆိုလို့ ရေးရေးမှိန်မှိန်လေးတောင် မရှိပါ။

တစ်ဖက်တံခါးကို သူမဘာသာ ဖွင့်ပြီး ချစ်မြတ်နိုးဝေ တက်လိုက်သည်။ ရဲဝံ့ဘက်သို့ လုံးဝလှည့်ကြည့်ခြင်းမရှိ။ သူမ၏ လှပ်ရှားဟန်က လွန်စွာ အသက်မဲ့နေသည်။ အိပ်မက်ထဲလမ်းလျှောက် နေသူကဲ့သို့ပင်။

"ချစ်မြတ်နိုး နေမကောင်းဘူးလား ဟင်"

ရဲဝံ့က မနေနိုင်လွန်း၍ ထုတ်ဖော်မေးသည်။ ချစ်မြတ်နိုးဆေ ထံမှ လျှပ်တစ်ပြက် အကြည့်လေး တစ်ခုကိုသာ သူ ရလိုက်ပါသည်။

"နေကောင်းပါတယ်"





"ဘိုးဘိုးဆီ လိုက်လို့ ဖြစ်ပါတယ်နော်"

"မလိုက်လို့မှ မဖြစ်တာ လိုက်ရမှာပေါ့"

"ဟာကွာ"

ဘုဆတ်ဆတ်လေးဖြေလိုက်သော လေသံပြတ်တောက်တောက် ကြောင့် ရဲဝံ့၏ ရင်ထဲအောင့်သွားရပါတော့သည်။

"ချစ်မြတ်နိုး တို့နဲ့ အလုပ်လုပ်မိတာ နောင်တရနေပြီလား ကွယ်"

ညင်သာ တိုးတိတ်စွာနှင့်ရဲဝံ့က မေးသည်။

"ဟုတ်တယ် နောင်တရမှ တအားကို ရနေတာ"

ပွင့်လင်းပြတ်သားသော အဖြေကို ရလိုက်၍ ရဲဝံ့၏ ရင်ထဲ ပို၍ စူးနစ်စွာ အောင့်သွားရပါတော့သည်။

"ခုလို ကြားရတာ တို့ စိတ်မကောင်းပါဘူးကွာ"

"မကောင်းရင်လဲ ဒီကိစ္စကို ဖျက်လိုက်ပေါ့"

"ဟာ... အဲလိုတော့ မရက်စက်ပါနဲ့ ချစ်မြတ်နိုးရာ၊ တို့ ဒုက္ခအကြီးအကျယ် ရောက်ရလိမ့်မယ်၊ နောင်တရပေမဲ့ နောက်မဆုတ် ပါနဲ့ဦးလို့ တို့ တောင်းပန်ပါတယ်"

"ခုချိန်မှာ ချစ်မြတ်နိုး ဆက်လက် ကူညီပေးပါဦးကွာနော်၊ ဘိုးဘိုးနဲ့က ခုတစ်မျိုး တော်ကြာတစ်မျိုး လုပ်လို့ သိပ်ရတာ မဟုတ်ဘူး သိလား"

"ဟင်း..."

လေပူတစ်ချက်ကို အသံကျယ်ကျယ် ထွက်အောင်ပင် ချစ်မြတ်



www.burmeseclassic.com

www.burmeseclassic.com



နီးဝေက မှုတ်ထုတ်မိသည်။

"ချစ်မြတ်နိုးရယ် တို့ကို ဆက်ကူညီမယ် မဟုတ်လား ဟင်"

ကားမောင်းနေရာမှ ရှာတော့မည့် မိုးလို ညိုမှိုင်းသော မျက်နှာလေးကို ငုံ့ကြည့်ပြီး မေးသည်။

ချစ်မြတ်နိုးဝေက သူ၏ မျက်နှာကို ဖျတ်ခနဲ တစ်ချက် လှည့်ကြည့်သည်။ တောင်းပန်ချင်နေသော မျက်နှာချောချောသနဲ့သနဲ့ ကို ကြည့်ပြီး သူမ စိတ်မကောင်း ဖြစ်ရပါသည်။

"မေးထားတဲ့ ကတိတည်အောင်မြတ်နိုးဝေ ထိန်းခဲ့ပါ ကိုရဲဝံ့"

"ဟာ... ဝမ်းသာလိုက်တာကွာ၊ တို့က ချစ်မြတ်နိုးဝေ စိတ် ညစ်ပြီး တို့ကို ပစ်ထားခဲ့မှာ စိုးရိမ်နေတာပါ"

ရဲဝံ့၏ စကားက သွေးရိုးသားရိုး ပြောလိုက်တာ ဖြစ်ပမဲ့ ချစ်မြတ်နိုးဝေ၏ ရင်ထဲမှာတော့ တဆတ်ဆတ် ခုန်သွားရပါတော့ သည်။

*

ရဲဝံ့၏ အိမ်သို့ ဒုတိယအကြိမ်မြောက် ချစ်မြတ်နိုးဝေ ရောက်ခဲ့ ပါပြီ။ ဦးသာမြတ်က ပြုံးပြုံးရယ်ရယ်နှင့် မိမိကို ကြိုလင့် နေပါသည်။

"သမီးလာမယ်ဆိုလို့ ဘိုးဘိုး မျှော်နေတာကွယ့်"

သဘောဖြူသော လူကြီးလူကောင်းကို ချစ်မြတ်နိုးဝေ ရဲရဲပင် မကြည့်ဝံ့တော့သဖြင့် မျက်လွှာချလိုက်ပါသည်။

"သမီးကလဲဘိုးဘိုးခေါ်ခိုင်းမှ လာတာကိုကွယ်၊ ဒီအိမ်ကို သမီး





ဝင်ချင်တဲ့အချိန်တိုင်း ဝင်နိုင်ထွက်နိုင်ပါတယ်"

"ဟုတ်ကဲ့ပါ"

ဖော်ရွေ ပျူငှာလွန်းတော့ ချစ်မြတ်နိုးဝေက နှစ်နှစ်ခြိုက်ခြိုက် ပြုံးပြီး တုံ့ပြန်ခဲ့ရပါသည်။

"ကဲ... ထိုင်ကြဦး"

အနီးဆုံးတွင် ရှိနေသော နှစ်ယောက်ထိုင် ဆိုဖာပေါ်ဝယ် ချစ်မြတ်နိုးဝေက ထိုင်လိုက်သည်။ ရဲဝံ့ကလည်း သူမအနားမှာ ထိုင်ချ လိုက်သည်။ ဦးသာမြတ်က ကြိုတင်ပြင်ဆင်ထားသောကြောင့် သူတို့ ရှေ့မှောက်သို့ အအေးနှင့် စားစရာ သောက်စရာ ရောက်လာသည်။

"သမီးတို့ သားတို့ စားကြဦး၊ အေးအေးဆေးဆေး စကား ပြောကြတာပေါ့ကွယ်"

ဦးသာမြတ်က တပြုံးပြုံးနှင့် ပြောနေသည်။ ရဲဝံ့ သွက်လက်စွာ မုန့်ပန်းကန်ကို ယူပြီး ချစ်မြတ်နိုးဝေထံသို့ ပေးသည်။

"ချစ်မြတ်နိုးလေး စားလိုက်ပါဦး၊ ဆာနေရောပေါ့"

"ဟုတ်ကဲ့"

ချစ်မြတ်နိုးဝေက ကိတ်မုန့်တစ်ချပ်ကို လှမ်းယူလိုက်သည်။ ရဲဝံ့က သူမ၏ မျက်နှာကို ချစ်မြတ်နိုးစွာ ကြည့်နေသည်ကို တွေ့ရ သည်။

"ဟင်"

ရင်ထဲမှ အာမေဍိတ်သံလေး ပြုမိသလို နှလုံးသား သွေးချင်လည်း သွက်သွက်ခါအောင် လှုပ်သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဆောင်း သရုပ်ဆောင်နေသည်လို့ ဆိုရပေမဲ့ ရဲဝံ့၏ အကြည့်တွေက စူးရှတောက်ပြောင်နေသည်။ သူမထံသို့ ပို့လွှတ်လိုက်သော အကြည့်တွေက ချစ်မြတ်နိုးဝေ၏ အသည်းလွှာကို စူးနစ်၍ ထုတ်ချင်းဖောက်လိုက်သလိုပါ။ ရင်ခုန်ခြင်းများစွာနှင့် ခံစားနေရသူက ချစ်မြတ်နိုးဝေပါ။

ရဲဝံ့က နောက်ထပ် မုန့်တစ်မျိုးကို ချစ်မြတ်နိုးဝေကို လှမ်းပေးပြန်သည်။

"တော်ပါပြီ၊ မြတ်နိုးဝေ ဝပါပြီ"

"ဟာကွာ၊ တစ်ခု စားပါဦးဆို"

"ဗိုက်တင်းနေလို့ပါ"

"ဩော်... ကိုကိုက စားစေချင်လို့ ဆိုမှကွာ"

သူတို့နှစ်ဦး၏ လှုပ်ရှားဟန်ကို ဦးသာမြတ်က ပီတိဖြစ်စွာနှင့် ကြည့်နေသည်။

"သမီးရယ် သူ့ကျေနပ်အောင် စားလိုက်ပါကွယ်"

သည်တော့မှ ချစ်မြတ်နိုးဝေက မုန့်ကို လှမ်းယူလိုက်သည်။ လက်ဖျားလေးချင်း ထိကပ်သွားသည်။ ရှိန်းခနဲ ရင်ထဲမှာ ပူထူသွားပါသည်။

"ဘိုးဘိုး သားက သိပ်ကို သည်းတာကိုကွ ဟင်... ဟင်း၊ သားကို ဒီလိုမြင်ရတာ ဘိုးဘိုး အံ့လဲသြ ဝမ်းလဲသာတာ၊ လူပျိုကြီးများ လုပ်တော့မလားလို့ စိတ်ပူနေတာ ခုတော့ ဘိုးဘိုး စိုးရိမ်လွန်သွားတာကိုး"





ဦးသာမြတ်က သဘောကျစွာ အဟင်းဟင်းနှင့် ရယ်ပြီး ပြောနေသည်။ သူ၏ ရင်ထဲတွင် လွန်စွာ ဝမ်းမြောက်နေကြောင်း သူ၏ မျက်နှာကို ကြည့်ခြင်းအားဖြင့် သိသာနေသည်။

"ဘိုးဘိုးက သမီးကို အလကား ခေါ်ခိုင်းလိုက်တာ မဟုတ်ပါဘူးကွယ်၊ သမီးလေးကို ပြောစရာတွေ ရှိလို့ပါ"

"ဟုတ်... ဟုတ်ကဲ့"

ချစ်မြတ်နိုးဝေ၏ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ ဦးသာမြတ် ဘာတွေပြောမလို့ ပါလိမ့်ဟု စိုးရိမ်စွာ တွေးမိသည်။

"ဒီအိမ်မှာ ဘိုးဘိုးရယ် အိမ်မှာ ချက်ပြုတ် သန့်ရှင်းတဲ့ အလုပ်သမားတွေရယ်၊ ပြီးတော့ မာလီရယ်၊ ဒရဝမ်ရယ်ပဲ နေကြတာ၊ သားက နယ်မှာ သွားအလုပ်လုပ်နေတော့ ဘိုးဘိုးတစ်ယောက်တည်း ပေါ့ကွာ၊ အဲ သူနယ်က ပြန်လာတဲ့အခါ သားက ဘိုးဘိုးနဲ့ပဲ နေတော့ ဘိုးဘိုးအဖော်ရပါတယ်"

ချစ်မြတ်နိုးဝေ၏ စိတ်ထဲတွင် ဇဝေဇဝါနှင့် အတွေးမရှင်းတာ တစ်ခု ဖြစ်လာသည်။

"ကိုရဲဝံ့က သူ့မှာ အမေရှိတယ် ပြောတယ်၊ အဲဒီအမေက ဘယ်မှာလဲ"

"ဘိုးဘိုးမှာ သားတစ်ယောက်ပဲရှိဘာ၊ အိမ်ထောင်ကျကတည်းက ဘိုးဘိုးနဲ့ ခွဲနေတယ်လေ၊ အိမ်ထောင်သက်တိုတိုလေးမှာပဲ သားရဲ့ ငယ်ငယ်ကတည်းက သူ့အဖေ ဆုံးသွားတယ်၊ ဒါနဲ့ ဘိုးဘိုးက ငယ်ငယ်ကတည်းက သားကို မွေးခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဦးသာမြတ် ဘာကို ရည်ရွယ်ပြီး ပြောနေမှန်း ချစ်မြတ်နိုးဝေ သဘောမပေါက်နိုင်ပါ။ မျက်လုံးဝိုင်းဝိုင်းလေးဖြင့်သာ စိတ်ဝင်စားစွာ ဦးသာမြတ်ကို ကြည့်နေပါသည်။

"သား ဆုံးပြီး ချွေးမကို တစ်သက်လုံး ဖူဖူလုံလုံ နေနိုင်ဖို့ ဘိုးဘိုး ပေးခဲ့ပါတယ်။ ဒါပေမဲ့ အတိုင်းအတာနဲ့ ပေးခဲ့တယ် သမီး၊ အဲဒါ ဘာဖြစ်လို့လဲ သိလား"

ချစ်မြတ်နိုးဝေက ခေါင်းလေးခါလိုက်ပါသည်။ ဟုတ်တယ်လေ မြတ်နိုးတော့ ဘယ်လို သိနိုင်မှာလဲ။

"ဘိုးဘိုး လိုချင်တဲ့ ချွေးမအမျိုးအစား မဟုတ်လို့ပေါ့ကွယ်၊ ပစ္စည်းကို ထိန်းသိမ်းနိုင်စွမ်းမရှိတဲ့ အသုံးအဖြုန်းကြီးတဲ့ မိန်းမမို့ ပေါ့ကွယ်၊ ဒါကြောင့် မြေးကို အပိုင်ယူထားပြီး ဘိုးဘိုး ကျေနပ်တဲ့ မိန်းမယူရင် ဘိုးဘိုးက သူ့ကို ဘိုးဘိုးပိုင်ဆိုင်ထားသမျှတွေ ပေးဖို့ စိတ်ကူးထားတယ်"

ဦးသာမြတ်က ရှည်လျားစွာသော စကားကို ပြောပြီး ခဏ နားလိုက်သည်။

"အခု သမီးလေးကိုမြင်တော့ ဘိုးဘိုးက သိပ်ပြီး ခင်တွယ်မိ တယ်၊ သမီးလေးနဲ့ သားကိုလဲ အချိန် သိပ်မဆွဲစေဘဲ အိမ်ထောင် မြန်မြန် ပြုစေချင်တယ်၊ ခြောက်သွေ့နေတဲ့ ဒီအိမ်ကြီးမှ အိမ်ဆည်း လည်းလေးတွ ရှိနေစေချင်တယ် သိလား"

ချစ်မြတ်နိုးဝေ၏ မျက်နှာက ရှက်သွေးတွေကြောင့် ရဲခနဲ ဖြစ်သွားရပါတော့သည်။





"ဒါကြောင့် ခုလောလောဆယ်ဆယ် ကြောင်းလမ်းထားချင် တယ် သမီး၊ သမီးတို့ရဲ့ အဒေါ်တွေဆီမှာ ဘိုးဘိုးလာပြီး ကြောင်းလမ်း ချင်တယ်၊ ဘယ်လိုလဲ သမီး"

ချစ်မြတ်နိုးဝေ အကျပ်ရိုက်သွားသည်။ ဘယ်လိုဘယ်ပုံ ပြန်ဖြေ ရမှန်း မသိအောင် စိတ်က ချောက်ချားသွားသည်။ မျက်နှာလေးက ကြောက်စိတ်ကြောင့် ဖွေးခနဲ ဖြစ်သွားတာ ရဲ့ဝံ့တွေ့လိုက်ရပြီး ချစ်မြတ်နိုးဝေအား သနားသွားရပါသည်။

"ဟို ဘိုးဘိုးရယ်၊ ကဏလောက် နေပါဦး ချစ်မြတ်နိုးလေး ကို အချိန်နည်းနည်းလောက် ပေးပါဦး"

ဦးသာမြတ်၏ မျက်နှာက မျက်မှောင်ကြုတ်သွားသည်။

"ဘာလို့ အချိန်ဆွဲချင်တာလဲ သား"

"ဘိုးဘိုး ဆန္ဒပြည့်ရပါစေမယ်ဗျာ၊ ဒါပေမဲ့ တစ်ပတ်နှစ်ပတ် လောက် သားတို့ကို အချိန်ပေးပါဦးနော်"

"အင်း . . . ဒါဆို နှစ်ပတ်နော်၊ သမီးကလဲ အိမ်ကို ကြောက်မနေ ပါနဲ့ ဖွင့်တိုင်ပင်ပါ၊ ဘိုးဘိုးတို့က မျိုးကောင်းဆွေကောင်းတွေပါကွယ်"

"ဟုတ်ကဲ့ပါ ဘိုးဘိုး"

မဝံ့မရဲ အသံတိမ်တိမ်လေးနှင့် ချစ်မြတ်နိုးဝေက ဖြေကြားပါ သည်။

"နောက်ပြီး ဘိုးဘိုးနဲ့ ဘွားဘွား လက်ထပ်တုန်းက ဘွားဘွား ကို ဆင်ခဲ့တဲ့ ပစ္စည်းတွေကို ဘိုးဘိုးက ချွေးမကို မပေးခဲ့ဘူး၊ ဘိုးဘိုးစိတ်ကြိုက် ချွေးမ မဟုတ်လို့ပေါ့ကွယ်၊ အခုဟာ ဘိုးဘိုး သိမ်း



www.burmeseclassic.com

www.burmeseclassic.com



ထားတုန်းပဲ"

တစ်ယှသန်နိုင်ပြီး ဖြတ်သားလှသော ဦးသာမြတ်ကို ချစ်မြတ်နိုးဆေက ထိတ်ထိတ်ပျာပျာလေး လှမ်းကြည့်သည်။ နောက်ပြီး ချစ်မြတ်နိုးဆေ တွေးလိုက်မိပါသည်။

ရဲဝံ့၏ မိခင်ကို ဦးသာမြတ်က လုံးဝမကြည်ဖြူသည်မှာ ယခုတိုင်ပါပဲလားဟု...

"ဘိုးဘိုးက ချွေးမကို အတိုင်းအတာနဲ့ပဲ ထုတ်ပေးခဲ့တာပါ၊ အဲဒီ ထုတ်ပေးခဲ့တဲ့ ပစ္စည်းတွေက ခေတ်ကာလတန်ဖိုးနဲ့ တွက်ရင် မနည်းပါဘူး၊ သူ့ဈေးအသေးစားလေးလောက် ချမ်းသာကြပါတယ်"

သြော်... ချွေးမကို မကြည်ဖြူသော်လည်း ရက်ရောပါလားဟု ဦးသာမြတ်၏ စေတနာကို လေးစားမိပြန်သည်။

"ဘိုးဘိုး အကုန်မပေးမိခဲ့တာ ကံကောင်းတယ်ကွယ်၊ ချွေးမက တတိတိနဲ့ ဘိုးဘိုး အမွေ ခွဲ ပေးခဲ့တာကို သုံးပစ်ခဲ့တယ်၊ နောက်ပြီး ဘိုးဘိုးသား သေပြီး လပိုင်းလောက်နဲ့ နောက်ယောက်ျားယူလိုက်တယ်"

ရဲဝံ့က သူ၏ မိခင်အကြောင်းကို ဦးသာမြတ်က မညှာမတာ ပြောနေပေမဲ့ မျက်နှာ တစ်ချက်မပျက်ဘဲ နားထောင်နေသည်ကို ချစ်မြတ်နိုးဝေက အံ့ဩမိပါသည်။

"ဘိုးဘိုးက ယောက်ျားတန်မဲ့ လူကြီးလူကောင်းတန်မဲ့ ချွေးမအကြောင်း အတင်းပြောနေလိုက်တာဆိုပြီး သမီး ဘိုးဘိုးကို အထင်မသေးပါနဲ့ကွယ်"

"ဟုတ်ကဲ့ပါ ဘိုးဘိုး"





"သား ရဲဝံ့လေးကို ဘာကြောင့် အိမ်ထောင်ပြုစေချင်တယ်၊ မိန်းမပီသတဲ့ မိန်းကလေးကို ယူစေချင်တယ်ဆိုတဲ့ ဆန္ဒကို ပေါ်လွင်စေချင်လွန်းလို့ပါ..."

"သားဖြစ်သူတုန်းကလဲ မိန်းမကြောင့် မသေခင် စိတ်ဒုက္ခရောက်ခဲ့ရတယ်၊ မြေးကျတော့လဲ စိုးမေလို မိန်းမမျိုးနဲ့ တွေ့ရင် ဘိုးဘိုး ရင်ကျိုးရချည်ရဲ့ကွယ်၊ ဒါကြောင့် ဘိုးဘိုး သဘောကျတဲ့ သမီးလေးနဲ့ပဲ သားကို ထိမ်းမြားစေချင်တာပါ"

"သားတို့ကလဲ ယူကြမှာပါ ဘိုးဘိုးရဲ့"

ရဲဝံ့က ခပ်တည်တည်ပင် ဝင်ပြောလိုက်သည်။ ငြင်းရအခက် မငြင်းရအခက်နှင့် အူလည်လည်ကြီး ချစ်မြတ်နိုးဝေ ဖြစ်သွားရပါတော့သည်။

ရဲဝံ့ သက်သက် လူလည်ကျနေပြီလားဟု သံသယမျက်ဝန်းတွေဖြင့် ရဲဝံ့အားကြည့်ပြီး ဒေါသတွေ ပွားနေပါသည်။

အမှတ်တမဲ့ ရှုပ်သွားသော မျက်နှာလေးကို ဘိုးဘိုးမမြင်ခင် ပြန်၍ ထိန်းရပါသည်။

"သြော်... သူလဲ ဟန်ဆောင်တာ သဘာဝကျအောင် ပြောတာနေမှာပါ"

ဟု မိမိကိုယ်မိမိ ဖြေသိမ့်ပြီး ဒေါသကို ငြိမ်းလိုက်ရပါတော့သည်။

"ဒီမှာ သမီး"

ဦးသာမြတ်က သူ၏ ရှုပ်အင်္ကျီအိတ်ထဲမှ ဘူးနီလေးတစ်ဘူးကို



www.burmeseclassic.com

www.burmeseclassic.com



ထုတ်သည်။ ပြီးတော့ အဖုံးကို ဖွင့်လိုက်သည်။ အတွင်းမှ ဖြိုးဖြိုးဖျတ်ဖျတ် လက်ဖြာနေသော လက်စွပ်လေး တစ်ကွင်းကို ထုတ်လိုက်သည်။

"ရော့ သား၊ သမီးရဲ့လက်မှာ စွပ်ပေးလိုက်၊ အဲ့ဒါ စေ့စပ်လက်စွပ်ပဲ"

ရဲဝံ့က လက်စွပ်ကို လှမ်းယူပြီး ချစ်မြတ်နိုးဝေ၏ ဘယ်လက်ကလေးကို သူ၏ လက်နှစ်ဖက်ဖြင့် ကိုင်လိုက်သည်။ အကိုင်အတွယ်က ညင်သာပြီး ဖွလျှလျှဖြစ်သော်လည်း ချစ်မြတ်နိုးဝေ၏ ရင်ထဲမှာ ဝုန်းဒိုင်းကျဲအောင် နှလုံးခုန်သံ ပြင်းထန်သွားသည်။

ချစ်မြတ်နိုးဝေက သူမ၏ လက်ကို ဆတ်ခနဲ ရုပ်ယူလိုက်ပြီး ပြူးဝိုင်းသော မျက်လုံးတွေနှင့် ဦးသာမြတ်ကို ကြည့်လိုက်ပါသည်။

"ဒါလောက် တန်ဖိုးကြီးတာ မယူပါရစေနဲ့ ဘိုးဘိုး"

"ဝတ်လိုက်ပါ သမီးရယ်၊ ဒါ သားရဲ့ ဘွားဘွားလက်စွပ်ပါ၊ သမီးလေးနဲ့ ထိုက်တန်လို့ ဘိုးဘိုး ပေးတာပါ"

"ရှင်... မြတ်နိုးဝေနဲ့ ထိုက်တန်တယ်လို့ ဘိုးဘိုးက ဘာကြောင့် သိတာလဲဟင်"

ဦးသာမြတ်က ပြုံးရယ်ပြီးမှ...

"ဘိုးဘိုးအသက်က ခုနစ်ဆယ်ကျော်နေပါပြီကွယ်၊ လူတွေအကြောင်းကို နှောကျေအောင် သိခဲ့တဲ့ လူပါ။ အပွေးမြင် အပင်သိဆိုသလို သမီးလေးကို မြင်တာနဲ့ စိတ်ထားသိမ်မွေ့သူလေးဆိုတာ သိပြီးသားပါကွယ်"

ချစ်မြတ်နိုးဝေ မျက်လွှာလေးချလိုက်သည်၊ သူ့သဘောတွေ





ကို သိကျွမ်းနိုင်လွန်းသော ဦးသာမြတ်သည် မိမိတို့၏ ကာလိမ်စေ့ငြိမ်းဆင်ထားသော ဇာတ်လမ်းကို သိသွားမှဖြင့် ဆိုပြီး ထိတ်လန့်မိတာ အမှန်ပါ။

"ကဲ... သား သမီးလေးလက်မှ ဝတ်ပေးလိုက်ပါကွယ်"

ရဲဝံ့က ချစ်မြတ်နိုးဝေ၏ မျက်နှာသို့ တောင်းပန်တိုးလျှိုးသော အကြည့်နှင့် ကြည့်သည်။ ချစ်မြတ်နိုးဝေလည်း မငြင်းသာတော့ပါ။

ချစ်မြတ်နိုးဝေ၏ လက်ကလေးကိုဆွဲပြီး ရဲဝံ့က သူမ၏ မျက်ဝန်းထဲသို့ စိုက်ခနဲ ကြည့်သည်။ သူ၏ မျက်ဝန်းထဲမှာ ချစ်မြတ်နိုးဝေ တစ်စုံတစ်ယောက်ဆီကမှ မရရှိခဲ့ဖူးသော အကြည့်တစ်ခုကို ရလိုက်ပါသည်။

အထိန်းအကွပ်မဲ့ နှလုံးသားလေး ယိမ်းယိုင်ထိုးလဲသွားပါသည်။

ပြင်းထန်သော နှလုံးခုန်သံက တစ်ကိုယ်လုံးရှိ သွေးတွေကို လှုပ်ပတ်နှုန်း မြန်စေလိုက်သလို လက်ဖျားလေးတွေပင် တဆတ်ဆတ်ဘုန်စေလိုက်ပါသည်။

ရဲဝံ့က လက်စွပ်ကို ဝတ်ပေးပြီး သူမ၏ လက်ကို သာသာလေး သွတ်လိုက်သည်။ ဒါပေမဲ့ လက်ကလေးတွေက နွေးနေဆဲပါ။ အသည်းနှလုံး တစ်ပြင်လုံးမှာလည်း နွေးထွေးသွားသည်ကို ချစ်မြတ်နိုးဝေ ငြင်းဆန်၍ မရတော့ပါ။

သူမ၏ လက်သူကြွယ်ပေါ်တွင် လှပတင့်တယ်စွာ ရှိနေသော ကျောက်များကို စိန်ရံထားသော လက်စွပ်ကြီးက အရည်အသွေးကောင်း



www.burmeseclassic.com

www.burmeseclassic.com



လွှန်း၍ မျက်စိများပင် ကျိန်းမတတ်ပါ။

ချစ်မြတ်နိုးဝေ၏ ဖြူသွယ်နုးညွှံ့နေသော လက်ကလေးနှင့် ပန်ရလှပါသည်။

"ဒါ စေ့စပ်ကြောင်းလမ်းခြင်းရဲ့ အကြို လက်ဖွဲ့ပါကွယ်"

"ဟုတ်... ဟုတ်ကဲ့ ကျေးဇူးပါ ဘိုးဘိုး"

ချစ်မြတ်နိုးဝေ၏ စကားကြောင့် ဦးသာမြတ်က ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။

"ဘိုးဘိုးကို ကျေးဇူးတင်စရာ မလိုပါဘူးကွယ်၊ ဘိုးဘိုးကသာ သမီးကြောင့် သားကို စိတ်ချရမှာကြောင့် သမီးကို ကျေးဇူးတင်ရမှာပါ"

"ဘိုးဘိုး သား ချစ်မြတ်နိုးကို ပြန်ပို့လိုက်မယ်နော်"

"အေးကွယ်၊ သမီး ဘိုးဘိုးမှာတဲ့ကိစ္စ အမြန်ဆုံး အောင်မြင်အောင် ကြိုးစားပါကွယ်"

"ဟုတ်ကဲ့ပါ ဘိုးဘိုး၊သမီးကို ပြန်ခွင့်ပြုပါ"

"အေး... အေးကွယ်"

ချစ်မြတ်နိုးဝေက ဦးသာမြတ်ရှေ့မှ သွက်သွက်လေး ထွက်ခဲ့ပါသည်။ သူမစိတ်ထဲအနှောင်အဖွဲ့တစ်ခုထဲ ကျရောက်သွားသလို မွန်းကျပ်နေသည်။

အိမ်ပြင်ရောက်မှ အသက်ကို ဝဝရှူလိုက်သည်။ ကားပေါ်သို့ မြန်မြန်လေးတက်ခဲ့သည်။ ဦးသာမြတ်၏ ရှေ့မှောက်မှ ဝေးဝေးသို့ ချစ်မြတ်နိုးဝေ ပြေးလိုလှပါသည်။

ရဲဝံ့ကလည်း ကားပေါ်သွက်သွက်တက်ပြီး စက်နှိုးလိုက်သည်။





ချစ်မြတ်နိုးဝေထံမှ ပင့်သက်နက်နက် တစ်ခုက သူ့ထံ ဖြတ်ပြေးလာသည်။

"ဪ... သူလေး တော်တော် စိတ်အိုက်သွားပုံရတယ် သနားပါတယ်"

စိတ်ကျဉ်းကျပ်နေသော မိန်းမလှလေးကို ကြည့်ပြီး ကရုဏာသက်စွာ တွေးလိုက်သည်။ ကားကို စက်နှိုးပြီး ခြံထဲမှ အရှိန်နှင့် ထွက်ခဲ့သည်။

အင်းလျားလမ်းပေါ်မှ လေးညှို့က ပစ်လိုက်သော မြားတစ်စင်းလို အရှိန်နှင့် မောင်းထွက်ခဲ့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၁၈

အင်းလျားလမ်းနှင့် တက္ကသိုလ်ရိပ်သာ လမ်းဆုံသို့ ရောက်တော့ မီးပွိုင့်နီနေသဖြင့် ရဲဝံ့က ကားကို တိခနဲ ရပ်လိုက်သည်။ ချစ်မြတ်နိုး ဝေထံသို့ ငဲ့စောင်းပြီး ကြည့်သည်။ သုန်မှုန်နေသော မျက်နှာလေးကို တွေ့ရ၍ စိတ်မကောင်းခြင်းများစွာ ဖြစ်ရပါသည်။

"ချစ်မြတ်နိုး စိတ်ညစ်နေပြီလားဟင်"

တောက်ပြောင်မှုကင်းနေသော မျက်ဝန်း၏အကြည့်တစ်ခုက ရဲဝံ့ကို လာရောက်ထိမှန်သည်။

"ဟုတ်တယ်၊ မြတ်နိုးဝေ စိတ်ညစ်နေပြီ၊ နောက်ပြီးဒီလက်စွပ်ကြီးကိုလဲ မယူချင်ဘူး"

"ဘိုးဘိုးပေးထားတာ ယူထားလိုက်ပါကွာ၊ တော်ကြာ ဘိုးဘိုးက တို့အကြောင်းတွေ သိကုန်ပါဦးမယ်"

"ဟင်း... ခက်လိုက်တာ၊ ဒါကြီးဝတ်ထားလို့ မဖြစ်ဘူး





ကိုရဲဝံ့ ပြန်ယူသွားပါ"

လက်စွပ်လေးကိုချွတ်ပြီး ရဲဝံ့ကို လှမ်းပေးသည်။ ရဲဝံ့က ပြန်မယူချင်ပါ။ အတော်ပါပဲ။ မီးစိမ်းပြနေပြီမို့ ကားက ဂီယာသွင်းပြီး မောင်းထွက်ခဲ့သည်။

"ပြန်ယူထားပါ ကိုရဲဝံ့"

"ဘိုးဘိုးက ဒီလက်စွပ်ကို ချစ်မြတ်နိုး အမြဲဝတ်ဖို့ ပေးထားတာ၊ နောက်တစ်ခါ တွေ့တဲ့အခါ ဝတ်ထားတာ မမြင်ရင် မေးမှာပေါ့"

"ကျွတ်... စိတ်ညစ်လိုက်တာ"

စိတ်ညစ်ညစ်နှင့် ချစ်မြတ်နိုးဝေက စုတ်သပ်လိုက်သလို မျက်နှာလေးကလည်း ရှုံ့မဲ့နေသည်။

"ဒေါ်ဒေါ်ကြီးတို့ မြင်ရင် မေးလား စမ်းလား လုပ်ကြလိမ့်မယ်၊ မြတ်နိုးဝေ ဘယ်လိုဖြေရမှာလဲ"

"မေးတော့ ဖြေလိုက်ပေါ့ကွယ်၊ ချစ်မြတ်နိုး စေ့စပ်ပြီးသားလူက ပေးတာလို့"

ရဲဝံ့က ပေါ့ပါးစွာ ပြောသည်။ ချစ်မြတ်နိုးဝေ မျက်နှာလေး ပို၍ စူပုပ်သွားသည်။ ဒေါသယောင်တွေဖြင့် လက်ဖြာနေသော မျက်ဝန်းလေးက သူ့ကို ပူလောင်စွာ ထိကပ်လာသည်။

"ဘာပြောတယ် ကိုရဲဝံ့"

"နို့မဟုတ်လို့လား ချစ်မြတ်နိုးရယ်၊ တို့နှစ်ဦးကသာ ဟန်ဆောင်နေတာ၊ အများအမြင်များတို့က စေ့စပ်ထားတဲ့ စုံတွဲလေ၊ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ ဟုတ်တာပေါ့"

"တို့ကလဲ အဲဒါပဲပြောတာပဲ၊ ချစ်မြတ်နိုးက ထစ်ခနဲဆို ဒေါသကြီးတာကိုး"

ပြုံးပြုံးလေး လွှန့်သွားသော ရဲဝံ့၏ နှုတ်ခမ်းတွေကို ချစ်မြတ်နိုးဝေ မမြင်လိုက်ပါ။ နို့မို့ဆို ထပ်၍ ဒေါသပုန်ထွားမှာ သေချာလှသည်။

"ဒုက္ခပဲ၊ စိတ်ပိန်လိုက်တာနော်"

ခေါင်းကို တဖျဉ်းဖျဉ်းကုတ်ပြီး ချစ်မြတ်နိုးဝေက ညည်းတွား လိုက်သည်။

"ချစ်မြတ်နိုးကလဲကွာ၊ စိတ်ပျက်လွယ်လိုက်တာ"

"လွယ်ရတယ်ရှင့် ဒီလက်စွပ် ဒုက္ခက မသေးဘူး သိလား"

"လွယ်ပါတယ်၊ အဲဒီလက်စွပ်ကို ချွတ်ပြီး သိမ်းထားလိုက်ပေါ့၊ ဘိုးဘိုးနဲ့တွေ့ခါနီးမှ ထုတ်ဝတ်လိုက် ရသားပဲ"

ဆင်စင်ဆင်လက် ပေးလွှန်းတဲ့ ရဲဝံ့ကို မျက်စောင်းလေး တစ်ချ လက်ဆောင်ပေးလိုက်သည်။ ချစ်မြတ်နိုးဝေက လက်စွပ်ကို ချွတ်ပြီး ပိုက်ဆံအိတ်ထဲသို့ ထည့်သည်။

"တွေ့လား၊ အဲလိုလုပ်လိုက်တော့ လက်စွပ်ကို ဘယ်သူမှ မမြင်တော့ဘူး မဟုတ်လား"

ဘာမှ ပြန်မဖြေ။ နှုတ်ခမ်းပို၍သာ စူထော်သွားသည်။

"တို့ အိမ်အထိ လိုက်ပို့မယ်လေ"

"ကဲ... အပိုတွေ ပြောမနေနဲ့၊ မဖြစ်နိုင်တဲ့ကိစ္စ လေကုန်ခံ ပြီး ပြောမနေနဲ့"





"ဒါဆို ဘယ်နားထိ ပို့ရမှာလဲ"

"ဆင်ရေတွင်း ကားဂိတ်နားမှာ ရပ်ပေး"

"ကောင်းပါပြီတဲ့ဗျာ"

အပြုံးလဲ့လဲ့ဖြင့် ရဲဝံ့က ပြောသည်။ ကားကို ကားဂိတ်နှင့် ခနီးမဝေးမှာ ရပ်ပေးလိုက်သည်။

ချစ်မြတ်နိုးဝေက ဆောင့်ဆောင့်အောင့်အောင့်လေး ကားပေါ်က ဆင်းသည်။ ပြီးတော့ ကားတံခါးကို ဆောင့်၍ ပိတ်လိုက်သည်။ သူမကို ကြည့်ပြီး ပြုံတီတီ မျက်နှာပေးနှင့် ရဲဝံ့က ပခုံးနှစ်ဖက်ကို တွန့်လိုက်သည်။

ချစ်မြတ်နိုးဝေက သူ့ကို နှုတ်ဆက်လည်း မသွား၊ လှည့်လည်း မကြည့်ဘဲ ဘောက်ဆတ်ဆတ်နှင့် ကျောခိုင်းသွားလေသည်။ ရဲဝံ့က သူမ ကားတစ်စီးပေါ် တက်သွားသည်အထိ ကြည့်ပြီးမှ ကားကို မောင်းထွက်ခဲ့သည်။

*

ခါတိုင်းနေ့များထက် ချစ်မြတ်နိုးဝေ အိမ်သို့ နောက်ကျစွာ ပြန်ရောက်သည်မို့ ဒေါ်တင်လှပင် ဈေးမှ ရောက်နေလေသည်။

အိမ်ထဲသို့ လှမ်းဝင်လိုက်မိမိချင်း ဒေါ်တင်လှ၏ မေးခွန်းပေါင်း များစွာ ဆောင်ထားသော အကြည့်နှင့် လှမ်းတိုးလေသည်။

"မြတ်နိုးဝေ နောက်ကျလှချည်လား"

"သူငယ်ချင်းတစ်ယောက်နဲ့ လမ်းမှာ တွေ့နေလို့ပါ ဒေါ်ဒေါ် ကြီး"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသေလေးနှင့် ခပ်တည်တည်ပင် ချစ်မြတ်နိုးဝေက ညာပြောသည်။

"မိန်းကလေးပဲ အချိန်နဲ့သွား အချိန်နဲ့ပြန်တာ မဟုတ်ဘူး၊ ဘာလို့ လမ်းမှာ အချိန်ဖြုန်းနေရတာလဲ"

"မတွေ့ရတာ ကြာနေပြီဖြစ်တဲ့ သူငယ်ချင်းမို့ပါ"

"နောက် အိမ်ပြန်နောက်မကျစေနဲ့ ကြားလား၊ ငါမကြိုက်ဘူး"

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်ကြီး"

ကြီးဒေါ်ကြီး၏ စူးရှသော စူးစမ်းသော အကြည့်များအောက်က လွတ်အောင် သွက်သွက်လေးထွက်ခဲ့သည်။ သူမ၏ အခန်းဆီသို့ မပြေးရုံတစ်မည် ဝင်ခဲ့သည်။

"ဟူး"

အခန်းထဲရောက်မှ လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။ ဂိုဘ်ထဲမှာ ပေါ့ပါးသွားခြင်းတော့ မရှိပါ။ အဝတ်စားလဲပြီး ရေမချိုးနိုင်သေးဘဲ ပိုက်ဆံအိတ်အတွင်းမှ လက်စွပ်လေးကို ထုတ်ယူကြည့်သည်။

ညနေစောင်း၏ လက်ကျန်နေရောင်အောက်မှာ တဖျတ်ဖျတ် လက်နေတာ မျက်စိပင် ကျိန်းစရာပါ။ လက်စွပ်လေးကို လှည့်ပတ်ကြည့်ပြီး

"ဒါလောက် တန်ဖိုးကြီးတဲ့ ပစ္စည်းကို ဘိုးဘိုးက ရက်ရက်ရောရော ပေးလိုက်တာ "အံ့ဩစရာပဲ"

ဦးသာမြတ်၏ စိတ်ထားကို အံ့ဩမိသည်မှာ အမှန်ပါ။





တစ်ခါ နှစ်ခါ မြင်ဖူးရုံနှင့် မိမိအပေါ် ယုံကြည်လွန်းတာကို စဉ်းစား မရအောင်ပါပင်။

သူမမှာလည်း ခုတော့ အကြီးအကျယ် စိတ်ဒုက္ခရောက်နေရ ပါပြီ။ အနှောင်အဖွဲ့တွေက တစ်ပတ်ပြီး ထပ်ပတ် နှောင်သလို ဖြစ်နေပြီမို့ နောက်ဆုံးမှာ ရုန်းထွက်ရခက်မှာ စိုးရိမ်နေပါသည်။

မိမိတို့၏ လိမ်လည်လှည့်ဖြားမှုကို ယုံကြည်နေရှာသော ဦးသာမြတ်လို လူကြီးလူကောင်းကြီးကို ဆက်လက် ညာရမှာ ချစ်မြတ်နိုးဝေ လိပ်ပြာမသန့် ဖြစ်နေပါသည်။

"ဟဲ့... မြတ်နိုးဝေ၊ ရေချိုးလို့ မပြီးသေးဘူးလား"

ဒေါ်တင်လှ၏ အသံစူးစူးက အခန်းထဲသို့ အလုံးအရင်းနှင့် ဝင်လာသည်။ လက်စွပ်လေးကိုကြည့်ပြီး အတွေးသံသရာမှ လည် နေသော ချစ်မြတ်နိုးဝေက လန့်ဖျပ်သွားသည်။ လက်စွပ်ကို ကပျာ ကယာ ပိုက်ဆံအိတ်ထဲသို့ ပြန်ထည့်သည်။

"ခုပဲ လာခဲ့ပါမယ် ဒေါ်ဒေါ်ကြီး"

ရေချိုးလျှင် ကြာနေမှာစိုး၍ အိမ်နေရင်း အဝတ်အစားကို ကောက်လဲပြီး အခန်းထဲမှ ထွက်ခဲ့သည်။ လှေကားကို အပြေးတစ်ပိုင်း ဖြင့် ပြေးဆင်းခဲ့သည်။

လှေကားရင်းမှာ အသင့်စောင့်ဆိုင်းနေသော ဒေါ်တင်လှကို တွေ့ရသည်။ မျက်နှာကလည်း သုန်မှုန်နေသည်။ ရှေးအခါက ဒေါ်တင်လှက မျက်နှာ သုန်သုန်မှုန်မှုန်ကြီးနဲ့ နေပါရစေလို့များ ဆုတောင်း မှားခဲ့လေသလားမသိ။ သူမ၏ မျက်နှာကို ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တိုင်း မှုန်တေနေသည်က များသည်။

"ဒီမှာ ညည်းအမေ ထမင်းစားဖို့ စောင့်နေတယ်"

"ဟုတ်ကဲ့ပါ"

ဒေါ်တင်လှ၏ ရှေ့မှ ခါးလေးညွှတ်ပြီး သွက်သွက်လေး ဖြတ်ပြေးခဲ့သည်။ ထမင်းစားခန်းမှာ ပြုံးချိုစွာ စောင့်ကြိုနေသော မိခင်ကို တွေ့ရသည်။

"မေမေ စောင့်နေရတာ ကြာပြီလားဟင်"

"ရပါတယ် သမီးရဲ့"

"စားနှင့်ရောပေါ့ မေမေရယ်"

"သမီးလေးကို တမင်စောင့်နေတာပါကွယ်၊ မမကြီးတို့တော့ စားပြီးကြပြီ"

ချစ်မြတ်နိုးဝေက သွက်လက်စွာ မိခင်ကြီးကို ခူးခပ်ကျွေးလိုက်သည်။ ပြီးမှ သူမ၏ ပန်းကန်ထဲသို့ ထမင်းခူးသည်။ သူမ၏ လှုပ်ရှားဟန်ကို မိခင်ကြီးက အပြုံးလဲ့လဲ့နှင့် ကြည့်နေသည်။

"သမီး ထမင်းထည့်တာ နည်းလှချည်လား"

ချစ်မြတ်နိုးဝေ၏ ပန်းကန်ထဲမှ ထမင်းကိုကြည့်ပြီး ဒေါ်ခင်မြထေ မေးသည်။

"သိပ် မဆာလို့ပါ မေမေ"

"ဟင်... ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား"

"ကောင်းပါတယ် မေမေ၊ မဆာလို့ပါ"

"မဆာတာ ရင်ခံနေလို့ နေမှာပေါ့"





"ဪ... စိတ်ချပါ မေမေရယ်၊ မြတ်နိုးဝေ နေကောင်းပါတယ်"

စိုးရိမ်မျက်ဝန်းများနှင့် ကြည့်နေသော မိခင်ကြီးကို စိတ်အေးစေရန် မျက်နှာချိုချိုလေးဖြင့် ပြောလိုက်သည်။

ရဲဝံ့၏ အိမ်တွင် သူပေးသမျှ မုန့်တွေကို ဦးသာမြတ်ရှေ့မှာ အားနာနာနှင့် စားခဲ့သည်မို့ ချစ်မြတ်နိုးဝေ ဗိုက်ပြည့်နေပါသည်။ သည်လိုစားခဲ့သည့် အကြောင်းကိုလည်း ဖွင့်ပြော၍ မဖြစ်သောကြောင့် ရှောင်နေရပါသည်။ ဟန်လုပ်ပြီး ထမင်းကို စားရပါတော့မည်။

"ဒါဆို အိပ်ခါနီး ကော်ဖီနဲ့ မုန့်စားလိုက်ဦး ညကျ ဆာနေလိမ့်မယ်"

"ဟုတ်"

ပူပင်သောက ကြီးလွန်းသော မိမိ၏ ချစ်တတ်နားလည်တတ်လွန်းသော မိခင်ကို ချစ်မြတ်နိုးဝေ ချစ်ခင်လေးစားစွာဖြင့် ကြည့်နေမိပါသည်။

ထမင်းစားသောက်ပြီး အိုးခွက်ပန်းကန်တွေ အားလုံး ဆေးကြောပြီးမှ မီးဖိုခန်းမှ ချစ်မြတ်နိုးဝေ ထွက်ခဲ့ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



၁၉

ရဲဝံ့ လာခေါ်၍ မကြာခဏဆိုသလို ဦးသာမြတ်ထံ ချစ်မြတ်နိုး ဝေ ရောက်ခဲ့ရပါသည်။ ရဲဝံ့အိမ်မှ ပြန်လာလေတိုင်း ချစ်မြတ်နိုးဝေ၏ ရင်ထဲမှ တစ်ဆင့်ထက် တစ်ဆင့် ပို၍ လေးလံလာသည်။ တဖြည်းဖြည်း အခြေအနေက ပိုခိုင်မြဲလာသည်မို့ ချစ်မြတ်နိုးဝေ စိုးရိမ်နေမိပါသည်။

တစ်နေ့ . . .

ဦးသာမြတ်ထံမှ ပြန်လာသောအချိန်က တော်တော်လေး နောက်ကျနေလေပြီ။ ဒေါ်တင်လှနှင့် ထိပ်တိုက်တိုးရတော့မှာ သိနေသည်မို့ ချစ်မြတ်နိုးဝေက ဟန်မဆောင်နိုင်လောက်အောင် မျက်စိမျက်နှာ ပျက်နေသည်။

တစ်လမ်းလုံး ငြိမ်သက်နှုတ်ဆက်နေသော ချစ်မြတ်နိုးဝေကို ရဲဝံ့က ကားမောင်းနေရာမှ လှည့်ကြည့်လိုက်သည်။ ညှိုးရော်နေသော မျက်နှာ နွမ်းနွမ်းလေးကို တွေ့ရသည်။





"ချစ်မြတ်နိုး ဘာဖြစ်နေတာလဲဟင်"

"အိမ်ပြန်နောက်ကျလို့ ဒေါ်ဒေါ်ကြီး ဆူမှာ စိုးနေတယ်"

"အေးကွာ၊ ဆောရီးပဲနော်၊ တို့ကြောင့် ချစ်မြတ်နိုး ဆူခံရတော့မယ်၊ ဘိုးဘိုးကလဲ စကားမပြတ်တော့ ခက်နေတယ်၊ တို့က ပြန်ပို့ပေးချင်နေတာ စောစောကတည်းက"

"မြတ်နိုးဝေတော့ တစ်နေ့ထက်တစ်နေ့ ဒီအလုပ်ကို စိတ်ကုန် လာပြီ သိလား"

"ဟာ . . . စိတ်တော့ မကုန်လိုက်ပါနဲ့ကွာ၊ တို့ မဟာဒုက္ခကြီး ဖြစ်ရမှာပါ"

မျက်လုံးပြူးပြူး အသံပျာပျာနှင့် ရဲဝံ့က အလန့်တကြား ပြောသည်။

"ရှင့် ဒုက္ခထက် မြတ်နိုးဝေ ဒုက္ခက ခုလောလောဆယ်မှာ ပိုကြီးမားနေတယ် သိလား"

"ချစ်မြတ်နိုးရယ် တို့ တောင်းပန်ပါတယ်ကွာ၊ လမ်းခုလတ်က နေပြီး နောက်ကြောင်းပြန်မပြောပါနဲ့လို့ နော်"

မျက်နှာငယ်ငယ်နှင့် ရဲဝံ့က တောင်းပန်ချင်ပါသည်။

"ဒေါ်ဒေါ်ကြီးတို့ကို ဘိုးဘိုးက ဖွင့်ပြောခိုင်းနေပြီး မြတ်နိုးဝေ ဘယ်ကစပြီး ပြောရမှန်းတောင် မသိ"

"ဒါဆို တို့ အိမ်လိုက်ပြီး ပြောပေးမယ်နော်"

"အို . . . မဖြစ်နိုင်တဲ့ဟာကို"

ချစ်မြတ်နိုးဝေက စိတ်တိုတိုနှင့် ရဲဝံ့ကို ဟောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုပြီး နှုတ်ခမ်းလေးစူပုပ်ပြီး တွေးတောလာနေသော ချစ်မြတ်နိုးဝေ၊ ကားက ဆင်ရေတွင်းသို့ လွန်၍ သုခလမ်းထိပ်နား ရောက်လုပြီ။ ရဲဝံ့ကလည်း ဘယ်မှာရပ်ပေးရမယ်ဆိုတာ မမေးဘဲ ဆက်မောင်းလာသည်။ သုခလမ်းထိပ်ရောက်မှ ချစ်မြတ်နိုးဝေကို လှမ်းမေးလိုက်သည်။

"အိမ်ထိ လိုက်ပို့ရမလား ချစ်မြတ်နိုး"

"ဟင်... "

သည်တော့မှ မှင်တက်မိစွာ ငေးမောလာသော ချစ်မြတ်နိုးဝေထံသို့ အသိတရားက လှစ်ခနဲ ဝင်လာသည်။ သုခလမ်းထိပ်သို့ ရောက်နေပြီဆိုသော အသိကြောင့် ချစ်မြတ်နိုးဝေ မျက်လုံးဝိုင်းလေးနှင့် လမ်းကို ကြည့်မိသည်။

"ရပ်... ရပ် ဒီမှာပဲရပ်လိုက်တော့"

ပျာပျာသလဲ ချစ်မြတ်နိုးဝေက ကားကို ရပ်ခိုင်းသည်။ ရဲဝံ့ကလည်း လမ်းဘေးရှင်းသည့် နေရာမှာ ကားကို ထိုးရပ်လိုက်သည်။ ချစ်မြတ်နိုးဝေက ကားပေါ်မှ ကတိုက်ကရိုက် ဆင်းလိုက်သည်။ နောက်ကြောင်းကို ပြန်လှည့်မကြည့် သုတ်သုတ်လေး လှမ်းလိုက်သည်။

တစ်လှမ်း၊ နှစ်လမ်း သုံးလှမ်းသော ခြေလှမ်းမြောက်မှာ...

"ဟင်... "

ချစ်မြတ်နိုးဝေ၏ ပါးစပ်မှ အာမေဋိတ်က ထွက်သွားသလို မျက်လုံးလေးပြူး ပါးစပ်လေး ဝိုင်းသွားသည်။ မျက်နှာလေးက ချက်ချင်း စက္ကူဖြူတစ်ချပ်လို သွေးဆုတ်ဖြူရော်သွားသည်။ တစ်ကိုယ်လုံးတွင် လှည့်ပတ်နေသော သွေးများ ရပ်ဆိုင်းသွားသကဲ့သို့ပင် အေး





စက်တောင့်တင်းသွားသည်။

ချစ်မြတ်နိုးဆေ တွေ့လိုက်ရသည်က မီးဝင်းဝင်းတောက်မတတ် မျက်လုံးတွေနှင့် မျက်နှာထန်ထန်ကြီးဖြင့် ကြည့်နေသော ဒေါ်တင်လှကြောင့်ပါပင်။

ရပ်မိသည့်နေရာမှ အမြစ်တွယ်နေသလို ချစ်မြတ်နိုးဝေ လှုပ်ရှားရန် မေ့လျော့နေသည်။ မျက်လုံးပြူးလေးနှင့် ဒေါ်တင်လှကို ကြည့်နေမိသည်။

"ညည်း ဘယ်က ပြန်လာတာလဲ ချစ်မြတ်နိုးဝေ"

"ရှင်... "

ထိတ်ထိတ်လန့်လန့် ဖြစ်ရလွန်း၍ ချစ်မြတ်နိုးဝေ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။ ဒေါ်တင်လှ၏ မျက်နှာထားကို ကြည့်ခြင်းအားဖြင့် သူမ ရဲဝံ့ကားပေါ်က ဆင်းလိုက်သည်ကို တွေ့သွားမှန်း သေချာနေသည်။

"ငါ မေးတာ ဖြေလေ၊ ဘယ်က ပြန်လာလဲ"

"ဟို... ဟို သူငယ်ချင်းက ကားကြုံလို့ လိုက်ပို့တာပါ"

"လာခဲ့ အိမ်ရောက်မှ ညည်း သိမယ်"

ဒေါ်တင်လှက ကြိမ်းဝါးပြီး ရှေ့မှ လျှောက်သွားသည်။ ချစ်မြတ်နိုးဝေက ခပ်ကုပ်ကုပ်လေး သူမ၏နောက်မှ လိုက်ခဲ့ပါသည်။ သူမ၏ ရင်ထဲမှာ စိုးရိမ်စိတ်တွေ ကြီးစိုးနေပါသည်။

"အိမ်ရောက်ရင် ငါ့ကိုလဲ သေချင်စိတ်ပေါက်လောက်အောင် ပြောတော့မယ် ဒုက္ခပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်လှ၏ ခြေလှမ်းကို နောက်က မနည်းကြီး မီအောင် လိုက်နေရပါသည်။ ဒေါ်တင်လှ၏ လျှောက်သွားပုံ၊ လှမ်းသွားပုံကို ကြည့်ခြင်းအားဖြင့် သူမ၏ စိတ်ထဲဘယ်လောက် ဒေါသပုန်ထနေပြီ ဆိုတာ ခန့်မှန်း၍ ရလေသည်။

အိမ်ခြံဝရောက်တော့ ချစ်မြတ်နိုးဝေ၏ ရင်တွေ တအား ခုန်လာသည်။ ဒေါ်တင်လှနှင့် ရင်ဆိုင်ရမှာ ကြောက်လွန်း၍ ခြံဝကပင် ပြန်၍ လှည့်ပြေးချင်စိတ်တွေ ပေါက်လာသည်။

မပြေးသာသည့်ဘဝ မပြေးဝံ့သည့် ဘဝမို့ လာမည့်ဘေး ပြေးတွေ့ရန် ဆုံးဖြတ်ပြီး အိမ်ထဲသို့ ဝင်လိုက်ခဲ့သည်။ ဒေါ်တင်လှက အိမ်ထဲရောက်သည်နှင့် ခြင်းတောင်းကို အောင်ကြီးအောင့်ကြီး ကြမ်းပြင်ပေါ် ချလိုက်သည်။ ပြီးတော့ ဝုန်းခနဲနေအောင် ကုလားထိုင်ပေါ်မှာ ပစ်ထိုင်လိုက်သည်။

"ကဲ... ကြွပါ၊ မယ်မင်းကြီးမရဲ့"

မဝံ့မရဲ ကုပ်ကုပ်လေး လှမ်းနေသော ချစ်မြတ်နိုးဝေကို မျက်ထောင့်နီကြီးနှင့်ကြည့်ပြီး လှမ်းခေါ်လိုက်သည်။ ချစ်မြတ်နိုးဝေက သူမရှေ့မှ ရှုံ့ရှုံ့လေး မျက်လွှာလေးချပြီး ရပ်နေသည်။

"ကဲ ထိုင်စမ်းပါဦး"

ဒေါ်တင်လှ၏ ဆူလောင်ပူလောင် အသံကျယ်ကြီးကို ကြားပြီး ဒေါ်ခင်မြရော ဒေါ်မြင့်သောင်းပါ ညှော်ခန်းသို့ အသီးသီး ရောက်လာသည်။ ဘာတွေများ ဖြစ်ကုန်ပြီလဲဆိုသော ထိတ်ထိတ်လန့်လန့် မျက်ဝန်းတွေဖြင့် ဒေါ်တင်လှနှင့် ချစ်မြတ်နိုးဝေကို ကြည့်နေကြသည်။





ကုလားထိုင်ပေါ်မှာ မျက်လွှာလေးချပြီး ကိုယ်လေး ယို့ယို့နှင့် ချစ်မြတ်နိုးဝေက ဖြည်းလေးစွာ ဝင်ထိုင်လိုက်သည်။ အမှတ်မထင် လက်နှစ်ဖက်ကို ပေါင်ပေါ်သို့ တင်လိုက်သည်။

ဒေါ်တင်လှ၏ အကြည့်က ချစ်မြတ်နိုးဝေ၏ တစ်ကိုယ်လုံးကို သိမ်းကျုံးစူးဝါးစွာ ကြည့်နေသည်။ ရုတ်တရက် ဒေါ်တင်လှ၏ မျက်လုံးကြီးက ပြူးဝိုင်းသွားသည်။ ချစ်မြတ်နိုးဝေ၏ ဘယ်ဘက်လက်ပေါ်သို့ ပြူးပြူးကြီး ကြည့်နေသည်။

"ဟင်... ညည်းလက်ထဲက ဘယ်သူ့လက်စွပ်လဲ၊ ပြစမ်း"

ချစ်မြတ်နိုးဝေ၏ ကိုယ်က ကျဉ်စက်နှင့် တို့ခံလိုက်ရသလို တစ်ကိုယ်လုံး ခါဆင်းသွားသည်။ ကြောက်စိတ်တွေ သူမ၏ ကိုယ်မှာ လွှမ်းသွားပါသည်။

လက်စွပ်ကို ပြူးဝိုင်းထိတ်လန့်သော မျက်ဝန်းတွေနှင့် ငုံ့ကြည့်ပြီး ဘာပြန်ဖြေရမှန်း မသိတော့ပါ။ အိမ်ပြန်မရောက်ခင် လက်စွပ်ကို ချွတ်ပြီး ပိုက်ဆံအိတ်ထဲသို့ သိမ်းခဲ့ရန် မေ့ခဲ့လေပြီ။ သတိလေး တစ်ချက်လစ်လိုက်ရုံနှင့် မဟာဒုက္ခကြီး ရင်ဆိုင်လေရပြီ။

"ငါ မေးနေတယ် အဲဒါ ဘယ်သူပေးတာလဲလို့"

ဒေါ်တင်လှ၏ ဒေါသသံက တစ်အိမ်လုံးကို လွှမ်းသွားသည်။ ဒေါ်ခင်မြတောင် သည်အသံကြောင့် တွန့်ခနဲ ဖြစ်သွားသည်။ မျက်နှာ ညှိုးငယ်ပြီး သိပ်ကြောက်ရှု့နေပုံရသော ချစ်မြတ်နိုးဝေကိုကြည့်ပြီး သနားနေပါသည်။ ဒါပေမဲ့ ဝင်မစွက်ရဲသဖြင့် အောင့်သက်သက်နှင့် ငြိမ်၍ ကြည့်နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ မိမြတ်နိုးဝေ နေ့ချင်းညချင်း ညည်းအသွားပြီလား၊ စောစောက ညည်းကို လိုက်ပို့တာ ဘယ်ကကောင်လဲ၊ ညည်းအကြောင်းတွေ ငါကြားကြားနေတာ မဟုတ်ဘူးလို့ထင်ခဲ့တာ ခု လက်ပူးလက်ကြပ်မိတော့မှ ငါတို့ကို ညည်း ဘယ်လောက် လိမ်လည်လှည့်ဖြားနေတယ်ဆိုတာ သိရတယ်"

ဒေါ်တင်လှ၏ ပါးစပ်မှ ပြင်းထန်စွာ ဒေါသစကားတွေက ခုန်ပေါက်ပြီး ထွက်လာလေသည်။ ဒေါ်ခင်မြလည်း ဆက်ပြီး ငြိမ်မနေနိုင်၍ အရဲစွန့်ပြီး ဝင်မေးသည်။

"မမကြီး သမီး ဘာတွေဖြစ်နေပြီလဲ၊ ကျွန်မ သိအောင် ပြောပြပါဦး"

မျက်ရည်ဝဲဝဲ အသံတိမ်တိမ်ဖြင့် ဒေါ်ခင်မြက ဆို့နင့်စွာ မေးသည်။

"ဩော်... ညည်းက ခုမှ မေးဖော်ရတယ်ပေါ့၊ ညည်းသမီး ဘာဖြစ်လို့ ဖြစ်နေမှန်း မသိဘူးပေါ့ ဟုတ်လား"

ဒေါ်တင်လှ၏ ဒေါသက ဒေါ်ခင်မြဘက်သို့ မြားဦးလှည့်သွားလေသည်။

"မမကြီးရယ် သမီးလေး ဘာတွေမဟုတ်တာ လုပ်နေလို့လဲ"

ဒေါ်ခင်မြက မျက်ရည်တွေ ပေါက်ပေါက်ကျရင်း မချိတင်ကဲစွာ မေးသည်။

"ဘာလုပ်ရမလဲအေ၊ ကောင်တစ်ကောင်နဲ့ ညည်းသမီး တွဲနေတယ်တဲ့လေ၊ ကျုပ်ကို ပြောတာ နှစ်ခါသုံးခါရှိပြီ၊ ကျုပ်က မသေ





ချာသေးလို့ မပြောတာ၊ သူ့အရိပ်အကဲကို ကြည့်နေတာ...

"ဒီနေ့တော့ ဟိုကောင့် ကားပေါ်က ဆင်းလာတာ ကျုပ်မျက်စိနဲ့ တပ်အပ်မြင်ခဲ့တာ"

"ဘယ်က ကောင်လေးလဲ၊ မမကြီး သိလားဟင်"

"မသိလို့ပေါ့ဟဲ့ မသိလို့ပေါ့၊ ဒါကြောင့် မယ်မင်းကြီးမကို မေးမလို့ဟ"

ဆွေ့ဆွေ့ခုန်အောင် ဒေါသတွေထွက်ရင်း ဒေါ်တင်လှက အသံကုန် ဟစ်ပါလေတော့သည်။

မိခင် ငိုတာမြင်တော့ ချစ်မြတ်နိုးဝေလည်း စိတ်မထိန်းနိုင်တော့ဘဲ ငိုချလိုက်မိပါသည်။ ဒေါ်တင်လှက ရဲရဲတွတ်နေသော မျက်နှာကြီးနှင့် သူမကို ကြည့်နေသည်။

"ကဲ... ငိုမနေနဲ့ မယ်မင်းကြီးမ စောစောက ဘယ်သူလဲ ပြောစမ်း၊ ညာမယ် မကြံနဲ့၊ တစ်ခါတည်း အရိုးတခြား အသားတခြား ဖြစ်သွားမယ် သိလား"

ဒေါ်တင်လှက အစွမ်းကုန် ကြိမ်းမောင်းနေတော့သည်။ ချစ်မြတ်ဝေက ရင်ထဲမှ ပြေးလွှားပြီး တွေးတောနေပါသည်။ ဒေါ်တင်လှတို့ ညာ၍ မရမှန်း သိပါသည်။ ဒါကြောင့် ဦးသာမြတ်ကလည်း အိမ်သို့ နားဖောက်ခိုင်းနေမည်။ ပြဿနာတစ်ခုကို ကြုံပြီး တွေးမပူခင်တော့ပါ။ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်ပါတော့သည်။

ရင်ထဲမှ ဆုံးဖြတ်ချက်နှင့်အတူ ချစ်မြတ်နိုးဝေ၏ မျက်နှာလေးသည် ချက်ချင်း အမူအရာ ပြောင်းသွားသည်။ ညှိုးလျှတုန်ခိုက်နေသော



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာငယ်ငယ်လေးမှာ မာနတွေ ထင်းခနဲ ပေါ်လာသည်။

နှုတ်ခမ်းကို တင်းတင်းစေ့ပြီး မျက်နှာကို မော့ပစ်လိုက်သည်။ တသွင်သွင် ကျနေသော မျက်ရည်များလည်း တိခနဲ ရပ်သွားသည်။ ရူးရှတောက်ပြောင်သော မျက်ဝန်းအစုံနှင့် ဒေါ်တင်လှကို တန်ပြန်ကြည့်လိုက်သည်။ ကျားသစ်မလေးတစ်ယောက်လို ချစ်မြတ်နိုးဝေ၏ မျက်ဝန်းက သတ္တိအပြည့်နှင့်ပါ။

"ဒေါ်ဒေါ်ကြီး စိတ်ကိုလျှော့ပြီး မြတ်နိုးဝေ ပြောမယ့်စကားကို အေးအေးဆေးဆေး နားထောင်ပေးပါ"

"အောင်မယ် လူပါးဝလို့ ညည်းကများ ငါ့ကို ဒေါသလျှော့ခိုင်းနေသေးတယ် လုပ်လိုက်ရ သေတော့မယ်"

တစ်ဖက်က အေးအေးဆေးဆေး ရှိနေသလောက် ဒေါ်တင်လှဘက်က ပွလောင်နေပါသည်။

"ဒေါ်ဒေါ်ကြီး မောမှာစိုးလို့ပါ၊ ဒေါ်ဒေါ်ကြီး သိချင်တာတွေ အကုန်ပြောပါပါ့မယ်"

ဒေါ်တင်လှထံမှ ဘာစကားမှ ထွက်မလာသေးသော်လည်း သူ၏ မျက်နှာကြီးက ဒေါသထန်ဆဲပါ။

"မြတ်နိုးဝေ အစကတည်းက ဒေါ်ဒေါ်ကြီးတို့ကို ဖွင့်ပြောဖို့ စီစဉ်ပြီးသားပါ၊ တကယ် ချစ်မြတ်နိုးဝေ မညာပါဘူး။ ခုနက ချစ်မြတ်နိုးဝေကို ပြန်လိုက်ပို့ပေးတာ ချစ်မြတ်နိုးဝေရဲ့ ချစ်သူပါ"

"ဟင်"

"ဟယ်"





မိခင်ထံရော အဒေါ်များထံမှပါ အလွန်အံ့ဩသော သကော်တကို ဆောင်သော စကားတွေ ခုန်ပျံထွက်လာသည်။ ပြူးပြူးဝိုင်းဝိုင်း မျက်လုံးကြီးတွေက ချစ်မြတ်နိုးဝေအပေါ် စုပြုံ၍ ကျလာသည်။

"မြတ်နိုးဝေ စကားကို ဆုံးအောင် နားထောင်ကြပါဦးနော်၊ ဒီလက်စွပ်က သူ့ရဲ့အဘိုးက မြတ်နိုးဝေကို ပေးလိုက်တဲ့ လက်စွပ်ပါ ဒေါ်ဒေါ်ကြီး"

ဒေါ်တင်လှ၏ လက်သို့ လက်စွပ်ကို လှမ်းပေးလိုက်သည်။ ဒေါ်တင်လှက ဆတ်ခနဲယူပြီး ကြည့်လိုက်သည်။

"ဟင်... လက်စွပ်က တန်ဖိုးမနည်းပါလား"

"ဟုတ်ပါတယ်၊ မြတ်နိုးဝေက လက်မခံပါဘူး ဒေါ်ဒေါ်ကြီး၊ ဘိုးဘိုးက အတင်းပေးလိုက်တာပါ၊ နောက်ပြီး ဘိုးဘိုးက မှာလိုက်ပါသေးတယ်၊ လူကြီးလူကောင်းပီပီသသ မြတ်နိုးဝေကို ဒေါ်ဒေါ်ကြီးဆီ လာပြီး ကြောင်းလမ်း စေ့စပ်ဖို့ မှာလိုက်ပါသေးတယ်"

"နေစမ်းပါဦး စောစောက လူက ညည်း ရည်းစား ဟုတ်လား"

မယုံနိုင်လောက်သော မျက်နှာကြီးနှင့် ဒေါ်တင်လှက မေးသည်။

"ဟုတ်ပါတယ်၊ ကိုရဲဝံ့ပါ သူ့ရဲ့အဘိုးက ဦးသာမြတ်ပါ၊ အင်းလျားလမ်းမှာ နေပါတယ်၊ လူကြီးလူကောင်း တစ်ဦးပါ၊ သူက သူ့မြေးနဲ့ မြတ်နိုးဝေကို သိပ်သဘောတူနေတာပါ"

"ဟင်... ညည်းက ဘယ်တုန်းက ရည်းစား ထားလိုက်သလဲ မိမြတ်နိုးဝေ"

"ကိုရဲဝံ့က ကိုလှရဲ့ သူငယ်ချင်းပါ၊ မြတ်နိုးဝေတို့မေတ္တာမျှနေ



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ကိုလူ သိပါတယ်"

"တော်ကြပါပေ့အေ၊ တော်ကြပါပေ့၊ လူကြီးတွေက လက်နဲ့ ရေးတာ၊ ညည်းတို့က တက်ညီလက်ညီ ခြေနဲ့ ဖျက်လိုက်ကြတယ်ပေါ့"

ဒေါ်သဖြင့် ဒေါ်တင်လှက သူ၏ ခန္ဓာကိုယ်မှ အားမနာ ကဆုန်ပေါက် ခုန်ပါလေတော့သည်။ ချစ်မြတ်နိုးဝေလည်း စိတ်ညစ်ညစ်နှင့် ထွက်ပြေးချင်စိတ် ပေါက်လာပြီ။

"မမကြီးရယ် ဒေါသထိန်းပါဦး၊ လူမော်နဲ့ သမီးက်စ္စက ဖြစ်မှ မဖြစ်နိုင်တော့တာဘဲ"

"ဟုတ်ပါတယ် မမကြီးရယ်"

ဒေါ်ခင်မြရော၊ ဒေါ်မြင့်သောင်းကပါ မျက်နှာငယ်ငယ်နှင့် ဒေါ်တင်လှကို ဝိုင်းတောင်းပန်ကြသည်။

"သမီးလေးကိစ္စကိုလဲ ဒေါသမကြီးပါနဲ့ မမကြီးရယ်၊ သူ့ရွေးတဲ့ လူက တော်ပုံရပါတယ်၊ မမကြီး လေ့လာကြည့်ပါဦး"

သမီးငယ်၏ စိတ်ချမ်းသာရေးကို ရှေးရှုပြီး ဒေါ်ခင်မြက ဝိုင်းကူ ပြောလိုက်ပါသည်။

"ဟုတ်ပါတယ် ဒေါ်ဒေါ်ကြီး ကိုရဲဝံ့ကို သမီး ခေါ်ခဲ့မယ် လေ့လာကြည့်ပါနော်"

ဒေါ်တင်လှ၏ မျက်နှာမှ တင်းမာမှုတွေ တစ်ပတ်လျော့သွားသည်။

"အေး... ညည်းကြိုက်တယ်၊ တကယ်ယူမယ်လို့ ဆုံးဖြတ်ရင်





ခေါ်ခဲ့ ငါ လေ့လာမယ်၊ ဟိုလျှောက်သွား ဒီလျှောက်သွား မလုပ်နဲ့ မိန်းကလေး တန်ဖိုးကျတယ်"

"ဟုတ်ကဲ့ပါ"

ချစ်မြတ်နိုးဝေက ဖြေသာ ဖြေလိုက်သည်၊ ဒေါ်တင်လှ၏ စကားကြောင့် ရင်ထဲမှာ တင်းသွားပါသည်။

"တကယ်ယူရင် ခေါ်ခဲ့တဲ့၊ ငါ့အဖြစ်က တကယ် ယူမှာမှ မဟုတ်ဘဲ ခေါ်မလာပြန်ရင်လဲ မဖြစ်၊ ဒုက္ခမှ တကယ့်ကို မဟာဒုက္ခ"

စိတ်ညစ်ညျုးစွာနှင့် မသက်မသာကြီး တွေးနေမိပါသည်။

"ရော့ လက်စွပ် မောင်ရဲဝံ့ကို ကြည့်ပြီး ငါ့သဘောကျမှ သူ့အဘိုး လာစေ့စပ်တာကို လက်ခံမယ် ကြားလား"

မျက်နှာတင်းတင်း လေသံမာမာကြီးနှင့် ဒေါ်တင်လှက ပြောနေဆဲပါ။

"ကဲ သမီးလေး ရေချိုးတော့လေ"

ဒေါ်တင်လှ ရှေ့တင်ကျ စိတ်ကျဉ်းကျပ် နေရှာသော သမီးကို ဒေါ်ခင်မြက လွှတ်လမ်းထွင်ပေးလိုက်သည်။

"ဟုတ်ကဲ့ မေမေ"

သွက်သွက်လေး လူကြီးတွေရှေ့မှ ထွက်ခဲ့သည်။ အခန်းထဲ အရောက် ခုတင်ပေါ်မှာ မှောက်ပြီး ချစ်မြတ်နိုးဝေ စိတ်ရှုပ်ထွေးစွာ တွေးတောနေပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၂၀

နောက်တစ်နေ့ အပ်ချုပ်သင်တန်းသို့အသွား လမ်းမှာ လက်ဖက်ရည်ဆိုင်သို့ဝင်ပြီး ရဲဝံ့ထံသို့ ဖုန်းဆက်လိုက်သည်။ ညနေအပြန် သူမကို သင်တန်းမှာ လာကြိုရန် ပြောလိုက်သည်။

တစ်ဖက်မှ နားထောင်နေသော ရဲဝံ့ သိပ်ကို အံ့သြသွားရ သည်။ မကြိုခိုင်းစဖူး ချစ်မြတ်နိုးဝေက ကြိုခိုင်းသဖြင့် အထူးအဆန်း ဖြစ်နေသည်။

ဒါပေမဲ့ သူ၏ ရင်ထဲမှာ အတိုင်းမသိ ဝမ်းသာနေပါသည်။ ချစ်မြတ်နိုးဝေနှင့် အချိန်ပြည့် တွေ့လိုသောဆန္ဒ သူ့မှာ ရှိသော် တွေ့ခွင့်မသာ၍ သူ စိတ်ညစ်ခဲ့ရပါသည်။

ခုလို မြတ်နိုးဝေက စပြီး လိုလိုလားလား ခေါ်တော့ ရဲဝံ့ ရင်ထဲမှာ ကြည်နူးလှိုက်ဖြာ သွားရပါသည်။

ချစ်မြတ်နိုးဝေ သင်တန်းပြီးမည့် အချိန်ကို စိတ်စောစွာ





စောင့်စားနေမိပါသည်။

*

ညနေသင်တန်းမှဆင်းတော့ ရဲဝံ့၏ကား အသင့်ရောက်နေပြီကို တွေ့ရသည်။ မျက်နှာတည်တည်လေးနှင့် ကားဆီသို့ လျှောက်သွားသည်။ ကားထဲ ဝင်ထိုင်လိုက်စဉ် သူမ၏ အကြည့်က ရဲဝံ့ထံသို့ ဖျတ်ခနဲ ရောက်သွားသည်။ သူမကို စူးရှတောက်ပြောင်နေသော မျက်ဝန်းတွေနှင့် ကြည့်နေသော မျက်နှာပြုံးပြုံးကို တွေ့ရပါသည်။

သည်အပြုံး သည်အကြည့်တွေကြောင့် ချစ်မြတ်နိုးဝေ၏ ရင်ထဲမှာ ပြောင်းဆန်အောင် ခုန်သွားရပါတော့သည်။ ချက်ချင်းပင် သူမ၏ အကြည့်ကို ရှေ့တူရူသို့ ပြောင်းလဲလိုက်သည်။

"ချစ်မြတ်နိုး တို့ကို ဘာလို့ ခေါ်တာလဲ"

"ဒေါ်ဒေါ်ကြီးက မြတ်နိုးဝေတို့ကို ဟိုနေ့က တွေ့သွားတယ်"

"ဟင်... ဟုတ်လား"

"တွေ့ပြီးတာနဲ့ ဒေါ်ပွပြီး မြတ်နိုးဝေကို ဆူပူကြိမ်းမောင်းတယ်"

"ဒုက္ခပါပဲကွာ"

မျက်နှာရှုအစ်အစ်ကလေးကို ကြည့်ပြီး ရဲဝံ့က တကယ် စိတ်မကောင်းစွာနှင့် ပြောသည်။

"ကိုရဲဝံ့ကို ဘယ်သူလဲလို့ မေးတယ်"

"အဲဒီတော့ ချစ်မြတ်နိုးက ဘယ်လို ဖြေလိုက်လဲ"

"ဘယ်လိုဖြေရမလဲ၊ မြတ်နိုးဝေရဲ့ ချစ်သူလို့ ဖြေလိုက်တာပေါ့"

နှုတ်ခမ်းစူတင်းတင်းလေးမှ ထွက်လာသော လေသံက ဆောင့်



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်အောင့်အောင့်ပါ၊ ဒါပေမယ့် ရဲဝံ့၏ နားထဲမှာ လွန်စွာ ချို သာနေပါသည်။ စိတ်ထဲက သဘောကျလို့ လွှတ်ခနဲ ပြုံးလိုက်ပြီးမှ ချစ်မြတ်နိုးဝေ မတွေ့ခင် ထိုအပြုံးကို မြန်မြန် ရုပ်သိမ်းလိုက်ရပါသည်။

"ဒီတော့ ဒေါ်ဒေါ်ကြီးက ဘာပြောလဲဟင်"

"မြတ်နိုးဝေက ဘိုးဘိုးအကြောင်းရော ပြောပြလိုက်တယ်၊ ဒါနဲ့ ဒေါ်ဒေါ်ကြီးက ကိုရဲဝံ့ကို တွေ့ချင်တယ်ဆိုတယ်ဆိုလို့ ခု အိမ်ခေါ်သွားမလို့ ခေါ်တာပဲ"

"ဟာ… သိပ် ဟန်ကျတာပေါ့နော်"

ရွှန်းလက်တောက်ပြောင်နေသော မျက်ဝန်းများနှင့် ဝမ်းသာအားရ ရဲဝံ့က ပြောသည်။

"သိပ်ပြီးပျော်မနေနဲ့၊ ရှင်နဲ့တွေ့ပြီးမှ ဒေါ်ဒေါ်ကြီးက သူ သဘောကျမှ ဘိုးဘိုးကြောင်းလမ်းမှာကို လက်ခံမှာတဲ့"

"ဒီအတွက် မပူနဲ့၊ တို့တာဝန်ထား ချစ်မြတ်နိုးရယ် တို့ ဝမ်းသာလိုက်တာကွာ"

"ရှင်က ဘာလို့ ဒါလောက်တောင် ဝမ်းသာနေရတာလဲ"

ဝမ်းသာသင့်သည်ထက် ပို၍ ရွှင်မြူးနေသော ရဲဝံ့ကိုကြည့်ပြီး မျက်စောင်း တစ်ချက်ထိုးရင်း မကျေမနပ်နှင့် မေးသည်။

"တို့တွေရဲ့ အကြံအစည်အောင်တော့မှ မဟုတ်လား၊ ထင်မှတ်ထားတာထက် ပိုအဆင်ပြေရင် ဘိုးဘိုးလဲ ပိုယုံမှာပေါ့"

"ရှင့်ကိုယ်ရှင် သိပ် အထင်မကြီးနေနဲ့၊ ဒေါ်ဒေါ်ကြီး စိတ်ကြိုက်





ဖြစ်ဖို့က သိပ် မလွယ်"

"ဒါတွေ တို့ တာဝန် ထားလိုက်ပါကွာ၊ ချစ်မြတ်နိုးသာ စိတ်အေးအေးနေဖို့ မီးစင်ကြည့်ကလိုက်မယ်၊ ဟုတ်ပြီလား"

ခေါင်းကို ချစ်မြတ်နိုးဝေထံ ငုံ့စောင်းပြီး ရဲဝံ့ ပြုံးချိုချိုနှင့် ပြောလိုက်သည်။

"ကဲ… အခု ချစ်မြတ်နိုးတို့ အိမ်ကို မောင်းမယ်နော်"

"အိမ်သွားမှာပါလို့ ဆိုနေ"

ဆောင့်ကြီး အောင့်ကြီးနှင့် ချစ်မြတ်နိုးဝေက ပြောလိုက်သည်။ ရဲဝံ့က ပခုံးတစ်ချက် တွန့်ပြီး ပြုံးလိုက်သည်။

တစ်လမ်းလုံး ချစ်မြတ်နိုးဝေက သူ့ဘက်သို့လည်း လှည့်ကြည့် စကားလည်း တစ်လုံးမှ မပြောပါ။ ကားအေားမှ မြင်ကွင်းဆွဲကိုသာ အမိပ္ပာယ်မဲ့ ငေးရင်း ပါလာသည်။ စိတ်ထဲမှာလည်း လူမော်ကို တမ်းတနေမိသည်။

"ကိုလူကြီးအတွက် မြတ်နိုးဝေ စေတနာ ပိုမိလို့ ဒုက္ခလှလှကြီး ဆွဲနေပါပြီ"

ရဲဝံ့အား လူမော်၏ အကြောင်းကို သိချင်၍ မေးလိုလှသော်လည်း သူ၏ စကားအပို ပြောချင်စိတ် မရှိ၍ မမေးတော့ဘဲ ငြိမ်သိပ်ထားလိုက်ရပါတော့သည်။

"ချစ်မြတ်နိုးတို့ ခြံထဲကို ဝင်လိုက်မယ်နော်"

"မဝင်လို့ ရှင်က လမ်းပေါ် ရပ်ထားချင်သေးလို့လား"

ရင်ထဲက မကျေနပ်စိတ်ကြောင့် အငေါ်တူးတူးနှင့် ချစ်မြတ်နိုး



www.burmeseclassic.com

www.burmeseclassic.com



ဝေက ပြောသည်။

"ဒေါသချည်းပဲကိုး"

ချစ်မြတ်နိုးဝေထံမှ စူးရှသော မျက်စောင်းတစ်ကခု ရဲဝံ့ကို သာရောက် ထိမှန်သည်။ သည်လို မျက်စောင်းလေး ဝင့်လိုက်လေတိုင်း ရင်ထဲမှာ ခိုက်ခိုက် သွားရသူက ရဲဝံ့ပါ။

မကျယ်ဝန်းလှသော ခြံထဲသို့ ရဲဝံ့က ကားကို ကွေ့ဝင်လိုက်သည်။ နှစ်ထပ် ပျဉ်ထောင်အိမ်၏ ရှေ့မှာ ကားကို ရပ်လိုက်သည်။

"ဒီမှာ ချစ်မြတ်နိုး မျက်နှာကြီး စူထားတာကို လျှော့လိုက်ဦးလေ၊ ရည်းစားနဲ့ တွဲလာတဲ့ မျက်နှာက ဒါမျိုး မဖြစ်သင့်ဘူး"

"အမယ်လေး ပိုနေလိုက်တာ"

ဆောင့်ခနဲ ကားတံခါးကို တွန်းဖွင့်ပြီး ချစ်မြတ်နိုးဝေက ဦးစွာ ကားပေါ်မှ ဆင်းလိုက်သည်။ ရဲဝံ့လည်း တံခါးဖွင့်ပြီး ဆင်းလိုက်သည်။ ချစ်မြတ်နိုးဝေ၏ နောက်မှ အိမ်ထဲသို့လိုက်ဝင်ခဲ့သည်။ ဧည့်ခန်းထဲတွင် မည်သူမှ မရှိပါ။

"ဒီမှာ ထိုင်နေဦး"

အသံမာမာနှင့် တိုတိုတောင်းတောင်းပြောပြီး ချစ်မြတ်နိုးဝေက အတွင်းခန်းသို့ ဝင်ခဲ့သည်။ ကားသံကြား၍ အခန်းထဲမှ ထွက်လာသော ဒေါ်တင်လှနှင့် တန်း၍ တိုးပါလေသည်။

"ဒေါ်ဒေါ်ကြီး ဧည့်ခန်းထဲမှာ ကိုရဲဝံ့ ရောက်နေပါတယ်"

ဒေါ်တင်လှက ခပ်တည်တည်ကြီးပါ။ သူမကို တစ်ချက်သာ လှမ်းကြည့်ပြီး ဧည့်ခန်းဆီသို့ ထွက်သွားသည်။





စိတ်တထင့်ထင့်နှင့် ချစ်မြတ်နိုးဝေက ကျန်ရစ်ခဲ့သည်။ တကယ် ရဲဝံ့နှင့် သူမသည် သမီးရည်းစား မဖြစ်တော့်လည်း ဟန်ဆောင်၍ လုပ်ငန်းသဘောအရ လုပ်နေရပါသော်လည်း ဦးသာမြတ် ကျေနပ်ဖို့က လွန်စွာ အရေးကြီးနေသည်။ ဦးသာမြတ် ဖြစ်စေချင်သလို စေ့စပ် ကြောင်းလမ်းရေးက အရေးကြီးနေသည်မို့ ဒေါ်တင်လှက သဘောတူဖို့ က အဓိက ဖြစ်နေပါသည်။

မဝံ့မရဲနှင့် ဒေါ်တင်လှ၏ နောက်မှ ဧည့်ခန်းထဲသို့ ဝင်လိုက် ခဲ့သည်။ ပြီးမှ ရဲဆေးတင်ပြီး ဒေါ်တင်လှနှင့် ရဲဝံ့ကို မိတ်ဆက်ပေး လိုက်သည်။

"ကိုရဲဝံ့ ဒါ မြတ်နိုးဝေရဲ့ ဒေါ်ဒေါ်ကြီးပါ"

"ဟုတ်ကဲ့ ခင်ဗျာ"

လွန်စွာ ရိုကျိုးသော ပုံစံနှင့် မတ်တတ်ရပ် ခါးလေးကိုင်းပြီး ရဲဝံ့က ဒေါ်တင်လှကို နှုတ်ဆက်လိုက်သည်။ ရဲဝံ့၏ ပုံစံကို လျှပ်တစ်ပြက်တွင်းမှာပဲ ဒေါ်ရင်လှက ခြေဆုံးခေါင်းဆုံး ကြည့်ပစ်လိုက် သည်။

ရုပ်ရည်သန့်ပြန့် သားနားသော ရဲဝံ့၏ ပုံစံကို ကြည့်ခြင်းအား ဖြင့် မိကောင်းဖခင် သားသမီးမှန်း ဒေါ်တင်လှ သိလိုက်ပါသည်။

"ထိုင်လေကွယ်"

မီးတိုးမတ်တတ် ရပ်နေသော ရဲဝံ့ကို ထိုင်ခိုင်းလိုက်သည်။ ရဲဝံ့က ကုလားထိုင်မှာ ပြန်ထိုင်သည်။ ချစ်မြတ်နိုးဝေ ဘေးက ရပ်ပြီး ရင်တမမနှင့် အခြေအနေကို အကဲခတ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း အဘိုးက မြတ်နိုးဝေနဲ့ မင်းကို ကြောင်းလမ်းဖို့ ဒေါ်ဒေါ်ကြီးတို့ဆီ လာချင်တယ်ဆိုတာ ဟုတ်လား"

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်ကြီး"

"မင်း မိဘတွေကကော"

ရဲဝံ့က မိဘတွေအကြောင်း[illegible]တင်လှအား အားလုံးပြောပြသည်။ အဘိုးနှင့် နေကြောင်းကိုပါ ရှင်းလင်းအောင် အစီအရင်ခံသည်။ သူ၏ အလုပ်အကိုင်အကြောင်းကို ဒေါ်တင်လှက မေးသည်။ ရဲဝံ့က အမှန်အတိုင်း ဖြေသည်။

ကြီးမားသော စီးပွားရေးလုပ်ငန်းကို လုပ်နေကြောင်း သိရတော့ မျက်နှာထား တင်းတင်းကြီးဖြစ်နေသော်လည်း စိတ်ထဲက ကျေနပ်နေမိသည်။

ဒေါ်တင်လှ၏ မေးခွန်းတွေက တစ်ခုပြီးတစ်ခု မဆုံးနိုင်တော့ပါ။ ချစ်မြတ်နိုးဝေက နားထောင်ရင်းနှင့် မျက်နှာပင် ပူလာသည်။ ဒါပေမဲ့ ရဲဝံ့က စိတ်ဆိုးပုံမရ၊ စိတ်ရှည် လက်ရှည် ဒေါ်တင်လှ မေးသမျှကို ဖြေကြားသည်။

ချစ်မြတ်နိုးဝေ သူတို့အပါးမှ မျက်နှာပူ၍ အသာလေး အိပ်ခန်းထဲ ဝင်ခဲ့သည်။ နံရံအကွယ်မှ သူတို့၏ စကားတွေကို ရင်တုမမနှင့် နားထောင်နေသည်။

နာရီဝက်ခန့် ကြာသွားလေပြီ။ ဒေါ်တင်လှ၏ စုံစမ်းထောက်လှမ်းရေးက ဆင်နွှဲနေဆဲ၊ တဖြည်းဖြည်း ရဲဝံ့နှင့် ဒေါ်တင်လှ ပြေပြေလည်လည် ဖြစ်လာသည်ကို ကြားရသည်။





နံရံကွယ်မှ နှုတ်ခမ်းလေး တစ်ချက် တွန့်ပြီး ချစ်မြတ်နိုးဝေက မှတ်ချက် ချလိုက်သည်။

"အပြောနဲ့ ညီပါပေတယ် ကိုရဲဝံ့၊ ရှင်ဟာ လူတစ်ဖက်သား သူ့လောက်အောင် တော်တော်ပြောတတ်တဲ့ လူပဲ၊ ဒါနဲ့များတော့င် မိန်းမတစ်ယောက်ကို ရအောင် မပိုးနိုင်တာ စဉ်းစားစရာပဲ၊ ဟန်ဆောင်ညည်းစားတဲ့ အုံရော"

"မြတ်နိုးဝေ"

ဒေါ်တင်လှက ခပ်ဝေးဝေးမှာ ရှိသည်အထင်နှင့် အသံမြှင့်ပြီး သူမ်းခေါ်လိုက်သံက နံရံကွယ် နီးကပ်စွာ ရှိနေသော ချစ်မြတ်နိုးဝေတို့ တုံ့ခနဲ ဖြစ်သွားအောင် လန့်စေလိုက်သည်။

"ရှင်"

ခပ်လှမ်းလှမ်းမှ ထူးသလိုနှင့် အသံတိုးတိုးဖြင့် ချစ်မြတ်နိုးဝေက လှမ်းထူးသည်။

"နင့်အမေနဲ့ ဒေါ်ဒေါ်လေးကို သွားခေါ်ခဲ့စမ်း"

"ဟုတ်ကဲ့"

ချစ်မြတ်နိုးဝေက လွှင့်ခနဲ ပြေးထွက်ခဲ့ပြီး မိခင်နှင့် အဒေါ်ကို သွားခေါ်လိုက်သည်။ ဒေါ်ခင်မြနှင့် ဒေါ်မြင့်သောင်း အလျှိုလျှိုဧည့်ခန်းသို့ ထွက်သွားကြသည်။

ချစ်မြတ်နိုးဝေက နံရံကွယ်မှာပါပဲ။ သူတို့၏ စကားတွေကို နားစွင့်နေလိုက်သည်။ ဒေါ်တင်လှက ရဲဝံ့နှင့် သူတို့ကို မိတ်ဆက်ပေးသည်။ ရဲဝံ့က အပိုတွေ၊ အညွန့်တွေ၊ အကွန့်တွေ တန်ဆာဆင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ချစ်မြတ်နိုးဝေ၏ ကိစ္စကို ပြောသည်။ နံရံကွယ်မှ ချစ်မြတ်နိုးဝေက နှာခေါင်းရှုံ့လိုက်၊ မျက်နှာမဲ့လိုက်နှင့် အသံတိတ် သရော်နေသည်။

လူကြီးသုံးယောက်နှင့် ရဲဝံ့ပတ်လည်ပွဲ ကျင်းပနေတာ ရဲဝံ့က အနိုင်ရလိုက်ပါသည်။ လူကြီးသုံးယောက်လုံးက သူ့ကို ပျူပျူငှာငှာ ရှိနေသည်ကို ချစ်မြတ်နိုးဝေ အံ့ဩစွာ တွေ့ရှိလိုက်ရပါသည်။

ရဲဝံ့က မိတ္တဗလ ကျွမ်းကျင်သူ တစ်ယောက်ပဲဟု ချီးကျူးမိပါသည်။

"သမီးရေ"

မိခင်၏ လှမ်းခေါ်သံကြားမှ ချစ်မြတ်နိုးဝေက ဖြည်းလေးစွာ ဧည့်ခန်းသို့ လှမ်းထွက်ခဲ့သည်။

"လာ ထိုင်ဦး သမီး"

ချစ်မြတ်နိုးဝေက လစ်လပ်သော ခုံမှာ ဝင်ထိုင်လိုက်သည်။

"မောင်ရဲဝံ့က မနက်ဖြန် သူ့အဘိုးကို အိမ်ခေါ်ခဲ့ပါ့ရစေ။ သမီးရဲ့ ဒေါ်ဒေါ်ကြီးနဲ့ တွေ့ပါရစေလို့ ပြောနေတယ်"

"အဲဒါ ဒေါ်ဒေါ်ကြီးတို့ မေမေတို့ သဘောပါ မေမေ"

"ဒေါ်ဒေါ်ကြီးတို့ စဉ်းစားပါရစေဦး မောင်ရဲဝံ့"

ဒေါ်တင်လှက မျက်နှာထား မတင်းသော်လည်း တည်တည် ငြိမ်ငြိမ် အနေအထားနှင့် ပြောလိုက်သည်။

"မင်း အဘိုး လာဖို့ကိစ္စအတွက် မြတ်နိုးဝေနဲ့ အကြောင်းပြန် လိုက်ပါ့မယ်"

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်ကြီး၊ ကျွန်တော့်ကိုလဲ ပြန်ခွင့်ပြုပါ"





ရဲဝံ့က တစ်ပါတည်း ဒေါ်တင်လှတို့ကို နှုတ်ဆက်ပြီး နေရာမှ ထလိုက်သည်။

"ချစ်မြတ်နိုး တို့ ပြန်မယ်နော်"

ချစ်မြတ်နိုးဝေက ခေါင်းလေးညိတ်ပြပြီး အသိအမှတ်ပြုလိုက်ပါသည်။ ရဲဝံ့ ပြန်သွားပါပြီ။ ချစ်မြတ်နိုးဝေလည်း သူမ၏ အခန်းသို့ တက်ခဲ့ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၂၁

ဒေါ်တင်လှတို့ လူကြီးသုံးယောက် ဧည့်ခန်းထဲမှာ ခေါင်းချင်းဆိုင်ကြလေပြီ။ ချစ်မြတ်နိုးဝေ အပေါ်ထပ်သို့ တက်သွားသည်နှင့် ဒေါ်တင်လှကား သူ့အနားသို့ ညီမနှစ်ယောက်ကို ခေါ်လိုက်သည်။

"လာကြဦး ညည်းတို့ ဘယ်လိုသဘောရလဲ"

"ကောင်လေး ကြည့်ရတာ မဆိုးပါဘူး"

ဒေါ်ခင်မြက သမီးအတွက် ဘာသာထိုးထိုးလေး ဝင်ပြောသည်။

"ဟုတ်ပါတယ် မမကြီးရယ် လူတော်လေး ဖြစ်မယ့်ပုံပါ"

ဒေါ်မြင့်သောင်းကပါ ဝင်၍ ထောက်ပံ့လိုက်သည်။

"ငါကတော့ အခြေအနေ စုံစမ်းဦးမယ်၊ သူတို့နေတဲ့ နေရာလဲသိတယ်၊ ငါ့မိတ်ဆွေ အဲဒီလမ်းမှာ ရှိတယ်၊ သူကတစ်ဆင့် စုံစမ်းပြီးမှ သဘောတူနိုင်မယ်"

"စုံတော့ စုံစမ်းရမှာပေါ့ မမကြီးရယ်"





"အေး သေသေချာချာ စုံစမ်းရမယ်၊ ကျုပ်ကတော့ ခင်မြလို နှစ်ခါ အနာမခံနိုင်ဘူး"

ဒေါ်တင်လှက တဲ့တိုးကြီး ပြောချလိုက်သည်။ မျက်ရည်တွေဝိုင်းပြီး ဒေါ်ခင်မြ စိတ်ထိခိုက် သွားရပါသည်။

မိမိမှားခဲ့သော အမှားက သမီးလေးပေါ်ထိ လောင်းရိပ်လိုက်မိနေသည်ကို စိတ်မကောင်းကြီးစွာ ဖြစ်ရပါသည်။

"ကျုပ် စုံစမ်းလို့ စိတ်ကျေနပ်မှ သူ့အဘိုး လာကြောင်းလမ်းတာကို လက်ခံမနိုင်မယ်"

ဒေါ်တင်လှက ပြတ်သားစွာ ပြောပြီး ထ ထွက်သွားတော့သည်။ ကျန် ညီမနှစ်ဦး မျက်နှာငယ်လေးနှင့် တစ်ဦးကို တစ်ဦး ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

ဟန်ကိုယ်ဖို့ ဆိုသလို ဟန်ဆောင်နေရပေမဲ့ ချစ်မြတ်နိုးဝေ၏ ရင်ထဲမှာ သောကမုန်တိုင်းက ထန်နေလေသည်။ ရဲဝံ့နှင့် ဟန်ဆောင် စေ့စပ်သည့် ကိစ္စက လွယ်မယောင်နှင့် တဖြည်းဖြည်း နက်ရှိုင်းလာပြီ။

ပေါ့ပေါ့လေးတွေး၊ ပေါ့ပေါ့လေးတွက်ပြီး ကတိတစ်လုံးကို လွယ်လွယ်ပေးခဲ့မိတာ ခုတော့ အဲ့သည့်ကတိကြောင့် မလှုပ်သာ မလူး သာပါလား။

ဆုပ်လည်းရှူး စားလည်းရူးရမည့် အခြေအနေမှာ ဆုတ်လည်း မဆုတ်၊ တိုးလည်း မတိုးဝံ့ဘဲ ငြိမ်ငြိမ်လေးသာ အလိုက်သင့်နေရှိသာ ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲဝံ့နှင့် ဆက်လက် မပတ်သက်လိုသော်လည်း ချစ်မြတ်နိုးဝေက အခြေအနေအရ ဆက်လက် ပတ်သက်နေရမည်သာ။

မိမိထက် အသက်အရွယ်ကြီးပြီး စိတ်ထားမွန်မြတ်လှသော လူကြီးတွေကို ညာနေလိမ်နေတာကိုတော့ တစ်စက္ကန့်မှ စိတ်မချမ်းသာပါ။

နောက်ဆုံး ကိစ္စတွေ ပြီးဆုံးလို့ ရဲဝံ့လည်း သူ၏ အဘိုးထံမှ လိုချင်တာတွေရပြီး ကိုယ့်လမ်းကိုယ် ခွဲသွားရတော့မည် အချိန်တွင် လူကြီးတွေ ဘယ်လောက် ခံစားရမည်နည်းဟု ချစ်မြတ်နိုးဝေ စိုးရိမ်စိတ်ဖြင့် တွေးနေမိပါသည်။

သည်လို ခွဲခွာရသည့်အချိန် ချစ်မြတ်နိုးဝေသည် ယခု ချစ်မြတ်နိုးဝေနှင့် လုံးဝ တူတော့မည် မဟုတ်၊ စေ့စပ်ကြောင်းလမ်းလုပ်ပြီး ကွဲသွားရသည့် အမည်းစက်လေးတစ်စက် စွန်းသွားမည့် ချစ်မြတ်နိုးဝေ ဖြစ်ရတော့မည်။

သိက္ခာအနေနှင့် နည်းနည်းပွန်းပဲ့သွားသလို နှလုံးသားရင်ဖြင့်မှာပါ ပွန်းရာ ပဲ့ရာတွေ ကျန်ခဲ့မှာကို လွန်စွာ စိုးရိမ်လိုက်မိပါသည်။

စွဲမက်စရာ အရည်အချင်းတွေနှင့် ပြည့်စုံနေသော ရဲဝံ့အပေါ် အနေနီးပြီး မညွတ်မိ မတိမ်းစောင်းမိအောင် မိမိကိုယ်ကို မိမိ သတိထားနေရမှာကိုလည်း ကြိုတွေးထားပါသည်။

ကြည့်လေ အခုတောင်မှ ရဲဝံ့နှင့် မျက်လုံးချင်းဆုံလိုက်လေတိုင်း ပရမ်းပတာ ခုန်သွားရတဲ့ နှလုံးသားလေးကိုက ကဲကိုကဲလွန်းနေတာ ကြာကြာလာလျှင် ခက်ရချည်သေးရဲ့။





သည်နှလုံးသားလေး တိတ်တခိုး ခုန်နေတာကို ချစ်မြတ်နိုးဝေ အစွမ်းကုန် ထိန်းရပေတော့မည်။

*

ညအိပ်ရာမဝင်ခင် မိခင်၏ အခန်းဆီသို့ ချစ်မြတ်နိုးဝေ ဝင်ခဲ့သည်။ တရားစာအုပ်ဖတ်နေသော မိခင်က သူမကို လှမ်းကြည့်သည်။

"လာသမီးလေး"

သမီးငယ်ကို လက်ကမ်းပြီး လှမ်းခေါ်သည်။ အမေနားသို့ ပြေးကပ်သွားပြီး အမေ၏ ပခုံးကို ချစ်မြတ်နိုးဝေက ပွေ့ဖက်လိုက်သည်။

"မေမေ နေကောင်းရဲ့လား"

သည်မေးခွန်းက ချစ်မြတ်နိုးဝေ အမြဲမေးနေကျ မေးခွန်းပါ။ ကျန်းမာသော မိခင်အတွက် ချစ်မြတ်နိုးဝေ၏ ရင်ထဲမှာ အမြဲပူပင်နေသည်မို့ သည်မေးခွန်းကို နံနက်တစ်ခါ ညတစ်ခါ မေးနေကျပါ။

"နေကောင်းပါတယ်၊ ဒါနဲ့ သမီးနဲ့ မောင်ရဲဝံ့နဲ့ မေတ္တာမျှနေကြတာ ကြာပြီလားဟင်"

စူးစမ်းစွာ ကြည့်နေသော မိခင်၏ မျက်ဝန်းတွေကို မကြည့်ဘဲ ရှောင်တိမ်းလိုက်သည်။

"ခြောက်လလောက်တော့ ရှိပြီ မေမေ"

"အင်း... သမီးလေးက မေမေမှာထားတဲ့ကြားက ခိုးပြီး ရည်းစားထားခဲ့သေးတာကိုး"

အပြစ်မတင်ရက် တင်ရက်နှင့် ဒေါ်ခင်မြက အပြုံးချိုချိုဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။ ချစ်မြတ်နိုးဝေ၏ မျက်နှာရဲရဲလေး ငုံ့သွားပါသည်။

"လူငယ်တို့သဘာဝ ချစ်သူထားတာ မေမေ အပြစ်မတင်ချင်ပါဘူးလေ၊ နောက်ပြီး သမီးရွေးတဲ့ လူကလဲ အရည်အချင်းပြည့်စုံတဲ့ သူငယ်ပါ၊ ဒါပေမဲ့ သမီးရယ် သေသေချာချာ လေ့လာပါဦးနော်။ မေမေ့လို အဖြစ်မျိုးနဲ့ သမီးလေးကြုံမှာ မေမေ စိုးရိမ်လို့ပါ"

"မေမေက ယောကျာ်းတွေအကြောင်း ပြောပြထားလို့ ချစ်မြတ်နိုးဝေ တော်ရုံလူကို အထင်မကြီးခဲ့ပါဘူး မေမေ၊ ချစ်ဖို့ကြိုက်ဖို့ထဲ မစဉ်းစားခဲ့ပါဘူး၊ ယောကျာ်းတွေကို မုန်းစရာ၊ နာကြည်းစရာ လူသားအဖြစ် သတ်မှတ်ခဲ့ပါတယ် ..."

"ဒါပေမဲ့ မေမေရယ် ကိုရဲဝံ့ကိုကျတော့ မြတ်နိုးဝေ အခြား ယောကျာ်းတွေကို မြင်သလို မမြင်ဘူး၊ မြတ်နိုးဝေရဲ့ အထင်တွေ အမြင်တွေအားလုံး ပြောင်းသွားတယ်၊ ယုံကြည်အားကိုးထိုက်တဲ့လူလို့ မြတ်နိုးဝေထင်လို့ လက်ခံခဲ့တာပါ"

အမှန်တစ်ဝက်၊ မုသားတစ်ဝက် ရောထွေးနေသော စကားများဖြင့် ချစ်မြတ်နိုးဝေက မိခင်ကို ဖြေရှင်းလိုက်ပါသည်။

"အင်း ... သမီးရဲ့ ဒေါ်ဒေါ်ကြီးကလဲ သူ့အကြောင်း စုံစမ်းမှာပါကွယ်၊ သူ့စိတ်ကြိုက်ဖြစ်မှ သမီးကို စေ့စပ်ပေးမှာ"

"ဒေါ်ဒေါ်ကြီးနဲ့တော့ ဒုက္ခပါပဲ"

"သမီး ဒေါ်ဒေါ်ကြီးက သမီးလေးအတွက် စိတ်ပူလို့ စေတနာနဲ့ လုပ်တာပါကွယ်၊ စိတ်မပူပါနဲ့၊ သမီးလေး စိတ်ချမ်းသာစရာ ဖြစ်မှာပါ"





အားပေးနှစ်သိမ့်တတ်လွန်း၊ ချစ်တတ်လွန်းသော မိခင်၏ ရင်ခွင်သို့ ခေါင်းလေးဖြင့် ချစ်မြတ်နိုးဝေက တိုးဝှေ့လိုက်သည်။

"မေမေ့ကို မြတ်နိုးဝေ သိပ်ချစ်တယ်"

ငယ်စဉ်ကတည်းက နှုတ်ခဲ့သည့် မရိုးနိုင်သော စကားလေးဖြင့် မိခင်ကြီးအား နှုတ်လိုက်သည်။

"မေမေ မြက်နိုးဝေ မေးမယ်၊ မှန်မှန်ဖြေမလားဟင်"

"ဘာလဲ သမီးရဲ့"

အပြုံးမျက်နှာနှင့် သမီး၏ ဦးခေါင်းကို ကြင်နာစွာ ပွတ်သပ်ရင်း ဒေါ်ခင်မြက ပြောလိုက်သည်။

"ဟိုလေ မြတ်နိုးဝေ ခုလို ကိုရဲဝံ့ ဖြစ်တဲ့ကိစ္စကို မေမေ တကယ် ကျေနပ်ရဲ့လား၊ မြတ်နိုးဝေ စိတ်ချမ်းသာအောင် ဖွတ်ကျေနပ် ပေးတာလား ဟင်"

"မဟုတ်ပါဘူး သမီးရယ်၊ မေမေ ကျေကျေနပ်နပ် သဘောတူပါတယ်"

"ဟေး ဒါမှ တို့မေမေကွ"

မိခင်၏ ပါးကို ချစ်မြတ်နိုးဝေက နမ်းလိုက်သည်။ ဒေါ်ခင်မြသာ သူ၏ဘဝ၊ ဒေါ်ခင်မြသာ သူ၏ ကမ္ဘာပါပင်။

"ဒါဆို သမီး သွားအိပ်တော့မယ်၊ သမီး အရမ်းပျော်သွားပြီ မေမေ"

ဟန်ဆောင်အပြုံးအရယ်များနှင့် မိခင်ကြီးအား နှုတ်ဆက်ပြီး ပြေးထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



* * *

၂၂

ချစ်မြတ်နိုးဝေကတော့ မသိရှာပေ။ ဒေါ်တင်လှက ရဲဝံ့ကြောင်းအပြတ် စုံစမ်းထောက်လှမ်းနေသည်။ လူရောစိတ်ရော သူ့အပေါင်းအသင်းတွေပါ မအားရအောင် ဒေါ်တင်လှ အလုပ်ရှုပ်နေပါသည်။

သုံးလေးရက် အတွင်းမှာပင် သူမလိုချင်သော အကြောင်းအရာများ သိချင်သော အကြောင်းအရာများကို တစ်လုံးမကျန်အောင် သိနိုင်ခွင့်ကို ရခဲ့ပါသည်။

သည်တော့မှ စိတ်နှလုံး ဒုံးဒုံးချပြီး ဒေါ်တင်လှ ရယ်နိုင်မော နိုင်ပါတော့သည်။ လိုချင်သည့် အရည်အချင်းတွေ ပြည့်စုံနေသော ဝံ့ကို တူမလေးနှင့် မနေး သဘောတူပစ်လိုက်ပါသည်။

လုပ် တူမချောလေးအတွက် ဆင်စီးပြီး မြင်းရံတာကိုသာ မြင်ချင်

မှာပ ဒေါ်တင်လှမှာ အခုတော့ ဆင်ရော မြင်းရော၊ ဆယ်သိန်းကျော်





တန်ကားရော၊ သိန်းပေါင်းများစွာသော အမွေတွေရော ရှိနေသည်ဆိုတာ သိတော့ အတိုင်းထက်အလွန်မှ တကယ့်ကိုပါပဲ။

အကျေနပ်ကြီး ကျေနပ်ပြီး တပြုံးပြုံးနှင့် မော်မဆုံး ပျော်မဆုံးပါ။ အိမ်သို့ ပြန်ပြန်ရောက်ချင်း အောင့်အည်းမနေနိုင်တော့ဘဲ ညီမနှစ်ယောက်ကို ဖွင့်အန်လိုက်သည်။

"ခင်မြရေ၊ ညည်းသမီး ကံကောင်းတယ် ဟေ့၊ မောင်ရဲဝံ့တို့က ဂုဏ်သရေရှိ လူကုံထံတွေ အေ့၊ ချမ်းသာလိုက်တာမှလဲ လွန်ရော... "

"ပြီးတော့ အေ၊ ကောင်လေးက ရှုပ်ရှုပ်ယှက်ယှက်မရှိဘူးတဲ့၊ မိမြတ်နိုးဝေ ကံကောင်းပါတယ်တော်"

သည်တော့မှ ဒေါ်ခင်မြလည်း စိတ်အေးရပါတော့သည်။ ရေမြင့်လျှင် ကြာတင့်သည့် ဘဝမျိုး သမီးလေး တွေ့ဆုံရတော့မှာမို့ ကြည်နူးဝမ်းသာနေပါသည်။

ချစ်မြတ်နိုးဝေ ပြန်လာတော့ ဒေါ်တင်လှက အလျှင်ဆီး၍ ပြောသည်။ ရဲဝံ့၏ အဘိုးလာကြောင်းလမ်းမည့် ကိစ္စကို သဘောတူကြောင်းကို ပြောလိုက်သည်။

တကယ့်အဖြစ်အပျက်မဟုတ်၍ ချစ်မြတ်နိုးဝေ အူလှိုက်ဂ လှိုက် ဝမ်းမသာမိပေမဲ့ ရဲဝံ့အတွက် တစ်ဆင့်အောင်မြင် သွားပြီမို့ ကျေနပ်ရပါသည်။

"ညည်းကောင်လေးကို ဘယ်နေ့ လာမယ် သိလား၊ ငါတို့ ဒီမှာ ပြင်ဆင်ထားရဦးမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဒေါ်ဒေါ်ကြီး"

ချစ်မြတ်နိုးဝေက အိမ်မှ တစ်ခေါက် ပြန်ထွက်ခဲ့သည်။ အိမ်နီးနားချင်းက ဖုန်းရှိသောအိမ်သို့ သွက်သွက် လှမ်းခဲ့ပါသည်။ ရဲဝံ့ထံ ဒေါ်ဒေါ်ကြီး၏ သဘောတူညီချက်ရပြီးကြောင်းကို ပြောရမည့်အတွက်ပါ။

ချစ်မြတ်နိုးဝေထံမှ သတင်းစကားကို ကြားရတော့ ရဲဝံ့ လွန်စွာဝမ်းသာမိပါသည်။ ဟန်ဆောင်ရသည့် ကိစ္စဖြစ်ပေမဲ့ ချစ်မြတ်နိုးဝေနှင့် ပိုမို၍ နီးစပ်ရမည့် ကိစ္စမို့ ရဲဝံ့က တုနှိုင်းမရအောင် ကြည်နူးနေပါသည်။

"ချစ်မြတ်နိုးရေ၊ တို့ဘိုးဘိုးကို ပြောပြလိုက်မယ်နော်၊ နောက်ပြီး ညနေ ချစ်မြတ်နိုးကို လာကြိုရင်းနဲ့ ဘိုးဘိုးလာမယ့်ရက်ကို ဒေါ်ဒေါ်ကြီးကို ဝင်ပြောပါ့မယ်"

"ဒါပဲနော်"

သူ့စကားတွေ ဆက်ရှည်နေချင်ပါသေးသည်။ ချိုအေးသော ချစ်မြတ်နိုးဝေ၏ အသံလေးကို ဆက်လက်ကြားနေချင်ပါသေးသည်။ ဒါပေမဲ့ ချစ်မြတ်နိုးဝေက စကားကို တိုတောင်းစွာ ဖြတ်ပြီး ဖုန်းချလိုက်ပါသည်။

ရင်ထဲတွင် မချင့်မရဲကြီးဖြစ်ပြီး ကျန်ရစ်ခဲ့သည်။ အဖြစ်မှန်ကြောင့် စိတ်ကူးယဉ်တွေးလေးတွေ ပျောက်ပျက်ကုန်ပြီးရင်ထဲမှာ ဟာလာဟင်းလင်းကြီး ဖြစ်သွားသည်။

"ဖြတ်သားလိုက်တဲ့ မိန်းကလေးရယ်"





လုပ်ငန်းသဘောထက် လုံးဝအပိုအလိုမရှိ ဆက်ဆံနေသော ချစ်မြတ်နိုးဝေကို အားမလို အားမရ ဖြစ်နေပါသည်။

*

ညနေ သင်တန်းအပြန် ရဲဝံ့က လာကြိုသည်။ မျက်နှာမှုန်တည်တည်လှလှလေးကို ကြည့်ပြီး သူ၏ရင်မှာ လှိုက်ခနဲ ခုန်သွားပါသည်။ ဒီမိန်းမငယ်လေးနှင့် ဟန်ဆောင် စေ့စပ်ခြင်းဆိုတာ သိသိကြီးနှင့်ပင် ရင်မှာ ကြည်နူးသွားပါသည်။

"ချစ်မြတ်နိုးရေ၊ ဘိုးဘိုးကတော့ စိမ့်ကိန်းတွေ အပြတ်လုပ်နေပြီ သိလား"

"ဟင်း... ဘာစီမံကိန်းတွေလဲ"

"တို့နဲ့ ချစ်မြတ်နိုးဝေ ကိစ္စကိုပေါ့"

"ဒုက္ခပါပဲ၊ ချစ်မြတ်နိုးဝေကတော့ စိတ်ညစ်တာပဲ သိလား"

ခေါင်းကို တဗျင်းဗျင်းကုတ်ပြီး ချစ်မြတ်နိုးဝေက ညည်းတွားလိုက်သည်။

"ဘိုးဘိုးက မြင်မြင်ချင်း ချစ်မြတ်နိုးဝေကို ချစ်နေတာ"

စိတ်မသက်မသာနှင့် ချစ်မြတ်နိုးဝေက သက်ပြင်းချလိုက်သည်။ ရဲဝံ့ကို စကားဆက်ပြောချင်စိတ် မရှိတော့ပါ။ တွေဝေငေးမောစွာနှင့် အိမ်ကို ပြန်ရောက်လာသည်။

ရဲဝံ့သည် ဒေါ်တင်လှနှင့် စကားပြောဆိုပြီးနောက် ပြန်သွားသည်။ သူတို့လာရောက် ကြောင်းလမ်းမည့် ရက်ကို ပြောပြသွားသော်လည်း ချစ်မြတ်နိုးဝေက ဘာကိုမျှ စိတ်မဝင်စားချေ။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ စိတ်တွေ လေးလံထုံမှိုင်းနေသည်။ အဒေါ်တွေနှင့် အမေရှေ့တွင် ရဲဝံ့ကို ပျူပျူငှာငှာ ပြောဆိုနေရပေမယ့် စိတ်ထဲမှာတော့ ကြည်လင်ခြင်း မရှိပါ။

*

ဦးသာမြတ်တို့လာမည့်နေ့တွင် ဒေါ်တင်လှက ဧည့်ခံကျွေးမွေးဖို့ကအစ အားလုံးကို စီစဉ်လေသည်။ ချစ်မြတ်နိုးဝေက ဘာမှ ဝင်မစီမံပါ။ သူမခိုင်းသမျှ စီမံသမျှကိုသာ နာခံလိုက်နာနေရပါသည်။

ချိန်းဆိုထားသော အချိန် အတိအကျပင် ဦးသာမြတ်တို့ ရောက်လာကြပါသည်။ ဦးသာမြတ်နှင့်အတူ ရဲဝံ့၏ မိခင်လည်း ပါလာလေသည်။ ရဲဝံ့၏ မိခင် ဒေါ်စိုးမေကို မြင်လိုက်စဉ် ချစ်မြတ်နိုးဝေ အံ့ဩရပါသည်။ ချစ်မြတ်နိုးဝေ ထင်မှတ်ထားသလို သိပ်အသက်ကြီးကြီး မဟုတ်ပါ။ ငါးဆယ်ကျော် ခြောက်ဆယ်တွင်း ရှိနေပေမယ့် ဒေါ်စိုးမက လွန်စွာ နုငယ်နေသလို လွန်စွာမှလည်း ခေတ်မီလှပါသည်။

ဝတ်စားထားသည်မှာ ခေတ်ကာလ သမီးတစ်ယောက်လို အပျိုရုံးပါပေသည်။ အဝတ်အစားကပင် ခေတ်မီသည်မဟုတ်။ မျက်နှာကို ခြယ်သထားသည်မှာလည်း စုံလို့ပါပင်။

လှသည် ခေတ်ဆန်သည်ထက် ကလက်သည့်ဘက်သို့ပါ နွယ်နေသည်။ ဒါကြောင့်လည်း ဦးသာမြတ်က သူ့ကို ကြည့်မရတာ နေမှာပဲ ချစ်မြတ်နိုးဝေက ထင်မြင်ချက် ပေးမိသည်။

လူကြီးတွေ ရွှန်းရွှန်းဝေအောင် စကားပြောနေကြသော်လည်း



အပြုံးမျက်နှာဖုံးလေးကို စွပ်ပြီး ချစ်မြတ်နိုးဝေက ဘာမှ ဝင်ပြောခြင်း မရှိပါ။ မကြာခဏ ဒေါ်စိုးမေထံမှ စူးစမ်းသော အကြည့်တွေ သူမထံသို့ ရောက်ရောက်လာသည်ကို ချစ်မြတ်နိုးဝေက သတိထားမိသည်။

ဦးသာမြတ်က ဒေါ်တင်လှထံတွင် ချစ်မြတ်နိုးဝေအား စိန်တစ်ဆင်ဆာနှင့် တင်တောင်းလေသည်။ ဒေါ်စိုးမေပင် ထိုကိစ္စကို ကြို၍ သိပုံမရ။ အမှတ်မထင် ဦးသာမြတ်က သူ၏ အိတ်ကြီးထဲမှ ရတနာဘူးကို ထုတ်ပေးတော့မှ အံ့ဩမှင်တက်စွာ မျက်လုံးကြီးဝိုင်းသွားသည်ကို ချစ်မြတ်နိုးဝေက တွေ့ဖြစ်အောင် တွေ့လိုက်သည်။

ချစ်မြတ်နိုးဝေက သည်ပစ္စည်းများကို လက်မခံချင်ပါဟု ငြင်းသော်လည်း မရပါ။ ဦးသာမြတ်က အတင်းပေး၍ ဒေါ်တင်လှ ကိုယ်တိုင် လက်ခံလိုက်ရပါသည်။

သည်ပစ္စည်းတွေကြောင့် ချစ်မြတ်နိုးဝေ၏ ရင်ထဲမှာ ပို၍ပို၍ လေးလံသွားရပါသည်။ သူမကို အနှောင်အဖွဲ့တစ်ခု ထပ်တိုးလိုက်ပြီလို့ ခံယူလိုက်မိပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၂၇

ရဲဝံ့နှင့် ချစ်မြတ်နိုးဝေက စေ့စပ်ပြီးသားမို့ တွေ့ရဆုံရ ပို၍ လွယ်ကူလာသည်။ ရဲဝံ့မှာလည်း ချစ်မြတ်နိုးဝေ၏ အိမ်ကို ဝင်ထွက်ခွင့် ရနေပြီမို့ မကြာခဏဆိုသလို ရောက်ရောက်လာတတ်သည်။

ရောက်လာလေတိုင်း ချစ်မြတ်နိုးဝေနှင့် စကားပြောရတာ နည်းနည်း၊ လူကြီးတွေနှင့် စကားပြောရတာ များများ ဖြစ်နေသည်။ ဒေါ်တင်လှဆိုလျှင် လိမ္မာယဉ်ကျေး လူကြီးတွေကို ရိုသေလေးစားပြီး အလိုက်အထိုက်သိလွန်းသော ရဲဝံ့ကို အရမ်းခင်တွယ်နေသည်။

ရဲဝံ့များ နှစ်ရက်လောက်မလာလျှင် တစ်မေးတည်း မေးနေကြသည်။ ချစ်မြတ်နိုးဝေကတော့ ရဲဝံ့မလာလျှင် စိတ်ထဲက ကျိတ်၍ ဝမ်းသာနေမြဲပါ။

တစ်ခါတစ်ရံ ချစ်မြတ်နိုးဝေကို သင်တန်းကျောင်းမှ လိုက်ပို့ပြီး အပြန် အိမ်ဝင်လျှင် ဒေါ်တင်လှက အတင်း ညစာထမင်းကျွေး၍





ရဲဝံ့ ဝင်စားရသည်ကလည်း မကြာခဏပါ။

ရဲဝံ့၏အိမ်တွင် ချစ်မြတ်နိုးဝေက စားအိမ်သောက်အိမ် ဖြစ်နေ သလို၊ ချစ်မြတ်နိုးဝေ၏ အိမ်တွင်လည်း ရဲဝံ့က စားအိမ်သောက်အိမ် ဖြစ်နေပါသည်။

တစ်ဦးနှင့်တစ်ဦးလည်း ခင်မင်ရင်းနှီးလာသည်။ ချစ်သူတွေလို မဟုတ်ကြသော်လည်း မိတ်ဆွေတွေလိုတော့ ခင်မင်ကြပါပြီ။

တစ်နေ့ ညနေသင်တန်းမှအပြန် ရဲဝံ့က ဦးသာမြတ် ခေါ်ခိုင်းသည် ဆို၍ သူ၏အိမ်သို့ ချစ်မြတ်နိုးဝေအား လိုက်ခဲ့ရန် ခေါ်သည်။

"ဘိုးဘိုးက ဘာလို့ ခေါ်ခိုင်းတာလဲဟင်"

"ချစ်မြတ်နိုးကို သူက ခဏခဏ တွေ့ချင်နေတာ သိလား"

"အင်း... တဖြည်းဖြည်း မြတ်နိုးဝေလဲ နှံနှစ်တဲ့ လူလို ဖြစ်နေပြီ၊ ကြာလေကြာလေ နှစ်လေဖြစ်နေပြီ"

စိတ်ညစ်ညူးစွာနှင့် ချစ်မြတ်နိုးဝေက ညည်းတွားလိုက်သည်။ ရဲဝံ့က ဘာမှမပြော။ နှုတ်ဆိတ်စွာနှင့် နေနေသည်။ မကြာခင်မှာပဲ အင်းလျားလမ်း ရဲဝံ့၏ အိမ်သို့ ရောက်လာသည်။

ဦးသာမြတ်က ဧည့်ခန်းဝမှာ အသင့် စောင့်ကြိုနေသည်။

"ဘိုးဘိုး နေကောင်းပါရဲ့လား"

ချစ်မြတ်နိုးဝေက ခင်မင်ဖွယ်ရာကောင်းသော ဦးသာမြတ်ကို ဘိုးဘိုး၏ အဘိုးတမျှ ခင်တွယ်နေပါသည်။ စိတ်ထားဖြူစင်သော ဦးသာမြတ်ကို လိမ်ရ ညာရတာ လုံးဝစိတ်မချမ်းသာပါ။

"ကောင်းပါတယ်ကွယ်၊ ဒါနဲ့ သမီးရဲ့ အဒေါ်နဲ့ ဦးမြေတို့ကော



www.burmeseclassic.com

www.burmeseclassic.com



နေကောင်းကြရဲ့လား"

"ကောင်းပါတယ် ဘိုးဘိုး"

"ကဲ... သားက သွားစရာရှိတယ်ဆို သွားလေ၊ ဘိုးဘိုးနဲ့ သမီး အေးအေးဆေးဆေး စကားပြောကြမလို့"

"ချစ်မြတ်နိုး ခဏနေခဲ့ဦးနော်၊ ကိုကို နာရီဝက်ပဲ ကြာမယ် ပြန်လာခဲ့မယ်နော်"

"ရပါတယ်"

ရဲဝံ့က ကားဖြင့် ပြန်ထွက်သွားသည်။ ဦးသာမြတ်နှင့် ချစ်မြတ်နိုးဝေ စကားပြောရင်း ကျန်ရစ်ခဲ့သည်။

"သားကွယ်ရာမှာ သမီးကို မေးရဦးမယ်"

ချစ်မြတ်နိုးဝေ၏ မျက်နှာလေးကို စိုက်ကြည့်ရင်း ဦးသာမြတ်က ပြောသည်။

"ဘာမေးမလို့လဲ ဘိုးဘိုး"

"သမီးကို ဘိုးဘိုး ခဏခဏ သတိထားမိတယ်၊ သမီးမျက်နှာလေးက တစ်ခါ တစ်ခါ သိပ်ညှိုးတာပဲ၊ အဲဒါကို မြင်ရတော့ ဘိုးဘိုး စိတ်မကောင်းဘူးကွယ်"

"ရှင်"

ချစ်မြတ်နိုးဝေ အံ့ဩသွားပါသည်။ ရင်ထဲမှာလည်း ထိတ်ခနဲ ဖြစ်သွားသည်။ ဦးသာမြတ်သည် မိမိတို့၏ အကြောင်းကို ရိပ်စားမိနေပြီလားဟု စိုးရိမ်နေပါသည်။

"သမီး ဘာကြောင့် စိတ်ညစ်နေတာလဲကွယ်"





"ဟို... ဟို မြတ်နိုးဝေ ဘာမှ စိတ်မညစ်ပါဘူး ဘိုးဘိုး"

ချစ်မြတ်နိုးဝေက မျက်နှာလေးကို အပြုံးအချိုဆုံး အနေအထားမှာ ထားပြီး ပျာပျာသလဲ ဖြေလိုက်သည်။

"သမီး ဘိုးဘိုးကို မညာချင်ပါနဲ့ကွယ် ဘိုးဘိုး သိပါတယ်၊ သမီး တစ်ခုခုကို စိတ်ညစ်နေတယ် မဟုတ်လား"

"ဘိုးဘိုး စိတ်ထင်လို့ပါ"

"အေးလေ... ဒါဆို ထားလိုက်ပါတော့၊ ဒါပေမဲ့ ဘိုးဘိုးမှာထားမယ်နော်၊ ဘာ အခက်အခဲရှိရှိ ဘိုးဘိုးကို ဖွင့်ပြောနော် ဘိုးဘိုး ကူညီမယ် သိလား"

"ဟုတ်ကဲ့ပါ ဘိုးဘိုး"

ဦးသာမြတ်၏ မွန်မြတ်သော စေတနာကြောင့် ချစ်မြတ်နိုးဝေ မျက်ရည်ဝဲမတတ် ခံစားရပါသည်။

"ဒီလို သူတော်ကောင်းကြီးကို လှည့်ဖြားလို့ ငါရော၊ ကိုရဲဝံ့ရော ငရဲတွေ အထပ်ထပ်ကြီးနေမှာ သေချာတယ်"

စိတ်မကောင်းကြီးစွာနှင့် တွေးမိပါသည်။

"တကယ်လား သမီးမှာ ဘာအခက်အခဲမှ မရှိဘူးဆိုတာ အမှန်ပဲလား သမီးရယ်၊ ဘိုးဘိုးကို အားမနာနဲ့နော်"

"ဟုတ်ကဲ့ပါ ဘိုးဘိုး"

"ဘိုးဘိုးကို သမီး အဘိုးအရင်းလို သဘောထား၊ ဘာပဲဆို ဖွင့်ဖွင့်လင်းလင်း တိုင်ပင်နိုင်တယ်နော်၊ သားကို မကျေနပ်တာ ရှိရင်လဲ ဘိုးဘိုးကို ပြော သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ချစ်မြတ်နိုးဝေ၏ ရင်ထဲမှာ ပို၍ ပို၍ စိတ်မကောင်းခြင်းများစွာ ဖြစ်ရပါသည်။ ဦးသာမြတ်ကို လိမ်လည် လှည့်ဖြားမိသည့်အတွက်လည်း နောင်တရ၍ မဆုံးပါ။

"ဘိုးဘိုးရယ် ဘာမှ စိတ်မပူပါနဲ့နော်၊ မြတ်နိုးဝေနဲ့ ကိုကိုက ဖြေပြေလည်လည် ရှိပါတယ်"

"အင်း ဒီကလေးက ဘိုးဘိုး အလိုလိုက်ထားဟော့ ဆိုးချင်တယ်ကွယ့်၊ သမီးပေါ်မှာပါ ဆိုးမှာစိုးလို့ ဘိုးဘိုးက ပြောတာပါ"

ချစ်မြတ်နိုးဝေက ပါးလေးခွက်အောင်ပင် ပြုံးလိုက်ရပါသည်။

"သားက တစ်ခါတစ်ခါ သိပ် ဖွတ်တရွတ်နိုင်တာ၊ သူလုပ်ချင်တာ ဖွတ်တိုး လုပ်တတ်လွန်းလို့ သမီးအပေါ်မှာ အနိုင်ယူမှာစိုးတယ်၊ သူ့ကို သိပ်အလိုမလိုက်နဲ့ သိလား"

မြေးဖြစ်သူကို ဆိုးတယ် ဆိုပြီး နှုတ်မှ တဖွဖွ ပြောနေသော်လည်း ဦးသာမြတ်၏ မျက်နှာက ပြုံးနေသည်။ မြေးကို ဘယ်လောက် ချစ်တယ်ဆိုတာ သူ၏ အမူအရာက ဖော်ပြနေသည်။

မြေးဆိုးကြောင်းကို ချစ်စနိုးနှင့် ပြောနေမှန်း ပေါ်လွင်လှသည်။ အဘိုး၏ အချစ်တွေကို တစ်ပုံတစ်ပင်ကြီး ရနေသော ရဲဝံ့အတွက် ချစ်မြတ်နိုးဝေ ကြည်နူးနေပါသည်။

ချစ်မြတ်နိုးဝေ ရင်ထဲမှာ တစ်ဆက်တည်း ကြေကြေကွဲကွဲလေး တွေးလိုက်ပါသည်။ သူမတို့၏ ဟန်ဆောင်ဇာတ်လမ်းကို ဦးသာမြတ်အား ဖွင့်ပြောပြီး ခွင့်လွှတ်ရန် တောင်းပန်လိုက်လျှင်





ကောင်းလေမလား။ ယခုလို လိမ်ရညာရတာ သူမ စိတ်ပင်ပန်း၊ လူပင်ပန်း ရှိလှပါပြီ။

"အို… ပြောလိုက်ရင် ကိုရဲဝံ့အပေါ် ငါ ကတိဖျက်သလို ဖြစ်ရတော့မယ်၊ နောက်ပြီး သူ့ အစီအစဉ်တွေ ပျက်ရလိမ့်မယ်၊ ဖွင့်ပြောလို့ မဖြစ်သေးပါဘူးလေ"

ဖွင့်အန်ထွက်တော့မည့် စကားများကို အချိန်မီ ထိန်းအုပ်လိုက်ပါသည်။ ချစ်မြတ်နိုးဝေနှင့် ဦးသာမြတ်တို့ စကားကောင်းနေတုန်း ရဲဝံ့ ပြန်ရောက်လာသည်။

"ချစ်မြတ်နိုးရေ ဘိုးဘိုးက ကိုကို့အကြောင်း မကောင်းတာတွေတော့ မပြောဘူး မဟုတ်လား"

ကုလားထိုင်မှာ ဝင်ထိုင်ပြီး စပ်ဖြီးဖြီး မျက်နှာနှင့် ရဲဝံ့က မေးသည်။

"သားက ဘိုးဘိုးကို ဒေါက်ဖြုတ်လိုက်တယ်ပေါ့ ဟုတ်လား"

"ဟား… ဟား ဘိုးဘိုးက ခေတ်မီတယ်ဗျ"

ရဲဝံ့က အသံကျယ်ကြီးဖြင့် အဘိုးကိုကြည့်ပြီး တဟားဟားနှင့် ရယ်ပါလေသည်။

"သား အကြောင်း ဘာမှ မကောင်းမပြောပါဘူးကွယ်၊ ဘိုးဘိုးကို ဗိုလ်ကျတဲ့ အကြောင်းသာ နည်းနည်းပါးပါး ပြောတာပါ"

"ကဲ… ချစ်မြတ်နိုး ဘိုးဘိုး ပြောတာတွေ ယုံလား"

"ဟုတ်ကဲ့ ယုံပါတယ်"

"ဟာကွာ 'သေလိုက်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



ရဲဝံ့က နဖူးကို လက်ဝါးဖြင့် ရိုက်ရင်း ရှုံ့မဲ့စွာ ညည်းတွားလိုက်သည်။ သူ၏ ပုံစံကို ကြည့်ပြီး ချစ်မြတ်နိုးဝေနှင့် ဦးသာမြတ်သဘောကျစွာ ရယ်လိုက်ပါသည်။

"သမီး ဒီမှာ ထမင်းစားပြီးမှ ပြန်နော်"

"ဟုတ်တယ် အေးအေးဆေးဆေးပေါ့ကွာ"

မြေးအဘိုးနှစ်ယောက်လုံးက တားသဖြင့် ထိုနေ့ညစာ ရဲဝံ့၏ အိမ်မှာ ထမင်းစားဖြစ်လိုက်သည်။ စားသောက်ပြီး ရဲဝံ့က ပြန်လိုက်ပို့ပေးသည်။ လမ်းမှာ ချစ်မြတ်နိုးဝေကို ရဲဝံ့က မေးသည်။

"ဘိုးဘိုးက ချစ်မြတ်နိုးကို ဘာတွေ ပြောတာလဲ"

"စုံလို့ ကိုရဲဝံ့ ဆိုးတဲ့အကြောင်းပေါ့၊ မြတ်နိုးဝေလေ ဘိုးဘိုးကို ခင်ပါတယ်၊ ဒါကြောင့်လေ ဆက်လိမ်ညာရမှာတောင် စိတ်ထဲ မရဲဘူး သိလား"

"အမယ်လေး ချစ်မြတ်နိုးရယ်၊ ဘိုးဘိုးအပြောကို ကျပြီး အဖြစ်မှန်ကိုတော့ မပြောလိုက်ပါနဲ့ဦးနော်၊ တော်ကြာ တို့ မဟာဒုက္ခ ရောက်နေပါ့မယ်"

"ပထမ ရှိုင့်တောင် ပြောချင်တာ၊ နောက်မှ ကိုရဲဝံ့ကို သနားလို့ သိလား"

"ကျေးဇူးတင်ပါတယ်ဗျာ၊ သနားလက်စနဲ့ ဆက်ပြီး သနားနေပါဦးနော်"

စိတ်ညစ်နေသည့်ကြားမှ ရဲဝံ့၏ အမူအရာကိုကြည့်ပြီး လဲ့လဲ့လေး ပြုံးလိုက်မိပါသည်။





## ၂၄

ဒီနေ့ စနေနေ့မို့ သင်တန်းပိတ်ရက် ဖြစ်သည်။ ချစ်မြတ်နိုးဝေက အိမ်မှုကိစ္စတွေကို ဒေါ်မြင့်သောင်းနှင့်အတူ ကူလုပ်နေသည်။ ထိုစဉ် ရဲဝံ့ ရောက်လာပါသည်။

"ချစ်မြတ်နိုးရေ၊ မေမေက တွေ့ချင်လို့တဲ့၊ သူ့အိမ်လိုက်လည်ပါဦးကွာ"

ဈေးစပ်တုန်းက တစ်ခါသာ ဒေါ်စိုးမေနှင့် တွေ့ဆုံဖူးပါသည်။ ဒါပေမဲ့ ဒေါ်စိုးမေကို ချစ်မြတ်နိုးဝေ မြင်မြင်ချင်းပဲ မခင်တွယ်မိသောစိတ်တွေ ရှိခဲ့ပါသည်။

ယခုလို ရဲဝံ့က အိမ်လည်ခေါ်တော့ မလိုက်ချင်ပါ။ ဒေါ်စိုးမေနှင့် တွေ့ရမှာ စိတ်ထဲတွင် တစ်မျိုးဖြစ်နေသည်။ ထိတ်လန့်သလို၊ မိုးရွံ့သလိုလိုနှင့်ပါ။

"မြတ်နိုးဝေ မလိုက်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာရှုရှုလေးဖြင့် မကြည်မလင်နှင့် ချစ်မြတ်နိုးဝေက ပြောလိုက်သည်။

"မေမေက ချစ်မြတ်နိုးကို သိပ်တွေ့ချင်လို့ပါ"

"အို... ဒုက္ခပါပဲ၊ မလိုက်ချင်ပါဘူးဆိုနေ"

တိုးတိုးတိတ်တိတ် ပြောနေရာမှ ချစ်မြတ်နိုးဝေထံမှ အသံက ဆောင့်ခနဲ ထွက်သွားသည်။ ထိုစကားစုကို ဒေါ်တရင်လှက ကြားဖြစ်အောင် ကြားလိုက်သည်။ နေမကောင်း၍ ဈေးမထွက်သော ဒေါ်တင်လှက အိမ်မှာရှိနေသည်က ချစ်မြတ်နိုးဝေ ကံမကောင်းဖို့ ဖြစ်လာသည်။

"ဟဲ့... မြတ်နိုးဝေ လိုက်သွားပါလား ညည်းက တော်တော်ခွတိုက်တဲ့ ကလေးမ"

ဘုမသိ ဘမသိဝင်ပြီး စွက်လိုက်သည်။ ဒီတော့ ချစ်မြတ်နိုးဝေ ရဲ့ဝံ့ကို ဆက်လက် ငြင်းဆန်လို့ မကောင်းတော့ပါ။

"ခေါ်သွား လူလေး၊ မင်းရဲ့ မြတ်နိုးဝေက ဒီလိုပဲ ဘာမှ အလိုက်သိတတ်တာ မဟုတ်ဘူး"

ချစ်မြတ်နိုးဝေက ဒေါ်ပွပွနှင့် ရဲ့ဝံ့ကို အသံတိတ်ရန်တွေ့ပြီး မျက်စောင်းနက်နက် ဒက်ခနဲ ထိုးလိုက်ပါသည်။

"ချစ်မြတ်နိုးကလဲကွာ၊ လိမ္မာပါတယ် လိုက်ခဲ့နော်"

ရဲ့ဝံ့က ပိုပိုသာလေးအတွန့်အတက်နေသဖြင့် ဆွဲရိုက်ချင်စိတ်ပင် ပေါက်လာသည်။

"ဒါဆို ရေချိုးဦးမယ် စောင့်ပေါ့"

မကျေမနပ် ပြောပြီး ထွက်ခဲ့သည်။





"နေနှင့်ဦး မှတ်လောက်သားလောက်အောင် ပညာပေးလိုက်မယ်"

စိတ်ထဲက မကျေမနပ်နှင့် တေးပြီး အပေါ်ထပ်သို့ တက်ခဲ့သည်။ ရေချိုးခန်းသို့ ဝင်ပြီး အကြာကြီး ရေချိုးသည်။ ပြီးတော့ အချိန်ဆွဲပြီး အလှပြင်သည်။ ဒေါ်တင်လှက ရဲ့ဝံ့ကို အားနာ၍ ထိုင်စောင့်ခံနေရင်း ညောင်းပင်လာချေပြီ။ မကျေမနပ်နှင့် ချစ်မြတ်နိုးဝေထံသို့ ထထွက်ခဲ့သည်။ မှန်ရှေ့မှာ မှုန်နံ့သာ ခြယ်သနေသော ချစ်မြတ်နိုးဝေကို ဒေါသမျက်ဝန်းတွေနှင့် ကြည့်လိုက်ပြီး။

"ဟဲ့... မိမြတ်နိုးဝေ ရေချိုးအလှပြင်တာ ဒီတစ်သက် ပြီးဦးမှာလား၊ ဟိုမှာ စောင့်နေရတဲ့လူကို အားနာဦးမှပေါ့"

"ပြီးခါနီးပါပြီ"

"ဟွန်း... ညည်းအချိုးတွေမသိရင် ခက်မယ်၊ ကိုယ်နဲ့ ယောက္ခမ တော်ရတော့မယ့်သူကို မလေးမစား လုပ်တာ မကြိုက်ဘူးနော်"

"ဟွန့်... ဘာမှဖြင့် မသိဘဲနဲ့ ဒေါ်ဒေါ်ကြီးက ပိုရန်ကော"

စိတ်ထဲမှ ရှုံ့မဲ့ပြီး ဒေါ်တင်လှကို ပြောလိုက်သည်။

"ခု မြန်မြန်လုပ်ပြီး ဆင်းခဲ့"

တစ်ချက်လှွတ်အမိန့်ပေးပြီး ဒေါ်တင်လှက ပြန်ထွက်သွားသည်။ သူ့နောက်ကျောပြင်ကို လျှာလေး တစ်လစ်ထုတ်ပြီး ချစ်မြတ်နိုးဝေက ပြောင်ပြလိုက်သည်။

မှုန်နေအောင်လှသော မျက်နှာလေးကို ကြည့်ပြီး ရဲ့ဝံ့မှာ ရင်တွေ တဆတ်ဆတ်တုန်သွားရပါသည်။ စောင့်ဆိုင်းနေရတာကိုပင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုဖို့ မေ့သွားသည်။

"လာလေ သွားစို့"

ရဲဝံ့ကို အချိန်အကြာကြီး စောင့်ခိုင်းပြီး နှိပ်စက်ပြီးမှ ချစ်မြတ်နိုးဝေက မျက်နှာချိုသွားလိုက်သည်။ အနားတွင်ရှိနေသော ဒေါ်တင်လှ၏ ရန်ကလည်း ရှိသေးသည် မဟုတ်လား။

ရဲဝံ့နှင့်အတူ ဒေါ်စိုးမေ ရှိရာသို့ လိုက်ခဲ့ရပါသည်။ လမ်းမှာ စကားတပြောပြောနှင့် လာခဲ့ရင်း ရန်ကုန် အင်းစိန် လမ်းမကြီးပေါ်ရှိ သမိုင်းမှတ်တိုင်အနီးရှိ ဒေါ်စိုးမေ၏ အိမ်သို့ရောက်ခဲ့ရပါသည်။

ခြံဝန်းက သိပ်မကျယ်ပါ။ နှစ်ထပ်ပျဉ်ထောင်အိမ်ကတော့ ခန့်ခန့်ထည်ထည် ရှိလှပါသည်။ ကားရပ်သာရုံရှိသော ခြံထဲသို့ ရဲဝံ့က ကားကို မောင်းဝင်ခဲ့သည်။

"ကိုရဲဝံ့အမေက ဒီမှာတစ်ယောက်တည်းနေတာလား"

"မဟုတ်ဘူး၊ သူ့ရဲ့ ဆုံးသွားတဲ့ အချစ်ဆုံး သူငယ်ချင်းရဲ့ သမီးနဲ့ နေတာပါ"

"ကိုရဲဝံ့က သူနဲ့ လာမနေဘူးလား"

"တစ်ခါတလေတော့ နေပါတယ်၊ ဒါပေမဲ့ ဘိုးဘိုးက မကြိုက်သို့ တစ်ရက်နှစ်ရက်ထက် ပိုပြီး မနေရဲဘူး"

အိမ်ဆီသို့ လှမ်းနေကြပြီမို့ စကားတွေလည်း ပြတ်သွားပါသည်။ ဒေါ်စိုးမေက လှမ်းကြိုနေလေသည်။ ပျံလန်နေအောင် ပြင်ဆင်ထားသော ဒေါ်စိုးမေက အချိုသာဆုံးသော အပြုံးတွေနှင့် ချစ်မြတ်နိုးဝေကို နှုတ်ဆက်နေပါသည်။





"ချစ်မြတ်နိုးဝေကို တွေ့ချင်လွန်းလို့ အန်တီက မှာလိုက်တာပါကွာ"

"ဟုတ်ကဲ့"

ဘာကြောင့်မှန်းမသိ ဒေါ်စိုးမေ၏ နေပုံထိုင်ပုံ၊ ပြောပုံဆိုပုံကို ချစ်မြတ်နိုးဝေက မနှစ်သက်ပါ။ ဒါပေမဲ့ ချစ်မြတ်နိုးဝေက ဟန်ဆောင်ပြုံးနှင့် ပြန်နှုတ်ဆက်လိုက်ပါသည်။

"အေးအေးဆေးဆေး နေပြီးမှ ပြန်နော် ချစ်မြတ်နိုးဝေ"

ထိုင်ပင်မထိုင်ရသေးခင် ဒေါ်စိုးမေက ချစ်မြတ်နိုးဝေကို အချိန်အကြာကြီးနေအောင် ပြောနေပါသည်။

"ဟင်း... ဒုက္ခပါပဲ၊ လာတောင် မလာချင်တဲ့ လူကို အချိန်အကြာကြီး နေခိုင်းနေပြန်ပါပြီ"

စိတ်ညစ်ညျူးစွာနှင့် ချစ်မြတ်နိုးဝေက တွေးလိုက်ပါသည်။ ဤသည်အမျိုးသမီးကြီးနှင့် စကားပြောလိုစိတ် ချစ်မြတ်နိုးဝေမှာ အလျှင်းမရှိပါ။ ယခုတောင် မလွဲသာ လွန်းလို့ လာခဲ့ရသည်ပဲ။

ဒေါ်စိုးမေက ရွှန်းရွှန်းဝေအောင် စကားတွေ ပြောနေသည်။ ချစ်မြတ်နိုးဝေခမျာ မချိသွားဖြဲလေး လုပ်နေရသည်။

"ကျွန်တော် အချိန်မရဘူး မေမေ၊ ဒါကြောင့် ချစ်မြတ်နိုးကို အဆပဲ ခေါ်ခဲ့တာပါ"

"သား သွားစရာရှိတာ သွားလေ၊ ချစ်မြတ်နိုးဝေကို ထားခဲ့ပေါ့ပြီးမှ ပြန်လာခေါ်လေ"

စိတ်အိုက်နေရှာသော ချစ်မြတ်နိုးဝေကို ကြည့်ပြီး အကျင်း



www.burmeseclassic.com

www.burmeseclassic.com



အကျုပ်ထဲမှ လွှတ်လပ်ပြေလည်ရန် ရဲဝံ့က ပြောသည်။ ဒါပေမဲ့ ဒေါ်စိုးမေက ဖွတ်အတင်း ခေါ်နေပါသည်။

"သူလဲ မအားဘူး မေမေရဲ့"

"အို... မေမေနဲ့ စကားပြောချင်လို့ မအားလဲ မေမေ့အတွက် အားလိုက်ပါကွယ်"

"ကျွတ်"

ရဲဝံ့က စိတ်ရှုပ်ရှုပ်နှင့် စုပ်သတ်လိုက်သည်။ ဒေါ်စိုးမေနှင့် ချစ်မြတ်နိုးဇေကို ကြာကြာ တွေ့ပေးလိုစိတ် မရှိသော ရဲဝံ့ စိတ်ညစ် သွားရပါတော့သည်။

"မေမေရယ်၊ ချစ်မြတ်နိုးကိုတော့ အားနာစရာတွေ ဖြစ်ကုန်ပြီ"

"ကိုယ့် ချွေးမလောင်းပဲ၊ ဘာ အားနာစရာလိုလဲ နော် မဟုတ်ဘူးလား"

သားဖြစ်သူကို ပြောရင်းနှင့် ဒေါ်စိုးမေက ချစ်မြတ်နိုးဇေဘက်သို့ လှည့်၍ ပြောလိုက်သည်။

ချစ်မြတ်နိုးဇေက မလွဲသာသော အပြုံးနှင့်သာ တုံ့ပြန်လိုက်လေသည်။ ဒေါ်စိုးမေက စားစရာ သောက်စရာများကို ပြင်ဆင်ထား၏ သားမို့ အသင့်ရှိနေသော စားစရာတွေဖြင့် ဧည့်ခံကျွေးမွေးသည်။ စားရင်းသောက်ရင်း သူကချည်း ဒိုင်ခံစကားပြောနေသည်။

"မေမေက သားကို သိပ် အံ့ဩနေတာ၊ သားချစ်သူ ထားလိုက်တာ မေမေတောင် မသိလိုက်ဘူးကွယ်"

သားကိုကြည့်ရင်း အပြုံးအရယ်နှင့် ဒေါ်စိုးမေက ပြောနေသော





လည်း သူ့မ မကျေမနပ်ဖြစ်၍ ပြောသည်ကို ချစ်မြတ်နိုးဇေရော ရဲဝံ့ပါ သိလိုက်သည်။

"ဩော်... မေမေကလဲ သားချစ်သူထားတာ မေမေ့ကို ပြောလို့ ဖြစ်ပါ့မလားဗျာ"

"စေ့စပ်တော့မယ်ဆိုမှ သိရတော့ မေမေဖြင့် မယုံနိုင်ဘူး သိလား၊ ဒါနဲ့ သားနဲ့ ချစ်မြတ်နိုးဇေက ဘယ်တုန်းက စတွေ့ကြတာလဲ"

သားဖြစ်သူကိုပြောရင်းမှ ဖျတ်ခနဲ ချစ်မြတ်နိုးဇေကို လှည့်မေးလိုက်သည်။ ချစ်မြတ်နိုးဇေ အငိုက်မိသွားပါသည်။ သည်လိုလုံးဝ မေးမည်လို့ မမျှော်လင့်ထားစဉ် ရုတ်တရက် မေးလိုက်တော့ ဘယ်လိုပြန်ဖြေရမှန်း မသိပါ။

မျက်လုံးပြူးလေးနှင့် အူကြောင်ကြောင် မျက်နှာလေးဖြင့် ရဲဝံ့အား စစ်ကူတောင်းဟန်နှင့် ကြည့်လိုက်ပါသည်။

"အန်တီက သိချင်လို့ပါ၊ သားက လျှို့လွန်းတော့ ချစ်မြတ်နိုးဇေကိုပဲ မေးရမှာပဲ"

ရဲဝံ့က အချိန်မီ ကြားဝင်လိုက်ရပါသည်။ ဘာဖြေရမှန်းမသိဖြစ်နေရှာသော ချစ်မြတ်နိုးဇေအား နှစ်သိမ့်ပြုံးလေးဖြင့် အားပေးလိုက်သည်။

"ချစ်မြတ်နိုးနဲ့ သားတစ်ယောက်နဲ့ တစ်ယောက် ရင်းနှီးနေတာ ကြာပါပြီ မေမေရဲ့"

"ကြာပြီသာပြောတယ်၊ မေမေ့ကိုဖြင့် တစ်ခါမှ ချစ်မြတ်နိုးဇေရဲ့



www.burmeseclassic.com

www.burmeseclassic.com



နာမည်မပြောဖူးပါဘူးကွယ်"

ဒေါ်စိုးမေက သံသယ ရနံ့များ စွန်းနေသော လေသံဖြင့်ပြောသည်။

"မေမေ့ကို မပြောဖြစ်ခဲ့လို့ပါ"

"အေးလေ ထားပါတော့ ဒါနဲ့ သားက နယ်မှာနေပြီး ချစ်မြတ်နိုးဝေနဲ့ ဘယ်လိုဆုံကြတာလဲ မေမေဖြင့် တွေးမရဘူး"

"သား သူငယ်ချင်းနဲ့ ချစ်မြတ်နိုးဝေက အိမ်နီးနားချင်း သိပ်ခင်ကြတာပါ၊ သူ့ဆီသွားရင်း ချစ်မြတ်နိုးဝေနဲ့ဆုံခဲ့တာပါ မေမေ"

စပ်စပ်စုစု လုပ်လွန်းနေသော မိခင်အား ရဲဝံ့က စိတ်တိုလာပါသည်။ ချစ်မြတ်နိုးဝေနှင့် မိမိတို့၏ ကိစ္စကို တမင် အစ်အောက်နေမှန်း ရဲဝံ့ သိပါသည်။

"သားက ချစ်သူထားမယ့် ထားတော့လဲချက်ချင်းကြီးနော်၊ မေမေ အရင်တုန်းက အိမ်ထောင်ပြုဖို့ ပြောတုန်းက ခါးခါးတူးတူး ငြင်းဆန်ခဲ့တာ၊ ခုတော့ ဝုန်းခနဲစေ့စပ်လိုက်တာပဲ၊ မေမေဖြင့် ပထမ အိပ်မက်များ မက်နေသလားလို့"

ချစ်မြတ်နိုးဝေ စိတ်ထဲ ဒေါ်စိုးမေကို ပို၍သဘောမတွေ့ ဖြစ်လာသည်။ ဒေါ်စိုးမေ၏ မေးဟန်ပြောဟန်က မယုံသလိုလို ခနဲ့သလိုလိုပါ။

"ဒါပေမဲ့ ချစ်မြတ်နိုးဝေကို မြင်မြင်ချင်း မေမေက သမီးလေးကို ချစ်မိပါတယ်။ သူလေးက ချောလွန်းတော့ သား ပစ်ကျသွားတယ်ထင်တယ်"





ရယ် သွမ်းသွေးပြီး ဒေါ်စိုးမေက ပြောပြန်သည်။

"အန်တီဆီလဲ မကြာခဏ လာလည်ပါ ချစ်မြတ်နိုးဝေ"

"ဟုတ်ကဲ့"

"ဒါနဲ့ သားတို့ ဘယ်တော့လောက် လက်ထပ်မယ် စိတ်ကူးထားသလဲ"

"လိုပါသေးတယ် မေမေ၊ ချစ်မြတ်နိုးဝေက ခုလောလောဆယ် လက်မထပ်ချင်သေးလို့ပါ"

ဒေါ်စိုးမေ၏ မျက်နှာပေါ်ဝယ် ကျေနပ်ပြုံး တစ်ခုဖြတ်ပြေးသွားသည်။ သူမ၏ စိတ်ထဲက ရဲဝံ့ လောလောဆယ်ဆယ် လက်မထပ်သေးသည်ကို သိပ်ကို ကျေနပ်နေပါသည်။

"သားကလဲ ခုတလော မေမေ့ဆီကို အလာကျဲတယ်ကွယ်၊ လွှင့်လွှင့်က တစ်မေးတည်း မေးနေတယ် သိလား၊ သားက လွှင့်လွှင့်ဆါမှာ သိပ် သူစိမ်းဆန်တာပဲ"

လွှင့်လွှင့်ဆိုသော အမည်ကြားလိုက်သည်နှင့် ရဲဝံ့၏ မျက်နှာက တည်ဆင်းသွားသည်။ ဒေါ်စိုးမေကို မကျေနပ်သော မျက်ဝန်းတွေနှင့် ကြည့်ပစ်လိုက်သည်။

"လွှင့်လွှင့်ခများ သားမလာလို့ သားဆီတောင် သူလိုက်လာဆို့တဲ့"

"ကဲ... မေမေ ကျွန်တော် အချိန်မရလို့ ပြန်ဦးမယ်၊ နောက်ပြီး ချစ်မြတ်နိုးဝေလဲ သွားစရာ ရှိသေးလို့ပါ"

ရုတ်တရက်ကြီး မျက်နှာထန်သွားသော ရဲဝံ့ကို နားမလည်စွာ



www.burmeseclassic.com

www.burmeseclassic.com



ချစ်မြတ်နိုးဝေက ကြည့်လိုက်သည်။ သူမ၏ မျက်နှာက မှိုင်းဝေသွားသည်။

"အေးကွယ်… တားမရလဲ ပြန်ကြပေါ့၊ ဒါပေမဲ့ ချစ်မြတ်နိုးဝေ အန်တီဆီကို လာလည်ဦးနော်"

"ဟုတ်ကဲ့ပါ"

ချစ်မြတ်နိုးဝေနှင့် ရဲဝံ့ကို တံခါးပေါက်ဝထိ ဒေါ်စိုးမေက လိုက်ပို့သည်။ သူတို့နှစ်ဦးထွက်သွားတာကို ကြည့်ပြီး ကျေကျေနပ်နပ်ကြီး ဒေါ်စိုးမေက ပြုံးလိုက်ပါသည်။

သူမ၏ ပထမဦးဆုံး ပစ်လွှတ်လိုက်သော မြားတစ်စင်းက ချစ်မြတ်နိုးဝေအား တည့်တည့်မဟုတ်သော်လည်း သိကာ ပွတ်ကာ ရှပ်ဖြတ်သွားလေပြီ။

* * *





## ၂၄

ဒေါ်စိုးမေ၏ အိမ်ရိပ်မှလွတ်မှ ချစ်မြတ်နိုးဝေက ပင့်သက်နက်နက်ကို ရှိုက်လိုက်သည်။

"ဟူး… ခုမှပဲစိတ်ချမ်းသာတော့တယ်"

ရဲဝံ့က အပြုံးမျက်နှာဖြင့် သူမကို လှည့်ကြည့်သည်။

"ချစ်မြတ်နိုး တော်တော် စိတ်ညစ်သွားလား"

"ညစ်တာပေါ့၊ သူ မေးလာမယ့် မေးခွန်းတွေကို ကြောက်နေတယ်၊ မြတ်နိုးဝေ ဘယ်လိုဖြေရမှန်း မသိဘူး"

မျက်နှာရှုံ့ရှုံ့လေးဖြင့် ရဲဝံ့ကို ကြည့်ရင်း ပြောသည်။

"တော်ပါသေးရဲ့ အန်တီမေးတာ ဘာဖြေရမှန်းမသိဖြစ်နေတုန်းကိုရဲဝံ့က ဝင်ဖြေလို့သာပေါ့"

"သိတယ် မေမေ့အကြောင်းကို သိလို့ ဝင်ဖြေလိုက်တာ ချစ်မြတ်နိုးသာ ဖြေရင် သူ ဆက်မေးနေဦးမှ၊ ဒါကြောင့် ပြတ်အောင် ဖြတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ"

"ကိုရဲဝံ့က အမေက ဒီစေ့စပ်တဲ့ကိစ္စကို မယုံသလိုပဲနော်"

"အင်း… သူ မယုံဘူးဆိုရင်လဲ ဖြစ်နိုင်တာပဲ၊ အစက တို့က ချစ်မြတ်နိုးအကြောင်း ဘာမှမပြောခဲ့ဘဲ ရုတ်တရက်ကြီး စေ့စပ်လိုက်တာကိုး"

"မယုံသင်္ကာဖြစ်ပြီး နောက်ကျ သူ မေးလားမြန်းလား ပိုလုပ်နေရင် ဒုက္ခပဲ"

"ဒါက တို့နဲ့ ချစ်မြတ်နိုးပေါ်မှ မူတည်နေတာပဲ၊ တို့နှစ်ယောက် မှုမပျက်ရင် ပြီးတာပဲ၊ တို့လုပ်ထားတဲ့ ကိစ္စက မင်းနဲ့ တို့ကလွဲလို့ ဘယ်သူမှ သိတာ မဟုတ်တာပဲ"

"မြတ်နိုးဝေကို နောက်တစ်ခါ ကိုရဲဝံ့ မေမေခေါ်ရင် ဆင်ခြေတစ်မျိုးမျိုး ပေးလိုက်ပါ၊ သူနဲ့ မြတ်နိုးဝေ မတွေ့ချင်ဘူး၊ တစ်ခါမှ မညာဖူးဘဲ ညာရတာ မနေတတ်ဘူး"

"သူ့အစ်အောက်တာနဲ့ မြတ်နိုးဝေ မညာတတ်တာနဲ့ အကိုက်ပဲ၊ တော်ကြာ လိမ်တဲ့ကိစ္စ ဘူးပေါ်သလို ပေါ်သွားလိမ့်မယ်"

"အေးပါကွာ၊ တတ်နိုင်သမျှ မေမေနဲ့ ချစ်မြတ်နိုးကို ပေးမတွေ့ဘူးနော်"

ချစ်မြတ်နိုးဝေ စိတ်ကျေနပ်စေရန် ရဲဝံ့က ပြောရပါသည်။

"မြတ်နိုးဝေတော့လေ ရှေ့ဆက်ပြီး စခန်းသွားရဖို့ အရေးတွေးပြီး တကယ် စိတ်လေးတယ် သိလား"

"စိတ်ရှုပ်မနေပါနဲ့ကွာ၊ တို့တာဝန်အကုန်ထား၊ချစ်မြတ်နိုး အနေ





မကျပ်အောင် တို့ကြိုးပါ့မယ်"

ရင်သိမ့်တုန်အောင် ချစ်မြတ်နိုးနေမိသည့် မိန်းမချောလေး၊ မျက်နှာညှိုလျှင် ရဲဝံ့လည်း ရင်ထဲကျပ်သိပ်မောရပါသည်။ အနေနီးလာလေလေ၊ ရင်ထဲမှ သံယောဇဉ်မျှင်တွေ ခိုင်မြဲလာလေမို့ ကြာလျှင် ရဲဝံ့အတွက် ခက်ရပါလိမ့်မည်။

"ချစ်မြတ်နိုး အိမ်ပြန်မှာလားဟင်"

"အင်း"

"မြို့ထဲမှာ တစ်ခုခု သွားစားကြရအောင်လေ"

"ဟင့်အင်း မြတ်နိုးဝေ အိမ်ပဲ ပြန်ချင်ပါတယ်"

ချော့မွှေ့တည်ကြည်နေသော ရဲဝံ့၏ မျက်နှာကို ဖျတ်ခနဲ လှည့်ကြည့်ပြီး ချစ်မြတ်နိုးဝေက မျက်နှာလွှဲလိုက်သည်။

ရဲဝံ့နှင့် တွဲတွဲသွားသွား လုပ်ရသည့်အလုပ်ကို မလွှဲသာလွန်းမှ ချစ်မြတ်နိုးဝေ လုပ်ချင်ပါသည်။

တတ်နိုင်လျှင် ရဲဝံ့နှင့် ဝေးဝေး နေချင်ပါသည်။

ဒီလို နေချင်သည်က ရဲဝံ့ကို မုန်းသည့်စိတ်၊ မခင်သည့်စိတ်ကြောင့် မဟုတ်ပါ။ စွဲမက်စရာ ကောင်းလွန်းသော ရဲဝံ့အပေါ် မညွတ်မိအောင် ထိန်းနေသည့်ကြားက မတော်တဆ ချစ်သွားမှာ စိုးရိမ်လွန်းလို့ပါ။

"ကြိုက်စရာ အရည်အချင်းတွေ ပြည့်လျှံနေတဲ့ လူအပေါ် ကြာရှည် ငါ့ရဲ့ နှလုံးသားက တောင့်ခံနိုင်ပါ့မလား"

မိမိကို မယုံရဲရဲ၊ မယုံဝံ့ဝံ့ ဖြစ်နေရပါသည်။ ချစ်မြတ်နိုးဝေကို



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ပို့ပေးပြီး ရဲဝံ့က ပြန်သွားသည်။

တိတ်တခိုး မြတ်နိုးနေရသူလေး၏ ပုရိပ်လေး သူ၏ နှလုံးသားမှာ စွဲပြီး ထင်ကျန်ရစ်ခဲ့ပါသည်။

"ဟင်း… မလွယ်ပါလား"

*

ချစ်မြတ်နိုးဝေက အိမ်ရောက်ရောက်ချင်း သူမ၏ အခန်းသို့ ကန်း၍ တက်သွားသည်။ ဒေါ်ခင်မြက သူမနောက်မှ အခန်းထဲသို့ လိုက်ဝင်လာပြီး…

"သမီးရေ သမီးအတွက် စာတစ်စောင် မနေ့ကပဲ ရောက်တာ၊ မေမေပေးဖို့ မေ့နေလို့ကွယ်"

"ဩော်… ဟုတ်ကဲ့"

ချစ်မြတ်နိုးဝေက ထူးထူးဆန်းဆန်း ရောက်လာသော စာကို လှမ်းယူလိုက်သည်။ လက်နှိပ်စက်ဖြင့် လိပ်စာတပ်ထားသဖြင့် လက်ရေးကို ခန့်မှန်းမရ၍ ဘယ်သူ့စာမှန်းမသိပါ။

ဒေါ်ခင်မြက စာအိတ်ကိုပေးပြီး ပြန်ထွက်သွားသည်။ ချစ်မြတ်နိုးဝေက သွက်သွက်လေး စာအိတ်ကို ဖောက်ဖတ်လိုက်သည်။ အတွင်းမှ လက်ရေးကို မြင်လိုက်သည်နှင့် ချစ်မြတ်နိုးဝေ၏ မျက်နှာလေး ဝင်းပသွားသည်။

"ဟယ်… ကိုလူကြီး စာရေးလိုက်တာကိုး"

ဝမ်းသာအားရနှင့် စာကို ဒရောသောပါး ဖတ်နေပါသည်။ လူမော်က အကြောင်းစုံကိုရေးထားသည်။ သူ အလုပ်လုပ်ရတာ အဆင်





ပြေကြောင်း ရဲဝံ့နှင့် ချစ်မြတ်နိုးဝေကိုလည်း ကျေးဇူးတင်ကြောင်း နောက်ပြီး အိမ်က လူတွေအကြောင်းကိုလည်း မေးထားသည်။ သူ၏ လိပ်စာကိုလည်း ချစ်မြတ်နိုးဝေအား ပေးလိုက်သည်။

သူ့ထံသို့ မကြာခဏ စာရေးပါဟုလည်း မှာထားသည်။ သူ၏ မိခင် ဒေါ်စုစုထံသို့လည်း မြတ်နိုးဝေ၏ စာနှင့်အတူ ရေးခဲ့ကြောင်း၊ ရဲဝံ့နှင့် သူမ၏ အခြေအနေကို တိတိကျကျ သိချင်ပါသည်ဟူ၍လည်း ရေးထားသည်။

လူမော် အဆင်ပြေသည်ကို သိရ၍ ချစ်မြတ်နိုးဝေ လွန်စွာဝမ်းသာနေပါသည်။ သူ့အတွက်မူစွန့်စားရကျိုး နပ်လေပြီမို့ ပီတိဖြာနေပါသည်။

"ညကျမှ အေးအေးဆေးဆေး ကိုလူကြီးဆီ စာရေးရမယ်"

လူမော်၏ စာကို လုံခြုံသော နေရာမှာ သိမ်းထားလိုက်သည်။

*

ရဲဝံ့တို့ ပြန်သွားပြီးနောက် ကျန်ရစ်ခဲ့သော ဒေါ်စိုးမေ၏ ရင်ထဲတွင် မလိုမုန်းထား အမုန်းပွားသော စိတ်တွေ မုန်းတိုင်း ထန်နေသည်။

သားဖြစ်သူ၏ ဈေးစပ်ကြောင်းလမ်းထားသော မိန်းကလေး အပေါ် ဘယ်လိုမှ မေတ္တာထား၍ မရအောင် ဖြစ်နေပါသည်။ သူမ ကြံရွယ်ထားသော အကြံအစည်တွေအားလုံးကို ချစ်မြတ်နိုးဝေက ခြေဖျက်လိုက်သည်ကြောင့်ပါ။

သား ရဲဝံ့အား သူမ ချစ်ခင်သော သူမနှင့် အသွင်တူသော



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးနှင့်သာ ရစေချင်ပါသည်။ အထူးသဖြင့် လွှင့်လွှင့်ဆိုသော မိန်းကလေးကိုပါ။ လွှင့်လွှင့်နှင့် ရဲဝံ့ကို ပေးစားဖို့ သူမ အကြံကြီးစွာ ကြံရွယ်ခဲ့ပါသည်။

ရဲဝံ့က အဘိုးနှင့် နေသည်က တစ်ကြောင်း၊ ဘွဲ့ရပြီး နယ်မှာ သွား၍ စီးပွားရေး လုပ်သည်တို့က တစ်ကြောင်းမို့ ရဲဝံ့နှင့် သူမ အလှမ်းကွာခဲ့ပါသည်။

အနေဝေးတော့ ရဲဝံ့ကို သိမ်းသွင်းရန်မှာလည်း အခက်တွေ့ ခဲ့ရပါသည်။ ဒါပေမဲ့ အခွင့်ရတိုင်း လွှင့်လွှင့်ကို စိတ်ဝင်စားရန် သားကို အမျိုးမျိုး ဖြားယောင်းခဲ့သည်။

ရဲဝံ့က လွှင့်လွှင့်ကို လုံးဝ စိတ်ကူးထဲမထည့်ပါ။ မိခင်၏ မာယာကို အလိမ္မာနည်းနှင့်သာ ရှောင်ရှားခဲ့သည်။ လွှင့်လွှင့်ကလည်း ရဲဝံ့ကို သိပ် အရေးပေးလွန်းလှသည်။ ရေလာမြောင်းပေးဆိုသော စကားက လွှင့်လွှင့်အတွက် မလုံလောက်ပါ။ ရေလာချောင်းပေးလို့ ပြောမှ အလောတော်လောက် ရှိပေမည်။

မြောင်းတင်းတင်းကြီး အခွင့်အရေးတွေ ပေးလွန်းနေတော့ ရဲဝံ့မှာ မနည်းကြီးကို ရှောင်တိမ်းနေရပါသည်။ လွှင့်လွှင့်က မိခင်နှင့် အတူနေရသောကြောင့် လွှင့်လွှင့်ကို ရှောင်တိမ်းရတာ လွန်စွာ ခက်ခဲလှသည်။ နောက်ဆုံးတော့ လွှင့်လွှင့်ကို ရှောင်ရင်း မိခင်ဆီသို့ပါ အလာ ကျဲရလေသည်။

ဒေါ်စိုးမေ၏ မျက်နှာက ရုပ်ဆိုးလောက်အောင် မဲ့နေသည်။ သူမ၏ မျက်စိထဲတွင် ချစ်မြတ်နိုးဝေကို လုံးဝကြည့်မရပါ။ ချစ်မြတ်





နိုးဝေသည် သူမတို့၏ အကြံအစည်ကို နှောင့်ယှက်သော တကယ့် အမိုက ရန်သူပါ။

"သင်းလေး ဂြိုဟ်မွှေလို့ပေါ့၊ နို့မို့ဆို သားကို တဖြည်းဖြည်း သိမ်းသွင်းလို့ရမှာ"

ကျစ်ခနဲ မြည်အောင် အံကို ကြိတ်လိုက်သည်။ ချစ်မြတ်နိုးဝေ အား နုတ်နုတ်စဉ်းပစ်ချင်စိတ်တောင် ပေါက်နေပါသည်။

"ဒီ မကောင်းဆိုးဝါး ကောင်မလေးနဲ့ သားကို ရအောင်ကွဲ ခွဲပစ်မယ်"

မလိုတမာ စိတ်များဖြင့် ရက်ရက်စက်စက် ကြုံးဝါးလိုက်ပါ သည်။

စီးကရက်ကို တစ်လိပ်ပြီး တစ်လိပ် ထိုင်ဖွာရင်း ဒေါ်စိုးမေက ဉာဏ်နီဉာဏ်နက်တွေ ထုတ်နေပါသည်။ ရဲဝံ့ လက်မထပ်ဖြစ်အောင် စေ့စပ်ကြောင်းလမ်းခြင်းကို မရမက ဖျက်ပစ်မည်ဟု ဆုံးဖြတ်လိုက် သည်။

မျက်ခုံးနှစ်ခု ကျုံ့နေအောင် စုပြီး မကောင်းစိတ်တွေ တွေးနေ သော ဒေါ်စိုးမေ၏ အပါးသို့ အပြင်မှ ပြန်လာသော လွှင့်လွှင့် ရောက်လာသည်။

"မေမေစိုး မျက်မှောင်ကြီး ကြုတ်ပြီး ဘာတွေ စဉ်းစားနေ တာလဲ"

ချွဲချွဲပျစ်ပျစ် လေသံနှင့် သူမ၏ လက်မောင်းအိုးကို ဖက်တွယ်ပြီး လွှင့်လွှင့်က မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်… သမီး လွင့်တောင် ပြန်လာပြီကိုး"

ခေတ်ရေစီးနေသော ပြင်ဆင်မှုများဖြင့် လှပချောမွေ့နေသော လွင့်လွင့်ကို ကြည့်ပြီး ဒေါ်စိုးမေ၏ မျက်နှာဝယ်အပြုံးတွေ လျှံ တစ်ပြက်အတွင်း ရောက်လာသည်။

"သားနဲ့ သူ့ကောင်မလေး အိမ်ကို လာသွားယ်"

ရဲဝံ့အကြောင်း ပြောလိုက်တော့ လွင့်လွင့်၏ မျက်နှာ ချက်ချင်း ညှိုးဆင်းသွားသည်။

"ဟင်… ဟုတ်လား လွင့်နဲ့တောင် မတွေ့လိုက်ဘူး၊ ချစ်မြဝ ဝေက ချောလားဟင်"

"ချောတော့ ချောပါတယ်၊ ငယ်လဲငယ်တယ်၊ ဒါပေမဲ့ မေမေစိုးဖြင့် လုံးဝ ကြည့်မရပါဘူး"

"ကြည့်မရလဲ ဘာတတ်နိုင်မှာလဲ မေမေစိုးရဲ့။ ဦးသာမြတ်က လိုလိုချင်ချင် စေ့စပ်ပေးပြီးသား၊ နောက် ကိုရဲကလဲ သူ့ကို ချစ်ခင် စုံမက်နေတာ မဟုတ်လား"

"မေမေစိုး စိတ်ထင်တော့ ဒီကလေးမ သားကို အမိဖမ်းလိုက် တာ ထင်တယ်"

"လွင့်တော့ မထင်ပါဘူး၊ ဘာပြုလို့လဲဆိုတော့ ကိုရဲက အမိ ဖမ်းလို့ရတဲ့ လူစားမှ မဟုတ်တာဘဲ"

လွင့်လွင့်က မျက်နှာညှိုးညှိုးနှင့် ပြောသည်။ ရဲဝံ့ကို အမိဖမ်း မရဘူးဆိုတာ သူမ အသိဆုံးပါ။ မိန်းကလေးဘက်က စေ ဗရမ္မနှင့် ဖောဖောသီသီကြီး ပေးကမ်းလိုက်လျှောခဲ့တာတောင် ရဲ





သူမဘက်သို့ နည်းနည်းလေးမှ ငဲ့ကြည့်ခဲ့သည်မှ မဟုတ်ဘဲ။

"အို… ဘယ်လိုပဲဖြစ်ဖြစ် မေမေစိုးကတော့ ရအောင်ခွဲမယ်"

"ကြည့်လဲ လုပ်ပါ မေမေစိုးရယ်၊ တော်ကြာ ဦးသာမြတ်ရဲ့ အမျက်တော် ရှပြီး မသထာ ရေစာလေး ရထားတာတွေပါ ကုန်ပါ့မယ်"

လွင့်လွင့်က စိုးစိုးရိမ်ရိမ်လေး ပြောသည်။ ဦးသာမြတ် လစဉ် ထောက်ပံ့နေသော စရိတ်ဖြင့် ဒေါ်စိုးမေက နေနေရသည် မဟုတ်လား။ ဦးသာမြတ် နှုတ်ခုပြီး ပေးကမ်းစွန့်ကြဲနေသော မသထာ ကြေးလေး လက်လွတ်ဆုံးရှုံးမှာ စိုးရိမ်လှပါသည်။

"လွင့်လွင့် ဘာမှ မပူနဲ့ သားရွှေအိုးထမ်းလာတာ မြင်ရအောင် မေမေစိုး ကြံမယ်"

"လွင့်ကတော့ သူ စိတ်ချမ်းသာတာ လုပ်ပါစေလို့ပဲဆုံးဖြတ် ထားတယ်"

"သမီးလွင့်ရယ်၊ ဘာလို့ဒါလောက်တောင် ကြောင့်ကြကြီး နေတာလဲ၊ မေမေစိုး ကြံပါ့မယ်လို့ ပြောထားတယ် မဟုတ်လား၊ မေမေ စိုးရဲ့ အကြံအစည်အောင်ကို အောင်စေရမယ်"

လွင့်လွင့်က ဘာမှ ဆောဒက မတက်တော့ပါ။ ဒေါ်စိုးမေကို လွင့်လွင့် လွန်ဆန်နိုင်စွမ်း မရှိပါ။ နောက်ပြီး ရဲဝံ့ကို မလွဲသာ၍ စွန့်လွှတ်ရမှာ ဖြစ်သောလည်း ဒေါ်စိုးမေ၏ ကြိုးပမ်းချက်ကြောင့် ရဲဝံ့ သူမဘက်သို့ ခြေဦးလှည့်လာမည်ဆိုလျှင် အတိုင်းထက် အလွန်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလဲမေမေစိုး သဘောပါ"

"အေး စိတ်အေးအေးနေ၊ သား ရဲဝံ့ သမီး လွင့်ရှေ့ မကြာခင် ရောက်လာလိမ့်မယ်"

ဒေါ်စိုးမေက သူမ၏ အကြံနှင့် သူမ ဟုတ်နေတော့သည်။ အပိုင်တွက်ပြီး အောင်ပွဲခံရလိမ့်မည်ဟု ယုံကြည်နေပါသည်။ သားအဖိုးတန်ရွှေတုန်း ရွှေခဲကြီးကို ဒေါ်စိုးမေက လွင့်လွင့်နှင့်လွဲ၍ ဘယ်သူ့ဆီမှ အပါမခံနိုင်ပါ။ သား ပိုင်ဆိုင်သမျှတွေကို လွင့်လွင့်သာ ပိုင်ဆိုင်ရမည်။ လွင့်လွင့် ပိုင်ဆိုင်လျှင် သူမချယ်လှယ်ချင်သလို ရတော့မည်။ လွင့်လွင့်က သူမ၏ လက်ခုပ်ထဲက ရေပါ။

သည့်လို ပိုင်ဆိုင်ရလို့က ဒေါ်စိုးမေတို့ မိုးပေါ်တက်ပြီး အလံ စိုက်လိုက်ဦးမည်။ သူမ၏ လက်သို့ သူ၏ ပစ္စည်းတွေ၊ အမွေတွေ ရောက်မှာ စိုးလှသော ဦးသာမြတ်ကိုလည်း ကောင်းကောင်းကြီး ကလဲ့စား ချေလို့ ရပေတော့မည်။

ဒေါ်စိုးမေက သူမစိတ်ကူးနှင့် သူမ ဟုတ်နေပြီး စိတ်လက်ပေါ့ပါးသွားပါသည်။

* * *





## ၂၆

ရဲဝံ့ကချစ်မြတ်နိုးဝေတို့၏ အိမ်သို့ ဝင်ပါ ထွက်ပါများတော့ သူတို့၏ စီးပွားရေး အခြေအနေကို အဖြစ်မှန်အတိုင်း သိရလေပြီ။ ရဲဝံ့က သူတို့မိသားစုကို ကူညီချင်သော စိတ်တွေ တဖွားဖွား ပေါက်လာသည်။

ချစ်မြတ်နိုးဝေအား သူကူညီချင်သည့် အကြောင်းကို ဖွင့်ပြောသည်။

"ချစ်မြတ်နိုးရေ တို့ တစ်ခုပြောမယ်၊ စိတ်မဆိုးဘဲ နားထောင်လား"

"ဘာပြောမလို့လဲ"

"ချစ်မြတ်နိုးရဲ့ ဒေါ်ဒေါ်ကြီး ပြောနေသံကို ဟိုနေ့က ကြားလိုက်ရတယ်၊ အရောင်းအဝယ် မကောင်းဘူးလို့ ပြောနေတယ်"

"အင်း... ဒေါ်ဒေါ်ကြီးကတော့ ညည်းနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ခများလဲ သနားစရာပါကွာ၊ တာဝန်တွေ သိပ်ကြီးရှာတယ်"

"ဟုတ်ပါတယ် ဒါကြောင့် သူ့ကို တစ်ဖက်တစ်လမ်းက ကူနိုင်အောင် မြတ်နိုးဝေ အကျိုးချုပ် သင်နေတာပေါ့"

"ဒါကြောင့် တို့ ပြောချင်တာ၊ တို့လေ ဒေါ်ဒေါ်ကြီးကို သိမ်ကြီးဈေးမှာ ဆိုင်ဖွင့်ပေးချင်တယ်၊ ကုန်လဲပြည့်ပြည့်စုံစုံ ဘင်ပေးချင်တယ်၊ ဒါဆို ပိုဟန်ကျမယ် ထင်လို့ပါ"

ဒေါသရောင်တို့ဖြင့် တဖိတ်ဖိတ် လက်နေသော မျက်ဝန်း၏ အကြည့် ရဲဝံ့ထံသို့ အရှိန်နှင့် ပြေးထိသည်။

"ဘာပြောတယ် ကိုရဲဝံ့"

ချစ်မြတ်နိုးဝေ၏ အသံက စူးရှကျယ်လောင်နေသည်။ မျက်နှာရဲရဲ နှုတ်ခမ်းလေး တဆတ်ဆတ် တုန်စွာနှင့် ရဲဝံ့အား ရင်ဆိုင်လိုက်သည်။

"မြတ်နိုးဝေတို့ကို ပေးတိုင်းယူတဲ့ အစားမှတ်လို့ ကိုရဲဝံ့က လျှောတွက်ပြီး ပြောလိုကတာလား"

ရဲဝံ့က ပျာပျာသလဲ ပြန်ဖြေရှင်းသည်။

"ဟာ... ချစ်မြတ်နိုး တို့ကို အထင်မလွဲနဲ့ကွာ၊ တို့က စေတနာနဲ့ ပြောတာပါ၊ ချစ်မြတ်နိုးကသာ တို့ကို ကူညီနေပြီး တို့က ဘာမှ မကူညီရသေးလို့ စိတ်မကောင်းဖြစ်နေလို့ပါ"

"ကိုလူ့ကို ကူညီပြီးပြီပဲ ပြီးပြီပေါ့"

အသံမာဆတ်ဆတ်လေးကြောင့် ရဲဝံ့၏ ရင်ထဲ နင့်ရပါသည်။ လှသလောက် မာနကြီးသော မိန်းကလေးကို လေးစားမိပေမဲ့ ချဉ်းကပ်





ရခက်၍ ရင်နင့်ရပါသည်။

"ချစ်မြတ်နိုးက တို့ရဲ့စေတနာကို ဘာတစ်ခုမှ အသိအမှတ် မပြုဘူးနော်"

"ကိုရဲဝံ့ရဲ့ စေတနာကို အသိအမှတ်ပြုပါတယ်၊ ဒါပေမဲ့ ခုလို ငွေကြေးနဲ့ ကူညီတာ မြတ်နိုးဝေ လက်မခံချင်ဘူး"

ချစ်မြတ်နိုးဝေ မကျေနပ်မှန်းသိတော့ ရဲဝံ့ ရှေ့ဆက်မတိုးရဲတော့ပါ။ စိတ်ထဲက အရမ်းကူချင်ချင်ပေမယ့် ရဲဝံ့ဆက်၍ စေတနာ မပိုနိုင်တော့ပါ။

အချစ်ဆုံးလေး နှမ်းပါး ညှိုးငယ်တာကို မကြည့်ရက်ပေမဲ့ ရဲဝံ့ ဘာမှ မတတ်နိုင်တော့ပါ။ သူ၏ စေနာကို အကောင်အထည် ဆော်မရ၍ ရင်ထဲမှာ စူးနစ်စွာ ခံစားနေရပါသည်။

ပျံ့လွင့်နေသော ခံစားချက်များကို စုစည်းလိုက်သည်။ စိတ်အာရုံကိုကား ရှေ့ပြေးလမ်းကြောင်းပေါ်သို့ စုပုံပို့လိုက်သည်။ အချစ်ဆုံးရဲ့ မျက်နှာကိုလည်း လှည့်မကြည့်မိပါ။

ချစ်မြတ်နိုးဝေမှာလည်း ညှိုးငယ်သွားသော ရဲဝံ့၏ မျက်နှာကို သေမသာ ငဲ့ကြည့်ပြီး စိတ်မကောင်း ဖြစ်သွားရပါသည်။ ဒါပေမဲ့ ချစ်မြတ်နိုးဝေ၏ ရင်ထဲက မာနကြီးမျှင်လေးက တင်းခံနေပါသည်။

"ဘိုးဘိုးကတော့ ချစ်မြတ်နိုးဝေကို သိပ်ချစ်နေတာ သိလား"

ရဲဝံ့က တိတ်ဆိတ်မှုကို စကားလမ်းကြောင်း ပြောင်းပြီး ဖြိုခွင်းလိုက်သည်။

"ဘိုးဘိုးက သိပ်ပြီး စိတ်ထားကောင်းတာပဲနော်၊ မြတ်နိုးဝေဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးကို ဆက်မညာရက်ချင်ဘူး"

"ချစ်မြတ်နိုးကိုတော့ တို့က ကျေးဇူးတင်ပြီးရင်း တင်နေတာ သိလား၊ ချစ်မြတ်နိုးသာ မကူညီရင် ခု တို့ ဘိုးဘိုး သဘောတူတဲ့ မိန်းကလေးကို လက်ခံလိုက်ရမှာ"

"ဘိုးဘိုး သဘောတူတာကကော ကိုရဲဝံ့က ကြည့်ဖူးခဲ့လို့လား"

"တစ်ခါ တွေ့ဖူးပါတယ်ကွာ၊ မစွံပါဘူး"

မျက်နှာကြီး ရှုံ့တွပြီး ရဲဝံ့က ပြောသည်။ သူ့အပြောကြောင့် ချစ်မြတ်နိုးဝေ ပြုံးမိပါသည်။

"ဘာလဲ ရုပ်ဆိုးလို့လား"

"ရုပ်မဆိုးပါဘူး၊ ရိုးရိုးယဉ်ယဉ်လေးပါ၊ ဒါပေမဲ့ သူ့ကို တို့ မခင်ဘူး။ ယူဖို့ဆိုတာကတော့ ဝေးရော"

"တစ်ခါ မြင်ဖူးရုံနဲ့ ခင်နိုင်မလား ကိုရဲဝံ့ရယ်၊ သူ့ကို လေ့လာကြည့်ပါဦးလား"

စိတ်ပျက်လက်ပျက်ကြီး ရဲဝံ့က ချစ်မြတ်နိုးဝေကို လှည့်ကြည့်လိုက်သည်။

"ငါ့ရင်ထဲက အချစ်တွေကို မင်းလေး တကယ် မသိရှာသလားကွယ်၊ ရင်ထဲက ရှိသမျှ အချစ်တွေနဲ့ မင်းကို ပုံချစ်ထားတာ နောက်ထပ် လူကို ချစ်စရာ အချစ်လက်ကျန် ငါ့မှာ မရှိတော့ပါဘူးကွယ်"

နှုတ်က မပြောရဲမပြောဝံ့သော စကားများကို ရင်ထဲမှာ နင့်နင့်ကြီး ရဲဝံ့က ပြောချလိုက်ပါသည်။





"တွေ့ပါ ဆုံပါများရင် ကိုရဲဝံ့ ချစ်ချင် ချစ်လာမှာပေါ့"

"တို့ရင်ထဲမှာ တို့ဘဝ တစ်ခုလုံး ပုံပြီး ချစ်ရမယ့်သူ ရှိနှင့်နေပြီးသားပါ ချစ်မြတ်နိုးရယ်၊ တို့ ဘယ်သူ့ကိုမှ ထပ်မချစ်နိုင်တော့ပါဘူး"

"ဟင်... ဒါဆို အဲဒီမိန်းကလေးကို ဘာလို့ ကိုရဲဝံ့ကဘိုးဘိုးနဲ့ တွေ့မပေးတာလဲ"

ရဲဝံ့က ချစ်မြတ်နိုးဝေ၏ မျက်နှာကို စူးနစ်စွာတစ်ချက်ကြည့်ပြီး မျက်နှာ လွှဲလိုက်သည်။

"တို့ကသာ ချစ်နေတာပါကွာ၊ သူက တို့ကို ရှိတယ်လို့တောင် ထင်ပုံမရဘူး၊ သူ့ကြည့်ရတာ တို့ကို အဖက်လုပ်ချင်ပုံတောင် မရဘူး"

မျက်နှာညှိုးညှိုး လေသံပျော့ပျော့နှင့် ရဲဝံ့က ပြောနေသည်။ ချစ်မြတ်နိုးဝေ၏ ရင်ထဲမှာ ဆူးချွန်တစ်ခုနှင့် ထိုးစိုက်ခံလိုက်ရသလိုပါပင်။ ရင်ထဲ ထိုးအောင့်သွားရပါသည်။

ခုလို ရဲဝံ့က သူမှာ ချစ်ရမယ့်သူ ရှိနေပြီ ဆိုသော စကားကြားရတော့ ချစ်မြတ်နိုးဝေ၏ ရင်ထဲနာကျင်မှုတွေ ပြည့်လျှံသွားရပါသည်။ သည်လို နာကျင်ရခြင်းမှာလည်း သူမ၏ စိတ်တွေ ရဲဝံ့အပေါ်သို့ တိမ်းညွတ်နေပြီမို့ ရင်ထဲက တိတ်တခိုး ချစ်စပြုနေပြီမို့ပါ။

ရင်ထဲမှာ နာကျင်မှုက ဆောင်ဘင်ခတ်ပြီး ချစ်မြတ်နိုးဝေ၏ မျက်ဝန်းလေးတွေကိုပင် စိုလက်စပြုလိုက်သည်။

"အို... သူနဲ့ငါ ဘာဆိုင်လို့လဲ၊ သူဘယ်သူ့ကို ချစ်နေချစ်နေ



www.burmeseclassic.com

www.burmeseclassic.com



အနေသာကြီးပါ”

လျော့သွားသော စိတ်ကို တင်းပစ်လိုက်သည်။ စိုလက်စ ပြုနေသော မျက်ဝန်းမှ မျက်ရည်ကြည်တွေကို ပုတ်ခတ်သိမ်းပစ်သည်။ မျက်ရည်စလေးတွေ ခန်းခြောက်သွားပေမဲ့ ရင်ထဲက နာကျင်မှုကတော့ လျော့မသွားပါ။

ရဲဝံ့က ခြံဝင်းထဲသို့ ကားကို ကွေ့ဝင်သည်။ ဆင်ဝင်အောက်မှာ ရပ်လိုက်သည်။

“ချစ်မြတ်နိုးဝေရေ အိမ်ထဲမဝင်ခင် ပန်းခြံထဲကို လိုက်ခဲ့ပါဦး”

“ဘိုးဘိုး စောင့်နေတယ်ဆို”

“ဟုတ်ပါတယ် အရင် ပန်းခူးပေးမလို့၊ တို့ ဒေါ်ဒေါ်ကြီးကို ဘုရားကပ်ဖို့ စပိုင်ဒါတွေ ခူးပေးလိုက်မယ်လို့ ပြောခဲ့တယ်”

“ဪ... ဒါဆို သွားခူးစို့လေ”

ချစ်မြတ်နိုးဝေနှင့် ရဲဝံ့က အိမ်ရှေ့ရှိ အတန်းလိုက် စိုက်ထားသော စပိုင်ဒါ သစ်ခွရုံများဆီသို့ လှမ်းခဲ့သည်။ သစ်ခွရုံများ အတန်းလိုက်ဆီသို့ သွက်သွက် ရှေ့မှ လှမ်းခဲ့သည်။ လူသွားလမ်းကို အုတ်ခဲလေးများ စီ၍ ခင်းထားသည်။ အုတ်ခဲတစ်လုံးနှင့် ခြေတစ်လှမ်းစာ ခွာ၍ စီထားလေသည်။

ချစ်မြတ်နိုးဝေဆိုသော ပန်းကြိုက်မလေးက ဆိုးဆိုးဆတ်ဆတ်နှင့် အုတ်ခဲများကို နင်းသွားသည်။ ရှေ့သို့များ ရှေ့နှင့် ပို၍ရှဲ့နေသော အုတ်ခဲတစ်လုံးပေါ် ဆတ်ခနဲနင်းအလိုက်...

“အား”





ခြေချော်ပြီး ချစ်မြတ်နိုးဝေ ပက်လက်လန်သွားသည်။

မျက်လုံးထဲတွင် ပြာဝေသွားသည်။ ဦးခေါင်းထဲမှ လှစ်ခနဲ အသိတွေ လွှတ်သွားသည်။ ဒါပေမဲ့ ချစ်မြတ်နိုးဝေ၏ ဦးခေါင်းက မြေပြင်နှင့် ထိတွေ့လိုက်ခြင်း မရှိပါ။

နောက်မှ ကပ်လိုက်လာသော ရဲဝံ့က သူမ၏ ကိုယ်လေး မြေပြင်ပေါ်သို့ မကျမီ ဆီးပွေ့လိုက်သည်။

အေးစက်မာကျောနေသော မြေပြင်၏ အထိအတွေ့အစား နွေးထွေး အိစက်သော အတွေ့နွေးနွေးကို ချစ်မြတ်နိုးဝေ ခံစားလိုက်ရပါသည်။

မျက်နှာဖွေးဖွေးလေးမှာ ပန်းဆီသွေးရောင်တွေ လွှမ်းသွားသည်။ မျက်ဝန်းနက်နက်မှ အကြည့်စူးစူးကို မျက်လုံးလေးပိတ်ပြီး ကာပစ်လိုက်သည်။

တစ်ကိုယ်လုံး ရှိန်းဖိမ်းပြီး အသိတွေ ထုံထိုင်းသွားသည်။ တစ်ခါမှ မခံစားဖူးသော အတွေ့တစ်ခုကို ပြည့်ပြည့်ဝဝကြီး ခံစားလိုက်ရပါသည်။ နွေးထွေးသော ရင်ခွင်မှ ရုန်းထွက်ရန်ပင် တဒင်္ဂမေ့သွားပါသည်။

ရဲဝံ့မှာလည်း အသည်းနှင့်အောင် ချစ်ရသူလေးကို တင်းတင်းကြီး ပွေ့ထားမိသည်။ ရင်ထဲလှိုက်ဖြာကြည်နူးရလွန်း၍ သည်ကြည်နူးမှုလေး ပျောက်သွားမှာကိုပင် စိုးရိမ်နေသည်။

အိစက် ထုံသင်းသော ကိုယ်လေး လွှတ်မပေးမိဘဲ ဆက်လက်ပွေ့ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှက်သွေးတွေ ရဲနေသော မျက်နှာလေးကို ငုံ့၍ မနမ်းမိအောင် မနည်းကြီး ထိန်းနေရပါသည်။

ပထမဦးဆုံး အသိဝင်လာသော ချစ်မြတ်နိုးဝေက သူ၏ ရင်ခွင်မှ ရုန်းထွက်လိုက်သည်။ မှင်တက်မိနေဆဲ ရဲဝံ့က လွှတ်ပေးဖို့ မေ့နေသည်။

"လွှတ်ပါ ကိုရဲဝံ့"

ချစ်မြတ်နိုးဝေထံမှ တုန်ခိုက် မောလျှမ်းနယ်နေသော အသံ လေးကြားမှ ရဲဝံ့ အသိဝင်လာသည်။

"ဆောရီးနော် တို့က ချစ်မြတ်နိုး လိမ့်ကျမှာ စိုးလို့ပါကွာ"

အရှက်ပြေပြောရင်း ချစ်မြတ်နိုးဝေအား မတ်မတ်ရပ်ရပ် ထူပေးလိုက်သည်။

ချစ်မြတ်နိုးဝေသည် ရဲဝံ့၏ ရင်ခွင်တွင်းမှာ ရောက်နေသည်ကို ဦးသာမြတ်က အိမ်ဝမှ လှမ်းကြည့်ရင်းမြင်လိုက်သည်။ ဦးသာမြတ် စိတ်ထဲ ချစ်သူတို့သဘာဝ လွတ်လွတ်လပ်လပ် နေကြသည် ထင်ပြီး ကျေနပ်ပြုံး ပြုံးလိုက်သည်။

"အဟမ်း"

ဦးသာမြတ်က ချောင်းဟန့်သံပေးလိုက်မှ ချစ်မြတ်နိုးဝေနှင့် ရဲဝံ့က မြိုင်တူ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ ပြုံးချိုနေသော ဦးသာမြတ်၏ မျက်နှာကို တွေ့ရတော့...

"အို"

ချစ်မြတ်နိုးဝေ၏ မျက်နှာလေး ပို၍ ရဲသွားသည်။





"ဘိုးဘိုးကတော့ တစ်မျိုးထင်နေပြီ"

"မှန်ပါပဲ"

အရှက်လွန်နေသော နုနုယယ် ချစ်သက်လယ်လေးကို ကြည့်ပြီး အသနားတွေ ပိုလိုက်ရသူက ရဲဝံ့ပါ။

"တို့ရဲ့ သရုပ်ဆောင် ဇာတ်လေးပိုပြီး ပီပြင်သွားတာပေါ့ ဟုတ်လား"

ချစ်မြတ်နိုးဝေ၏ အေးစက်နေသော နုနုထွေးထွေး လက် ကလေးကို တစ်ချက်ညှစ်ပြီး အားပေးလိုက်သည်။

"ဘိုးဘိုးရေ ခဏနော်၊ ပန်းရှုပြီးရင် လာခဲ့မယ်"

"အေး... အေး"

ဦးသာမြတ် အိမ်ထဲသို့ ပြန်လှည့်ဝင်သွားသည်။ ချစ်မြတ်နိုး ဝေက ပန်းရုံလေးဆီသို့ ဖြည်းလေးစွာ သတိနှင့် လှမ်းခဲ့သည်။

"ဖြည်းဖြည်းလျှောက်နော်"

ရဲဝံ့က သတိပေးသည်။ ချစ်မြတ်နိုးဝေကလည်း သတိထား လျှောက်နေသည်။ နောက်တစ်ခါ နမော်နမဲ့ နိုင်ပြီး ချစ်မြတ်နိုးဝေ အလဲမခံနိုင်တော့ပါ။

"မြေကြီးနဲ့ ကိုင်ရက်ခံရတာမှ သက်သာဦးမယ်၊ ခုတော့ သူ့ရဲ့ ရင်ခွင်မှာ မွန်းကျပ်သွားတာပဲ၊ တော်ပါပြီ၊ နောက်တစ်ခါ မချော်လဲရဲပါဘူးနော်၊ ခုတောင် ရင်တွေ ခုန်လို့ မပြေသေးဘူး"

ရှက်မျက်နှာလေး ငုံ့ပြီး တွေးလိုက်ပါသည်။

ရဲဝံ့က ကျိတ်ပြုံးလေးတစ်ခု တိတ်တခိုး ပြုံးပြီး ချစ်မြတ်နိုးဝေ



www.burmeseclassic.com

www.burmeseclassic.com



၏ မျက်နှာမှ အကြည့်ကို ပန်းများဆီသို့ လွှဲလိုက်သည်။

အနီကြား၊ အဝါကြားနှင့် ကြက်သွေးရောင် စပိုင်ဒါ သစ်ခွတွေကို အားမနာတမ်း ရဲဝံ့က ချိုးယူလိုက်သည်။ အချစ်ဆုံးလေးထံသို့ လှမ်းပေးလိုက်သည်။

ချစ်ရလွန်းသူလေး၏ ရင်ခွင်မှကပ်မှီနေသော အနိုင်လိုက် ပန်းများကို ကြည့်ပြီး ရဲဝံ့၏ ရင်တွေ နွေးထွေးစွာ ခုန်သွားရပါသည်။

သူ့ကိုယ်သူ စပိုင်ဒါပန်းလေးသာ ဖြစ်လိုက်ပါတော့လို့တောင် ဆန္ဒပြုမိပါသည်။

"တော်ပြီလေ ကိုရဲဝံ့"

ပန်းခိုင်တွေ အများကြီး ဖြစ်နေပြီမို့ ချစ်မြတ်နိုး က အနူး ရှုပ်နှိုင်းလိုက်သည်။

"ဒီ တစ်ခက်ပြီး တော်ပြီနော်"

နောက်ဆုံး အခက်လှလှကြီး တစ်ခုကို ရဲဝံ့က ခူးပေးလိုက်သည်။

"လာ... ဘိုးဘိုး စောင့်နေတယ်"

ဦးသာမြတ် စောင့်နေသော ဧည့်ခန်းဆီသို့ လှမ်းခဲ့သည်။ ချစ်မြတ်နိုးဝေက လက်ထဲမှ ပန်းများကို စားပွဲပေါ်သို့ တင်လိုက်သည်။ ဦးသာမြတ်က ပြုံးချိုစွာနှင့် သူတို့နှစ်ဦးကို ကြည့်နေသည်။

"သမီး ကိုကိုက သမီးကို သိပ်ချစ်တာ ပြောစရာ မလိုဘူးပော့"

"ရှင်"

တုန်တုန်ခိုက်ခိုက်လေး ချစ်မြတ်နိုးဝေက အံ့ဩသွားလေသည်။





"ဘယ်တုန်းကမှ ပန်းမခူးတဲ့လူက ပန်းတွေဘာတွေ ခူးလို့"

ဦးသာမြတ်က မြေးဖြစ်သူကို ကျီစယ်ပြီး တဟားဟားနှင့် ရယ်လေသည်။

ရဲဝံ့ကလည်း အဘိုးပြောတာတွေ သွေးထွက်အောင် မှန်နေတော့ ရှက်မျက်နှာကြီး ရဲနေသည်။ မြတ်နိုးရသူမိန်းကလေးကြောင့် ဘယ်တုန်းကမှ ပန်းခူးပြီး လက်ဆောင်မပေးဖူးသော ရဲဝံ့ ယခု ပန်းလည်း ခူးတတ်ပါပြီ၊ လက်ဆောင်လည်း ပေးတတ်ပါပြီ။

"သြော်... ဒါနဲ့ သား ချစ်မြတ်နိုးဝေကို ပြောပြီးပြီလား"

"ဘာကိုလဲ ဘိုးဘိုး"

"သား ပြန်ရတော့မယ့် ကိစ္စလေ"

"မပြောရသေးဘူး ဘိုးဘိုး"

"ပြောလိုက်ပါဦးကွယ်"

ချစ်မြတ်နိုးဝေက ရဲဝံ့ပြောလည်းမည့် စကားတွေကို ငံ့လင့်နေပါသည်။

"ချစ်မြတ်နိုးရေ၊ ကိုကို နှစ်ပတ်လောက်နေရင် ပြန်တော့မယ်၊ အဲဒါ ဘိုးဘိုးကလေ ချစ်မြတ်နိုးကို အလည်ခေါ်သွားပါလားလို့ ကိုကို့ကို ပြောနေတယ်"

"ဟုတ်တယ် သမီး သားရဲ့ လုပ်ငန်းအခြေအနေတွေကို သမီး လေ့လာလို့ ရတာပေါ့"

"ဟို... ဟို မြတ်နိုးဝေ နောက်မှ လိုက်ပါ့မယ်"

ဘယ်လိုမှ လိုက်သွားရန် မသင့်လျော်သဖြင့် ချစ်မြတ်နိုးက



www.burmeseclassic.com

www.burmeseclassic.com



ငြင်းဆန်လိုက်ရပါသည်။

"ကိုကိုကတော့ လိုက်စေချင်တယ်"

"နောက်ကြုံဦးမှာပဲ မဟုတ်လား၊ အဲဒီကျမှ မြတ်နိုးဝေလိုက်ပါ့မယ်"

"သမီးကြည့်ရတာ သိပ်ပြီးဟုဒ္ဓြေသိက္ခာ ရှိတယ်၊ ဒါမျိုးမှ ဘိုးဘိုးက သဘောကျတာ"

ကိုယ့်အကြောင်းနှင့် ကိုယ်မို့ ချစ်မြတ်နိုးဝေက ငြင်းဆန်လိုက်ခြင်းကို ဦးသာမြတ်က အထင်တွေ စွတ်ကြီးသွားလေသည်။ ဦးသာမြတ်က စကားကောင်းနေ၍ ချစ်မြတ်နိုးဆေ တော်တော်နှင့် မပြန်ဖြစ်ပါ။

အိမ်ပြန်လမ်းမှာလည်း ပန်းခြံထဲက အဖြစ်ကိုပြန်တွေးမိပြီး ရဲဝံ့အားလည်း ရှိန်နေသဖြင့် အိမ်သာ ပြန်ရောက်ရော စကားတစ်လုံး မပြောဖြစ်တော့ပါ။

* * *





၂၇

တစ်နေ့ နံနက်စောစော ချစ်မြတ်နိုးဝေ အပြင်သို့ သွားရန် ရေချိုး ပြင်ဆင်နေစဉ် ရဲဝံ့ ရောက်လာသည်။ ရဲဝံ့က ဒေါ်ခင်မြနှင့် စကားလက်ဆုံ ကျနေသည်။ ရဲဝံ့က ဒေါ်ခင်မြနှင့် တမင်တွေ့ချင်၍ လာခဲ့ခြင်းပါ။ သူ့တွင် ရှိနေသော အကြံအစည်ကို ဖော်ထုတ်ရန် ဒေါ်ခင်မြနှင့် တွေ့မှဖြစ်မှာကြောင့်ပါ။

ရဲဝံ့နှင့် နာရီဝက်ခန့် နီးပါး ဒေါ်ခင်မြက တီးတိုးစကားပြောသည်။ တဖြည်းဖြည်း ရယ်ပြုံးလျက် ပြောနေရာမှ ဒေါ်ခင်မြ၏ မျက်နှာ ပျက်ပျက်လာကာ နောက်ဆုံး ဒေါ်ခင်မြက ချုံးပွဲချ၍ ငိုလိုက်ပါသည်။

ဧည့်ခန်းထဲမှ ငိုလိုက်ပါသည်။

ဧည့်ခန်းထဲမှ ငိုရှိုက်သံကြောင့် ဒေါ်တင်လှက ရုတ်ခနဲ ဧည့်ခန်းဆီသို့ ရောက်လာသည်။ အကြောင်းစုံကိုဒေါ်တင်လှက တီးတိုးမေး



www.burmeseclassic.com

www.burmeseclassic.com



မြန်းပြီး ညီမနှစ်ယောက် တစ်ဦးကိုတစ်ဦး ပွေ့ဖက် ငိုကြသည်။

သည်အကြောင်းတွေ သည်အဖြစ်တွေကို ရေချိုးအလှပြင်နေသော ချစ်မြတ်နိုးဝေက မသိပါ။ အလှတွေပြင်ပြီး ဆင်းခဲ့သော ဧည့်ခန်းထဲတွင် ခေါင်းချင်းဆိုင်ပြီး မျက်စိမျက်နှာ ပျက်နေသော သုံးဦးကြောင့် မျက်နှာပေါ်မှာ အပြုံးလေး လွင့်သွားရသည်။

မျက်စိမျက်နှာ အရမ်းပျက်နေသော မိခင်ကို ကြည့်ပြီး ချစ်မြတ်နိုးဝေ၏ ရင်ထဲမှာ ထင့်ခနဲ ဖြစ်သွားသည်။ ဒေါ်တင်လှက ထ၍ ထွက်သွားသည်။

"မေမေ ဘာဖြစ်နေတာလဲ"

မိခင်၏ အပါးသို့ ပြေးကပ်ပြီး စိုးရိမ်တကြီးနှင့် ချစ်မြတ်နိုးဝေ မေးလိုက်သည်။ မိခင်၏ မျက်ဝန်းမှ မျက်ရည်စတွေကို မြင်တော့ မို၍ ထိတ်သွားသည်။ စိုးရိမ်တကြီး ဖြစ်နေရှာသော သမီးကိုကြည့်ပြီး ဒေါ်ခင်မြက နှစ်နှစ်ခြိုက်ခြိုက်ကြီးပင် ပြုံးပြလိုက်ပါသည်။

"မေမေ ဘာမှ မဖြစ်ပါဘူး သမီးရဲ့"

"ဟင့်အင်း မေမေညာတာ၊ မေမေတို့ ဘာတွေဖြစ်နေတာလဲ ကိုရဲဝံ့"

မိခင်ကို ပြောရင်း တစ်ဆက်တည်းမှာပဲကို ရဲဝံ့ကို လှမ်းမေးလိုက်သည်။ ရဲဝံ့က ဒေါ်ခင်မြ၏ မျက်နှာကို လှမ်းကြည့်သည်။

"ဪ... သမီးကလဲ ခက်လိုက်တာ ဘာမှမဖြစ်ပါဘူးဆို ကွာ၊ မောင်ရဲဝံ့က သူ ငယ်ငယ်တုန်းက ဆုံးသွားတဲ့ အဖေအကြောင်း ပြောပြလို့ စိတ်မကောင်း ဖြစ်နေကြတာပါ"





"မေမေ ပြောတာတွေက အမှန်တွေပါနော်"

"သမီးရယ် သမီးကို မေမေ ညာပါ့မလား"

"သွားတော့မလား ချစ်မြတ်နိုး"

ရဲဝံ့က ချစ်မြတ်နိုးဝေ၏ မျက်နှာလေးကို စူးစိုက်ကြည့်ရင်း မေးလိုက်သည်။

"သွားမယ်လေ ကိုရဲဝံ့၊ မေမေ သမီး သွားမယ်နော်"

မိခင်၏ ပါးကို ရှိုက်ခနဲ နမ်းပြီး ချစ်မြတ်နိုးဝေက နှုတ်ဆက်ပြီး ရဲဝံ့နှင့်အတူ ထွက်လာသည်။

ချစ်မြတ်နိုးဝေ၏ ရင်ထဲမှာ မရှင်းမလင်း ဖြစ်နေသည်။ မိခင်က သူမကို တမင် လိမ်ညာပြောနေခြင်းသာဟု ထင်နေမိသည်။

"မေမေနဲ့ ကိုရဲဝံ့တို့ ဘာတွေ ပြောနေကြတာလဲဟင်"

"စောစောကပဲအန်တီက ပြောပြီးပြီ မဟုတ်လား"

ရဲဝံ့၏ မျက်နှာကို ချစ်မြတ်နိုးဝေက စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

"မေမေက မြတ်နိုးဝေကို ညာလိုက်တာလို့ ထင်လို့ပေါ့"

"ဒါဆိုလဲ အိမ်ပြန်မှ အန်တီ့ကို ပြန်မေးပေါ့"

"ဘာလဲ ကိုရဲဝံ့က လျှို့တာလား"

ချစ်မြတ်နိုးဝေ၏ မျက်နှာလေး ရှုပ်သွားသည်။

"မဟုတ်ရပါဘူးကွာ၊ ဒါနဲ့ အခု မေမေ့ဆီမှာ ချစ်မြတ်နိုးကို ထားခဲ့မယ်"

"အို... သူနဲ့ မနေခဲ့ချင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မကျေမနပ်နှင့် ဆောင့်ဆောင့်အောင့်အောင့်လေး အော်ပစ်လိုက်သည်။

"တစ်နာရီလောက်ပဲကြာမှာပါ၊ တို့ကိစ္စပြီးရင် ပြန်လာခေါ်မှာပါ"

"ဒေါ်စိုးမေရဲ့ စစ်လား၊ ဆေးလား မေးခွန်းတွေကို မဖြေချင်ဘဲ ဖြေရဦးမယ်ပေါ့ ဟုတ်လား"

"ချစ်မြတ်နိုး ဖြေချင်တာတွေ အားလုံး ဖြေနိုင်ပေမဲ့ တို့ကိစ္စကိုတော့ မဖော်ရဘူးနော်"

"အဲလို ဖော်မိမှာ စိုးလို့ မတွေ့ချင်တာ"

"မေမေ သိပ်ကို သံသယဖြစ်နေတာ၊ ဒါကြောင့် ချစ်မြတ်နိုးနဲ့ ပေးမတွေ့ရင် ပိုပြီး သံသယဖြစ်မှာ စိုးလို့ ပေးတွေ့လိုက်တာပါ"

"ကျွတ်... စိန်ပိန်လိုက်တာ"

မျက်နှာလေး ရှုံ့တွပြီး ချစ်မြတ်နိုးဝေက ညည်းလိုက်သည်။ ဘယ်လိုနေနေ ချစ်စရာ ကောင်းလွန်းသော မိန်းကလေးကို တစ်ချက်ငဲ့ကြည့်ရင်း ရဲဝံ့ ကြည်နူးရပါသည်။

ရုတ်တရက် သူ၏ အတွေးက ပန်းခြံထဲက အဖြစ်ကို သတိရတော့ ရဲဝံ့၏ ရင်မှ ပရမ်းပတာ ခုန်ပျံသွားရပါသည်။ ချစ်စရာကောင်းလွန်းသူလေးကို အတင်းပွေ့ဖက်လိုက်ချင်စိတ်တွေကို မနည်းထားထားရပါသည်။

သည်မိန်းကလေးနှင့် အနေနီးလေလေ၊ ချစ်စိတ်တွေက ထားဆီးမရအောင် ယိုဖိတ်လေလေပါ။





"အင်း... အခုမှ တကယ့်ကို အခက်တွေ့ပြီး သူ့ကို ဘယ်လိုမှ ချစ်ကြောင်း ကြိုက်ကြောင်း ပြောလို့မရတဲ့ အခြေအနေ၊ ရင်ထဲက မမျိုသိပ်နိုင်လို့ ဖွင့်ပြောပြန်ရင် စည်းဖောက်တယ်။ အခွင့်အရေးယူတယ် ဖြစ်ဦးမယ်"

စိတ်မသက်သာစွာနှင့် သက်ပြင်းနက်နက်ကိုသာ ရှိုက်လိုက်ပါသည်။

ချစ်မြတ်နိုးဝေအား ဒေါ်စိုးမေ၏ အိမ်တွင် ထားရစ်ခဲ့ပြီး ရဲဝံ့က ပြန်ထွက်သွားသည်။ စိတ်အိုက်စွာနှင့် ချစ်မြတ်နိုးဝေ ကျန်ရစ်ခဲ့သည်။

လွင့်လွင့်က ချစ်မြတ်နိုးဝေကို အိမ်ဝမှ လှမ်းကြိုသည်။ ရဲဝံ့က မိတ်ဆက် ပေးခဲ့၍ လွင့်လွင့်ကို ချစ်မြတ်နိုးဝေ သိခဲ့ရပါသည်။ လွင့်လွင့်အား ကြည့်ပြီး ချစ်မြတ်နိုးဝေက စိတ်ထဲမှ ဝေဖန်မိသည်။ ဒေါ်စိုးမေနှင့် လွင့်လွင့်သည် နေပုံ၊ ထိုင်ပုံ ဝတ်စားပုံက တူညီလှသည်။

"မေမေ စိုးပြောကတည်းက ချစ်မြတ်နိုးဝေကို တွေ့ချင်နေတာ ခုမှပဲ တွေ့ရတော့တယ်"

ချစ်မြတ်နိုးဝေက အပြုံးယဲ့ယဲ့ဖြင့်သာ အသိအမှတ် ပြုလိုက်သည်။

"အန်တီရော ဟင်"

"ထိုင်ဦးနော် အပေါ်ထပ်မှာ လွင့် သွားခေါ်လိုက်ဦးမယ်"

ချစ်မြတ်နိုးဝေက စိတ်အိုက်စွာနှင့် ဧည့်ခန်းမှာ ထိုင်နေသည်။ ဒေါ်စိုးမေကို တွေ့ရမှာ ရင်လေးနေသည်။ အတွေးတွေဖြင့် စိတ်ရှုပ်



www.burmeseclassic.com

www.burmeseclassic.com



နေတုန်း လွင့်လွင့်က သူမအပါးသို့ ပြန်ရောက်လာသည်။

"မေမေစိုးက ခေါင်းမူးလို့လဲ၊ ခဏနေမှ ဆင်းလာလိမ့်မယ်၊ လွင့်နဲ့ ချစ်မြတ်နိုးဝေ အေးအေးဆေးဆေး စကားပြောကြရအောင်နော်"

လွင့်လွင့်ကို မြင်မြင်ချင်း မနှစ်မြို့သည့်စိတ်က ရှိနေသော်ငြား အလိုက်အထိုက် ချစ်မြတ်နိုးဝေက ပြောဆိုနေရပါသည်။ လွင့်လွင့်က ရွှန်းရွှန်းဝေအောင် သူ၏ အကြောင်းတွေကို ပြောပြနေသည်။

စိတ်မပါသော်လည်း ချစ်မြတ်နိုးဝေက ရယ်လိုက်၊ ပြုံးလိုက် ခေါင်းညိတ်လိုက်နှင့် လုပ်နေရပါသည်။ ဟန်ဆောင်နေနေရသဖြင့် ချစ်မြတ်နိုးဝေ ပင်ပန်းနေပါပြီ။

"ကိုရဲကတော့ ချစ်မြတ်နိုးဝေကို သိပ်ချစ်နေပုံ ရတယ်နော်"

ချစ်မြတ်နိုးဝေက အပြုံးတစ်ခုဖြင့်သာ သူ၏ စကားကို အသိအမှတ် ပြုပါသည်။

"သူက ဒီလိုပါပဲ၊ ရောက်ငါးစင်ရိုင်းလေ"

လွင့်လွင့်က လှောင်ရယ်လေးနှင့်အတူ ချစ်မြတ်နိုးဝေကိုကြည့်ပြီး ပြောသည်။

"ဟင့်အင်း"

"ဖြစ်ရမယ်လေ၊ တစ်ချိန်တုန်းက လွင့်ဟာ ကိုရဲရဲ့ ဘဝ တစ်စိတ်တစ်ပိုင်းမှာ ပါဝင်ခဲ့တယ်ဆိုရင် ချစ်မြတ်နိုးဝေ ယုံမလား"

"ရှင်"

ချစ်မြတ်နိုးဝေက လွင့်လွင့်အား မျက်လုံးဝိုင်းလေးနှင့် နားမလည်စွာ ကြည့်နေပါသည်။ သူမ၏ စိတ်ထဲမှာ ပြေးလွှားတွေးနေသည်။





ဝထမအခေါက် ဒေါ်စိုးမေနှင့် လာတွေ့စဉ်က လွင့်လွင့်အကြောင်း ပြောသော ဒေါ်စိုးမေ၏ အပြောတွေကို သတိရမိသည်။

ချစ်မြတ်နိုးဝေ၏ စိတ်ထဲတွင် သံသယတွေးများ အလုအယက် ဝင်လာသည်။

"တစ်ခါတုန်းက လွင့်ကိုလဲ ကိုရဲက သည်းသည်းလှုပ် ဖြစ်ခဲ့ဖူးတယ်လေ"

ချစ်မြတ်နိုးဝေ၏ ရင်ထဲတင်းခနဲဖြစ်သွားသည်။ ဂုဏ်ယူဝင့်ကြွားစွာပြောနေသော လွင့်လွင့်ကို ကြည့်မရအောင် ဖြစ်သွားသည်။

"ကိုကိုရဲ့ အရင်ကဖြစ်ခဲ့တဲ့ ကိစ္စတွေ မြတ်နိုးဝေ မသိချင်ပါဘူး၊ မြတ်နိုးဝေနဲ့လဲမဆိုင်ဘူး မလွင့်လွင့်"

မထင်မမှတ်ဘဲ လေသံက ဆတ်သွားသည်။ လွင့်လွင့်က လုပ်ရယ် ရယ်လိုက်ပြန်သည်။

"ချစ်မြတ်နိုးဝေကို သိစေချင်လို့ စေတနာနဲ့ တို့ ပြောတာပါ၊ ကိုရဲဟာ စိတ်မတည်ငြိမ်ဘူး၊ မျက်နှာများတယ်၊ ခုကြိုက်ခုပစ်နဲ့ မိန်းကလေးတွေကို သူ့ရဲ့ ကစားစရာအရုပ်လို သဘောထားတာ သိလား"

ချစ်မြတ်နိုးဝေ၏ ရင်ထဲရှုးနစ်စွာ အောင့်သွားရပါသည်။ ရဲသည် မိမိနှင့် ဘယ်လိုမှ မပတ်သက်သေးသော်လည်း တိတ်တခိုးချစ်မိသည့် စိတ်ကြောင့် ရင်ထဲမှာ ကျင်အောင် နာသွားရပါသည်။

"ဒီလိုပါပဲ တစ်ယောက်ပြီးတစ်ယောက် ပြောင်းပြီးနောက်ဆုံးတော့ တို့ဆီ ပြန်ရောက်လာတတ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းတင်းတင်းပဲ လွင့်လွင့်က မရှက်မကြောက် ပြောနေသည်။ချစ်မြတ်နိုးဝေက ကြည့်မရအောင်ကိုပင် အမြင်ကတ်သွားသည်။

"ခုတစ်ခါက သေချာပါပြီ မလွင့်ရယ်၊ ကိုကိုနဲ့ မြတ်နိုးဝေက လက်ထပ်ဖို့အတွက် စေ့စပ်တောင် ပြီးနေပြီပဲ"

"သြော်… ချစ်မြတ်နိုးဝေက သူ့စိတ်ကို မသိသေးလို့ ပြောဦးပေါ့၊ ခုတို့ကိုသူက စိတ်အကြီးအကျယ် ကောက်ပြီး လျှောက်လုပ်နေတာ၊ တစ်နေ့ တို့ဆီ ပြန်လာမှာ ကြည့်နေ"

"ဒီမှာ မလွင့်၊ ဘာသဘောနဲ့ ဒီစကားတွေကို ပြောနေတာလဲ"

လွင့်လွင့်ကို မျက်နှာထန်ထန်နှင့်ကြည့်ပြီး အသံဆတ်ဆတ်ဖြင့် ချစ်မြတ်နိုးဝေက မေးသည်။

"တို့က ချစ်မြတ်နိုးဝေကို မိန်းမချင်း ကိုယ်ချင်းစာလို့ ပြောနေတာပါ၊ ခုချိန်က မနှောင်းသေးဘူးလေ၊ ကိုရဲစိတ်ဓာတ်ကို သိရင် နောက်ဆုတ်တန် ဆုတ်နိုင်အောင်ပေါ့"

"မလွင့် မြတ်နိုးဝေကို အကဲမခတ်တတ်ဘူး ထင်ပါတယ်၊ မြတ်နိုးဝေက ကိုကို့ကို သိပ်ချစ်တာ၊ ပြီးတော့ ကိုကိုကလဲ မြတ်နိုးဝေကို သိပ်ချစ်ပါတယ်၊ ဒါကြောင့် မလွင့်ရဲ့ စကားတွေကို ယုံလဲ မယုံဘူး၊ နောက်ပြီး နောက်ဆုတ်ဖို့လဲ မစဉ်းစားဘူး"

စိတ်ထဲက ချဉ်တင်တင် ရှိသည်နှင့်ချစ်မြတ်နိုးဝေက ပိုပိုမိုမို ကွန့်ပြီး ပြောပစ်သည်။ ဒါပေမဲ့ ရင်ထဲမှာတော့ နာနေပါသည်။ တကယ်ပဲလွင့်လွင့်နှင့် ကိုရဲက ချစ်ကြိုက်ခဲ့လေသလားဟု ထင်မိသည်။

"သြော်… မြတ်နိုးဝေက သူ့အပြောတွေကို ယုံနေတာကိုး





ဒီလိုပါပဲ၊ ကိုရဲက ကျလောက်အောင် ပြောတတ်တယ်။ နောက်ပြီးလေ တို့ရှေ့မှာပင် ဒီအိမ်မှာ နေသွားတဲ့ ရှယ်လီနဲ့လဲဖြစ်ခဲ့တာမှ အကြီးအကျယ်ပဲ၊ ခုတော့ သူ့စိတ်ကြောင့် ရှယ်လီလဲ အိမ်ကနေ ဘယ်လို ထွက်ပြေးသွားမှန်း မသိဘူး၊ ရှယ်လီကသာ အတည်လေ၊ သူက အပျော်သဘောထားခဲ့တော့ ရှယ်လီ ဘဝပျက်သွားတာ သူက မမှုဘူး သိလား"

လွင့်လွင့်၏ ထိုးနှက်လိုက်သော စကားလုံးတိုင်းက ချစ်မြတ်နိုး၏ အသည်းညှာကို တင်းပုတ်နဲ့ ထုနေသလိုပါ။ ရှူးနင့်စွာနာကျင်နေပါသည်။ လွင့်လွင့်က သူမကို အောင်နိုင်နေပါပြီ။ ဟန်ဆောင်နေရပေမဲ့ ဟစ်၍ ငိုချင်လောက်အောင်ချစ်မြတ်နိုးဝေ ခံစားနေရပါသည်။

"တော်ပါတော့ မလွင့်ရယ်၊ ကိုကို့အကြောင်းတွေ မကြားချင်ဘူး၊ ဒီစကားမျိုးတွေကို ဆက်ပြောမယ်ဆို မြတ်နိုးဝေ ပြန်ပါရစေ"

လွင့်လွင့်က ပြုံးလိုက်ပါသည်။ ဘယ်လောက်ပင် ဟန်ဆောင်နေပါစေ ချစ်မြတ်နိုးဝေသည် သူမ၏ စကားများကြောင့် စိတ်ထိခိုက်သွားသည်မှာ ပေါ်လွင်နေသည်။ လွင့်လွင့် ကျေနပ်နေပါသည်။

"နောက်ပြီး မလွင့်ကို ပြောပါရစေ၊ ကိုကို ဘာတွေလုပ်ခဲ့လုပ်ခဲ့ မြတ်နိုးဝေက ခွင့်လွှတ်ပြီး ချစ်နေမယ်ဆိုတာ သိထားပါ"

မျက်နှာလေး မော့ပြီး လွင့်လွင့်အား အနိုင်နှင့်ပိုင်း၍ ပြောချလိုက်သည်။

"ဟော… သမီးတို့ နှစ်ယောက်က စကားကောင်းနေတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုးကွယ့် အန်တီ ခေါင်းမူးလို့ ချက်ချင်း ဆင်းမလာနိုင်တာ၊ စိတ်မဆိုးနဲ့နော် ချစ်မြတ်နိုးဝေ"

အသံနှင့်အတူရောက်လာသော ဒေါ်စိုးမေကို မပြုံးမရယ်မျက်နှာနှင့် ချစ်မြတ်နိုးဝေ ကြည့်လိုက်သည်။ တမင်သက်သက် သူမနှင့် လွှင့်လွှင့်ကို ဒေါ်စိုးမေက လွှတ်ပေးထားတာဟု ချစ်မြတ်နိုးဝေ ထင်လိုက်ပါသည်။

"လွှင့်ကလေး၊ ကိုရဲ့အကြောင်းတွေကို ပြောပြနေတာ မေမေစိုးရဲ့"

လွှင့်လွှင့်က သွက်သွက်ကြီး ပြောလိုက်သည်။ ဒေါ်စိုးမေ၏ မျက်နှာက ကျေနပ်ပြုံးကြီးနှင့်ပါ။

"ဟုတ်တယ် သားအကြောင်း သမီးလွှင့်က အသိဆုံးလေ၊ တူတူလဲနေခဲ့ကြတာ မဟုတ်လား၊ သမီးလွှင့်ကိုတော့ အန်တီကိုယ်တိုင် လက်ဖျားခါရတယ်၊ သားအပေါ် သိပ် သည်းခံတာပဲ၊ သား ဘာလုပ်လုပ် သူခွင့်လွှတ်တာပဲ၊ သမီးလွှင့်က သဘောထားကြီးတယ်ကွယ့် ဒါကို သားက အခွင့်အရေးယူတာလေ အဟင်း... ဟင်း"

မင်းသမီး ရှုံးလောက်တဲ့ အိုက်တင်ဖြင့် ဒေါ်စိုးမေက ပြောနေသည်။ ချစ်မြတ်နိုးက ဘာမှပြန်၍ မချေပတော့ပါ။ စိတ်ထဲတွင်လည်း ရဲဝံ့အပေါ် သံသယစိတ်များ ပို၍ ကြီးထွားလာသည်။

"သူငါ့ကို ပြောဖူးတယ်၊ သူ့မှာ တကယ် ချစ်နေတဲ့ မိန်းကလေး တစ်ယောက် ရှိတယ်ဆိုတာ လွှင့်လွှင့် များလား"

စိတ်မသက်မသာနှင့် ချစ်မြတ်နိုးဝေ တွေးလိုက်ပါသည်။





ဒေါ်စိုးမေနှင့် လွှင့်လွှင့်က ညှိုးငယ်သွားသော ချစ်မြတ်နိုးဝေ၏ မျက်နှာကိုကြည့်ပြီး ကျေနပ်ပြုံးတွေ ကိုယ်စီဖြင့်။ သူတို့ ထိုးနှက်လိုက်သော အချက်က ချစ်မြတ်နိုးဝေ၏ အရှိက်ကို တည့်တည့်မှန်ပြီဆိုတာ သိလိုက်ကြသည်။

ဒေါ်စိုးမေက စကားလမ်းကြောင်း ပြောင်းပစ်သည်။ ရောက်တက်ရာရာ စကားတွေ ပြောနေကြပေမဲ့ ချစ်မြတ်နိုးဝေ၏ စိတ်ထဲမှာတော့ ကြည်လင်ခြင်း အလျဉ်းမရှိပါ။

ရဲဝံ့က ပြောထားသည့်အတိုင်း တစ်နာရီ ကျော်ကျော်ခန့်ကြာပြီးမှ လာခေါ်သည်။ ဒေါ်စိုးမေတို့ အိမ်မှ ပြန်လာခဲ့သည့်လမ်းတွင် ချစ်မြတ်နိုးဝေက ရဲဝံ့အား လုံးဝစကား မပြောမိပါ။

"ချစ်မြတ်နိုး ငြိမ်လှချည်လားကွာ၊ မေမေတို့က ဘာတွေပြောလိုက်လို့လဲ"

မိခင်အကြောင်း၊ နောကျေအောင်သိသော ရဲဝံ့က မေးသည်။ မျက်နှာတည်လေးနှင့် ချစ်မြတ်နိုးဝေ သူ့ကို ကြည့်သည်။

"သူတို့ ဘာပြောပြော ချစ်မြတ်နိုးဝေ စိတ်အနှောင့်အယှက် မဖြစ်ပါဘူး၊ ကိုရဲဝံ့နဲ့ မြတ်နိုးက အလုပ်သဘောနဲ့ ဆက်ဆံနေတာပဲဟာ"

ချစ်မြတ်နိုးဝေ၏ စကားကြောင့် ရဲဝံ့၏ ရင်ထဲနင့်သွားသည်။ သူ့စိမ်းပြင်ပြင် ရှိလှသော ချစ်မြတ်နိုးဝေ၏ ဆက်ဆံမှုများကြောင့် ရဲဝံ့၏ ရင်မှာ ညှိုးနွမ်းခဲ့သည်မှာ အခါခါပါ။

"ခုကိစ္စကြီးကို မြန်မြန် ပြီးစေချင်လှပြီ သိလား၊ ကြာလေ



www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်ခြောက်လေပဲ”

မိမိ၏ဘဝထဲသို့ မဖိတ်ခေါ်ဘဲဖွတ်တိုးဝင်လာပြီး ဝေဒနာတွေပေးနေသော ရဲဝံ့ကို မကျေမနပ်ကြီး ပြောလိုက်သည်။ နောက်ကြောင်းတွေမရှင်း၊ ရှုပ်ပွပွေလီနေသော ရဲဝံ့အရေပါ တိမ်းညွှတ်မိခဲ့သော မိမိစိတ်ကိုပင် အပြစ်တင်မိပါသည်။

ချစ်မြတ်နိုးဝေက မျက်နှာ မသာမယာ ရှိလှသည်မို့ ရဲဝံ့က အိမ်ဝမှာပင် ကားရပ်ပေးခဲ့ပြီး ထားရစ်ခဲ့သည်။

* * *





## ၂၈

ချစ်မြတ်နိုးဝေက ရဲဝံ့ကို နှုတ်ပင်မဆက်ဘဲ အိမ်ထဲဝင်ခဲ့သည်။ ဧည့်ခန်းထဲသို့ လှမ်းအဝင် မျက်နှာ မသာမယာနှင့်ရှိနေသော ဒေါ်တင်လှကို တွေ့ရသည်။ ဒေါ်တင်လှက တစ်ချက်သာ စောင့်ကြည့်ပြီး သူချုပ်လက်စ အင်္ကျီကို ငုံ့ပြီး ချုပ်နေသည်။

ချစ်မြတ်နိုးဝေလည်း တန်းပြီး အပေါ်ထပ်သို့ တက်ခဲ့သည်။ အိမ်သားတွေ ဘာတွေ ဖြစ်နေကြပြီလဲ ဆိုတာ လွန်စွာ သိချင်နေပါသည်။

မိခင်၏ အခန်းဆီသို့ သွက်သွက်လှမ်းခဲ့သည်။ ဒေါ်ခင်မြကို မှိုင်တွေစွာ ထိုင်ငေးနေသည်ကိုတွေ့ရသည်။

“မေမေ”

မျက်နှာကြက်ကို မော့ပြီး ငေးငိုင် ကြည့်နေသော ဒေါ်ခင်မြ၏ အကြည့်က ချစ်မြတ်နိုးဝေထံသို့ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော်... သမီး ပြန်လာပြီလား"

"ခုပဲရောက်တာ မေမေ"

မိခင်၏ ခုတင်ပေါ်မှာ တင်ပါးလွှဲ ထိုင်လိုက်သည်။ ဒေါ်ခင်မြ၏ ရင်ဘတ်ပေါ်မှာ ချစ်မြတ်နိုးဝေက မျက်နှာလေးကို မှောက်လိုက်သည်။

"မေမေတို့ ဘာဖြစ်နေကြတာလဲဟင်"

ဒေါ်ခင်မြအား ဖက်ထားပြီး ချစ်မြတ်နိုးဝေက အသံတိုးတိုးဖြင့် မေးသည်။ ဒေါ်ခင်မြ ဘာမှ မဖြေသေးပါ။ ချစ်မြတ်နိုးဝေ၏ ဆံနွယ်လေးတွေကို ဖွတ်သပ်နေသည်။

"ကိုရဲဝံ့နဲ့ မေမေတို့ ဘာဖြစ်ကြတာလဲ၊ အားလုံး မျက်နှာ မကောင်းကြဘူး၊ ခုလဲ ဒေါ်ဒေါ်ကြီးကို အောက်ထပ်မှာ တွေ့တယ် မျက်စိမျက်နှာတွေ ပျက်လို့"

သူမ၏မျက်နှာ မှောက်ထားသော ဒေါ်ခင်မြရင်မှာ ရှိုင်းလေ တွေ ထန်ပြီး ဖိုလှိုက်နေသည့် အသိကို ချစ်မြတ်နိုးဝေ ခံစားလိုက်ရသည်။ ဆတ်ခနဲ ခေါင်းကို မော့ပြီး မိခင်၏ မျက်နှာကို ကြည့်လိုက်သည်။

"ဟင်... မေမေ ငိုနေတယ်"

မျက်ရည်စတွေ လိမ်းကျံနေသော မိခင်၏ မျက်နှာကို တွေ့ရတော့ အံ့ဩ ထိတ်လန့်သွားသည်။

"မေမေ ဘာဖြစ်လဲသမီးကို ပြောပါဦး"

မိခင်၏ ဝခုံးကို ညင်သာစွာ ဆုပ်ကိုင်ပြီး အလောတကြီး စိုးရိမ်စွာနှင့် မေးသည်။





"မေမေ့ရင်ထဲမှာ နှောင်တတွေနဲ့အတူ သိပ်ခံစားနေရတဲ့ အကြောင်းတွေကို ပြောပြပါမယ် သမီးလေးရယ်"

မျက်လုံးဝိုင်းဝိုင်းလေးဖြင့် ချစ်မြတ်နိုးဝေက မိခင်ကို မျက်တောင် မခတ်ဘဲ စူးစိုက်ကြည့်နေသည်။

"သမီးရဲ့ မတွေ့လိုက်ရတဲ့ ဖေဖေကို သိပ်မုန်းနေသလား သမီးလေး"

သမီးငယ်၏ မျက်နှာကို ကြေကွဲစွာနှင့် ဒေါ်ခင်မြက ကြည့်နေပါသည်။

"ခု သမီးလေးရဲ့ ဖေဖေ ရှိနေသေးတယ်ဆိုရင်ကော ကွယ်"

"ရှိနေရင် သာပြီး မုန်းပါတယ် မေမေ၊ ဘာလို့ သူက အသက်ရှင်ရက်ရှိနေသေးရက်နဲ့ သမီးတို့ကို ဝစ်ထားရတာလဲ"

"သမီးလေးရယ် မေမေပြောမယ့် စကားတွေကို စိတ်အေးအေး နဲ့ နားထောင်ပါကွယ်"

"ဖေဖေ့အကြောင်းဆို မပြောနဲ့ သမီး နားမထောင်ချင်ဘူး"

ပစ်ထားရက်သော ဖခင် လူစိမ်းကားကြီးကို စိတ်နာနေသော ချစ်မြတ်နိုးဝေသည် ဖခင်၏ အကြောင်းကို ဘာမျှ မကြားချင်တော့ပါ။

"သမီးလေးရယ် ,တစ်ဖက်သတ် အမြင်တွေကို လျှော့လိုက်ပါကွယ်၊ ဒီတစ်ဖက်သတ်အမြင်တွေကြောင့် မေမေတို့ မှားခဲ့ကြပြီ ကွယ်"

"မေမေတို့ မှားခဲ့ကြတယ် မဟုတ်လား"

"အေးပါကွယ် ဒါကြောင့် သမီးလေးကို အဖြစ်မှန်တွေ ပြော



www.burmeseclassic.com

www.burmeseclassic.com



ပြပါရစေလို့ မေမေက တောင်းဆိုနေတာပေါ့"

ညှိုးငယ်ပြီး အသနားခံနေသော မျက်ဝန်းများကို ကြည့်ပြီး ချစ်မြတ်နိုးဝေက ရင်ထဲမှ ခံပြင်းမှုကို တစ်ထစ်လျှော့လိုက်သည်။

"ကဲပါ မေမေရယ် သမီး နားထောင်နေပါတယ်"

"အင်း... အစကပြန်ပြောရရင် မေမေနဲ့သမီး ဖေဖေ လက်ထပ်တဲ့ အချိန်ကစပြီး ပြောရမှာပဲ"

"မေမေပြောချင်တဲ့ နေရာကစပြော၊ သမီး နားထောင်မယ်"

အားပေးအပြုံးလေးနှင့် မိခင်အား နှစ်သိမ့်လိုက်သည်။

"သမီးဖေဖေ ကိုသင်းကြိုင်နဲ့ မေမေတို့ ရည်းစားတာကို မေမေ ဖေဖေရော ဒေါ်ဒေါ်ကြီးပါ သိသွားကြတယ်လေ၊ အဲဒီမှာတင် ပြဿနာ စတော့တာပဲကွယ်၊ ကိုသင်းကြိုင်က အလုပ်[illegible]မဲ့ဘဝမို့ သူတို့က မေမေ့ကို သဘောမတူကြဘူးလေ၊ သူတို့က ခွဲကြတယ်၊ ကိုသင်းကြိုင်က မခွဲနိုင်ဘူးဆိုပြီး မေမေ့ကို ခိုးပြေးလို့ သူ့နောက်လိုက်ခဲ့ရတယ်ကွယ်... "

"အချစ်တစ်ခုတည်းကိုသာ ကိုးကွယ်ခဲ့တဲ့ မေမေဟာ ကိုသင်းကြိုင်နောက် ကောက်ကောက်ပါခဲ့တယ်၊ နောက်ပိုင်းမှာ ဘာတွေဖြစ်နေခဲ့မယ်ဆိုတာ လုံးလုံးမတွေးခဲ့ဘူးလေ"

"ဒီလိုနဲ့ သူ့နောက်လိုက်ခဲ့ပြီး တစ်ပတ်လောက်မှာ အိမ်က သတင်းတွေ မေမေ့ဆီ ရောက်လာတယ်၊ အဖေရော၊ အစ်မရော မေမေ့ကို ငသေခန်းဖြတ်ဆိုပြီး စိတ်ဆိုးနေကြတယ်တဲ့"

ဒေါ်ခင်မြက စကားကို ခဏနားပြီး အသက်ကို မှန်မှန်ရှူ





သည်။

"အဲဒီ သတင်းကြားတော့ မေမေဖြင့် ရူးလိမ့်အောင် ငိုလိုက်ရတာ၊ တကယ်တော့ အဖေနဲ့အစ်မကို အမေခွဲမှ မခွဲနိုင်ဘဲကွယ်၊ ကိုသင်းကြိုင်ဟာလဲ မေမေ့ကို စိတ်ချမ်းသာအောင် ထားပါတယ်ကွယ်၊ အရာရာအလုပ်လုပ်ပြီး ရှာကျွေးခဲ့ပါတယ်၊ မေမေ စိတ်ချမ်းသာအောင် အမျိုးမျိုးပြုစု ယုယရှာပါတယ်"

"ဒါနဲ့များ မေမေတို့က ကွဲရသေးလား"

"လောမကြီးနဲ့လေ မေမေပြောတာ ဆုံးအောင် နားထောင်ပါဦးကွယ်၊ ဒီလိုနဲ့ ခြောက်လ၊ ခုနစ်လလောက်နေတော့ မေမေတို့ဆီကို အဖေ့ဆီက လူတစ်ယောက်လွှတ်လိုက်လို့ ရောက်လာတယ်ကွယ့် သမီးရဲ့ အဘိုးတော်တော် နေမကောင်းဘူး၊ လိုက်ခဲ့ပါဆိုလို့ လိုက်သွားရတယ်"

"သူတို့က စိတ်ပြေလို့ ပြန်ခေါ်တာပေါ့နော်"

"အင်းပေါ့ သမီးအဘိုးက မေမေ့ကို သိပ်ချစ်တာ မဟုတ်လား၊ နေမကောင်းတော့ တွေ့ချင်ရှာပြီး ခေါ်ခိုင်းတာ၊ မေမေလဲ ကိုသင်းကြိုင်ဆီက ခွင့်တောင်းပြီး လိုက်သွားတယ်၊ တော်တော်လေး မမာနေတဲ့ အဖေကို တွေ့ရတော့ ရင်ကွဲပက်လက် ခံစားရတယ်"

"သမီးရဲ့ ဒေါ်ဒေါ်ကြီးကလဲ မေမေ့ကို တွေ့တော့ကရုဏာဒေါသနဲ့ အမိုက်မလို့ ပြောလဲပြော၊ ငိုလဲငိုရှာတယ်၊ မေမေ့ချော မေမေ့ကို တွေ့ရတော့ မေမေ့ရဲ့ ဆင်းရဲနွမ်းပါးတဲ့ ဘဝကို သိရတော့ ပိုပြီးရင်ထုမနာ ဖြစ်ခဲ့ရှာတယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုနဲ့ သမီးမိုးရဲ့ ဒုက္ခကို မကြည့်ရက်လို့ မေမေ့ကို အိမ်ပြန်ခေါ်ထားတယ်၊ သမက်ကိုပါ မခေါ်ချင်ပေမဲ့ သမက်ပါမှ သမီးပါ အိမ်ပေါ်ရောက်မှာမို့ ခေါ်ထားကြတယ်"

"အချမ်းသာကြီး မဟုတ်တောင်မှ မေမေတို့ ပြည့်ပြည့်စုံစုံလေး နေခဲ့ရတယ်၊ သမီးအဖေကိုပါ တင်ကျွေးထားကြတယ်လေ၊ သူလဲ အလုပ်ရှာပါသေးတယ်ကွယ်..."

"တစ်နေ့တော့ ဝမ်းသာအားရနဲ့ သူ အိမ်ပြန်လာတယ်၊ သမီးလေး မွေးကင်းစကပေါ့ကွယ်၊ သူ မန္တလေးမှာ အလုပ်တစ်ခု ရမယ်တဲ့ မန္တလေးကို သွားရမယ်၊ မေမေ့ကို လိုက်ခဲ့ရမယ်တဲ့လေ"

"သမီးကိုကော သူ ချစ်ရဲ့လား မေမေ"

ကြားဖြတ်ပြီး ချစ်မြတ်နိုးဝေက မေးလိုက်သည်။

"သိပ် ချစ်တာပေါ့ကွယ်၊ ချစ်မြတ်နိုးဝေဆိုတဲ့ နာမည်ကိုသူပေးခဲ့တာပေါ့ကွယ်"

ချစ်မြတ်နိုးဝေ၏ မျက်နှာပေါ်ဝယ် ကြည်နူးမှု ရောင်ခြည်လေး တစ်ခု ဖြတ်ပြေးသွားသည်။

"မေမေက အရင် သူတစ်ယောက်တည်း သွားကြည့်ပါဦး အဆင်ပြေမှ ပြန်လာခေါ်ဆိုတော့ သူတစ်ယောက်တည်း သွားခဲ့တယ် နှစ်လလောက်နေတော့ ပြန်လာတယ်၊ နေဖို့ ထိုင်ဖို့ရော အဆင်ပြေတယ်၊ မေမေတို့ သားအမိကို လိုက်ခဲ့ပါတဲ့"

"ဒါနဲ့ မေမေရော လိုက်သွားရောလား"

"ဟင့်အင်း သမီး အဲဒီမှာတင် အဖေနဲ့ရော ဒေါ်ဒေါ်ကြီးနဲ့ပါ





ပြဿနာစတော့တာပါပဲ၊ အဖေရော အစ်မကပါ သူ့ကို မယုံဘူးတဲ့၊ မေမေနဲ့ မြေးလေးကိုလဲ မထည့်နိုင်ဘူးတဲ့လေ၊ ပြဿနာအကြီးအကျယ် တက်ပြီး စကားတွေများကြပြီး သူက အိမ်ပေါ်က ဆင်းတယ်"

"မေမေ့ကိုလဲ လိုက်ခဲ့ဖို့ခေါ်တယ်၊ အဖေနဲ့ အစ်မက တစ်ဖက်၊ ယောကျ်ားက တစ်ဖက်နဲ့မို့ မေမေလေ အဲဒီအချိန်တုန်းက သေချင်စိတ်တောင် ပေါက်ငါယ်၊ သူက ဖွတ်တရွတ်ပဲ သူ့နောက်လိုက် ခိုင်းတယ်၊ နောက်ဆုံး အဖေအကြီးရဲ့ ဆန္ဒကိုသာ ဦးစားပေးပြီး မေမေ သူ့နောက်မလိုက်ခဲ့ပါဘူးကွယ်"

"သူကလဲ ဖွတ်သမား မဟုတ်လား၊ လူငယ်ပီပီ သူ့အလိုကိုသာ သိတော့ မေမေ့ကို စိတ်နာပြီး ပြောသွားလိုက်တာကွယ်၊ သေခန်းပြတ် တယ်ဆိုပြီး မေမေ့ဘဝထဲက အပြီးအပိုင် ထွက်သွားတော့တာ ပါပဲကွယ်"

"ဟင်... ဖေဖေက နောက်ပိုင်းမှာ မေမေ့ကို မဆက်သွယ် တော့ဘူးလား ဟင်"

"မေမေ့ကို သူ ဆက်သွယ်ခဲ့တယ်တဲ့၊ ဒါပေမဲ့ သူ့ဆီက စာတွေ မေမေ့ဆီကို မရောက်လာပါဘူး သမီးရဲ့ ဒေါ်ဒေါ်ကြီးက အကုန်သိမ်းပြီး ဆုတ်ပစ်ခဲ့တယ်၊ အဲဒီအကြောင်း ဒီနေ့မှ မေမေ သိရတာပါကွယ်"

"ဟင်... ဒေါ်ဒေါ်ကြီးက ဘာလို့ ကြားက ဒီလိုလုပ်ရတာလဲ"

စိတ်ဆိုးမာန်ဆိုးနှင့် ပြောလိုက်သော ချစ်မြတ်နိုးဝေ၏ စူးရှ မာဆတ်နေသည်။

"ဒေါ်ဒေါ်ကြီးကို စိတ်မဆိုးပါနဲ့ကွယ်၊ သူလဲ စေတနာနဲ့လုပ်



www.burmeseclassic.com

www.burmeseclassic.com



တာပါ၊ သမီး ဖေဖေနဲ့ ပြန်ဆက်ရင် မေမေထပ်ပြီး ဒုက္ခရောက်မှာစိုးလို့ ပြတ်လက်စနဲ့ ပြတ်အောင် လုပ်ခဲ့တာပါ"

သမီးက အစ်မဖြစ်သူကို အမျက်မသိမိအောင် ဒေါ်ခင်မြက ပြေရာပြေကြောင်း ပြောလိုက်သည်။

"ပထမတော့ သူက စာနဲ့ မှန်မှန် ဆက်သွယ်တယ်၊ မေမေ့ဆီက ဘာမှ တုံ့မပြန်တော့ သူ ကိုယ်တိုင် ရန်ကုန်ကို လိုက်လာတယ်"

"လိုက်လာတော့ တွေ့ရောလား"

"ကံမဆုံတော့ ကြုံချင်ရက်နဲ့ ကွဲရပြန်တယ် သမီးရယ်၊ သူလိုက်လာတဲ့အချိန်မှာ မေမေတို့က အိမ်ပြောင်းသွားပြီမို့ မတွေ့ရတော့ဘူးတဲ့၊ သူ့ခမျာ စိတ်ပျက်လက်ပျက်နဲ့ ပြန်သွားရတယ်တဲ့၊ ဒါပေမဲ့ နေရှိသရွေ့ အခွင့်သာသရွေ့ သမီးနဲ့ မေမေ့အကြောင်းတွေကို စုံစမ်းနေတာပဲ"

"ဒီအကြောင်းတွေ မေမေက ဘယ်လို သိလဲ"

"မောင်ရဲဝံ့ ပြောပြလို့ပေါ့ကွယ်"

"ရှင်... ကိုရဲဝံ့ ပြောပြလို့ ဟုတ်လား၊ မေမေ"

တအံ့တသြနှင့် ချစ်မြတ်နိုးဝေက မိခင်အား မေးလိုက်သည်။

"ဟုတ်တယ် သမီး၊ အခု သူက ထားဝယ်မှာလေ၊ မောင်ရဲဝံ့နဲ့ မန်နေဂျာဖြစ်နေတယ်၊ မောင်ရဲဝံ့ကို သူက သူ့အကြောင်းတွေအကုန် ဖွင့်ပြောထားတာ၊ ရန်ကုန်ရောက်ရင် စုံစမ်းပေးဖို့လဲ မှာထားတာတဲ့"

"အို... တိုက်တိုက်ဆိုင်ဆိုင်ကြီးပါလား မေမေရယ်"

"ဒါကြောင့် မနက်က မောင်ရဲဝံ့က မေးတော့ ပထမ မေမေ





က သိပ်အံ့သြသွားတယ်၊ သူ့ကို သေပြီတောင် ထင်တာ နောက်မှ အဖြစ်မှန်တွေ သိရတော့ မေမေ စိတ်ထိခိုက်ရပါတယ်ကွယ်၊ သမီး ဒေါ်ဒေါ်ကြီးကလဲ သူ့အမှားတွေကိုသိပြီး နောင်တရမဆုံး မေမေ့ကို တောင်းပန်ရှာပါတယ်"

"သြော်... မနက်က အဲဒီကိစ္စကို မေမေတို့ ပြောနေကြတာလား"

"ဟုတ်တယ် သမီးကို နောက်မှ အသိပေးပါလို့ ဒေါ်ဒေါ်ကြီးက တားထားလို့ မေမေ ခုမှ ပြောရတာပါကွယ်၊ သမီး ဒေါ်ဒေါ်ကြီးတော်တော် စိတ်မကောင်းဖြစ်နေရှာတယ်၊ သမီးလေး မျက်နှာကို သူ့အမှားကြောင့် ဘယ်လိုကြည့်ရမှန်းတောင် မသိဘူးလို့ ပြောပါတယ်ကွယ်"

"ဒေါ်ဒေါ်ကြီးကြောင့် သမီးတို့ ခုလို ခုလို တကွဲတပြားဖြစ်ရတာပေါ့နော်"

"သူကလဲ စေတနာနဲ့ မှားခဲ့တဲ့ အမှားပါကွယ်၊ သူ တော်တော် စိတ်မကောင်း ဖြစ်နေတယ် သမီးရယ်"

"ဒါနဲ့ ခု အကြောင်းစုံ သိရတော့ မေမေ ဘာလုပ်မလဲဟင်"

"မောင်ရဲဝံ့က ကိုသင်းကြိုင်ဆီ စာရေးလိုက်လို့ ဟိုက ပြန်စာတောင် ရပြီတဲ့ သူ သိပ် ဝမ်းသာနေရှာတယ်တဲ့၊ မေမေ့ဆီကိုလဲ စာတစ်စောင် ရေးလိုက်တာကို မောင်ရဲဝံ့က ပေးတယ်၊ ဒီမှာ သမီး"

ဒေါ်ခင်မြက ခေါင်းအုံးအောက်က စာခေါက်လေးကို ဆွဲယူပြီး ချစ်မြတ်နိုးဝေကို ပေးလိုက်သည်။ စာခေါက်လေးကို တုန်



www.burmeseclassic.com

www.burmeseclassic.com



ယင်နေသော လက်ဖြင့် ချစ်မြတ်နိုးဝေ ဖွင့်၍ ဖတ်လိုက်သည်။

အချစ်ဆုံး မြလေး... တဲ့။

သည်စာကြောင်းကို ဖတ်ရသော ချစ်မြတ်နိုးဝေ၏ ရင်ထဲ ကြည်နူးမှုတွေဖြင့် ပြည့်လျှမ်းသွားရပါသည်။ ဖခင်ကြီးသည် သူမ၏ မိခင်ကို ချစ်ဆဲပါလားဟု ဝမ်းသာသွားသည်။

မြလေးနဲ့ သမီးအကြောင်းတွေ မောင်ရဲဝံ့ဆီက သိရလို့ သိပ်ဝမ်းသာရပါတယ်ကွယ်၊ ခုလို မမျှော်လင့်ဘဲ အသက် ရှင်လျက် တွေ့ရတာ ရင်ထဲမှာ ဘယ်လို ဝမ်းသာမှန်းမသိဘူး။ မြလေးနဲ့ သမီးကို သိပ်တွေ့ချင်တယ်၊ မောင်ရဲဝံ့နှင့်အတူ ထားဝယ်ကို လိုက်ခဲ့ပါလားကွယ်၊ ဒီမှာ အလုပ်တွေက ပစ်ထားခဲ့လို့ မရလို့ပါ။

သမီးလေး ချစ်မြတ်နိုးဝေကို သိပ် တွေ့ချင်တယ်၊ မြလေးတို့သားအမိ အမြန်ဆုံး လိုက်ခဲ့ကြပါနော်။

မြလေးတို့သားအမိ လာမယ့်ရက်ကို လက်ချိုးပြီး စောင့်နေမယ်နော်"

သင်းကြိုင်

ချစ်မြတ်နိုးဝေ၏ ရင်ထဲမှာ ပီတိလွှမ်းသွားရပါသည်။ တစ်ခါမှ မမြင်ဖူးခဲ့သော ဖခင်၏ မေတ္တာတွေကို သိရတော့ ရင်နှင့်တမျှ ပြည့် သိပ်စွာ ကြည်နူးရပါသည်။ဖခင်အား တွေ့ချင်စိတ်တွေ ပြင်းပြသွား ရပါသည်။

"ဒါဆို ဖေဖေဟာ သိပ် သနားစရာကောင်းခဲ့တာပေါ့နော်၊





မေမေကမှ သိုက်သိုက်ဝန်းဝန်း သမီးနဲ့ နေရသေးတယ်၊ သူက တစ်ယောက်တည်း နေရရှာတာနော်"

"အေးပေါ့ကွယ်၊ ဒါကြောင့် မေမေလေ ဒီနေ့ ဝမ်းသာဝမ်းနည်း ကြီး ဖြစ်နေရတာပေါ့၊ သမီးအဖေအတွက် စိတ်မကောင်း ဖြစ်ရ ပါတယ်ကွယ်"

"ဖေဖေ့ဆီကို လိုက်သွားကြရအောင်လား မေမေ"

"သွားရမှာပေါ့ သမီးရယ်"

"သမီးက ခုတောင် ပြေးပြီး သွားတွေ့ချင်တယ်"

"သမီးကို မေမေ တစ်ခုပြောမယ်၊ နားထောင်ပါကွယ်"

"ဘာများလဲ မေမေ"

"သမီး ဒေါ်ဒေါ်ကြီး သိပ် စိတ်ထိခိုက်နေရှာတယ်၊ သွားပြီး ချော့လိုက်ပါဦးကွယ်"

"ဒေါ်ဒေါ်ကြီးကြောင့် ခုလိုဖြစ်ရတာ သမီးစိတ်ဆိုးတယ်"

"ဟဲ့...သမီး၊ အဲလိုမပြောရဘူးလေ၊ ဒေါ်ဒေါ်ကြီး ကျွေးမွေး စောင့်ရှောက်ခဲ့တာကို မမေ့ပါနဲ့ကွယ်၊ ခုလဲ အားလုံး ပြေလည်နေပြီ မဟုတ်လား၊ ဒေါ်ဒေါ်ကြီးကို ခွင့်လွှတ်လိုက်ပါကွယ်"

တင်းမာနေသော မျက်နှာလေးက နည်းနည်းပြေလာသည်။

"မေမေ စိတ်ချမ်းသာအောင် သွားပြီး ပြေရာပြေကြောင်း ပြောလိုက်ပါကွယ်"

"ကောင်းပါပြီ မေမေ"

ချစ်မြတ်နိုးဝေက ပေါ့ပါးစွာနှင့်မိခင်၏ အပါးမှ အောက်ထပ်သို့



www.burmeseclassic.com

www.burmeseclassic.com



ဆင်းခဲ့လေသည်။ ဒေါ်တင်လှအနီးသို့ ကပ်ခဲ့သည်။

"ဒေါ်ဒေါ်ကြီး"

ဒေါ်တင်လှက သူမကို မော့ကြည့်သည်။ သူမ၏ အကြည့်ထဲတွင် နောင်တရစိတ်နှင့် ဝန်ချတောင်းပန်နေသော စကားများကို တွေ့လိုက်ရသည်။

"သမီးလေးရယ်၊ ဒေါ်ဒေါ်ကြီး မှားခဲ့ပါတယ်ကွယ်၊ ဒေါ်ဒေါ်ကြီးကြောင့် သမီးလေးတို့သားအမိ ဒုက္ခရောက်ခဲ့ကြတယ်၊ ချစ်တဲ့သူငယ်ချင်း ကွေကွင်းကြရတယ်"

ဒေါ်တင်လှက ဝမ်းနည်းပက်လက် ရှိုက်ကြီးတငင် ငိုပါလေသည်။ တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ ဒေါ်တင်လှ ယခုကဲ့သို့ ငိုကြွေးတာ မမြင်ခဲ့ဖူးသော ချစ်မြတ်နိုးဝေ စိတ်ထဲနင့်ခနဲ ခံစားလိုက်ရသည်။

တစ်ငါတည်း ငါဆိုပြီး လက်မထောင်ထောင်ရှိခဲ့သော ဒေါ်တင်လှ၏ မာန်ကျခန်းက စိတ်ထိခိုက်စရာကောင်းလှပါသည်။

သူ၏ ကြီးဒေါ်ကြီးကို ဖက်ပြီး ချစ်မြတ်နိုးဝေကပါ စိတ်မထိန်းနိုင်၍ ငိုပါလေသည်။

"သမီးလေးရယ် ဒေါ်ဒေါ်ကြီးကို ခွင့်လွှတ်ပါ၊ ဒေါ်ဒေါ်ကြီး မှားခဲ့ပါပြီကွယ်"

"သမီး ဒေါ်ဒေါ်ကြီးကို စိတ်မဆိုးရက်ပါဘူး။ ဒေါ်ဒေါ်ကြီးက စေတနာနဲ့ မှားခဲ့တာမို့ သမီး ဖြေလို့ရပါတယ် ဒေါ်ဒေါ်ကြီးရယ်"

"သြော်... ကလေးရယ်"

ဒေါ်တင်လှက သူမ၏ ကိုယ်လေးကို တင်းတင်းပွေ့ဖက်လိုက်





ပါသည်။

"သမီးလေး ဒေါ်ဒေါ်ကြီးကို စိတ်မနာဘူးပေါ့နော်"

"ဟင့်အင်း"

"ဝမ်းသာလိုက်တာကွယ်"

မျက်ရည်တွေ စိုနစ်နေသော ဒေါ်တင်လှ၏ မျက်ဝန်းထဲမှာ ဝမ်းသာမှု ရောင်ခြည်တွေ လင်းလက်သွားပါသည်။

"ခုအချိန်ထိ ကျွေးမွေး စောင့်ရှောက်ထားတာကို သမီး ကျေးဇူးတင်လို့ မဆုံးပါဘူး"

"အို... လိမ္မာလိုက်တဲ့ ကလေးရယ်"

"ဒေါ်ဒေါ်ကြီးဆီက ခွင့်တောင်းရဦးမယ်"

"ဘာများလဲ သမီး"

"ဖေဖေ့ဆီကို သမီးနဲ့မေမေ လိုက်သွားချင်တယ်၊ ဒေါ်ဒေါ်ကြီး ခွင့်ပြုမလားဟင်"

"သြော်... သမီးရယ် ဒေါ်ဒေါ်ကြီး ကျေကျေနပ်နပ်ကြီး ခွင့်လွှတ်ပါတယ်ကွယ်"

"ကျေးဇူးတင်ပါတယ်၊ ဒေါ်ဒေါ်ကြီးရယ်"

ဒေါ်တင်လှအား အရောင်တွေ တဖိတ်ဖိတ်တောက်နေသော မျက်ဝန်းလက်လက်ဖြင့် ချစ်မြတ်နိုးဝေက ကျေးဇူးတင်စွာ ကြည့်လိုက်ပါသည်။

"ဒါဆို မေမေ့ကို ဝမ်းသာရအောင် သွားပြောလိုက်ဦးမယ်နော်"

"အေး... သွားပြောလိုက်ပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်လှအပါးမှ ရုတ်ခနဲထ၍ ပြေးခဲ့သည်။ မိခင်ကြီး အခန်းဆီသို့ မနားတမ်း ပြေးခဲ့သည်။

ထိုနေ့ည သားအမိနှစ်ယောက် ရှေးဟောင်းနှောင်းဖြစ် အကြောင်းတွေ ပြန်ပြောင်းပြောရင်း ညဥ့်နက်ခဲ့ရလေသည်။

* * *





## ၂၉

နောက်တစ်နေ့ နံနက်စောစောမှာပင် ရဲဝံ့က ချစ်မြတ်နိုးဝေထံ ရောက်လာသည်။ အသံကြားသည်နှင့် ချစ်မြတ်နိုးဝေ ဧည့်ခန်းဆီသို့ ပြေးထွက်လာသည်။

မျက်နှာဝင်းဝင်း မျက်ဝန်းတောက်တောက်လေးကို ကြည့်လိုက်သည်နှင့် ချစ်မြတ်နိုးဝေ ပျော်နေပြီဆိုတာကို ရဲဝံ့ သိလိုက်ပါသည်။

"ကိုရဲဝံ့ကို သိပ် ကျေးဇူးရှင်တာပဲသိလား"

ဝမ်းသာမှုတွေနှင့် လှိုက်ဖြာနေသော အသံဖြင့် ချစ်မြတ်နိုးဝေအား ရဲဝံ့အား ပြောသည်။

"ဘာအတွက် ကျေးဇူးတင်တာလဲ"

သိသိကြီးနှင့် ရဲဝံ့က စပ်ဖြီးဖြီးမျက်နှာဖြင့် ပြန်မေးလိုက်သည်။

"အမယ်၊ ခုမှ ဘာမသိချင်ယောင် ဆောင်နေတာလဲ မနေ့ မနက်က သူ့ပဲမေမေတို့ကို ပြောခဲ့ပြီးတော့"



www.burmeseclassic.com

www.burmeseclassic.com



ချစ်မြတ်နိုးဝေက လွှတ်ခနဲ မျက်စောင်းလေး တစ်ချက်ထိုးလိုက်သည်။ ချစ်စရာ အပျော့မျက်နှာလေးထံမှ မျက်စောင်းကြောင့် ရဲဝံ့ အသည်းထဲခိုက်အောင်ကိုပင် ချစ်သွားရပါသည်။

"အေးကွာ တို့နဲ့ ဦးသင်းကြိုင်နဲ့ ခင်တာကြာပါပြီ၊ တို့ဆီမှာ မန်နေဂျာဝင်လုပ်တာ ခုနစ်နှစ် ရှစ်နှစ်လောက် ရှိပြီ၊ သူ့ရဲ့ အထီးကျန်ဘဝကို သိရတော့ တို့သနားခဲ့ပါတယ်ကွာ၊ ခုတစ်ခေါက် သူ့မှာလိုက်တာ အဆင်ပြေသွားခဲ့တာပေါ့၊ အရင်တုန်းကလဲ တို့ ရန်ကုန်လာတိုင်း သူ့မိန်းမနဲ့ သမီးကို စုံစမ်းခိုင်းခဲ့တာပါ"

"နို့ ကိုရဲဝံ့က ချစ်မြတ်နိုးဝေတို့မှန်း ဘယ်လိုက ဘယ်လို သိတာလဲ"

"သူက အန်တီ ဒေါ်ခင်မြနာမည်ရော၊ ဒေါ်တင်လှရော၊ ချစ်မြတ်နိုးဝေဆိုတဲ့ သမီးလေး နာမည်ရော တဖွဖွပြောလွန်းလို့ တို့ စိတ်ထဲမှာ အလွတ်ရပြီးသားပါ"

"လှမော်အိမ်မှာ ချစ်မြတ်နိုးနဲ့ စတွေ့တော့ ချစ်မြတ်နိုးရဲ့ နာမည်လေးကို စသိတည်းက စိတ်ဝင်စားသွားတာပါ၊ ဦးသင်းကြိုင်ရဲ့ သမီး နာမည်နဲ့ တူလို့ စိတ်ဝင်စားခဲ့တယ်၊ နောက်ပြီးတော့ အလုပ်ကိစ္စ ချစ်မြတ်နိုးဝေနဲ့ အပေးအယူတည့်တာကစပြီး အားလုံးကို သိရတော့ ပို အဆင်ပြေသွားတာပေါ့"

"အဟင်း ကိုရဲဝံ့က စုံထောက်ကြီး ဦးစံရှားလုပ်လိုက်တယ်ပေါ့ ဟုတ်လား"

"အင်းပေါ့ကွာ၊ ဦးသင်းကြိုင်ကို သနားတာနဲ့ပဲ အလိုလို





စုံထောက် ဖြစ်သွားရတာပါ"

"မြတ်နိုးဝေလေ အရမ်း ကျေးဇူးတင်တယ် သိလား"

"ခြော်... မိန်းကလေးရယ် မင်းအတွက်ဆိုရင် တို့ ဘာပဲလုပ်ပေးရ ပေးရပါ၊ ရင်ထဲက အသည်းနှလုံးကို ယူမယ်ဆိုရင်တောင် မတွန့်မတို ရင်ခွဲပြီးပေးမယ့် ရဲဝံ့ပါကွာ"

စိတ်ထဲက မချင့်မရဲကြီး ရဲဝံ့က ပြောလိုက်ပါသည်။ သည် မိန်းကလေးအပေါ် တုနှိုင်းရသော ချစ်မေတ္တာတွေ သွန်ဖြိုးမိပါသည်။

သူ၏ မေတ္တာတွေက မဆုံးနိုင်သည့် မနက်ဖြန်တိုင်း မနက်ဖြန်တိုင်းမှာ ဆက်လက်ရှာနေမယ့် မေတ္တာမိုးတွေပါလို့ ကြွေးကြော်လိုက်ချင်ပါသည်။

"ဒါဆို တို့ ပြန်ရင် ထားဝယ်ကို လိုက်ခဲ့ပါလား"

"ဟာ... လိုက်မှာပေါ့၊ မြတ်နိုးဝေက ဖေဖေ့ကို သိပ်တွေ့ချင်နေတာ"

"ချစ်မြတ်နိုးတို့ လိုက်လာရင် ဦးလေး သိပ် ဝမ်းသာရှာမှာပဲ၊ ဦးလေးက လူတော်တစ်ယောက်ပါ ချစ်မြတ်နိုးရယ်၊ ခုထက်ထိ အန်တီ့အပေါ်မှာ သစ္စာစောင့်သိပါတယ်၊ ခုထိ အန်တီကို သူက မျှော်လင့်နေတုန်းပါ"

"ဖေဖေက ချောလားဟင်"

ဖခင်အတွက် သမီးလေးမှန်း သူမကိုယ်သူမ မသိရှာသော ချစ်မြတ်နိုးဝေကို ကရုဏာသက်စွာဖြင့် ရဲဝံ့က ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်မြတ်နိုးနဲ့ သိပ်တူတယ်ဆိုရင် တွက်ကြည့်လိုက်ပေါ့ကွာ"

"ဟုတ်လားဟင် မြတ်နိုးဝေနဲ့ ဖေဖေက တူတယ် ဟုတ်လား"

"တော်တော်လေး ဆင်ပါတယ်"

"ဒါဆို ချောမှာပေါ့နော်"

ပြောင်ချော်ချော် မျက်နှာလေးနှင့် ချစ်စဖွယ် ချစ်မြတ်နိုးဝေ ပြောသည်။ ကလေးလေးလို အပြစ်ကင်းစင်သော ချစ်မျက်နှာလေးကို ရဲဝံ့က ရွှန်းရွှန်းစားစားကြီး ကြည့်ပစ်သည်။

"ချစ်မြတ်နိုးက သိပ်ချောတာပေါ့ကွယ်"

ရဲဝံ့က နှစ်နှစ်ကာကာကြီးပင် ပြောလိုက်ပါသည်။ သူ၏ အကြည့် သူ၏ အပြောကြောင့် ချစ်မြတ်နိုးဝေ၏ နှလုံးသား အရိုင်းအစိုင်းလေး ကျွမ်းပစ်အောင်ခုန်သွားရပါသည်။

"ကိုရဲဝံ့ ဘယ်တော့ သွားမှာလဲ ဟင်"

"ရှေ့တစ်ပတ်ထဲမှာ ပြန်မှာလေ၊ ချစ်မြတ်နိုးတို့ လိုက်မယ်ဆို ရင် လေယာဉ်လက်မှတ် လုပ်လိုက်မယ်"

"ဟုတ်ကဲ့ ကျေးဇူးနော်"

"တို့နဲ့ ချစ်မြတ်နိုးကြားမှာ ကျေးဇူးဆိုတဲ့ စကား မသုံးသင့်ပါဘူး၊ ချစ်မြတ်နိုးကသာ တို့ကို ကူညီခဲ့တာ၊ တို့က ဘာမှ မကူညီရသေးပါဘူးကွာ"

"ကိုလူကို ကူညီပြီးသားပဲ၊ မြတ်နိုးဝေ ကျေနပ်ပါတယ်"

"သူ့ဆီက စာလာသေးလား"

"ဟိုတစ်ခေါက် လာပြီးကတည်းက ထပ်မလာဘူးလေ"





"အေးကွာ၊ ဟိုမှာ သူပျော်နေတယ်၊ အလုပ်ကို စိတ်ပါ လက်ပါ လုပ်တဲ့သူဆိုတော့မကြာခင် ကြီးပွားမှာပါ"

"ကြီးကြီးစုဆီကိုလဲ မကြာမကြာ သူငွေပို့ပါတယ်"

"လူမော်က မိန်းမမယူချင်တာကလွဲရင် သိပ်ကို အမေစကား နားထောင်ပါတယ်"

"တစ်ခါတလေ မြတ်နိုးဝေ ကိုလူကြီးကို သိပ်လွမ်းတာပဲ"

ညှိုးငယ်စွာ ပြောနေသော မြတ်နိုးဝေ၏ မျက်နှာလေးကို ရဲဝံ့က တစ်ချက် ကြည့်လိုက်သည်။ ရဲဝံ့၏ ရင်ထဲမှာ စူးခနဲ မျက်တက်တက် ဖြစ်သွားရပါသည်။

ချစ်မြတ်နိုးဝေ၏ စိတ်တွေ တစ်ပတ်လည်ပြီး လူမော်ကိုများ ချစ်ကြိုက်သွားပြီလား၊ ခွဲခွာရတော့မှ လူမော်အပေါ် သံယောဇဉ်တွေကို တွယ်မိ၍ မေတ္တာခိုက်တွေများ ယိုဖိတ်နေပြီးလားဟု သံသယတွေနှင့် စိတ်ပူသွားမိပါသည်။

"လူမော်က ဟိုမှာ ကောင်မလေးတစ်ယောက်နဲ့ ချိတ်တိတ် တိတ် ဖြစ်နေပြီတဲ့"

ချစ်မြတ်နိုးဝေ၏ စိတ်ကို သိချင်၍ သွေးတိုးသွေးစမ်း မေးခွန်းလေးဖြင့် တီးခေါက်ကြည့်လိုက်သည်။

"ဟုတ်လား ဘယ်သူတဲ့လဲဟင် နေဦး ဒီလူကြီး စာရေးပြီး ဆောပစ်ရမယ်၊ မြတ်နိုးဝေကို အသိမပေးဘဲကျိတ်ပုံးခုတ်နေတယ်ပေါ့"

ဝမ်းသာမျက်နှာလေးနှင့် ရှုတူတူ၊ မှုတူတူ အမူအရာလေးနှစ်ခု ရောစပ်နေသော ချစ်မြတ်နိုးဝေကို ကြည့်ပြီး ရဲဝံ့ရင်ထဲက အပူလုံးကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျသွားလေသည်။

"ဟူး... တော်ပါသေးရဲ့ လူမော့အပေါ်မှာ သူ ရိုးရိုးသံယောဇဉ် ရှိတာကိုး"

ပင့်သက်ရှိုက်ပြီး ခုမှ ရယ်နိုင် ပြုံးနိုင်ဝါတော့သည်။ သူတို့နှစ်ဦး စကားကောင်းနေစဉ် ဒေါ်ခင်မြက ရောက်လာသည်။

"မေမေရေ သမီးတို့ ထားဝယ်လိုက်ဖို့ ကိုရဲဝံ့ကို ပြောလိုက်ပြီနော်"

"ကျွန်တော်နဲ့ တစ်ပါတည်း သွားကြတာပေါ့နော်၊ ဒီနှံတိတို့အတွက် လေယာဉ်လက်မှတ် လုပ်လိုက်ပါ့မယ်"

"အေးကွယ် ကျေးဇူးတင်ပါတယ်"

"ဦးလေး သင်းကြိုင်ကို ကျွန်တော် တယ်လီဖုန်းဆက်ပြီး အကြောင်းကြားထားပါ့မယ်"

"မေမေကတော့ အရမ်း ပျော်နေမှာပဲနော်"

"ပျော်မှာပေါ့ ချစ်မြတ်နိုးရယ် ဒီသမီး ဒီမိန်းမအတွက် သူမှာ နှစ်ပေါင်းများစွာ ရှာခဲ့တာ မျှော်ခဲ့ရတာပါ"

ဒေါ်ခင်မြ၏ မျက်ဝန်းထဲမှ ညှိုးရိပ်များကိုကြည့်ပြီး ရဲဝံ့ စိတ်မကောင်း ဖြစ်ရပါသည်။ ဦးသင်းကြိုင်နည်းတူ ဒေါ်ခင်မြလည်း ခံစားနေသည်ကို သူ သိလိုက်ပါသည်။

"ကျွန်တော် ပြန်ပါဦးမယ် အန်တီ"

"ကောင်းပါပြီကွယ်"

ရဲဝံ့က ဒေါ်ခင်မြကို နှုတ်ဆက်ရင်း ထိုင်ရာမှ ထလိုက်သည်။





"ချစ်မြတ်နိုးကို ညနေ လာကြိုမယ်နော်"

"ဟုတ်ကဲ့"

မျက်ဝန်းလက်လက်ဖြင့် တစ်ချက် စိုက်ကြည့်ပြီး လှည့်ထွက်သွားသည့် ရဲဝံ့၏ နောက်ကျောပြင်ကို ကြည့်ပြီး ရင်ခုန်ခြင်းများစွာနှင့် ချစ်မြတ်နိုးဝေက ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၃၀

ထားဝယ်မြို့သို့ ပြန်မည့်ရက်မှာ ရဲဝံ့က လာကြိုသည်။ ဘိုးဘိုး ဦးသာမြတ်နှင့် ဒရိုင်ဘာလည်း ပါသည်။ ဒေါ်ခင်မြမှာလည်း ခါတိုင်းလိုမဟုတ် စိတ်ဓာတ်တက်ကြွနေ၍ ပိုပြီး နုပျိုကျန်းမာနေသည်။

ဦးသာမြတ်ကလည်း အကြောင်းစုံသိပြီးပြီမို့ ဒေါ်ခင်မြ ထားဝယ်သို့ လိုက်သည်ကို ဝမ်းသာနေသည်။ အစကတည်းက ချစ်မြတ်နိုးဝေကို ထားဝယ်လိုက်စေချင်ရာ ယခုတော့ အဆင်ပြေသွားပြီမို့ ဦးသာမြတ် ကျေနပ်မဆုံး ဖြစ်နေသည်။

ချစ်မြတ်နိုးဝေတို့အုပ်စုလေး လေယာဉ်ပေါ်ရောက်ပြီး လေယာဉ် ထွက်သွားမှ ဦးသာမြတ်တို့ ပြန်သွားကြသည်။

ရဲဝံ့က ဒေါ်ခင်မြကိုဂရုစိုက်လွန်းပါသည်။ လေယာဉ်ပေါ်သွင်း ခေါင်းမူးမှာစိုး၍ ကြိုပြီး ဆေးတိုက်သည်။ သက်သောင့်သက်သာ ရှိစေရန် အစွမ်းကုန် ပြုစုပါသည်။





ဒေါ်ခင်မြရင်ထဲမှာ သမက်လောင်းလေး သိတတ်မှုကြောင့် ကြည်နူးရပါသည်။ ဆွေဂုဏ်၊ မျိုးဂုဏ်၊ ဓနဂုဏ် မမောက်ရှာသော ရုပ်ချော၊ ဥစ္စာပေါ၊ ပညာတတ်လေးအား လေးစားမိပါသည်။ သမီးလေး၏ အကြိုက်ကို ဦးစားပေး အလိုလိုက်တာမြင်ရတော့ ဒေါ်ခင်မြ ရင်ထဲမှာ ကြည်နူးကျေနပ်ပါသည်။

“ဦးလေးကိုဝေ အားလုံးလွှဲလို့ရလို့ ကျွန်တော်ရန်ကုန်မှာ ကြာကြာနေနိုင်တာ အန်ကယ်ရဲ့၊ ကျွန်တော့်မှာ အမေတူအဖေကွဲ ညီလေးတစ်ယောက်ရှိတယ်၊ သူက သိပ်စိတ်မချရဘူး။ နည်းနည်း ပေတယ်၊ သူ့ကိုလဲ ဦးလေးသင်းကြိုင်လက်ထဲ အပ်ခဲ့ရတယ်”

“ဩော်... မောင်ရဲဝံ့မှာ ညီတစ်ယောက် ရှိသေးတာကိုး”

“ဟုတ်ပါတယ်၊ ဖိုးတာက သိပ်ကလေးဆန်တာ၊ မေမေက မနိုင်လို့ဆိုပြီး ကျွန်တော့်ဆီ ပို့ထားတာ၊ တစ်နှစ်လောက်ရှိပါပြီ”

“ဒါဆို အဲဒီ ဖိုးတာနဲ့ ဦးသာမြတ်က ဘာမှမတော်ဘူးပေါ့ နော်”

ချစ်မြတ်နိုးဝေက ရဲဝံ့ကို မေးလိုက်သည်။

“ဘာမှမတော်ဘူးပေါ့လေ၊ သူက မေမေ့ နောက်အိမ်ထောင်နဲ့ မွေးတာပါ၊ တို့ထက် သုံးနှစ်လောက် ငယ်တယ်”

“ကိုရဲဝံ့နဲ့ တူလားဟင်”

“ဟင့်အင်း သူက မေမေနဲ့ တူတယ်၊ တို့က ဖေဖေနဲ့ တူတာလေ”

“သူက မေမေနဲ့သာ ဆိုးတာ၊ တို့နဲ့ကျတော့ သူ့စကားကို



www.burmeseclassic.com

www.burmeseclassic.com



နားထောင်ပါတယ်"

"သူ့ကို ကိုရဲဝံ့က ချစ်လားဟင်"

ကလေးဆန်စွာ ချစ်မြတ်နိုးဝေ မေးလိုက်သည်။

"ချစ်တာပေါ့ကွာ၊ တို့မှာ ညီဆိုလို့ သူတစ်ယောက်တည်းတာ"

အမေတူ အဖေကွဲညီ ဖြစ်ပေမဲ့ စိတ်ထားမြင့်မြတ်သော ရဲဝံ့က ညီရင်းနှင့်မခြား ချစ်ခဲ့ပါသည်။ ညီငယ်ဆိုးသမျှကိုလည်း သည်းခံခွင့်လွှတ်ခဲ့သည်။

"အန်တီ ခေါင်းမူးရင် ပြောနော်"

ထိုင်ခုံနောက်ကျောကို ခေါင်းမှီပြီး မျက်စိမှိတ်နေသော ဒေါ်ခင်မြကို စိုးရိမ်တကြီးနှင့် လှမ်းကြည့်ပြီး ရဲဝံ့က ပြောသည်။

"မမူးပါဘူးကွယ်"

ဒေါ်ခင်မြက ရင်ထဲတွင် တလှပ်လှပ် ဖြစ်လာ၍ ခေါင်းကို ထိုင်ခုံတွင်မှီချလိုက်ပေမဲ့ ကလေးတွေ စိတ်ပူမှာစိုး၍ ဘာမှမဖြစ်ပါဟု ပြောလိုက်သည်။ ဆယ့်ရှစ်နှစ်တာမျှ ကွဲကွာခဲ့ရသော ငယ်ချစ်ဟောင်းနှင့် တွေ့ရမည့်အရေးက ဒေါ်ခင်မြနှင့် နှလုံးသားကို ပြန်၍ နုပျိုစေသလို အထိန်းအကွပ်မဲ့စွာလည်း ခုန်စေပါသည်။

"ကိုသင်းရယ် ခင်မြရင်ထဲမှာ ခွဲခွာခဲ့ရတဲ့ နှစ်တွေအတွက် ကြေကြေကွဲကွဲကြီး ခံစားနေရပါတယ်ရှင်"

ချစ်လင်ကြီးကိုတမ်းတပြီး ရင်ထဲက ပြောလိုက်ပါသည်။ ဂျက်လေယာဉ်ကြီးက ဝေဟင်မှာ အရှိန်နှင့် ပြေးနေသလို ဒေါ်ခင်မြ၏ ရင်ထဲမှာလည်း အရှိန်ပြင်းစွာ ခုန်လှုပ်နေပါသည်။





လေးဆယ့်ငါးမိနစ်သာသာခန့်တွင် ထားဝယ်လေယာဉ်ကွင်းသို့ ဂျက်လေယာဉ်ကြီးက သိန်းငှက်တစ်ကောင်လို ထိုးဆင်းလိုက်သည်။ စူးရှစွာ ကျယ်လောင်စွာ မြည်ဟည်းနေသော အင်ဂျင်သံများ ရပ်သွားလေပြီ။

"အန်တီရေ လူရှင်းပြီ ဆင်းကြရအောင်နော်"

"အေး . . . အေး"

ဒေါ်ခင်မြကို ရဲဝံ့က တွဲထူလိုက်သည်။ ရုတ်တရက် ဒေါ်ခင်မြ၏ ရင်ထဲမှာ ခံစားမှုတွေကြောင့် ခြေထောက်တွေပင် လှုပ်ရှားနိုင်သည့် အင်အားပင် မရှိချင်တော့ပါ။

မိခင်၏ စိတ်လှုပ်ရှားနေသော မျက်နှာကိုကြည့်ပြီး ချစ်မြတ်နိုးဝေလည်း စိတ်လှုပ်ရှားနေပါသည်။ တစ်ခါမှ မမြင်ခဲ့ဖူးသော ဖခင်အရင်း ခေါက်ခေါက်ကြီးကို တွေ့ရမှာမို့ ရင်ထဲက ကတုန်ကယင်ကြီးပါ။

ဝမ်းသာစိတ်တွေ ကြီးမားနေသလို ဖခင်ကို တွေ့ချင်သော စိတ်တွေလည်း ဆန္ဒစောနေပါသည်။ ခံစားမှုမျိုးစုံ ယှက်သန်းနေသော ချက်နှာ နှစ်မျက်နှာကို ကြည့်ပြီး ရဲဝံ့၏ ရင်ထဲ သနားစိတ်တွေ ဝိုသွားရပါတော့သည်။

လေယာဉ်ပေါ်မှ ဆင်းခဲ့ကြသည်။ ဒေါ်ခင်မြကို ရဲဝံ့ကတစ်ဖက် ချစ်မြတ်နိုးဝေက တစ်ဖက် တွဲခဲ့ပါသည်။

"ဟော . . . ဟိုမှာ ဦးလေးသင်းကြိုင် လာကြိုနေတယ်"

ရဲဝံ့က ဝမ်းသာအားရနှင့် ဦးသင်းကြိုင်ရှိရာသို့ လက်ညှိုးညွှန်



www.burmeseclassic.com

www.burmeseclassic.com



ရင်း ပြောသည်။

ချစ်မြတ်နိုးဝေနှင့် ဒေါ်ခင်မြ၏ အကြည့်တွေ ရုတ်ခနဲရဲဝံ့ ညွှန်ရာသို့ ရောက်သွားသည်။ ချစ်မြတ်နိုးဝေ မြင်လိုက်ရသည်က လွန်စွာ ဝမ်းသာကြည်နူးနေသော အပြုံးမျက်နှာနှင့် သူမတို့ထံ မပြေးရုံတစ်မည် လျှောက်လာသော ထွားထွားကျိုင်းကျိုင်း လူရည်မွန် တစ်ယောက်ပါ။

ချစ်မြတ်နိုးဝေ၏ ရင်ထဲ ဖခင်ဆိုသော အသိကြောင့် လှိုက်ခနဲ ခုန်သွားရပြီး ရည်မွန်သော ဖခင်၏ သွင်ပြင်ကြောင့် ထပ်ဆင့်ကြည်နူး ရပါသည်။

"ခင်မြ... သမီး"

ဦးသင်းကြိုင်က ဝမ်းသာအားရကြီး ဇနီးနှင့် သမီး၏ အမည်ကို ခေါ်သည်။ အနားရောက်ရောက်ချင်း ဒေါ်ခင်မြ၏ လက်နှစ်ဖက်ကို ဆုပ်ကိုင်ထွေးသည်။

"ခင်မြရယ်"

ပြီးတော့ သမီးလေး၏ ပခုံးကို တင်းတင်းဖက်ပြီး မျက်ရည်တွေ ပြည့်နေသော မျက်ဝန်းဖြင့် သမီးလို့ နင့်နင့်ကြီး ခေါ်လိုက်ပါသည်။

"ဖေဖေ"

ချစ်မြတ်နိုးဝေ၏ ပါးပြင်ပေါ်သို့ မျက်ရည်တွေ ပိုးပိုးပေါက် ပေါက် ကျလာသည်။ ဖခင်၏ မျက်နှာကို ဝမ်းသာဝမ်းနည်းကြီး စိုက်ကြည့်ပြီး ရင်ထဲမှာ လှိုက်သံကြီးဖြင့် ဖေဖေဟု ခေါ်လိုက်ပါသည်။

သားအဖနှစ်ယောက် တစ်ဦးကိုတစ်ဦး တင်းတင်းကြီး ဖက်





တွယ်လိုက်ပါသည်။ ဒေါ်ခင်မြမှာလည်း သားအဖနှစ်ယောက်ကို ကြည့်ပြီး မျက်ရည်တရွဲရွဲနှင့်ပါ။

ရဲဝံ့က သူတို့မိသားစုကိုကြည့်ပြီး ကြည်နူးနေရပါသည်။ မိမိ၏ စွမ်းဆောင်ချက်ဖြင့် ယခုလို ကွဲကွာနေရသော မိသားစု သိုက်သိုက် ဝန်းဝန်း ပြန်နေရတာတွေ့တော့ အတိုင်းမသိ ဝမ်းသာနေပါသည်။

ဦးသင်းကြိုင်က သမီးကို တစ်ဖက်၊ မယားကိုတစ်ဖက် ပခုံး တွေကို ဖက်ရင်း ကားဆီသို့ လျှောက်ခဲ့လေသည်။ ရဲဝံ့က နောက်မှ အထုပ်တွေ၊ အပိုးတွေကို အငှားကားနှင့် သယ်ပြီး လိုက် ခဲ့သည်။

"မောင်ရဲဝံ့ရယ် ဦးလေး မင်းကို သိပ် ကျေးဇူးတင်ပါတယ်ကွာ"

ရဲဝံ့ကို လှည့်ကြည့်ပြီး လှိုက်လှိုက်လှဲလှဲ ပြောလိုက်သည်။

ဦးလေးတို့ စိတ်ချမ်းသာတော့ ကျွန်တော် ကုသိုလ်ရတာပေါ့ ဗျာ"

"အေးကွယ် မင်းလို စိတ်ထားမွန်မြတ်တဲ့ လူကို သမက်တော်ရ မှာ ကိုယ်တို့ သိပ် ဂုဏ်ယူတယ် သိလား ခင်မြ"

ဦးသင်းကြိုင်၏ စကားကြောင့် ချစ်မြတ်နိုးဝေ၏ မျက်နှာလေး ရဲခနဲ ဖြစ်သွားရပါသည်။ သူမတို့၏ လုပ်ကြံဖာတ်ကို မသိရှာလေသော ဖခင်ကြီးကို ရှက်လည်းရှက် သနားလည်း သနားမိပါသည်။

ရဲဝံ့၏ တိုက်သည် အာဇာနည် လမ်းမကြီးပေါ်မှာ ရှိပါသည်။ ခြံဝန်း သိပ်မကျယ်သော်လည်း နှစ်ထပ်တိုက်ကြီးဆီသို့ ဦးသင်းကြိုင်က တီရိုတာ ဟိုင်းလက်ကားကို မောင်းခဲ့ပါသည်။

ချစ်မြတ်နိုးဝေက အသင့်အတင့် ကျယ်ဝန်းပြီး ပန်းပင်တို့



www.burmeseclassic.com

www.burmeseclassic.com



စုလင်နေသော ခြံကြီးကိုကြည့်ပြီး သဘောကျနေလေသည်။ အိမ်ဖော်မိန်းမတစ်ဦးက ထွက်ကြိုနေပါသည်။

ခမ်းနားထည်ဝါသော ဧည့်ခန်းတွင်းသို့ ချစ်မြတ်နိုးဝေတို့ လှမ်းဝင်ခဲ့ပါသည်။ အနောက်တိုင်းဆန်ဆန် မွန်းမံခြယ်သထားသော ဧည့်ခန်း၏ အဆောင်အယောင်များကို တွေ့ရသည်။

ရဲဝံ့တို့၏ ချမ်းသာမှု အတိုင်းအတာကို ချစ်မြတ်နိုးဝေ ထပ်မံ၍ မြင်တွေ့လိုက်ရပါသည်။

နှစ်ယောက်ထိုင် ဆိုဖာပေါ်တွင် သားအမိသားအဖ သုံးဦး ထိုင်ကြသည်။ ဦးသင်းကြိုင်က သမီးနှင့် မိန်းမ၏ အလယ်တွင် ထိုင်နေသည်။

သမီးငယ်၏ နုနုထွတ်ထွတ် ချောမွေ့သော မျက်နှာကို ချစ်မဝသောအကြည့်နှင့် တစိမ့်စိမ့် ကြည့်နေသည်။

"သမီးလေးက ချောလိုက်လှလိုက်တာကွယ်၊ ဖေဖေလေ အရင်တုန်းက စိတ်ကူးနဲ့ သမီးပုံကို ဖော်ကြည့်ဖူးတယ် သိလား"

မွေးကင်းစ နှစ်လခန့်ကတည်းက ကွဲကွာခဲ့သော သမီးလေး ယခုလို အပျိုကြီးဖားဖားဖြစ်မှ တွေ့ရသော ဦးသင်းကြိုင် အံ့လည်းသြ သမီးလေးက ချောတော့ ဝမ်းသာဂုဏ်ယူမိပါသည်။

"သမီး ဖေဖေကလဲ လူချောကြီးနော် မေမေ"

မိခင်ကို လှမ်းကြည့်ပြီး ချစ်မြတ်နိုးဝေက ပြုံးဆေဆေ မျက်နှာလေးနှင့် ပြောသည်။

"ဒါနဲ့ သမီးတို့ ဘယ်တော့လောက် လက်ထပ်ကြမှာလဲ"





"တစ်နှစ်လောက် နေမှပါ ကိုသင်းကြိုင်ရယ်"

ဒေါ်ခင်မြက အဖြေခက်နေသော ချစ်မြတ်နိုးဝေအစားဝင်၍ ပြောသည်။

"ဒါဆို သမီးလေးကို လွတ်လွတ်လပ်လပ် ဘဝနဲ့ ဖေဖေ တွေ့နေရဦးမှာပေါ့"

ယခုမှ တွေ့ရသော သမီးလေးကို ဦးသင်းကြိုင်က သူတစ်ပါး ရင်ခွင်သို့ ချက်ချင်းထည့်ရမှာ နမြောတွန့်တိုနေလေသည်။ ရဲဝံ့နှင့် သမီးကို လွန်စွာ သဘောတူသော်လည်း သမီးလေးကို လွတ်လွတ်လပ်လပ် ဘဝနှင့် သူ တဝကြီး ကြည့်ချင်သေးပါသည်။

"ဖေဖေက ဘယ်အိမ်မှာ နေတာလဲ ဟင်"

"ဒီမှာပဲနေတာပေါ့ သမီးရဲ့၊ မောင်ရဲဝံ့က သူနဲ့သူ့ညီနှစ်ယောက်တည်းမို့ လူကြီးမရှိလို့ ဖေဖေ့ကို ခေါ်ထားတာကွယ့်"

ကျေးဇူးတင်သော မျက်ဝန်းများနှင့် ချစ်မြတ်နိုးဝေက ရဲဝံ့အား ကြည့်လိုက်ပါသည်။

"ဒါနဲ့ဦးလေး ဖိုးတာရော ဟင်"

"အပြင် ထွက်သွားတာပဲ၊ ဘယ်လို့ မပြောသွားဘူး"

"ဒီကောင်ကတော့ခြေထောက်မှာ ဗွေပါတဲ့အကောင် အိမ်မှာကို မမြဲဘူး"

"သမီးတို့အတွက် အခန်းပြင်ထားတယ် နားလိုက်ကြဦးလား"

ချစ်မြတ်နိုးဝေတို့ကို သီးခြားအခန်းများ လုပ်ပေးထားသည်။

www.burmeseclassic.com



အခန်းထဲမှာ အသုံးဆောင် ပစ္စည်းများ ပြည့်စုံစွာ ပြင်ဆင်ထားသည်ကို တွေ့ရပါသည်။

* * *





## ၃၁

တစ်ရေးတစ်မော အိပ်နားပြီးကြမှ အားလုံး ညှိခန်းမှာပြန်ဆုံကြသည်။ အအေးနှင့်သရေစာ မုန့်များကို စားရင်းသောက်ရင်းနှင့် စကားတွေ ပြောမဆုံး မောမဆုံး ဖြစ်နေကြရလေသည်။

ပျော်ရွှင်နေကြသော မိဘနှစ်ပါးကို ကြည့်ပြီး ချစ်မြတ်နိုးဆေရင်ထဲမှာ ဝမ်းသာကြည်နူးနေရပါသည်။

"ခင့်မြအတွက် ကိုယ် လက်ဆောင်တစ်ခု ဝယ်ထားတယ်"

"ဘာများလဲဟင်"

"ကိုယ် ခင့်မြကို ဘယ်လောက် သတိရနေတယ်ဆိုတာ သက်သေပြမယ် ခဏနော်"

ဦးသင်းကြိုင်က ပြောပြီး လက်ကလေးကာကာ ခဏဟု ထွက်သွားသည်။ ဒေါ်ခင်မြက အပြုံးမျက်နှာနှင့် ကျန်ရစ်ခဲ့သည်။ ခဏအကြာမှာ ဦးသင်းကြိုင် ပြန်ရောက်လာသည်။ သူ့ရင်ခွင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



အမွှေးဖြူဆွတ်ပြီး ကောက်နေသော ဇိုလ်ခွေးပုလေး ပါလာသည်။

"ဒီမှာလေ ခင်မြ လာမယ်ဆိုလို့ ကြိုဝယ်ထားတာ"

ဪ... ကိုသင်းကြိုင်ရယ်"

ကြည်ကြည်နူးနူးတစ်ဦးကို တစ်ဦး ကြည့်နေသော မိဘနှစ်ဦးကို နားမလည်စွာနှင့် ချစ်မြတ်နိုးဝေက ကြည့်နေပါသည်။

"မေမေ့ကို ဖေဖေက ဘာလို့ ခွေးလေးဝယ်ပေးထားတာလဲ"

"အင်းလေ၊ သမီးလေး ဘယ်သိမလဲနော်၊ ဒီလိုသမီးရဲ့ ဖေဖေနဲ့ သမီး မေမေ အိမ်ထောင်ကျခါစကပေါ့၊ သမီးတို့ အဘိုးအိမ်မှာ ဖေဖေ လိုက်နေတုန်းကလေ၊ ခွေးချစ်တဲ့ သမီးမေမေက တစ်နေ့ အိမ်ရှေ့က ဖြတ်ရောင်းတဲ့ ဈေးသည်ဆီမှာ ဖေဖေ့ကို ဝယ်ခိုင်းတယ် လိုချင်တယ်လို့ ပူဆာခဲ့တယ်"

ဦးသင်းကြိုင်၏ အပြောကို ခေါင်းတညိတ်ညိတ်နှင့် ပြုံးပြီး ဒေါ်ခင်မြက နားထောင်နေသည်။

"ဖေဖေကလဲသမီးမေမေရဲ့ အသိုင်းအဝိုင်းနဲ့ မသင့်မြတ်တော့ စိတ်ထဲက အမြဲတိုနေတယ်၊ ခင်မြက ပူဆာတော့ စိတ်ဆိုးပြီးမဝယ်ပေး တဲ့အပြင် ခွေးမွေးရင်၊ မင်းနဲ့အပြတ်လို့ ခင်မြကို တမင် ရန်လုပ်ခဲ့ တယ်။ ဖေဖေလေ နောက်တော့ စိတ်မကောင်း ဖြစ်ရတယ်၊ သမီး မေမေ့ကို ချော့ပြီး ခွေးဝယ်ပေးမယ် ပြောတယ်။ ဒါပေမဲ့ စိတ်ကောက် သွားတဲ့ သမီးမေမေက အဝယ်ပေး မခံဘူးလေ"

ဦးသင်းကြိုင်က ဒေါ်ခင်မြ၏ မျက်နှာကို တောင်းပန်တိုးလျှိုး သော အကြည့်နှင့် ကြည့်လိုက်သည်။





"ခင်မြရယ် ကိုယ်သက်သက် အနိုင်ယူခဲ့တာကို ကျေနပ်ပါနော်၊ ခု ဒီခွေးလေးကို လက်ခံလိုက်နော်"

"ဪ... ကိုသင်းကြိုင်ရယ် အစွဲအလမ်းကလဲ ကြီးလိုက် တာ"

"ခင်မြနဲ့ ပတ်သက်ရင် ကိုယ် အစွဲအလမ်းကြီးခဲ့ပါတယ်"

ဒေါ်ခင်မြ၏ လက်ထဲသို့ ဦးသင်းကြိုင်က ခွေးပုလေးကို ထည့်ပေးသည်။ ဒေါ်ခင်မြက ရင်ခွင်မှာ ကြင်နာစွာ ပွေ့ပိုက်ထား သည်။ ကြီးမားသော မေတ္တာ၏ အတိုင်းအတာကို မျက်ဝါးထင်ထင် မြင်ရတော့ ချစ်မြတ်နိုးဝေရင်ထဲမှာ ဖော်မပြနိုင်အောင် ချီးကျူးမိပါ သည်။

စကားကောင်းနေစဉ် ခြံဝင်းထဲသို့ အရှိန်နှင့် မောင်းဝင်လာသော မော်တော်ဆိုင်ကယ်သံကို ကြားရသည်။

"ဟော... ဖိုးတာ လာပြီ"

ရဲဝံ့က တံခါးဝဆီသို့ သွက်သွက်လှမ်းသွားသည်။ ချစ်မြတ်နိုး ဝေကလည်း ရဲဝံ့၏ ညီဆိုသူကို တွေ့ချင်နေပါသည်။ ရဲဝံ့၏ ချစ်လှ စွာသော ပေပေတေတေ ညီငယ်ကို သိချင်နေပါသည်။

"ဟော... ကိုကိုရဲကြီး ရောက်နေပြီကိုး"

"ရောက်မယ်ဆိုတာ သိရက်သားနဲ့ ဘယ်သွားနေတာလဲ ကွာ"

မော်တော်ဆိုင်ကယ်ပေါ်မှ ဟန်ပါပါနှင့် ဖိုးတာက ဆင်းလိုက် သည်။ အစ်ကို့ကို နှစ်ခြိုက်စွာ ပြုံးပြပြီး။



www.burmeseclassic.com

www.burmeseclassic.com



"ထုံးစံအတိုင်းပေါ့ ကိုကိုရဲ့ရာ၊ လျှောက်လည်နေတာပေါ့"

"မင်း အကျင့်က ခုထိ မပျောက်သေးဘူးလား"

"လူ့ဂျိုဘဝမှာ လွတ်လွတ်လပ်လပ်ပေါ့ ကိုရဲ့ရာ"

ညှော်ခန်းထဲသို့ ညီအစ်ကိုနှစ်ယောက်၏ စကားသံများက ပျံ့လွင့်လာသည်။ ချစ်မြတ်နိုးဝေ၏ စိတ်ထဲမှာ ဖိုးတာ၏အသံကို ကြားဖူးသလိုလို ရှိနေသည်။

"ဒါနဲ့ ကျွန်တော့် မရီးလောင်းကောဟင်"

"ဟိုတ်ကောင် အာကျယ်မနေနဲ့၊ ညှော်ခန်းထဲမှာ သူတို့ရှိတယ်"

ညစ်အစ်ကိုနှစ်ယောက် ညှော်ခန်းဆီသို့ လျှောက်လာသော ခြေသံများကို ကြားလိုက်ရသည်။

"ချစ်မြတ်နိုးရေ ဒီမှာ ကိုကိုရဲ့ ညီဆိုးလေးလ ဖိုးတာလေ"

ချစ်မြတ်နိုးဝေတို့ ရှေ့မရောက်ခင်မှာပဲ ရဲဝံ့က လှမ်းပြီး မိတ်ဆက်ပေးသည်။ ဖျတ်ခနဲချစ်မြတ်နိုးဝေ၏ အကြည့်က ရဲဝံ့ဘေး ဖိုးတာဆီသို့ ရောက်သွားသည်။

မျက်ဝန်းလှလှလေး အံ့ဩမှု ဝိုင်းစက်သွားသည်။ ပါးစပ်လေး အဟောင်းသားမှ တိုးတိတ်စွာ ပွင့်ထွက်သွားသော အမည်က...

"သူရ"

ဖိုးတာကလည်း ချစ်မြတ်နိုးဝေကို လှည့်ကြည့်ပြီး မျက်လုံးကြီး ပြူးဝိုင်းသွားလို အသံကျယ်ကြီးပါ ထွက်လာသည်။

"ဟင်... ချစ်မြတ်နိုးဝေ"

"ဟင်... ညီလေးတို့က သိကြတယ်ဟုတ်လား"





ရဲဝံ့ သူတို့နှစ်ဦး၏ အံ့ဩမှင်တက်မိနေသော မျက်နှာတွေကို ကြည့်ပြီး မယုံနိုင်စွာနှင့် မေးလိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်တော်နဲ့ ချစ်မြတ်နိုးဝေက သိပ်ကို သိခဲ့ကြပါတယ်"

မခိုတရို့ မျက်နှာပေးနှင့် သူရက ဖြေလိုက်သည်။ နိုင်ငံခြား မင်းသားစတိုင် ရှူးအောင် ဝတ်စားထားသော သူရကို ချစ်မြတ်နိုးဝေက မျက်နှာတည်တည်လေးနှင့်ကြည့်ပစ်လိုက်သည်။

"မြတ်နိုးဝေနဲ့ သူရက သိပ်မခင်ခဲ့ပါဘူးနော်၊ သိရုံသိခဲ့တာပါ"

ချစ်မြတ်နိုးဝေက အိုက်တင်တွေဖွတ်ပေးနေပြီး ဘာလိုလို စကားတွေပြောနေသော သူရကို တွယ်လိုက်သည်။

"ကိုယ်ကတော့ ချစ်မြတ်နိုးဝေကို သိပ်ခင်ခဲ့တာပါဗျာ"

ရဲဝံ့၏ ရင်ထဲမှာ အောင့်သက်သက် ဖြစ်သွားပါသည်။ မိန်းမ ရှုပ်သော ညီငယ်နှင့် ချစ်မြတ်နိုးဝေက သိခဲ့သည်ဆိုတာ ရိုးရိုးမှ ဟုတ်ရဲ့လား။ သူရပုံ ကြည့်ရတာလည်း ခနဲ့တဲ့တဲ့နဲ့။

"ဖိုးတာနဲ့ ချစ်မြတ်နိုး တစ်ချိန်က ဇာတ်လမ်းတွေများ ရှိခဲ့သလား၊ ဒုက္ခပါပဲ"

ရဲဝံ့က ပူပူလောင်လောင်ကြီး ရင်ထဲက တွေးနေပါသည်။ တစ်ထိုင် တည်းမှာပင် ချစ်မြတ်နိုးဝေလည်း စိတ်ညစ်လို့ သေသာ သေလိုက်ချင်ပါသည်။ သူရသည် ရဲဝံ့၏ ညီဖြစ်နေသောကြောင့် ချစ်မြတ်နိုးဝေ စိတ်အကြီးအကျယ် ညစ်နေပါသည်။

သူရနှင့် တစ်မိုးအောက်တည်း အတူနေရမည့်အရေးကို တွေး



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကြောက်မိပါသည်။

"ကံကြမ္မာနယ် တိုက်တိုက်ဆိုင်ဆိုင်ဟယ်၊ ဒီကြည့်မရတဲ့ လူနဲ့မှ လာဆုံတယ်"

မကျေမနပ်နှင့် ဖိတ်ထဲက မြည်တွန်တောက်တီးလိုက်သည်။

"ကိုကိုရဲ့ စေ့စပ်လိုက်တာ ချစ်မြတ်နိုးဝေကိုပေါ့နော်"

"အေးလေ"

ရဲဝံ့က သူ့ရဲ့ မျက်နှာကို စေ့စေ့ကြည့်ပြီး စူးစမ်းနေသည်။ သူ့ရ မျက်နှာအမူအရာ အပြောင်းအလွဲကို မလွတ်တမ်း ကြည့်နေလေသည်။ သူ့ရက ဟန်ဆောင်နေပေမဲ့ မျက်စိမျက်နှာ တစ်ချက်တစ်ချက် ပျက်သွားသည်ကို တွေ့ရသည်။ သူ၏ရင်ထဲမှာ သံသယစိတ်တွေ ကြီးထွားနေပါသည်။

"အဟွန်း... ဟန်ကျလိုက်လေဗျာ၊ ခုလို မဒီးလောင်းကလဲ ကိုယ်နဲ့ငယ်ကျွမ်း တစ်အိမ်တည်း အတူနေရမှာဆိုတော့ ပျော်စရာကြီးပေါ့ဗျာ"

"သူ့ရ ဘာတွေပြောနေတာလဲ"

စိုးရိမ်စိတ်တွေ ကြီးစိုးနေသော ချစ်မြတ်နိုးဝေက သူ့ရ၏စကားကြောင့် မျက်နှာလေး ရဲသွားပြီး လေသံမာဆတ်ဆတ်နှင့် မေးလိုက်သည်။

"ကိုယ်နဲ့ ချစ်မြတ်နိုးဝေက သူငယ်ချင်းတွေလေ၊ မဟုတ်ဘူးလား"

သူ့ရက အပြုံးဖြီးဖြီးနှင့် စကားကိုလျှောချလိုက်သည်။ အားနာ





သော မျက်ဝန်းတွေက စူးစမ်းသော အကြည့်နှင့် သူတို့နှစ်ဦးကို ကြည့်နေကြသည်မို့ ချစ်မြတ်နိုးဝေက ဒေါသမျက်နှာကို ပြင်လိုက်ရပါသည်။ သူ့ရက စကားရောဖောရောနှင့် ကျန်လူများကို ဝင်ရောလိုက်သည်။ စကားဝိုင်းက ပြန်လည် အဆင်ချောသွားရပါတော့သည်။

*

ညစာ ထမင်းစားသောက်ပြီးနောက် ဦးသင်းကြိုင်နှင့် ဒေါ်ခင်မြက လသာဆောင်သို့ ထွက်သွားကြသည်။ နှစ်ပေါင်းများစွာ ကွဲကွာပြီး ယခုမှ ပြန်ပေါင်းရသောမိဘနှစ်ပါးကို လွတ်လွတ်လပ်လပ် နေစေချင်၍ ချစ်မြတ်နိုးဝေက လိုက်မသွားပါ။

ထမင်းစားခန်းမှာ သူ့ရက ချစ်မြတ်နိုးဝေကို လိုအပ်သည်ထက် ပို၍ အရေးပေးနေတာ တွေ့ရတော့ ရဲဝံ့ရင်ထဲမှာ မချိမဆံ့ ခံရခက်နေပါသည်။ သူ့ရအပါးမှ ချစ်မြတ်နိုးဝေကို ပထုတ်ရန် ကြိုးစားလိုက်သည်။

"ချစ်မြတ်နိုးဝေ ခြံထဲမှာ လမ်းလျှောက်ကြရအောင်လား"

"ကောင်းသားပဲကိုကို"

သူ့ရရှေ့မို့ ချစ်မြတ်နိုးဝေက ရဲဝံ့အနားပို၍ ပူးပူးကပ်ကပ်နေပြလိုက်ပြီး ကိုကိုချင်း ထပ်အောင် ခေါ်ပစ်လိုက်သည်။ အချိုသာဆုံး မျက်နှာလေးဖြင့် ရဲဝံ့ကို မော့ကြည့်ပြီး လက်မောင်းကို ဗိုင်ဗိုင်နိုင်နိုင် ချိတ်ပစ်လိုက်သည်။

ရဲဝံ့၏ နှလုံးခုန်သံတွေ ဖြောင်းဆန် သွားရပါသည်။ ချစ်မြတ်နိုးဝေကလည်း သူ့ရကို ကြောချင်၍ လုပ်လိုက်ရသော်လည်း ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ကတုန်ကယင်ကြီးပါ။

ရဲဝံ့နှင့်ယှဉ်တွဲပြီး ခြံထဲသို့ ဆင်းခဲ့သည်။ သူရ၏ ကွယ်ရာရောက်သည်နှင့် ချိတ်ထားသော လက်ကို ဖြုတ်လိုက်ပြီး ရဲဝံ့နှင့် ခပ်ခွာခွာ လျှောက်နေပါသည်။

"ချစ်မြတ်နိုး"

ရဲဝံ့က သူ၏ ဘေးမှ မျက်နှာတည်တည်လေးကို ငဲ့ကြည့်ပြီး ခေါ်လိုက်သည်။

"ဘာလဲ ကိုရဲဝံ့"

"ဖိုးတာနဲ့ချစ်မြတ်နိုး တော်တော်ခင်ခဲ့သလား ဟင်"

သံသယတွေကြောင့် ရင်ထဲက မေးချင်လွန်းသော မေးခွန်းကို ထုတ်ပြီး ကိုရဲဝံ့က မေးသည်။

"မခင်ပါဘူး မြတ်နိုးဝေက သူ့ကို သူငယ်ချင်းစာရင်းထဲတောင် ထည့်မတွက်ခဲ့ဘူး"

အသံစာစာလေးဖြင့် ချစ်မြတ်နိုးဝေက မျက်နှာလေး မော့လိုက်သည်။

"ဟင်... ဘာပြုလို့"

"မုန်းလို့"

တုံးတိပြတ်တောက်သော အဖြေကြောင့် ရဲဝံ့ တွေဝေသွားသည်။ တကယ်ပဲ ချစ်မြတ်နိုးသည် အမှန်ကို ပြောပါလေသလားဟု ဇဝေဇဝါ တွေးမိပါသည်။

"ချစ်မြတ်နိုးက ဖိုးတာကို ဘာလို့ မုန်းတာလဲ"





"မုန်းချင်လို့ကို မုန်းတာလေ"

မျက်နှာထားမှုန်မှုန်လေးနှင့် ချစ်မြတ်နိုးဝေက ဖြေလိုက်သည်။

"ဩော်... ရှင်းသွားပါပြီ၊ မုန်းချင်လို့ကို မုန်းတာကိုး"

ရဲဝံ့က ပြုံးဖြီးဖြီး မျက်နှာနှင့် ပြောသည်။

"ဒါနဲ့ တို့ ဖိုးတာအကြောင်း ပြောတုန်းက ချစ်မြတ်နိုးနဲ့ သိတယ်လို့ ဘာလို့ အစက မပြောတာလဲ"

"ဩော်... ကိုရဲဝံ့က ချစ်မြတ်နိုးဝေကို လျှို့ထားတယ် ထင်လို့လား"

"ဟာ... မဟုတ်ပါဘူးကွာ"

ရဲဝံ့က ပျာပျာသလဲ ကာကွယ်ပါသည်။'

"ဒီမှာ ကိုရဲဝံ့၊ ရှင့်ညီကို ကျွန်မက သူရအနေနဲ့ပဲ သိခဲ့တာ၊ ဖိုးတာနဲ့ သူရဟာ တစ်ယောက်တည်းဆိုတာ ဘယ်လိုလုပ် သိနိုင်မှာလဲ"

ဒေါသမျက်ဝန်းနှင့် အသံဆတ်ဆတ်ဖြင့် ချစ်မြတ်နိုးဝေက ပြောသည်။ ရဲဝံ့က သူ စိတ်မောစွာ မေးမိသည့်အတွက် စိတ်မကောင်း ဖြစ်သွားပါသည်။ ချစ်မြတ်နိုးဝေနှင့် သူရ တစ်ချိန်က ဇာတ်လမ်းများ ရှိခဲ့လေသလားဟု တွေးပူမိတာ အမှန်ပါ။

ရင်နှင့် မဆုံအောင် တစ်နေ့တခြား ချစ်မေတ္တာတွေ ပွားနေမိသော ရဲဝံ့ဘဝမှာ မရှုနိုင်မကယ်နိုင်ပါ။ လက်ရှိအခြေအနေအရ ချစ်မြတ်နိုးဝေကို ချစ်ကြောင်း လုံးဝမပြောသာသည့်ဘဝမို့ ရင်နာရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်တော့မဆိုးနဲ့နော်၊ ချစ်မြတ်နိုးကို တစ်ခု သတိပေးမလို့"

"ဘာလဲ ... ပြောလေ"

"ဖိုးတာက မိန်းမသိပ်ရှုပ်တယ်၊ သူ့ကို ကြည့်ပေါင်းနော်"

ဖျတ်ခနဲ စူးရှခက်ထန်သော အကြည့်တစ်ခု ရဲဝံ့ထံသို့ ပြေးလာသည်။

"မြတ်နိုးဝေ ကိုယ့်ကိုယ်ကိုထိန်းနိုင်တဲ့ အရွယ်ရောက် မိန်းကလေးပါ"

ချစ်မြတ်နိုးဝေ၏ ရင်ထဲမှာ အောင့်သက်သက်ဖြစ်သွားသည်။ ရဲဝံ့က သူမကို အထင်သေးစွာနှင့် ပြောလိုက်သည်ဟု ယူဆလိုက်ပါသည်။ ဒါကြောင့် ညွတ်ပျောင်းချင်သော စိတ်ကို တင်းထားလိုက်ပါသည်။

"ကျွန်မ အိပ်ချင်ပြီ၊ အိမ်ထဲဝင်တော့မယ်"

ရဲဝံ့ကို လေသံပြတ်ပြတ်နှင့် ပြောပြီး လှည့်ထွက်ခဲ့သည်။ စိတ်မကောင်းကြီးစွာနှင့် ရဲဝံ့ ကျန်ရစ်ခဲ့လေသည်။

ချစ်လွန်းသည့်စိတ်ကြောင့် မနာလို ဝန်တိုစိတ်များ ရဲဝံ့အား ခိုလှုံလာကြပြီ။ သည်စိတ်ကြောင့် ရဲဝံ့ စကားမှားခဲ့ရတာ နောင်တမျှ မဆုံးပါ။

* * *





၇၂

နောက်တစ်နေ့နံနက် ရဲဝံ့ရော ဦးသင်းကြိုင်ပါ အိမ်မှ ထွက်သွားကြလေပြီ။ စက်လှေတွေ ထောင်ထားသော ရဲဝံ့က ဆိပ်ကမ်းသို့ သွားလေပြီ။ ရဲဝံ့သွားသည်နှင့် အကွက်ချောင်းနေသော သူရက ချစ်မြတ်နိုးဝေနားမှ လူလစ်သည်နှင့် အပြေးအလွှား ကပ်လာသည်။

ပျင်းပျင်းရှိသည်နှင့် ၊ စာအုပ်တစ်အုပ်ကို ဆွဲဖတ်နေမိသော ချစ်မြတ်နိုးဝေက သူမနားသို့ သူရကပ်လာတော့ ဆတ်ခနဲ မော့ကြည့်လိုက်သည်။

"ဘာလဲသူရ"

မျက်နှာထားတင်းတင်းနှင့် သူရကိုကြည့်ပြီး မေးသည်။ သူရက မျက်နှာသေလေးနှင့် သူမနားတွင် ထိုင်လိုက်သည်။

"မနေ့ကတည်းက နင့်ကို စကားပြောချင်နေတာ၊ အခွင့်မသာဘာနဲ့ မနည်းအောင့်ထားရတယ်"

စူပုပ်မျက်နှာထားနှင့် ချစ်မြတ်နိုးဝေက သူ့ကို ကြည့်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နဲ့ကျွန်မကြားမှာ ဘာစကားမှ ပြောစရာမရှိဘူး"

"နေပါဦးကွာ၊ ချစ်မြတ်နိုးဝေကလဲ စိတ်ကိုတာ အရင်ပဲ၊ နင်နဲ့ ကိုကိုရဲက ဘယ်မှာ တွေ့ပြီး ဘယ်တုန်းက ကြိုက်သွားကြတာလဲ"

"အဲဒါ ရှင် သိစရာ မလိုပါဘူး"

"သိပ်လိုပါတယ် ချစ်မြတ်နိုးဝေရာ၊နင့်ကို ငါက စွဲစွဲလမ်းလမ်းကြီး ချစ်ခဲ့တာပါ"

"ရှင့်ဘာသာ မနေနိုင်မထိုင်နိုင်ချစ်တာ ကျွန်မနဲ့ မဆိုင်ပါဘူး"

အငေါ်တူးတူးနှင့် ချစ်မြတ်နိုးဝေက ရန်ထောင်လိုက်သည်။

"ချစ်မြတ်နိုးဝေရယ် မင်းကို ငါ တကယ်ချစ်ခဲ့တာပါ၊ မင်းဆီက မေတ္တာကိုမရလို့ စိတ်ညစ်ပြီး လေလွင့်ပြီး ခု ထားဝယ်ကို ရောက်ခဲ့တာပါ"

"ဟွန့်... ရှင့်လို ရည်းစားသက်စေ့ထားနေတဲ့သူ စကား ယုံရချည်သေးရဲ့"

လှပသော နှုတ်ခမ်းလေးကို ရှုပ်ဆိုးအောင်ပင် ချစ်မြတ်နိုးဝေက မဲ့လိုက်သည်။

"ဒီမှာရှင့် အပိုစကားတွေ လာမပြောမနေနဲ့၊ ရှင့်အစ်ကိုကြားရင် မကောင်းဘူး ကျွန်မကို အထင်လွဲနေပါ့မယ်"

"သွားမှာပါ၊ ဒါပေမဲ့ ချစ်မြတ်နိုးဝေနဲ့ ကိုကိုရဲ ဘယ်မှာဆုံတာလဲဟင်"

"ကြာလှပြီ တွေ့တာ၊ ကြိုက်နေတာလဲ ကြာလှပြီ၊ ကဲ—





နောက်ပြီး ဘာသိချင်သေးလဲ"

ညှိုးငယ်သော မျက်နှာနှင့် သူရက သူမကို ကြည့်နေသည်။

"ချစ်မြတ်နိုးဝေ သိပ်ရက်စက်တယ်ကွာ"

"အို... ကျွန်မက ဘာရက်စက်လို့လဲ"

"တို့လိုရှယ်တွလူကို မစဉ်းစားဘဲ၊ ထူထူအအကို ရွေးလိုက်လို့ပေါ့"

လှပချောမွေ့သော သူရ၏ မျက်နှာကို ကြည့်ပြီး ချစ်မြတ်နိုးဝေ ရယ်လိုက်ပါသည်။

"ရှင့်အစ်ကိုပြန်လာရင် ဒီစကားပြန်ပြောလိုက်ရမလား"

"အမယ်လေးဗျာ၊ ဒီအိမ်က ခေါင်းနဲ့ဆင်းရအောင်တော့ မလုပ်ပါနဲ့တောင်းပန်ပါတယ်"

မျက်လုံးပြူးမျက်ဆန်ပြူးနှင့် သူရက ပျာပျာသလဲပြောသည်။

"မပြောစေချင်ရင်နောက်ကို ရီသွဲ့သွဲ့စကားတွေ လာမပြောနဲ့။ ကျွန်မက ရှင့်ရဲ့ မရီးလောင်း ဆိုတာလဲ သိထားဦးမှပေါ့၊ သူများကြားလို့မကောင်းတဲ့ စကားတွေ လာမပြောနဲ့"

"ခက်တာပဲ၊ ကိုယ်က ချစ်မြတ်နိုးဝေကို ချစ်နေတုန်း"

"အခုလဲ ချစ်မနေနဲ့၊ ဟိုတုန်းက ချစ်ခဲ့တယ် ဆိုတာလဲ မေ့လိုက်တော့၊ ကျွန်မရင်ထဲမှာ ကိုကိုကလွဲလို့ ဘယ်သူမှ ရှိမလာနိုင်ပါဘူး"

ပတ်ချွဲနှပ်ချွဲ ရီသွဲ့သွဲ့လုပ်နေသော သူရကို ကိစ္စတုန်းအောင် ချစ်မြတ်နိုးဝေက ဖြတ်၍ ပြောလိုက်ပါသသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုရဲ့ သိပ် ကံကောင်းတယ်၊ သူ့ကို တကယ်မနာလိုဘူး ကွာ"

"မနာလိုမရှိနဲ့ သူ့ကုသိုလ်နဲ့ သူလာတာ၊ ဒီက ချစ်မြတ်နိုး ဝေကလေ ကိုကို့ကို ချစ်လိုက်တာမှ တုန်လို့သိလား"

ချစ်မြတ်နိုးဝေက ပိုပိုသည်းသည်းလေး ပြောပစ်လိုက်ပါသည်။ ဟန်မဆောင်နိုင်အောင် သူရ၏ မျက်နှာက ပျက်နေသည်။

"ကဲ... ကိုသူရ ကျွန်မကို ခွင့်ပြုပါဦးနော်"

ဧည့်ခန်းထဲမှာ ဆက်ထိုင်နေလျှင် သူရက နှောင့်ယှက်နေဦးမှာ မို့ ချစ်မြတ်နိုးဝေက ထ၍ အိပ်ခန်းထဲသို့ ဝင်ခဲ့သည်။

တွေဝေငေးငိုင်စွာ သူရ ကျန်ရစ်ခဲ့သည်။ ကုလားထိုင်ပေါ် တွင်ငြိမ်သက်စွာ ထိုင်နေသော်လည်း သူရ၏ စိတ်တွေက ပြေးလွှား ယောက်ယက်ခတ်နေသည်။

"မေမေ စာရေးလိုက်တုန်းက ဒီလောက်ဖြစ်မယ်မထင်ဘူး ခု မျက်စိနဲ့မြင်မှ ပိုသိရတယ်၊ ကိုကိုရဲ့ကြီးက ချစ်မြတ်နိုးဝေကို သိပ်ကို ချစ်တာကိုး၊ အင်း... ခုတိုင်းဆို လွှင့်လွှင့်တော့ ဒုက္ခ ကျန်ရစ်ဖြစ်မှာ သေချာပြီ၊ မေမေနဲ့ ငါ အဆင်ပြေဖို့က ကိုကို လွှင့်လွှင့်ကို လက်ထပ်မှ ဖြစ်မှာ"

လွှင့်လွှင့်အား ရဲဝံ့လက်ထပ်မှသာ သူတို့သားအမိသည် စည်း ပိုင်ဆိုင်သမျှကို ခြယ်လှယ်လို့ရမည်မဟုတ်လား၊ အမေနှင့်သား တစ်ကျိတ်တည်း တစ်ဉာဏ်တည်းမို့ သူရမှာလည်း ကောက်ကျစ်သော အကြံများ အပြည့်နှင့်ပါ။





"မဖြစ်ဘူး၊ မေမေနဲ့ လွှင့်လွှင့်တို့ ကြံထားတဲ့အကြံစည်ကို ငါကပါ ကူညီဖြည့်ဆည်းပေးရမှာ၊ ဒါမှ ပိုပြီးအောင်မြင်မှာ"

"ကိုကိုရဲ့ရဲ့ ဘဝထဲက ချစ်မြတ်နိုးဝေကို အပြီးဖယ်ထုတ်ပစ်ရ မယ်၊ ဒီလိုဖယ်ထုတ်ရင်း ငါနဲ့နီးစပ်အောင်ကြိုးစားပြီး အမြတ်ထုတ် ရမှာပဲ"

ကောက်ကျစ်သော အပြုံးတစ်ခုကို သူရက အားပါးတရကြီး ပြုံးလိုက်ပါသည်။ သည်လိုစိတ်ကူးမိတော့ သူရ၏ ရင်ထဲမှာ ပေါ့ပါး ကြည်လင်သွားရလေသည်။

စိတ်ပေါ့ပါးသွားသဖြင့် လေလေးတချွန်ချွန်နှင့် အိမ်မှ ထွက် သွားလေ၏။

*

စိတ်ညစ်ညူးစွာနှင့် ကျန်ရစ်ခဲ့သော ချစ်မြတ်နိုးဝေသည် အိမ်ကြီးမှ ထွက်ပြေးချင်စိတ်ပင် ပေါက်လာသည်။ ဘယ်လိုဘဝရေစက် ကြောင့်မှန်းမသိ။ သူရကို သူမ လုံးဝကြည့်မရပါ။

ကြည့်မရတဲ့လူက သူမကို 'အသည်းစွဲ ဖြစ်နေသလောက် ရှိသမျှ အချစ်တွေကို တိတ်တခိုးပုံပေးမိသည့် ရဲဝံ့ကျော့ သူမကို အလုပ်သဘောထက် နည်းနည်းမှ မပိုသော ခင်မင်မှုကိုသာ ပေးခဲ့လေ သည်။

ဖခင်မဲ့ဘဝနှင့် ကြီးပြင်းခဲ့ရ၍ ငယ်စဉ်ကတည်းက ဖခင်၏ အရိပ်အာဝါသ မေတ္တာကို ငတ်ခဲ့ရသည်။ ယခု ဖခင်နှင့်ပြန်ဆုံပြီး ချမ်းမြေ့သော မိသားစု၏ ဘဝအရသာကို ခံစားရပြန်တော့လည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်တစ်ခါသာ ချစ်ခဲ့ဖူးသောမေတ္တာကြောင့် ချစ်မြတ်နိုးဝေ ရင်ထဲမှာ တနုံ့နုံ့နှင့် ခံစားနေရပါသည်။

မိန်းမတွေနှင့် ပတ်သက်လျှင် ဓာတ်ရှုပ်သော ညီအစ်ကိုနှစ်ယောက်၏အကြောင်းကို ချစ်မြတ်နိုးဝေက စိတ်ရှုပ်ရှုပ်နှင့် တွေးနေပါသည်။

*

ရဲဝံ့နှင့် တစ်မိုးအောက်တည်းမှာ နေရလေလေ ချစ်မြတ်နိုးဝေက စိတ်ညစ်လေလေပါ။ မရွှင်ပျသော စိတ်ကို ကြိုးစားဖြေဖျောက်နေရပါသည်။ ယခုမှ တွေ့ရသော သမီးကို ဦးသင်းကြိုင်က အရိပ်တကြည့်ကြည့်နှင့်ပါ။ ချစ်မြတ်နိုးဝေ ဘယ်လိုပင် ဟန်ဆောင်ကောင်းပါစေ။ ချစ်မြတ်နိုးဝေ၏ ရင်ထဲမှာ တစ်ခုခု ခံစားနေရသည်ကို ဖခင်က သိနေပါသည်။

တစ်နေ့ ဒါခင်မြမရှိခိုက် ဦးသင်းကြိုင်က သမီးကို အစ်အောက်မေးပါတော့သည်။

"သမီးလေး"

ချစ်မြတ်နိုးဝေ၏ ပခုံးလေးကို ကြင်နာစွာ ပွေ့ဖက်ပြီး ခေါ်သည်။ ချစ်မြတ်နိုးဝေ၏ မျက်နှာလေးကို စေ့စေ့ကြည့်ပြီး…

"သမီးလေး ဘာဖြစ်နေတာလဲဟင်"

"သမီး ဘာမှမဖြစ်ပါဘူး ဖေဖေ"

"သမီးက ညာနေပြန်ပါပြီကွယ်၊ တစ်ခါတစ်ခါ သမီးလေး သိပ်မျက်နှာညှိုးတာ ဖေဖေ သိတယ်၊ သမီးရင်ထဲမှာ ဘာတွေကိုများ





ခံစားနေရလဲ ဖေဖေ သိခွင့်ရှိရင် သိချင်ပါတယ်"

ဖခင်ကြီး သူမ၏ မျက်ဝန်းထဲမှ သောကရိပ်တွေကို တွေ့မြင်သွားမှာစိုး၍ ချစ်မြတ်နိုးဝေက ချက်ချင်း မျက်လွှာချလိုက်သည်။

"သမီး ဘာမှမဖြစ်ပါဘူး ဖေဖေ၊ ခုလို မိသားစု ပျော်ပျော်ရွှင်ရွှင်နေရတာ သမီး သိပ်ကို ပျော်ပါတယ်"

"ဟုတ်ရဲ့လား သမီးရယ်"

ချစ်မြတ်နိုးဝေ၏ ရင်ထဲမှာ ဖခင်ကြီး၏ ကြင်နာမှုကြောင့် လှိုက်ဖြာစွာ ခံစားနေရပါသည်။ ဖခင်ကြီးကို သူမ၏ ဒုက္ခတွေကို ဖွင့်ပြောလိုက်ရင် ကောင်းလေမလားဟု စိတ်ကူးမိပါသည်။

"ဓာတ်ရှုပ်ကြီးထဲ ကြာကြာ မျောနေမယ့် အစား မြန်မြန်ပြတ်သွားအောင် ရှင်းပစ်ရင် ကောင်းမလား"

မျက်လုံးလေး ပေကလတ်နှင့် ချစ်မြတ်နိုးဝေက နက်နက်နဲနဲ တွေးနေပါသည်။ သမီး၏ ဇဝေဇဝါမျက်၍နှာလေးကိုကြည့်ပြီး ဦးသင်းကြိုင်က တိုက်တိုက်တွန်းတွန်းလေး ပြောပြန်သည်။

"သမီးရယ် ဖေဖေ့ကိုမှမပြောရင် သမီး ဘယ်သူ့ကို ပြောမှာလဲ၊ ဖေဖေ့ကို တိုင်ပင်မှပေါ့၊ ဒါမှ ဖေဖေက အကြံကောင်းပေးနိုင်မှာ"

ချစ်မြတ်နိုးဝေက ဖွင့်ချပြောပြချင်စိတ်တွေ ကြီးစိုးလာသည်။ ဦးသင်းကြိုင်ကို ပြောပြချင်သည့် စကားများ လျှာဖျားပေါ်မှာ ဝဲနေသည်။

"အို… ပြောလို့မဖြစ်သေးပါဘူး၊ တော်ကြာ ငါကိုကတိမတည်တဲ့ မိန်းကလေးလို့ ကိုရဲဝံ့က ထင်သွားဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်သည့် စကားများကို မပြောတော့ဘဲ ရင်တွင်းသို့ ပြန်မျိုချပစ်လိုက်သည်။

"သမီး ဘာပြောချင်လဲ ပြောလေ၊ ဖေဖေ နားထောင်နေပါတယ်ကွယ်"

"သမီး ဘာမှမဖြစ်လို့ ဘာမှလဲ မပြောချင်ပါဘူး ဖေဖေ"

ချစ်မြတ်နိုးဝေက ဖွတ်ငြင်းပယ်လိုက်ပါသည်။ ဦးသင်းကြိုင်လည်း စိတ်မသက်မသာနှင့် သက်ပြင်းရှိုက်လိုက်သည်။ ချစ်မြတ်နိုးဝေ၏ ရင်ထဲတွင် တစ်ခုခုကို ခံစားနေရတာကို သိနေပါသည်။ ဒါပေမဲ့ သမီးက မပြောချင်မှန်းသိ၍ ဖွတ်မမေးတော့ပါ။

"တစ်ခုတော့ ဖေဖေပြောထားမယ်၊ ဘယ်လိုဒုက္ခနဲ့ပဲတွေ့တွေ့ သမီးအနားမှာ ဖေဖေ အမြဲရှိနေမယ်ဆိုတာ၊ သိထားနော် သမီးလေး"

"ဟုတ်ကဲ့ပါ ဖေဖေ"

ဦးသင်းကြိုင်က ကြင်နာချစ်ခင်စွာနှင့် ချစ်မြတ်နိုးဝေ၏ ဦးခေါင်း လေးကို ပွတ်သပ်လိုက်ပါသည်။ ဝမ်းနည်းစိတ်တွေ ချစ်မြတ်နိုးဝေ၏ ရင်ထဲမှာ လှိုက်လာ၍ မျက်ဝန်းလေးတွေမှာ ရောင်ပြန်ဟပ်ကြီးစို လက်လာပါသည်။

ဒါပေမဲ့ ပါးပြင်ပေါ်သို့ မျက်ရည်တွေကျ၍ မဖြစ်သောကြောင့် ချစ်မြတ်နိုးဝေက မျက်တောင်ကော့များကို ပုတ်ခတ်ပြီး သိမ်းလိုက်ပါသည်။

* * *





၃၃

ရဲဝံ့အား စိတ်ထဲမှ မကျေမနပ် ဖြစ်နေရပါသော်လည်း သူ့ရှေ့တွင် ချစ်မြတ်နိုးဝေက ရဲဝံ့အား ပို၍ ရင်းနှီးပြနေရပါသည်။

လူကြီးတွေက စောစောနားပြီး အိပ်ရာဝင်ကြလေပြီ၊ ရဲဝံ့သူရနှင့် ချစ်မြတ်နိုးဝေသာ မအိပ်ကြသေးဘဲ၊ ဧည့်ခန်းထဲမှာ စကားဖောင်းနေကြသည်။ ချစ်မြတ်နိုးဝေက ရဲဝံ့၏ မျက်နှာကို ခပ်နွဲ့နွဲ့ မျက်နှာလေးနှင့် ကြည့်လိုက်ပြီး . . .

"ကိုကို"

"ဘာလဲ ချစ်မြတ်နိုး"

"ကိုကိုကလဲလေ မြတ်နိုးဝေကို ဘယ်မှ လိုက်မပို့ဘူး၊ အိမ်မှာနေရတာ ပျင်းတယ် ကိုကိုရဲ့"

"ကိုကို မအားသေးလို့ပါကွာ၊ အားတဲ့နေ့ကျရင် ချစ်မြတ်နိုး သွားချင်တဲ့ နေရာတွေ လိုက်ပို့မှာပေါ့"

"ဟွန့် . . . ချစ်မြတ်နိုးထက် အလုပ်ကိုပိုပြီး အရေးထားတယ်ပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား"

မျက်နှာဝေး စူစူနှင့် တမင်မှုပြီး ချစ်မြတ်နိုးဝေက ပြောလိုက်သည်။ ရဲဝံ့က အမူအရာတွေ ပိုနေသော ချစ်မြတ်နိုးဝေ၏ မျက်နှာလေးကို စူးစူးစိုက်စိုက် ကြည့်နေပါသည်။ သည်အကြည့်တွေက စိတ်လွတ်လက်လွတ်မို့ အကြည့်များထဲတွင် သူ၏ ကြင်နာမှုတွေ တစ်နှင့်တစ်ပိုး ပါဝင်နေလေသည်။ ချစ်စရာကောင်းလွန်းသော ချစ်မြတ်နိုးဝေလေးကို စိတ်ထဲရှိတိုင်း တအား ပွေ့ဖက်ချင်စိတ်ကို မနည်းကြီး ထိန်းနေရပါသည်။

"ချစ်မြတ်နိုးလေးရယ်၊ ကိုကို့ ဘဝမှာ ချစ်မြတ်နိုးသာ အရေးကြီးဆုံးဆိုတာ မေ့သွားပြီလား"

တကယ်ရင်ထဲက ပြောချင်သော စကားကို အခွင့်သင့်တုန်း ရဲဝံ့က ပြောချလိုက်ပါသည်။ ရဲဝံ့၏ အကြည့် ရဲဝံ့၏ အပြောများကြောင့် ချစ်မြတ်နိုးဝေ၏ နှလုံးသားရင်ပြင်မှာ တော်လဲသံကြီး ကျယ်လောင်စွာ မြည်ဟည်းသွားပါလေတော့သည်။

"ဒါဆို မနက်ဖြန် လိုက်ပို့"

"မနက်ဖြန် မအားဘူးကွာ၊ နောက်နေ့မှ ကိုကို့ ချစ်မြတ်နိုးလေးက လိမ္မာပါတယ်ကွာ"

ချစ်မြတ်နိုးဝေ၏ ဝင်းစက်မွတ်ညက်နေသော ပါးလေးကိုခပ်ဖွဖွလေးကိုင်ပြီး ပြောလိုက်သည်။ ဟန်ဆောင်၍ လုပ်နေရပေမဲ့ နှစ်ဦးလုံး၏ ရင်ထဲမှာတော့ တထိတ်ထိတ်ခုန်နေပါသည်။

"ကိုကိုရဲ မအားရင် ဖိုးတာ လိုက်ပို့လိုက်မယ်လေ"





"အို… ကိုကိုနဲ့ပဲ သွားချင်တာပါနော်"

အခွင့်ကောင်းယူပြီး အကွက်ထွင်လိုက်သော သူ့ရကို ချစ်မြတ်နိုးဝေက မျက်စောင်းလေး ထိုးပြီး ပြောလိုက်သည်။

"နေရာအနှံ့သွားချင်ရင် ကိုကိုရဲ တစ်ယောက်တည်းကိုပဲ အားကိုးလို့ မရဘူးကွ၊ သူက အားတာ မဟုတ်ဘူး"

"ကိုကိုမပို့နိုင်လဲ မသွားရုံပေါ့ရှင် ရပါတယ်"

ချစ်မြတ်နိုးဝေက ဖြောင်ပင် သူ့ရကို ဆန့်ကျင်လိုက်ပါသည်။ ရဲဝံ့က သူတို့နှစ်ဦး၏ အရိပ်အကဲကို မလွတ်တမ်း အကဲခတ်နေပါသည်။ ချစ်စိတ်တွေ သူ၏ ရင်ထဲမှာ မနိုင်မနင်း ယိုဖိတ်နေပေမဲ့ ချစ်မြတ်နိုးဝေနှင့် သူ့ရကို သံသယဖြစ်နေမိသည်မှာ အမှန်ပါ။

"ချစ်မြတ်နိုးဝေ ကိုယ့်အပေါ်လေစိမ်း သိပ်တိုက်တယ်"

"အံမယ် ဘယ်တုန်းကများ လေနွေးတွေ တိုက်ခဲ့ဖူးလို့တုန်း"

အငေါ်တူးတူးနှင့် ချစ်မြတ်နိုးဝေက ပြန်ပြောလိုက်သည်။

"ကဲ… ကိုကို ချစ်မြတ်နိုးဝေ အိပ်တော့မယ်နော်"

ရဲဝံ့၏ ပခုံးပေါ် နွဲ့နွဲ့လေးမှီပြီး ချစ်မြတ်နိုးဝေက ပြောလိုက်သည်။ ရဲဝံ့က ပခုံးပေါ်မှာ မှီဝဲနေသော မျက်နှာလှလှလေးကို ငုံ့ကြည့်ပြီး၊ ရင်ထဲမှာ ချစ်စိတ်တွေ တအားနိုးကြားနေသည်။

စိတ်မထိန်းနိုင်လွန်း၍ ချစ်မြတ်နိုးဝေ၏ ပါးပြင်မွတ်မွတ်လေးကို ဖျတ်ခနဲနမ်းလိုက်သည်။ စိတ်လွတ် ကိုယ်လွတ် နမ်းလိုက်ပြီးမှ ရဲဝံ့ တွန့်သွားရပါသည်။

ချစ်မြတ်နိုးဝေကလည်း မထင်မှတ်ထားသော အပြုအမူကို



www.burmeseclassic.com

www.burmeseclassic.com



ရဲဝံ့က ပြုံးလိုက်၍ ရတ်တရက် လန့်သွားသည်။ နွေးထွေးသော အတွေ့ကြောင့် တစ်ကိုယ်လုံး ရှိန်းဖိန်းသွားရပါသည်။

တအံ့တသြနှင့် ရဲဝံ့၏ မျက်နှာကို မော့ကြည့်လိုက်သည်။ ရဲဝံ့၏ အကြည့်ထဲမှာ တောင်းပန် တိုးလျှိုးနေကြောင်းကို တွေ့ရသည်။ သူ့ရထံသို့ ဖျတ်ခနဲ အကြည့်က ရောက်သွားသည်။

မျက်နှာကြီးနီပြီး မလိုတမာအကြည့်များနှင့် သူရက မိမိတို့နှစ်ဦးကို ကြည့်နေတာ တွေ့ရတော့ ရဲဝံ့ကို စိတ်ဆိုးရမှာ မေ့သွားသည်။ သူရကို မခံချင်အောင် လုပ်လိုက်ရ၍ ဝမ်းသာသွားရပါသည်။ သူရ၏ ရင်ထဲမှာ ချစ်မြတ်နိုးဝေ၏ အချစ်ကို ဆုံးရှုံးရသည့်အတွက်ရော ရဲဝံ့၏ ဘဝကို ချစ်မြတ်နိုးဝေက အပိုင်ကိုင်ထားနိုင်သည့် အတွက်ပါ၊ မခံချိမခံသာ ခံစားနေရပါသည်။

"ကဲ ... ကိုကို ဗွတ်နိုက်နော်"

ဖျတ်ခနဲ ချစ်မြတ်နိုးဝေက ရဲဝံ့၏ ပါးပြင်ပေါ်သို့ နှုတ်ခမ်းကို ဖွဖွလေး ဖိကပ်ပြီး သူတို့အပါးမှ ပြေးထွက်ခဲ့သည်။ ရင်ထဲမှာရော၊ ပါးပြင်မှာရော နွေးထွေးပြီး ရဲဝံ့ ကျန်ရစ်ခဲ့ပါလေသည်။

ချစ်မြတ်နိုးဝေက သူရ မခံချင်အောင် တမင် ကလိလိုက်သော်လည်း သူမ၏ ရင်ထဲမှာပါ လှိုက်ခနဲသွားရသဖြင့် နောင်တရမိလိုက်ပါသည်။

"ချစ်မြတ်နိုးလေးရယ် ခုလို ဖြစ်တာ တကယ့်အဖြစ်အပျက်သာ ဖြစ်လိုက်ပါတော့"

ရင်ထဲက မချိမဆံ့ကြီးနှင့် ရဲဝံ့က တမ်းတမိပါသည်။ ချစ်မြတ်နိုးဝေ ထွက်သွားပြီး ညီအစ်ကိုနှစ်ယောက်လည်း ကိုယ်စီ အခန်းတွင်းသို့





ဝင်ခဲ့ကြသည်။ ရဲဝံ့၏ ရင်မှာ ချစ်မြတ်နိုးဝေအပေါ် တိမ်းညွှတ်စိတ်များအတွက် ရင်နှင့်အပြည့် ခံစားနေရသလို သူရ၏ ရင်ထဲမှာ မနာလို မရှုဆိတ်နှင့် ရဲဝံ့နှင့် ချစ်မြတ်နိုးဝေ အိုးစားကွဲကွာရေး စိတ်တို့က ကြီးမားစွာ လွှမ်းမိုးနေပါသည်။

"ကိုကိုရဲ့ ချစ်မြတ်နိုးဝေ မြန်မြန်ကွဲအောင် ငါလုပ်မှ ဖြစ်တော့မယ်"

ခိုင်မာစွာ ဆုံးဖြတ်ချက်ကို ချလိုက်သည်။

အနမ်းနွေးနွေးတွေကို စိတ်ကူးယဉ် ပြန်လည်ခံစားရင်းနှင့် ညက ချစ်မြတ်နိုးဝေ တော်တော်နှင့် မအိပ်နိုင်ခဲ့ပါ။ ခံစားချက်တွေ မျိုးစုံစွာ ခံစားနေရပါ၍ ချစ်မြတ်နိုးဝေ အိပ်မက်ခြင်းဟာ မစွမ်းသာပါ။ မိုးလင်းခါနီးမှ အိပ်ပျော်သွားသဖြင့် ယခုနံနက် နေမြင့်မှ နိုးပါသည်။

ချစ်မြတ်နိုးဝေ အိပ်ရာမှ နိုးပြီး မျက်နှာသစ်ပြီး ထမင်းစားခန်းဆီသို့ လှမ်းခဲ့ချိန်မှာ အဖေရော ရဲဝံ့ပါ လုပ်ငန်းခွင်သို့ ထွက်သွားကြပါလေပြီ။

"သြော်... သမီးလေး နိုးလာပြီကိုး"

နံနက်စာကို စားနှင့်ပြီးသော မိခင်က ချစ်မြတ်နိုးဝေကို အပြုံးမျက်နှာနှင့် နှုတ်ဆက်လိုက်သည်။

"ဟုတ်တယ် မေမေ၊ သမီး အိပ်ရာထ နောက်ကျလို့"

"အင်း... ညက ညဥ့်နက်မှ အိပ်တယ် ထင်တယ်"

အပြုံးနှင့် အဓိပ္ပာယ်တွေ ဆောင်နေသော ဒေါ်ခင်မြ၏ အကြည့်ကြောင့် ချစ်မြတ်နိုးဝေ၏ မျက်နှာလေး ရဲခနဲ ဖြစ်သွားရ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

"မေမေလေ သမီးလေးတို့ ချစ်ချစ်ခင်ခင် နေတာ မြင်ရတာ သိပ် ဝမ်းသာတယ်ကွယ်"

ချစ်မြတ်နိုးဝေ၏ ရင်ထဲမှ နင့်သွားပါသည်။

"ဪ... မေမေရယ် မေမေထင်သလို ကိုရဲဝံ့က သမီးကို မချစ်ပါဘူး၊ သူ့ဘဝမှာ သမီးကို နေရာမပေးနိုင်ပါဘူး၊ သူ့မှာ ချစ် ရမယ့်သူ ရှိပြီးသားပါ မေမေရယ်"

ကြေကြေကွဲကွဲကြီး ရင်ထဲမှာ ပြောလိုက်ပါသည်။

နံနက်စာ စားသောက်ပြီး အလကား မနေတတ်သော ချစ်မြတ် နိုးဝေက ဧည့်ခန်းကို ရှင်းလင်းသုတ်သင်နေသည်။ မိခင်ကြီးကား အခန်းထဲမှာ စာဖတ်နေသည်။

လေးလံနေသောစိတ်၊ မရွှင်ပျသော စိတ်ကြောင့် ချစ်မြတ်နိုး[illegible] ၏ လှုပ်ရှားမှုတွေက လွန်စွာ နှေးကွေးနေပါသည်။

"ချစ်မြတ်နိုးဝေ"

ဘယ်ဆီဘယ်ကမှန်း မသိ သူရက ချစ်မြတ်နိုးဝေအပါး[illegible] ရုတ်တရက် ရောက်လာသည်။

"ဟင်... အလုပ်မသွားဘူးလား"

"သွားတယ် ပြန်လာတာ"

ချစ်မြတ်နိုးဝေ၏ မှိုင်းညို့နေသော မျက်နှာက သူ[illegible] မြင်သည်နှင့် တင်းမာသွားသည်။

"ကိုယ်... ချစ်မြတ်နိုးဝေနဲ့ အေးအေးဆေးဆေး စကား[illegible]





ချင်လို့ပါ"

"အို... မပြောချင်ပါဘူး"

"နေဦး ချစ်မြတ်နိုးဝေ ကိုယ်က မင်း သိပ်စိတ်ဝင်စားမယ့် အကြောင်း ပြောချင်လို့"

"ဘာမှ မပြောနဲ့ မကြားချင်ဘူး"

သူ့ရှေ့မှ လှည့်ထွက်သွားမည့် ချစ်မြတ်နိုးဝေ၏ လက်ကို သူရက ဖမ်းဆွဲလိုက်သည်။

"အို... ဘာလုပ်တာလဲ လွှတ်ပါ"

ဒေါသမျက်ဝန်းတွေနှင့် သူရကို စူးစူးကြီး ကြည့်ပစ်လိုက်သည်။

"ကိုယ်ပြောမှာကို နားထောင်ပါကွာ"

"ရှင် စကားနားမလည်ဘူးလား၊ နားမထောင်ချင်ပါဘူးလို့ ဆိုနေတာ"

"နားမထောင်ရင် မလွှတ်ဘူးကွာ"

ချစ်မြတ်နိုးဝေ အပြေးအလွှား တွေးလိုက်ပါသည်။ ဖွတ်တရွတ် သူရက လုပ်နေလျှင် အိမ်မှာ ဘယ်သူ့မှ မရှိ၍ အစက်တွေ့ရမည်ကို သိလိုက်ပါသည်။ ဒါကြောင့် မကျေနပ်ပေမဲ့ စိတ်ပတ်လျှော့လိုက် ပါသည်။

"ကဲ ဒါဆို မြန်မြန်ပြော"

"ချစ်မြတ်နိုးဝေ ကိုကိုရဲကို သိပ်ချစ်တာပဲလား"

"မေးနေဖို့ လိုသေးလား၊ ဟောဒီ ရင်ထဲအသည်းထဲက မြတ်နိုးတာ မှ ချစ်ချစ် ချစ်ချစ်နေတာ သိလား"



www.burmeseclassic.com

www.burmeseclassic.com



ရင်ဝလေးက ဖိပြီး ချစ်မြတ်နိုးဝေက တမင်ရွဲ့ပြီး ပြောသည်။ သူရ၏ မျက်နှာက လွန်စွာခက်ထန်နေသည်ကို တွေ့ရသည်။

"ကိုယ် ရင်နာလိုက်တာကွာ၊ မင်းရဲ့ အချစ်နဲ့ ကိုကိုရဲ့က လုံးဝ မထိုက်တန်ဘူး သိလား"

"အဟွန်း... ရှင်နဲ့တော့ ထိုက်တန်တယ်ပေါ့"

မျက်နှာလေးမဲ့ပြီး ချစ်မြတ်နိုးဝေက ပြောလိုက်သည်။

"ကိုယ့်ကိစ္စကို ခဏမေ့ထားလိုက်ပါ ချစ်မြတ်နိုးဝေ ခုပြောမှာ မင်းရဲ့ အကျိုးကို ရှေ့ရှုပြီး စေတနာနဲ့ပြောတာဆိုတာ ယုံထားစမ်းပါ"

"အဟင်း... တယ်ဆိုတဲ့ စာပါလား"

"ကိုကိုရဲ့က မင်းကို တကယ်ချစ်တာ မဟုတ်ဘူး၊ မင်းအသည်းကွဲရလိမ့်မယ်၊ မင်းဒုက္ခရောက်မှာကို မကြည့်ရက်လို့ ကိုယ် ပြောနေတာပါ၊ ကိုကိုရဲ့ ဘဝကို လွင့်လွင့်က လွှမ်းမိုးပြီးသားပါ၊ အကြောင်း မညီညွတ်သေးလို့ လွင့်လွင့်ကို ကိုကိုရဲ့က ခဏခေါက်ထားတာ မင်းသိဖို့ လိုတယ် ချစ်မြတ်နိုးဝေ"

သည့်စကားက ချစ်မြတ်နိုးဝေ၏ နှလုံးသားကို တည့်တည့်ကြီး အရှိန်ပြင်းစွာနှင့် ထိမှန်လိုက်ပါသည်။ သူရ၏ ပစ်ချက်က ချက်ကောင်းကို ထိထိမိမိကြီး မှန်ပါလေသည်။ ရုတ်တရက် ညှိုးမှိုင်းသွားသော ချစ်မြတ်နိုးဝေ၏ မျက်နှာကြောင့် သူရ အားတက်သွားပါသည်။

"သူ့အဘိုး ဦးသာမြတ်ဆီက လိုချင်တာတွေ ရပြီးရင် မင်းကို သူကန်ထုတ်လိမ့်မယ်၊ လွင့်လွင့်နဲ့ သူ ချစ်ပွဲဝင်မယ်၊ အဲဒီအခါ မင်း ဘာလုပ်မလဲ ချစ်မြတ်နိုးဝေ"





မျက်ရည်တွေက မဖိတ်ခေါ်ဘဲ ချစ်မြတ်နိုးဝေ၏ မျက်ဝန်းထဲသို့ အလုအယက် ဝင်လာသည်။ သူ့ရှေ့မှာ ခငိုမိအောင် စိတ်ကို တအား ထိန်းနေရပါသည်။

"ချစ်မြတ်နိုးဝေရဲ့ ကျဆုံးခန်းက မရှုမလှ ဖြစ်ရမှာကို မင်း ကြိုတွေးသင့်တယ်"

ချစ်မြတ်နိုးဝေ၏ ရင်ထဲမှာ ဆောက်တည်ရာမရ ဖြစ်သွားပါသည်။ ဒါပေမဲ့ ဟန်ကိုယ်ဖို့ ဆိုသည့်အတိုင်း ချစ်မြတ်နိုးဝေက မာန်တင်းပြီး မျက်နှာကို မော့ပစ်လိုက်သည်။

သူရကိုကြည့်လိုက်သော မျက်ဝန်းတွေထဲမှာ သောကဆိုတာ လုံးဝမရှိ မာန်တွေနှင့်သာ ပြည့်လျှမ်းနေပါသည်။

"ဘာလဲ ကိုကိုက မြတ်နိုးဝေကို ပစ်သွားမှာမယ်လို့ သူရ ထင်နေတယ်ပေါ့"

"ဒါ အမှန်အကန်ပဲ"

"ဝေးပါသေးတယ်၊ ကိုကိုလား ပစ်သွားမှာ၊ မြတ်နိုးဝေကို အယ်လောက်ချစ်တယ်ဆိုတာ ကျွန်မ အသိဆုံးရှင့်၊ ကြားကနေ ခလိုတမာ ဖျက်လိုဖျက်ဆီး လုပ်ချင်တဲ့ ရှင့်ရဲ့ လုပ်ရပ်တွေကို ခုတ်တန်းက ရပ်လိုက်ပါ"

"ခက်တော့တာပဲ မီးကို ပူမှန်းသိရက်နဲ့ ဘာလို့ နှုတ်ဝိုး ကိုင်ချင်တာလဲ ချစ်မြတ်နိုးဝေ"

"ရှင် အနေသာကြီးပါ သူရ၊ မီးက လက်ကို ပူလို့မကကျွန်မ အင်္ဂါကိုယ်လုံးပဲလောင်ပါစေ၊ ရှင့်အပူမပါပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒုက္ခရောက်မှာ ကိုယ် သိပ် စိုးရိမ်လွန်းလို့ပါ"

"ရပါတယ် အိုးကမပ္ပ စလောင်းက ပူမနေပါနဲ့ သဘာဝမကျ ပါဘူး"

ချစ်မြတ်နိုးဝေက သူ့ကို ပြတ်ပြတ်ပြောပြီး လှည့်ထွက်ခဲ့သည်။ သူမ၏ အခန်းထဲသို့ ပြေးဝင်ခဲ့ပြီး တံခါးကို ပိတ်ထားလိုက်သည်။ တံခါးရှက်မှာ မှီရင်း နှမ်းခွေစွာ ပုံကျသွားပါသည်။ ထိန်းချုပ်ခဲ့ရသော မျက်ရည်များ တားဆီး၍ မရအောင် ပါးပြင်ပေါ်သို့ ပိုးပိုး ပေါက်ပေါက် ကျလာပါတော့သည်။

ချစ်မြတ်နိုးဝေ သည်းအူပြတ်မတတ် သည်းသည်းထန်ထန်ကြီး ငိုကြွေးလိုက်ပါသည်။ ရဲဝံ့အပေါ် မထားသင့်သော မေတ္တာတွေ ထား မိသည့်အအတွက် မရှုမလှ ချစ်မြတ်နိုးဝေ ခံစားနေရပါသည်။

* * *





၃၄

ထိုသည်နေ့ အပြင်မှအပြန် ရဲဝံ့၏ စိတ်ထဲမှာ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ခဲ့ပါသည်။ ချစ်မြတ်နိုးဝေအား ဖွင့်၍ ချစ်ခွင့်ပန်တော့မည်ဟု ဆုံးဖြတ်လိုက်ပါသည်၊ ချစ်မြတ်နိုးဝေ စိတ်ဆိုးချင်လည်း ဆိုးပါ ဆာတော့။ ရင်ထဲက အင်အားကြီးမားနေသော အချစ်ကို မျိုသိပ်နိုင် စွမ်း မရှိတော့ပါ။

ချစ်မြတ်နိုးဝေက သူ၏အချစ်ကို လက်ခံလိမ့်မည်ဟုလည်း မျှော်လင့်ခဲ့ပါသည်။ ချစ်မြတ်နိုးဝေထံမှ မေတ္တာကို မရမက သူ တောင်း ခံလိမ့်မည်ဟု စိတ်ကူးပြီး ကြည်နူးနေပါသည်။

အိမ်ပြန်ရောက်ပြီး ညစာစားသောက်ပြီးနောက် ခါတိုင်းည များလို ခြံထဲသို့ နှစ်ဦးသားဆင်းခဲ့သည်။ လကြီးတွေရှေ့မို့ ဟန်မပျက် ချစ်မြတ်နိုးဝေက သူ့နောက် လိုက်ခဲ့သော်လည်း စိတ်ထဲမှာ ကြည်လင် ခြင်း မရှိပါ။ ရဲဝံ့အပေါ် မကျေနပ်စိတ်တွေ ကြီးစိုးနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်မြတ်နိုး"

ရဲဝံ့က ခြံထဲသို့ ရောက်နေပေမဲ့ ချစ်မြတ်နိုးဝေ၏ လက်ကလေးကို မလွှတ်သေးဘဲ ပိုမိုတင်းကျပ်စွာ ဆုပ်ကိုင်လိုက်ပြီး လှုံက်ဖြာစွာ ခေါ်လိုက်ပါသည်။

ချစ်မြတ်နိုးဝေက လက်ကလေးကို ဆောင့်ပြီး ရုန်းလိုက်ပါသည်။ ရဲဝံ့က ဒေါသဖြင့် တောက်ပြောင်နေသော မျက်ဝန်းဖြင့် ကြည့်ပစ်သည်။

"တို့လေ ဒီနေ့မှာ ချစ်မြတ်နိုးဝေကို စကားလေးတစ်ခွန်းလောက် ပြောပါရစေ..."

"ရင်ထဲမှာ ရက်ပေါင်းများစွာ မျိုသိပ်ထားတဲ့ အကြောင်းလေးကို ပြောခွင့်ပေးပါ ချစ်မြတ်နိုးဝေရယ်"

ချစ်မြတ်နိုးဝေ၏ မျက်နှာလေးကို ရွှန်းလက်သော အကြည့်စူးစူးနှင့် ကြည့်ပြီး ပြောသည်။ သူ့အကြည့်ကြောင့် ချစ်မြတ်နိုးဝေ၏ တစ်ကိုယ်လုံး ရှိန်းခနဲဖြစ်သွားရပါသည်။ သူမ၏ နှလုံးသားလှလှလေးထဲမှာ သွေးခုန်နှုန်းတွေ တအား မြန်နေပါသည်။

"ချစ်မြတ်နိုးကို သိပ်ချစ်ပါတယ်ကွာ၊ တစ်သက်နဲ့ တစ်ကိုယ် ဒီစကားကို ပထမဦးဆုံးအကြိမ် ပြောတယ်ဆိုတာ ယုံပေးပါနော်"

ကြည်မွေ့နေသော မျက်နှာလေးမှာ ရုတ်တရက် တင်းမာမှုတွေ အစားအထိုးစင်လာပါသည်။

"ဟွန့်... အပိုတွေ လေကုန်ခံပြီး ပြောမနေပါနဲ့ ကိုရဲဝံ့"





"ဟာ...ချစ်မြတ်နိုးရယ် ဘယ်လိုပြောလိုက်တာလဲ ရင်ခွဲပြလို့ရရင် ပြချင်ပါတယ်ကွာ၊ တို့ ချစ်မြတ်နိုးကို သိပ်ချစ်ရပါတယ်"

"ကဲ... လွှင့်လွှင့်ကိုတော့ရော"

ရဲဝံ့၏ မျက်နှာမှ ဒေါသရောင်ခြည်တွေ လက်ဖြာသွားသည်။

"လွှင့်လွှင့်က ဘာဆိုင်လို့လဲ"

"သြော်... ခုတော့ မဆိုင်တော့ဘူး ဟုတ်လား"

"ချစ်မြတ်နိုးက တို့ကို သိပ် အထင်သေးတာကိုး"

"အဟင်း... ရှင့်ရဲ့ မရှင်းခဲ့တဲ့ အတိတ်တွေကို အားလုံးသိပြီးသားပါ၊ သစ်မရှိခင်စပ်ကြား ဝါးကူဆိုသလို လွှင့်လွှင့်မရှိတုန်း ချစ်တမ်းကစားဖို့ ကျွန်မကို အဖော်ညှိနေတာလားဟင်"

ချစ်မြတ်နိုးဝေ၏ စကားများက ရဲဝံ့၏ရင်ကို ဆင့်ထိုးပြီး နာကျင်စေပါသည်၊

"ချစ်မြတ်နိုးယုံအောင် တို့ ဘယ်လိုပြောရမလဲ"

"ဘယ်လိုမှမပြောနဲ့"

ထိုစဉ် သူတို့နှစ်ဦးနားသို့ နီးကပ်လာသော ခြေသံများကြောင့် ပြောလက်စ စကားတွေ တန့်သွားသည်။

"သြော်... ကိုကိုရဲ့ကို ပြောစရာမေ့သွားလို့ လိုက်လာတာပါ"

သူရက အနားရောက်လာပြီး မျက်နှာပြုံးပြုံးနှင့် ပြောသည်။ ရဲဝံ့က မကျေမနပ်နှင့် သူ့ကို ကြည့်လိုက်သည်။

"ဘာလဲဖိုးတာ"



www.burmeseclassic.com

www.burmeseclassic.com



"နေ့ခင်းက လွှင့်လွှင့်ဆီက ဖုန်းလာတယ်၊ မနက်ဖြန် သူ လေယာဉ်နဲ့ ရောက်မယ် လာကြိုပါတဲ့"

"မင်း သွားကြိုလိုက်ပေါ့"

"ကိုကိုရဲ့ပဲ လာကြိုပါဆိုလို့"

"ရှုပ်လိုက်တာကွာ"

ချစ်မြတ်နိုးဝေ၏ ရင်ထဲရှိရင်းစွဲသံသယများ ပိုမိုကြီးထွားလာပါသည်။ သရော်သော မျက်နှာပေးနှင့် ရဲဝံ့၏ မျက်နှာကို ကြည့်လိုက်သည်။

"ကျွန်မ သွားအိပ်တော့မယ်"

ရုတ်ခနဲ သူတို့နှစ်ယောက်အပါးမှ လှည့်ထွက်ခဲ့သည်။ ကျော ခိုင်းသွားသော ချစ်မြတ်နိုးဝေ၏ မျက်ဝန်းထဲမှ မျက်ရည်စက်လေးများ လွင့်ကျန်ရစ်ခဲ့ပါသည်။

အခန်းထဲရောက် ခုတင်ပေါ်တွင် မှောက်ပြီး ချစ်မြတ်နိုးဝေ တသိမ့်သိမ့်တုန်အောင် ငိုရှိုက်လိုက်ပါသည်။

ရဲဝံ့မှာလည်း အရေးကောင်း ဒိန်းခေါင်းဖျက်သလို ချစ်မြတ်နိုး ဝေနှင့် သူ့ကြားလာရှုပ်သော ညီကို စိတ်ဆိုးမိပါသည်။ ဒါပေမဲ့ နှုတ်ကတော့ ဘာမှ ဖွင့်မပြောလိုက်ပါ။

ချစ်မြတ်နိုးဝေ၏ မျက်နှာလေးကိုသာ တဝဲဝဲလယ်မြင်ယောင် ပြီး အိပ်မပျော်နိုင်ပါ။ ချစ်မြတ်နိုးဝေ၏ အခန်းတံခါးကို သွားခေါက် နှိုးပြီးတော့ သူ၏ ရင်ထဲက စကားတွေကိုပြောပြချင်လိုက်ပါသည်။





စိတ်ထင်တိုင်း လုပ်ဖို့မသင့်တော်သဖြင့် စိတ်အလိုကို မလိုက် ဖြစ်တော့ပါ။

*

စိတ်လက်မကြည်လင်စွာနှင့် နောက်တစ်နေ့ နံနက်သို့ ရောက်ခဲ့ ပါလေပြီ။ နံနက်စာစားပွဲ တွင် ချစ်မြတ်နိုးဝေကို တွေ့ရမည်ဟု မျှော် လင့်ခဲ့ပေမဲ့ မတွေ့ပါ။ တမင် ချစ်မြတ်နိုးဝေက အခန်းထဲမှ မထွက် ခဲ့၍ မဆုံဖြစ်ကြပါ။

ရဲဝံ့သွားပြီးမှ ချစ်မြတ်နိုးဝေ အခန်းထဲက ထွက်ခဲ့သည်။ နံနက်စာကို မစားချင်ဘဲနှင့် ဇွတ်နှစ်ပြီး တစ်ယောက်တည်းစားနေ သည်။ ထိုစဉ် သူရက သူမနားသို့ ရောက်လာသည်။

"ချစ်မြတ်နိုးဝေ နေကောင်းရဲ့လား"

မို့အစ်နေသော သူမ၏ မျက်နှာကို ကြည့်ပြီး သူရ မေးလိုက် သည်။ ချစ်မြတ်နိုးဝေ ငိုထားကြောင်း သိရသဖြင့် စိတ်ထဲမှာ သိပ် ကို ကျေနပ်နေပါသည်။

"ကိုယ် ပြောတာ ယုံပြီလား ချစ်မြတ်နိုးဝေ"

"ဘာကို ယုံရမှာလဲ"

လေသံဆတ်ဆတ်ဖြင့် ချစ်မြတ်နိုးဝေက မေးလိုက်သည်။

"ကိုကိုရဲ့နဲ့ လွှင့်လွှင့်အကြောင်းလေ ဒီ့ထက် ခိုင်လုံရမလားကွာ၊ ခု လွှင့်လွှင့် လိုက်လာတာသာ ကြည့်လေ"

ချွန်မြသော အရာဝတ္ထု တစ်ခုနှင့် ထိုးနှက်ခြင်း ခံရသလို



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ အောင့်သွားရပါသည်။ နှုတ်က ဝန်မခံပေမဲ့ ရင်ထဲမှာတော့ ရဲဝံ့၏အကြောင်းကို ကောင်းကောင်းကြီး သိလိုက်ပါသည်။ ရဲဝံ့အား လွန်စွာနာကြည်းသွားရပါသည်။ လွင့်လွင့် တစ်ယောက်လုံး ရှိနေလျက်နှင့် သူမကို အရှူးလုပ်ပြီး ချစ်ခွင့်ပန်သော ရဲဝံ့ကို ခွင့်မလွှတ်နိုင်အောင် ခံစားနေရပါသည်။

"ဒါကြောင့် ကိုယ် အစကတည်းက ပြောတာပေါ့၊ ကိုကိုရဲ့ လွင့်လွင့်က မရှင်းမလင်းပါလို့ လွင့်လွင့်ရောက်လာပြီ၊ ကြည့်... ကိုယ်ပြောတာတွေ ပိုမှန်လာမယ်"

"ကဲ... သူရ ကိုကို့အကြောင်းတွေ အသာထားစမ်းပါ၊ ရှင် အခု အလုပ်မသွားဘူးလား"

"တော်ကြာ သွားမှာပါ"

"တော်ကြာ လုပ်မနေနဲ့၊ ခုပဲ ကျွန်မနားက ရှင်သွားပါတော့"

ချစ်မြတ်နိုးဝေက စိတ်တိုတိုနှင့် နှင်လွှတ်လိုက်သည်။ သူရက မျက်နှာငယ်လေးနှင့် သူမကို ကြည့်ပြီး...

"သွားမှာပါ ဒါပေမဲ့ ချစ်မြတ်နိုးဝေကို ပြောခဲ့မယ်၊ မင်းရဲ့ အနားမှာ ကိုယ် အမြဲရှိနေမယ်၊ မင်းလိမ့်ကျရင် ဆီးဖမ်းဖို့ သူရရဲ့ ရင်ခွင်ဟာ အမြဲအသင့်ရှိနေမယ်ဆိုတာ သတိရနေပါနော်"

သူရ သူမအပါးမှ ထွက်သွားသည်။ ပြည့်အိုင်နေသော မျက်ရည်ကြည်များ ပါးပြင်မွှတ်မွှတ်ပေါ်သို့ လိမ့်ဆင်းနေပါသည်။ ချစ်မြတ်နိုးဝေက သုတ်ဖယ်ပစ်ဖို့ မကြိုးစားခဲ့ပါ။





ငြိမ်သက်စွာနှင့် ချစ်မြတ်နိုးဝေ ငိုရှိုက်လိုက်မိပါသည်။

"ကိုလူရယ် မြတ်နိုးဝေ ဒုက္ခကို လာကြည့်လှည့်ပါဦး"

အဝေးရောက်နေသော လူမော့်ကိုလည်း တမ်းတမိပါသည်။

*

စိတ်လန်းဆန်းမှု ရှိအောင် ချစ်မြတ်နိုးဝေ ရေကို ကြာကြာကြီး စိမ်ချိုးလိုက်သည်။ နောက်ပြီး လူကြီးတွေ မရိပ်မိအောင် အပူရုပ်ကို ဟန်လုပ်ပြီး ဖြီးလိမ်း ပြင်ဆင်လိုက်ပါသည်။

တံခါးခေါက်သံကြား၍ တံခါးကို ဖွင့်ကြည့်တော့ သူရကို အံ့ဩစွာ တွေ့ရသည်။

"ဘာ လာရှုပ်ပြန်ပြီလဲ"

"မရှုပ်ပါဘူးကွာ၊ ချစ်မြတ်နိုးဝေကို ကမ်းနားသွားမလို့ လာခေါ်တာ"

"အို... မလိုက်ချင်ပါဘူး"

"အိမ်ထဲနေရတာ မပျင်းဘူးလားကွာ လိုက်ခဲ့ပါ"

ချစ်မြတ်နိုးဝေ အပြေးအလွှား တွေးလိုက်ပါသည်။ အိမ်ထဲမှာ တုတ်တုတ်ထိုင်ပြီး ဆွေးနေမယ့်အစား စိတ်ပြေလက်ပျောက် လည်ပတ်တာ ကောင်းသည်မို့ သူရနှင့် လိုက်လည်ရန် ဆုံးဖြတ်လိုက်သည်။

"လိုက်ခဲ့ပါကွာ"

"အင်းလေ လိုက်ခဲ့မယ်၊ ခဏနော်"

ချစ်မြတ်နိုးဝေက မိခင်၏အခန်းသို့ အပြေးအလွှားသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ပန်လိုက်သည်။ မိခင်ကြီးလည်း ကြည်ကြည်ဖြူဖြူ ခွင့်ပြုသည်။

"ကဲ... လာ သွားစို့"

သူရ၏ ရင်ထဲမှာ အသာတကြည်နှင့် လိုက်လာသော ချစ်မြတ်နိုးဝေကို ကြည့်ပြီး ကျေနပ်ဝမ်းသာနေသည်။ သူရနှင့်အတူ အိမ်မှ ထွက်ခဲ့ကြသည်။

"အခု ဘယ်သွားမှာလဲ သူရ"

"ဆိပ်ကမ်းမှာ ဆိုက်ထားတဲ့ ကိုကိုရဲ့ စက်လှေဆီ ကိုလေ"

"ကိုကို့မှာ စက်လှေတွေ အများကြီး ရှိတယ်နော်"

"ကိုကိုရဲ့က သူဌေးပဲ တို့ကသာ ငမွဲပါ၊ ကိုကို ...းသမျှနဲ့ နေရတာပါကွာ"

သူရ၏ စကားကို ကြားရသော်လည်း ချစ်မြတ်နိုးဝေ စိတ်ထဲ သူရကို သနားသည့်စိတ်၊ တစ်စက်လေးမှမဖြစ်လာပါ။ စကားတပြော ပြောနှင့် လာရင်း ဆိပ်ကမ်းဆီသို့ ရောက်လာပါပြီ။

ဆိုက်ကပ်ထားသော စက်လှေပေါ် တက်ခဲ့သည်။ ချစ်မြတ်နိုးဝေ၏ မျက်စိထဲ မြင်သမျှ အသစ်အဆန်းတွေမို့ စိတ်ဝင်စားစွာ ကြည့်နေမိပါသည်။ ရင်ထဲက သောကကိုပင် ခေတ္တမေ့သွားသည်။

သူရကလည်း စုံစေ့အောင် လိုက်ပြပါသည်။ သူရကို မခင်မင်သော်လည်း အပြောကောင်းသော သူရကိုတော့ ဖော်ဖော်ရွေရွေ ပြန်၍ ဆက်ဆံမိပါသည်။ စကားတပြောပြောနှင့် စက်လှေပေါ်မှာ အချိန်ကြာခဲ့သည်။





အပြန်စက်လှေမှ အဆင်း ချစ်မြတ်နိုးဝေကို ကြည့်ပြီး သူရ စိတ်ထဲမှာ မကောင်းဆိုးဝါးတွေ ဝင်ပူးသလို ခံစားရပါသည်။ သူတို့၏ ဘဝကို ဖျက်ဆီး ခြေမှုန်းမည့် ချစ်မြတ်နိုးဝေကို ဘယ်လို ရှင်းရမလဲဟု လျှင်မြန်စွာ တွေးလိုက်သည်။

အခုအခြေအနေအတိုင်းဆိုလျှင် ရဲဝံ့နှင့် ချစ်မြတ်နိုးဝေ သေချာပေါက် ယူကြတော့မည်။ လွင့်လွင့် ဘယ်လိုပင်ရှုပ်ပါစေ အဖြစ်မှန် ပေါ်သွားလျှင် သူတို့နှစ်ဦး လက်ထပ်ကြမှာ မလွဲပါ။ သည်လို လက်ထပ်လျှင် သူ၏ မိခင်ဘဝက လက်ဝေခံထက် ဘာမှ တိုးတက်လာမည် မဟုတ်။

"ငါနဲ့ မမေ့အတွက် ငွေဆိုတာ မရှိမဖြစ်တဲ့ ကိစ္စ၊ ကိုကိုရဲ့ဆီက ငွေကို လက်ဝါးကြီး အုပ်နိုင်ဖို့က ကိုကိုရဲ့နဲ့ လွင့်လွင့် ရမှ ဖြစ်မှာ၊ လွင့်လွင့်နဲ့ရဖို့က ချစ်မြတ်နိုးဝေ ကိုကိုရဲ့ ဘဝထဲက အပြီး အပိုင် ထွက်ခွာသွားမှ ဖြစ်မှာ၊ ဒီတော့ ငါ ဘာလုပ်မလဲ"

သူရ ကောက်ကျစ်စွာ တွေးနေပါသည်။

"ခုဆို ချစ်မြတ်နိုးဝေကို ရှင်းဖို့ အခွင့်သာနေပြီ၊ဒီအခွင့်အရေးကို လက်လွှတ်လိုက်ရင် နောက် ဘယ်တော့မှကြုံတော့မှာ မဟုတ်ဘူး ဒါကြောင့် ကြာတယ်"

"အား"

စက်လှေမှ လှမ်းအကူး ချစ်မြတ်နိုးဝေ၏ ခြေလှမ်း ဆယ်ထဲမှာပဲ ရှိနေစဉ် သူရက ချစ်မြတ်နိုးဝေ၏ ကိုယ်လေးကို သူ၏



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နှင့် တိုက်လိုက်သည်။

"ဟာ"

မတော်တဆ တိုက်မိသည့်ပုံနှင့် သူရ အံ့အားသင့်သွားပုံနှင့်။

"ဝုန်း"

ရေထဲသို့ အရှိန်ပြင်းစွာ ချစ်မြတ်နိုးဝေ ကျသွားပါသည်။ ရေထဲမှာ မြုပ်ချည်ပေါ်ချည်နှင့် ဖြစ်နေသော ချစ်မြတ်နိုးဝေကို သူရက ကြောင်စီစီနှင့် ကြည့်နေသည်။ ထိုစဉ် စက်လှေပေါ်သို့ အဆောတလျင် တက်လာသော ခြေသံကို ကြားရသည်။ သူရ ပျာယာခတ်အောင် ပြေးလွှားနေသည်။

"ဟိတ် ဖိုးတာ ဘာဖြစ်နေတာလဲ"

"ဟာ... ကိုကိုရဲ့ဟိုမှာ ချစ်မြတ်နိုးဝေ ရေထဲကျသွားပြီ"

"ဟင်"

ရဲဝံ့က အလန့်တကြားနှင့် သူရ ညွှန်ပြရာသို့ ကြည့်လိုက်သည်။

"မြန်မြန်သွားဆယ်ပါ ကိုကိုရဲ့ရ ဖိုးတာ ရေမကူးတတ်ဘူးဗျ"

သည်းသည်းလှုပ် ပျာယာခတ်ပြီး သူရက ပြောသည်။

ရဲဝံ့က ကိုယ်ပေါ်မှ အင်္ကျီတွေကို ချွတ်ပြီး ရေထဲသို့ခုန်ဆင်းလိုက်သည်။

ရဲဝံ့၏ ရင်ထဲတွင်ချစ်သူလေးအတွက် လွန်စွာ စိုးရိမ်နေပါသည်။ ချစ်မြတ်နိုးဝေ မြုပ်ဆင်းသွားသော နေရာကို မှန်းပြီး ဆွေးလိုက်သည်။ ချစ်မြတ်နိုးဝေ၏ ခန္ဓာကိုယ်လေးကို အသည်းအသန်





လိုက်ရှာပါသည်။

ဟော... တွေ့ပါပြီ၊ ရဲဝံ့၏ အသည်းညှာ တစ်ခုလုံး ထိန်းချုပ်နိုင်စွမ်း ရှိလှသော ချစ်သူ၏ ပျော့ခွေနေသော ခန္ဓာကိုယ်လေး။ ရဲဝံ့က မိမိရရ ဖက်တွယ်ပြီး ရေပေါ်သို့ ပြန်ကူးခဲ့ပါသည်။

သူရ၏ အာပြဲလျှာပြဲနှင့် အော်သံကြောင့် စက်လှေပေါ်မှာရော ကမ်းစပ်မှာပါ လူတွေ အုံနေပါသည်။ ချစ်မြတ်နိုးဝေ၏ မေ့မြောနေသော ကိုယ်လေးကို ပွေ့ပန်းနေသော ရဲဝံ့ထံမှ တွဲကူ၍ မယူကြပါသည်။

ချက်ချင်း ချစ်မြတ်နိုးဝေကို အိမ်သို့ ပြန်ခေါ်ခဲ့သည်။ ဆရာဝန်ပင့်ပြီး ကုသမှုကို ချက်ချင်း ယူပါသည်။ နာရီပိုင်းအတွင်းမှာ ချစ်မြတ်နိုးဝေ သတိပြန်လည် ရရှိခဲ့ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



# ၃၅

ချစ်မြတ်နိုးဝေက အမှောင်တွင်းမှ ရှိသမျှ အင်အားတွေကို စု စည်းပြီး ရုန်းထွက်ခဲ့သည်။ လေးပင်သော မျက်ဝန်းကို အားယူ၍ ဖွင့်ကြည့် လိုက်ပါသည်။

စိုးရိမ်လွန်ကဲသော မျက်ဝန်းများနှင့် ငုံ့ကြည့်နေသော အဖေ အမေ၊ ရဲဝံ့နှင့် သူရတို့ကို တွေ့လိုက်ရပါသည်။

"သမီးရယ်"

ဒေါ်ခင်မြက ပွေ့ဖက်ပြီး၊ ငိုပါလေတော့သည်။

"ကံကောင်းလို့ မသေတယ် သမီးရယ်"

ဒေါ်ခင်မြက ငိုရှုက်ရင်း သမီးကို တင်းတင်း ဖက်ထားသည်။ ချစ်မြတ်နိုးဝေကလည်း သေဘေးမှ သီသီလေး လွတ်မြောက်လာခဲ့သော မိခင်ကြီးအား ဖက်တွယ်ပြီး ငိုမိပါသည်။





သမီးကိုကိုသာ အချိန်မီ မရောက်ရင် သမီးအဖြစ်က မတွေး ဝံ့စရာကွယ်"

"ဟုတ်ပါတယ် ချစ်မြတ်နိုးဝေရယ် ကိုယ်က ရေမကူးတတ် တော့ ချစ်မြတ်နိုးဝေကို ဘယ်လိုမှ မကယ်နိုင်ပါဘူး။ ကိုကိုရဲ ရောက်လာလို့သာပေါ့"

အကြည့်ရူးရူးနှင့်သူရကို ချစ်မြတ်နိုးဝေ ကြည့်လိုက်ပါသည်။

"ကိုယ် မတော်တဆ တိုက်မိတာ ကိုယ့်ကြောင့် ချစ်မြတ်နိုးဝေ သာ သေသွားရင် တစ်သက်လုံး ဖြေနိုင်မှာ မဟုတ်ပါဘူး"

သူရက ဆို့နစ်သော လေသံနှင့် လှိုက်လှိုက်လှဲလှဲကြီး ပြော နေသည်။ ချစ်မြတ်နိုးဝေ၏ စိတ်တွေ ထွေသွားသည်။ သူရ မိမိကို ဘာကယ် တွန်းချတာလား၊ မတော်တဆ တိုက်မိတာလားဆိုတာ ခွဲခြား၍ မရအောင် ဖြစ်နေပါသည်။

"အို... ငါမှမသေဘဲ၊ မတော်တဆ ဖြစ်တယ်လို့ သဘောထား လိုက်တာ စိတ်ထဲ ရှင်းပါတယ်လေ"

စိတ်ကောင်းရှိသူလေးပီပီ ချစ်မြတ်နိုးဝေက သူရကို ခွင့်လွှတ် လိုက်ပါသည်။

"ကိုယ့်ကို ခွင့်လွှတ်ပါ ချစ်မြတ်နိုးဝေရယ်၊ ခုထိ တို့အကြောက် မပြေသေးဘူး"

"ကိစ္စမရှိပါဘူး မတော်တဆ ဖြစ်မိတာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရ ရင်ထဲမှ ခုမှ ပေါ့ပါးသွားသည်။ ရုတ်တရက် စိတ်ဆိုးစိတ်ညစ်ဝင်ပြီး သူ တွန်းချလိုက်မိပေမဲ့ ချစ်မြတ်နိုးဝေကို သူ့တာကယ် မသေစေရက်ပါ။ ချစ်မြတ်နိုးဝေ ရေနစ်နေသော ပုံစံက သူ၏ မျက်ဝန်းထဲမှာ ခုထိ ကြောက်လန့်တုန်းပါ။

ခုလို ချစ်မြတ်နိုးဝေက သူ့အပေါ် သံသယမရှိမှန်း သိရတော့ ပိုပြီး နောင်တတွေ ရနေပါသည်။ သူ၏ မိခင်နှင့် သူ့ဘယ်ဘဝရောက်ရောက် ချစ်မြတ်နိုးဝေကို ဒုက္ခမပေးတော့ပါဘူးဟု ခိုင်ခိုင်မာမာ ဆုံးဖြတ်လိုက်ပါသည်။

"မြတ်နိုးဝေကို ခုလို ကယ်တာ ကျေးဇူးတင်ပါတယ် ကိုကို"

"ဟာ...ချစ်မြတ်နိုးကလဲဘာတွေ ပြောနေတာလဲ၊ ချစ်မြတ်နိုးကို ကိုကို့ အသက်နဲ့တောင် လဲပြီး ကယ်ရမှာပါကွာ"

ရဲဝံ့က ရင်ထဲက ရှိရင်းစွဲစကားကို အရင်းအတိုင်း ပြောချလိုက်ပါသည်။ ခဏနေတော့ သူ့ရကော လူကြီးတွေပါ ချစ်မြတ်နိုးဝေအပါးမှ အလျှိုလျှို ထွက်သွားကြလေသည်။ ရဲဝံ့နှင့် ချစ်မြတ်နိုးဝေ နှစ်ဦးသာ ကျန်ရစ်ခဲ့လေသည်။

"ချစ်မြတ်နိုး"

လူရှင်းမှ ရဲဝံ့က ချစ်မြတ်နိုးဝေ၏ အေးစက်နေသော လက်ကလေးတွေကို ဆုပ်ကိုင်လိုက်သည်။

"စိတ်ပူလိုက်ရတာကွာ၊ ချစ်မြတ်နိုးလေး ရေနစ်မှန်းသိတော့





ကိုကိုလေ မျက်လုံးလေးတွေကို ပြာသွားတာပဲ၊ အရမ်းကို စိုးရိမ်သွားတာပဲကွာ"

ရဲဝံ့၏ အပြော၊ ရဲဝံ့၏ အကြည့်များကြားမှာ ချစ်မြတ်နိုးဝေ၏ တင်းမာနေသော စိတ်တွေ ရုတ်တရက် အရည်ပျော်သွားသည်။ နောက်မှ အခြေအနေမှန်ကို သတိရပြီး မျက်နှာလေး တင်းသွားလေသည်။

"ကိုရဲဝံ့ လွှင့်လွှင့်ကော ဟင်၊ ရှင် ကျွန်မ အသက်ကို ကယ်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ရှင်ဆီက မေတ္တာစကားကို မကြားပါရစေနဲ့"

"နေပါဦး အချစ်ရယ်၊ ကိုကို ရှင်းပြတာလေးကိုတော့ ဆုံးအောင် နားထောင်ပေးပါဦး"

"တော်ပါပြီ ကျွန်မ မကြားပါရစေနဲ့"

"ဒီမှာ ချစ်မြတ်နိုးရယ် ခုလောလောဆယ်ဆယ် ချစ်မြတ်နိုးရဲ့ အသက်ကို ကယ်လို့ ကျေးဇူးတယ်တယ်ဆိုရင် ကိုကို့စကားကို သည်းခံပြီး နားထောင်ပါဦးနော်"

ချစ်မြတ်နိုးဝေ မတတ်သာတော့ပြီ။ အသက်သခင့်ကျေးဇူးရှင်၏ ဆန္ဒကို လိုက်လျောရမှာမို့ ဖြည်းလေးစွာ ခေါင်းညိတ်လိုက်ပါသည်။ ရဲဝံ့၏ မျက်နှာလည်း ဝင်းပကြည်လင်သွားပါသည်။

"လွှင့်လွှင့်ဟာ ကိုကိုနဲ့ ဘာမှမပတ်သက်မှုပါဘူး၊ လွှင့်လွှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံမှာပါ"

"ဟင် ဘာဖြစ်လို့လဲ"

"သူ့လေယာဉ် စီးရင်းနဲ့ တော်တော် နေမကောင်းဖြစ်လာတယ်၊ လေယာဉ်ကွင်းမှာ ကိုကို သွားကြိုတော့ လေယာဉ်ပေါ်ကတောင် မဆင်းနိုင်ဘူး၊ ဗိုက်တအားအောင့်လို့တဲ့ ဒါနဲ့ ဆေးရုံကို ထန်းခေါ် သွားရတယ်"

"လွှင့်လွှင့် အူအတက်က ပေါက်သွားလို့တဲ့ ချက်ချင်း ခွဲစိတ်ရတယ်၊ လူတွေဟာ သေခါနီးမှ နောင်တရကြတယ် အချစ်ရယ်၊ လွှင့်လွှင့်က သူ့ကိုယ်သူသေတော့မယ်ထင်ပြီး မေမေနဲ့ သူတို့ရဲ့ လုပ်ကြံဇာတ်ကို ဖွင့်ချဝန်ခံတယ်၊ ဒီတော့မှ ကိုကိုလဲ ဇာတ်စုံ သိရတော့တယ်၊ လွှင့်လွှင့်က သူကိုယ်တိုင် ချစ်မြတ်နိုးကို တောင်းပန် ချင်ပါတယ်တဲ့ ဆေးရုံကို လိုက်ခဲ့ပါတဲ့"

"လွှင့်လွှင့်နဲ့က မေမေပေးတဲ့ အကြံအတိုင်း ကိုကိုနဲ့ ချစ်မြတ်နိုးကို လက်မထပ်ဖြစ်အောင် ဉာဏ်ဆင်ကြတာပါကွာ၊ ကဲ...အချစ်လေး ယုံပြီလား"

"နေဦး ရှယ်လီဆိုတဲ့ မိန်းမကကော"

ချစ်မြတ်နိုးဝေ၏ မျက်နှာကိုကြည့်ပြီး ရဲဝံ့က ဟက်ဟက်ပက်ပက်ကြီး အော်ရယ်လိုက်သည်။

"ဘာရယ်တာလဲ"





"ချစ်ပြောတဲ့ ရှယ်လီ၊ သူက ကိုကို့ကို ငယ်ငယ်တုန်းက ထိန်းတဲ့ အထိန်းလေ၊ ဒီနာမည်နဲ့ လူကို ကိုကို့ဘဝမှာ တစ်ယောက် ပဲတွေ့ဖူးတယ် သူပဲ၊ သူသေသွားပြီလေ အဘွားကြီးဖြစ်လို့ သေသွား တာဗျ"

ရဲဝံ့စကားကြောင့် ချစ်မြတ်နိုးဝေက ရှက်စိတ်နှင့် မလုံမလဲ ဖြုံးပြီး မျက်လွှာချလိုက်သည်။

"ချစ်မြတ်နိုးလေးကို မြင်မြင်ချင်း ကိုကိုက စချစ်ခဲ့တာပါကွာ၊ ဒါကြောင့် ခုလို အလုပ်သဘောနဲ့ လုပ်မိအောင် ဉာဏ်ဆင်ပြီး နီးစပ်အောင် လုပ်ခဲ့တာပါ"

"ကြည့်... သူသိပ်လည်တယ်"

"ချစ်လွန်းလို့လေ မြတ်နိုးလွန်းလို့လေ၊ သူများနဲ့ မတူအောင် ချစ်မြတ်နိုးလို့ ခေါ်ခဲ့တာပေါ့"

ရဲဝံ့က ပိုင်ပိုင်နိုင်နိုင်ကြီး ချစ်မြတ်နိုးဝေ၏ ကိုယ်လေးကို တင်းတင်း ပွေ့ဖက်လိုက်ပါသည်။

"အို... လွှတ်ပါ ဘာမှန်းလဲ မသိဘူး"

"ချစ်လေးရယ် မင်းကြောင့် ကိုကို့ရင်ခုန်သံတွေ မြန်ခဲ့ရပါတယ် နေ့တိုင်းလဲ ဒီရင်ခုန်သံတွေ အိပ်မက်မက်ခဲ့ပါတယ်၊ ဒီအိပ်မက် လေး မပျောက်ပါရစေနဲ့နော်"

"သိပ် မုန်းဖို့ကောင်းတဲ့ လူကြီး"



www.burmeseclassic.com

www.burmeseclassic.com



ချစ်မျက်စောင်းလေး ရဲဝံ့သို့ ဆတ်ခနဲထိမှန်လေသည်။

"ကိုကို့ရဲ့ ရင်ခုန်သံ အိပ်မက်လေး မပျောက်ပါစေနဲ့နော်၊ အိပ်မက်လေးတွေ ဆက်မက်ပါရစေကွယ်"

ရဲဝံ့၏ မျက်နှာက ချစ်မြတ်နိုးဝေထံသို့နိုးကပ်လာသည်။ နွေးထွေးသော အချစ်၏ သင်္ကေတများကို ချစ်မြတ်နိုးဝေ ရင်သိမ့်တုန်စွာ ခံစားမိပါသည်၊

"ကိုကို့ ရင်ခုန်သံ အိမ်မက် မပျောက်နဲ့ကွယ်လို့"

စာချစ်သူတိုင်းကို ချစ်တဲ့

မိုးစာလျှန်းဆေ



www.burmeseclassic.com